www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၉၂၀၆၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ် -

◆

ထုတ်ဝေသည့်လ
၂၀၀၆ခုနှစ်၊ မေလ (ပထမအကြိမ်)

◆

အုပ်ရေ
၅၀၀

◆

ဖြန့်ချိရေး
တကူကူးစာပေ
အမှတ်(၂၈၀-၂၈၃)၊ ဗိုလ်ခွန်ပက်လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၀၅၅၅၂

◆

ထုတ်ဝေသူ
ဦးတင်မိုး၊ တိုက်(၁)၊ အခန်း(၄၀၀)၊ ဆင်မင်းအိမ်ရာ၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

◆

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဂုဏ်လင်းကျော်၊ အမှတ် ၂၄၊ ဗဟိုလမ်း၊ အလုံမြို့နယ်။

◆

အတွင်းဖလင် ADORN II
စာအုပ်ချုပ် ဂုဏ်မြင့်သူ

◆

မျက်နှာဖုံးပန်းချီနှင့် အတွင်းပန်းချီ
အောင်ကျော်စွာ

◆

တန်ဖိုး
(၁၀၀၀)ကျပ်



# ဟင်းစားနှင့် ကိုယ်တွေ့တကယ့်မုဆိုးဝတ္ထုများ

## ကျော်စိုးမိုး

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတရားအတွက် ကျေးဇူးစကား

အနန္တော အနန္တငါးပါးအား ရှိသေမြတ်နိုး ရိုကျိုးရှိခိုးလျက် ကျွန်ုပ်အား စာရေးဖြစ်အောင် တိုက်တွန်းအားထည့် အကြံဉာဏ်တည့်အောင် ကူညီသော ကျွန်ုပ်၏ဇနီး ဒေါ်တင်ဝင်းမြင့်(တရားရုံးချုပ်ရှေ့နေ)အားလည်းကောင်း၊ မဂ္ဂဇင်းတွင်ထည့်ဖြစ်ရန်နှင့် စာအုပ်အဖြစ် ထုတ်ဝေဖြစ်အောင် တိုက်တွန်းဆောင်ရွက် အရေးယက်စေခဲ့သော ဗိုလ်မှူးတင်စိုး(ငြိမ်း) (စာရေးဆရာဂုဏ်လင်းကျော်)နှင့်ဇနီး ဒေါ်လှမူသိန်း(တက္ကသိုလ်ကူးစာပေ)တို့အားလည်းကောင်း၊ ကျွန်ုပ်၏ တောပစ်ခရီးများတွင် ခေါင်းဆောင်ခဲ့သော အဘ၊ အစ်ကိုကြီးနှင့် အားဖြည့်ကူညီခဲ့သော မြန်မာ့သေနတ်ပစ်အားကစား လက်ရွေးစင်ဟောင်း သူငယ်ချင်း ကျော်ကျော်(မောင်မောင်ကျော်)နှင့် ကျွန်တော်၏တပည့် ဝင်းမြင့်အားလည်းကောင်း၊ ကျွန်ုပ်၏ ဝတ္ထုများမှ ဇာတ်ကောင်အမည်မှန် မိတ်ဆွေ၊ သူငယ်ချင်း၊ တပည့်များအားလည်းကောင်း၊ ကျွန်ုပ်၏ ပထမစာအုပ်ဖြစ်သော "ကောင်းကင်ပေါ်က မျက်လုံးနှင့် ကိုယ်တွေ့မှဆိုးဝတ္ထုများ" စာအုပ်အား မျှော်လင့်မထားဘဲ မြန်မြန်ဝယ်ယူအားပေးကြသော မုဆိုးစာပေဝါသနာရှင်များအားလုံးကိုလည်းကောင်း၊ ကျွန်ုပ်အား ကူညီခဲ့ဖူးသည့် သစ်တောနှင့် သစ်ထုတ်လုပ်ရေးမှ အရာရှိကြီး၊ ငယ်၊ ဝန်ထမ်း အားလုံးနှင့် အခြားကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း၊ ကျွန်ုပ်အပေါ်တင်ရှိသည့် ကျေးဇူးတရားများအတွက် ဤကျေးဇူးစကားဖြင့် အလေးဂရု အသိအမှတ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ကျော်စိုးဗို

## ဂုဏ်လင်းကျော်၏ အမှာစာ

စာအုပ်စျေးကွက်တွင် မုဆိုးစာအုပ်များ အရောင်းသွက်နေကြသည်ဟူသော သတင်းသည် မှန်ပေလိမ့်မည်။ စာရေးဆရာ ကျော်စိုးဗို၏ ပထမဆုံးအကြိမ်ထုတ် "ကောင်းကင်ပေါ်က မျက်လုံးနှင့် ကိုယ်တွေ့မုဆိုးဝတ္ထုများ" စာအုပ်ဆိုလျှင် နှစ်လအတွင်း အုပ်ရေ ၁၀၀၀ ခန့် ကုန်သွားခြင်းက သက်သေထူနေပေသည်။ ထိုစာအုပ်နှင့် ပတ်သက်၍ ဝေဖန်ချီးကျူးကြသည့်စာများလည်းလာသည်။ အသံများကိုလည်း ကြားရသည်။ နောက်တစ်ခါ ဒီလိုမုဆိုးစာအုပ်မျိုး ထုတ်ပါ။ ဘယ်တော့ထွက်မှာလဲဟူသော တစာစာတောင်းဆိုသံများထွက်ပေါ်လာသည်။ ထုတ်ဝေသူရော၊ စာရေးဆရာပါ ဖရုဏာပီတိ ဂွမ်းဆီထိသည့်နှယ် ဖြစ်ရပြီပေါ့။

မုဆိုးဝတ္ထုများ အဘယ့်ကြောင့် ဤမျှ စွဲရသနည်း။ အမှန်တော့ စျေးကွက်စစ်တမ်းထုတ်၍ သုတေသနပြုဖို့ကောင်းသည်။ လူကြီးတွေကြိုက်ကြသည့် အကြောင်းရင်းများကို ကျွန်တော်တို့ စောကြောကြည့်မိသည်။ အသက် ၅၀ ကို အခြေခံမျဉ်းထားပြီး ကြည့်စို့။ အသက် ၅၀ အထက်ကို လူကြီးဟု သတ်မှတ်လိုက်သည်။ သူတို့သည် တောကိုမှီပြီး တောင်ကို ခြေကန်နေခဲ့ရသူများ (ဝါ) တောတောင်တွေနှင့် ရင်းနှီးနေရသူများပီပီ (ထိုလူကြီးတို့ ငယ်စဉ်ကာလက မြန်မာပြည်၏ သုံးပုံနှစ်ပုံသည် သစ်တောဖုံးလွှမ်းပြီး လူဦးရေ ၇၅-ရာခိုင်နှုန်းက တောရွာမှာ နေထိုင်ကြသည်။) မုဆိုးဝတ္ထုပါ တောတောင်များ၊ တောကောင်များကို သံယောဇဉ်တွယ်နေခြင်း၊ တောကိုလွမ်းသည့်အရသာကခံစား၍ ကောင်းခြင်းတို့ကြောင့်ဖြစ်မည်။ အသက် ၅၀ အောက်ကို လူငယ်ဟု သတ်မှတ်လိုက်သည်။ သူတို့လူငယ်တွေ မုဆိုးဝတ္ထုကြိုက်တာကျတော့ ရှုထောင့်တစ်မျိုးနှင့် ဖြစ်နိုင်သည်။ သူတို့သည် မြို့ပြထွန်းကားလာချိန် တောပါးရှားလာချိန်ကာလ၌ မွေးဖွားကြီးပြင်းခဲ့ကြရသောအခါ တောတောင်နှင့် တောကောင်တို့အကြောင်းသည် သူတို့အတွက် အသစ်အဆန်းများ ဖြစ်နေပေလိမ့်မည်။ စူးစမ်းတတ်သောသဘာဝစိတ်ပိုင်ရှင်၊ လူငယ်တို့၏အာရုံကို မုဆိုးဝတ္ထုတွေက လှုပ်ခတ်နိုင်စွမ်းရှိ၍ ဖြစ်မည်။

ဆရာကျော်စိုးဗိုသည် ယခုဒုတိယခြေလှမ်း လှမ်းလိုက်ပြန်ပြီ။ "ဟင်းစားနှင့် ကိုယ်တွေ့တကယ့်မုဆိုးဝတ္ထုများ"ဟူ၏။ ထုတ်ဝေသူ ကျွန်တော့်ကို အမှာစာရေးပေးနိုင်းပြန်သည်။ အမှန်တော့ သည်ဝတ္ထုများကို ကျွန်တော် သုံးကြိမ်ထက်မနည်း ဖတ်ခဲ့ပြီးပါပြီ။ ဤဒုတိယစာအုပ်တွင် အကြောင်းအရာပိုင်း၌ ထူးခြားမှုတစ်ခုထပ်တွေ့သည်။ စာရေးဆရာ (မုဆိုး)သည်

www.burmeseclassic.com

www.burmeseclassic.com

တောကောင်ကို ဘယ်လိုပစ်၊ တောကောင် ဘယ်လိုဖြစ်ဆိုသည့် ကိုယ်တိုင် အပစ်အခတ်ထက် တောတွင်းက အခြေအနေတွေ၊ တောထဲက လူတွေအကြောင်းတွေကိုပဲ အသည်းတယားယား အရယ်တဟားဟားဖြစ်စေအောင် လက်ကုန်လွှတ်ရေးထားခြင်း ဖြစ်ပါ၏။ ဥပမာ မာတိကာ နံပါတ်တစ်အပုဒ်ဖြစ်သည့် "ဆောင်းနှောင်းတစ်ည လင့်ပေါ်က"နှင့် နံပါတ်ခြောက်ဝတ္ထု "အန္တရာယ်ရှိတယ် ရယ်ရွှင်ဖွယ်"တို့ကို ဖတ်ကြည့်လျှင် မောစရာနှင့် ရယ်စရာ အတွေ့အကြုံတို့ကို အရသာခံနိုင်ပါလိမ့်မည်။ ပြီးတော့ ကျွန်တော်တို့ ယုံရခက်ခက်ဖြစ်သလောက် ယုံချင်စရာ တကယ့်ဖြစ်ရပ်ဆန်းတို့ကြောင့် ကျောစိမ့်သွားသည့်အထိ ခံစားရသော ဖြစ်စဉ်ပြ ဝတ္ထုတွေလည်းပါသည်။ ဥပမာ နံပါတ်သုံးခုမြောက်ဝတ္ထုဖြစ်သည့် "တကောင်းတောင်မ ခေါင်လှသည့်ရေနီနှစ်အိုင်"ထဲက ရေနီတစ်အိုင်ကို သွားကြည့်ချင်စိတ်ပင် ပေါက်မိသည်။ နံပါတ်ရှစ်ခုမြောက်ဝတ္ထု "မျက်နှာမပါသည့်သူ" ထဲက နာနာဘာဝလို အမျိုးသမီးတတ်လမ်းမျိုးကိုလည်း ကျွန်တော်တို့ ကြားဖူးနားဝရှိခဲ့ပါ၏။ ဆရာကျော်စိုးဗိုလ် လက်စွမ်းပြထားသည့် ခံပင်ဖုံးသော ထိုမျက်နှာမျိုးကို စိတ်ကူးဖြင့် ပုံဖော်ကြည့်ရုံဖြင့် ကျောချမ်းမိရတော့သည်။ ကျန်ဝတ္ထုတွေကတော့ အပျော်တမ်းမုဆိုးတစ်ယောက်၏ ရွှန်းစားခန်းနှင့် ကျွမ်းကျင်မှုများ၊ သတိမူစရာများ၊ အန္တရာယ်များအကြောင်းဖြစ်သည်။ ကျွန်တော်တို့၏ စိတ်ဝင်စားမှုကို တစ်ဆင့်ချင်း၊ တစ်ထစ်ချင်း ဆွဲခေါ်သွားနိုင်သော ရေးချက်များဖြစ်ပါသည်။ သည့်ထဲ ဆရာကျော်စိုးဗိုလ်၏ စေတနာကို ထင်ဟပ်ပြနေသော ဝတ္ထုတစ်ပုဒ်လည်း ပါပါသေးသည်။ နောက်ဆုံးဝတ္ထုဖြစ်သည့် "ကြက်မှာသိမ် ကြောင်မှာမြင်း"ဆိုသည့် ဝတ္ထုထဲက ကြက်တောင် နည်းနီသူတွေပင် ဖြစ်သည်။ တောကောင်ကြီးများကိုသာမက ကြက်၊ ငှက်တို့၏ သဘာဝကို လည်း စာဖတ်သူအား သူ့ အသိပေးချင်နေပုံရလေသည်။ ဤသည်ကပင် စာရေးဆရာ ကျော်စိုးဗိုလ်သည် ကိုယ်ရည်မသွေးတတ်သော၊ မျှတညီညွတ်သော၊ ကိုယ်ကချည်း ဇာတ်လိုက် မလုပ်ချင်သော စိတ်ဓာတ်ရှိသူဖြစ်ကြောင်း ထင်ရှားစွာဖော်ပြနေသည် မဟုတ်လား။

အင်း . . . ကျွန်တော့်အမှာစာသည် ကြော်ငြာဆန်သွားလျှင်ဖြင့် . . .၊ ဤသို့ ဖြစ်ခဲ့လျှင်လည်း ကျွန်တော် နှောင်တမရလိုပါ။ အကြောင်းမှု ဤစာအုပ်၏ အမှန်တရားများကို ကျွန်တော် တွန်းလှန်ရန် အင်အားမရှိတော့သောကြောင့် ဖြစ်ပါသတည်း။

ဂုဏ်လင်းကျော်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျေးဇူးတရား | ၄ |
| ၂။ | အမှာစာ | |
| ၃။ | ဆောင်းနှောင်းတစ်ည လင့်ပေါ်က | ၆ |
| ၄။ | မိုးစနေလေရာဟု စစ်ပြုရာဝယ် | ၂၂ |
| ၅။ | တကောင်းတောင်မ ခေါင်လှသည့်ရေနီနှစ်အိုင် | ၃၈ |
| ၆။ | သူ့ဂုဏ်ကိုယ့်ဂုဏ် ဆုံးဖြတ်သည့် သေနတ်သံ | ၆၀ |
| ၇။ | တစ်စက္ကန့်လျှင် ၁၃၂၅ ပေ အမြန်နှုန်း | ၇၂ |
| ၈။ | အန္တရာယ်ရှိတယ် ရယ်ရွှင်ဖွယ် | ၉၂ |
| ၉။ | လျှင်သူစားစတမ်း **အမှတ်(၃)** | ၁၀၆ |
| ၁၀။ | မျက်နှာမပါသည့်သူ | ၁၂၂ |
| ၁၁။ | ဟင်းစား | ၁၃၈ |
| ၁၂။ | ဟင်းစား(၂) | ၁၆၂ |
| ၁၃။ | ကြက်မှာသိမ် ကြောင်မှာမြင်း | ၁၈၀ |


www.burmeseclassic.com

www.burmeseclassic.com






တစ်ခုသော ဆောင်းနှောင်းနွေအကူး၏ တစ်ညနေ၌ ကျွန်ုပ်၏အိမ်ရှိ ဧည့်ခန်းအတွင်းမှ တယ်လီဖုန်းမြည်၍ ကောက်ကိုင်လိုက်ရာ -

"ဟဲလို၊ ဟဲလို၊ ညီလေးလား"

"ဟဲလို၊ ဘယ်သူပါလဲခင်ဗျာ"

"ညီလေး၊ အစ်ကိုကြီး ဦးစိန်ထွန်းပါ"

"ဟဲလို အစ်ကိုကြီး၊ ဘယ်က ပြောနေတာလဲ၊ ပဲခူးကလား"

"ဟုတ်တယ်ညီလေး၊ မနက်ဖြန် သောကြာနေ့မနက် အစ်ကိုကြီး တောတက်မလို့ ညီလေးလိုက်နိုင်မလား။ ဦးသာခွန်းအောင်မြင် (သစ်ထုတ်မန်နေဂျာ၊ ပဲခူး-တောင်နယ်မြေ) လဲပါမယ်၊ ဦးလှဟန်နဲ့ ဦးမြင့်နိုင် (ရဲအုပ်၊ ပဲခူးတိုင်း ရဲမင်းကြီးရုံး)တို့လဲပါမယ်၊ သစ်ကွက်တွေစစ်ရင်းနဲ့ တောတက်မှာ"

"အစ်ကိုကြီးတို့ ပဲခူးက ဘယ်အချိန်ထွက်မှာလဲ"

"မနက် Breakfast စားပြီး ၈-နာရီလောက်ထွက်မှာ"

"ဒါဆိုရင် မလိုက်နိုင်ဘူး အစ်ကိုကြီးရေ ကျွန်တော်က မနက်ဖြန် တရားရုံးချုပ်မှာ အရေးကြီးတဲ့အမှုတစ်ခု လျှောက်လဲချက်ပေးရမယ်"

"ဘယ်အချိန်လောက်ပြီးမှာလဲ"

"ကျွန်တော်က အမှတ်စဉ်(၃) အမှုဆိုတော့ နေ့လယ် ၁၂-နာရီလောက်မှပြီးမှာ"

"ဒီလိုလုပ်ပါလား၊ အစ်ကိုကြီး တို့အဖွဲ့က အရင်တက်နှင့်မယ်၊ ညီလေးတို့ ဘိုတဲလေးသစ်ဆိပ်(ပဲခူး တောင်ပိုင်း သစ်ထုတ်လုပ်နယ်မြေ၏ သစ်ဆိပ်၊ ရန်ကုန်-မန္တလေးကားလမ်း ပျဉ်ပုံကြီးမှ တောင်ခြေသို့ ၇-မိုင်ခန့် ဝင်ရသည်)က သစ်တောဘိုတဲမှာ စောင့်မယ်၊ အဲဒီမှာ အစ်ကိုကြီးတို့ အလုပ်လဲရှိသေးတယ်။ ညီလေး တရားရုံးချုပ်က ပြီးတာနဲ့လိုက်ခဲ့၊ ညီလေးရောက်မှ ညနေစာစားပြီး တောတက်ကြမယ်"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ ဘယ်နှရက်လောက် ကြာမလဲ"

"၄၊ ၅ ရက်တော့ ကြာမယ်"

"ဖြစ်တယ် အစ်ကိုကြီး၊ ကျွန်တော်က တနင်္လာ၊ အင်္ဂါမှာ တရားရုံးချုပ်အမှုမရှိဘူး"

"OK ဒီလိုဆိုရင် See you tomorrow"

အစ်ကိုကြီး ဦးစိန်ထွန်းမှာ ထိုစဉ်က ပဲခူးတိုင်း သစ်တောညွှန်ကြားရေးမှူး (သစ်တောမင်းကြီး) တာဝန်ထမ်းဆောင်နေချိန်ဖြစ်၏။ သူ တောတက်သည့်အခါများတွင်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်. လိုက်နိုင်သည်ဖြစ်စေ၊ မလိုက်နိုင်သည်ဖြစ်စေ လှမ်းခေါ်တတ်၏။ ကျွန်ုပ်ကလည်း သူခေါ်လျှင် လိုက်သည်က များ၏။ တစ်ဦးနှင့်တစ်ဦးလည်း ညီအစ်ကိုကဲ့သို့ ချစ်ခင်ကြရာ တောတက်လျက် သူက စားရေးသောက်ရေးအားလုံးကိုလည်း စီစဉ်သည်ချည်းသာ ဖြစ်လေ၏။

တယ်လီဖုန်းချသွားပြီးလျှင်ပြီးချင်း ကျွန်ုပ်က ကျောပိုးအိတ်ကို ဇနီးဖြစ်သူအား ထုပ်နိုင်းကာ လိုအပ်သော ပစ္စည်းများ ထည့်ရသကဲ့သို့ ကျွန်ုပ်၏တပည့် ဝင်းမြင့်အား ကားဂိုထောင်အတွင်းမှ ကျွန်ုပ်၏ (Yamaha 110)မော်တော်ဆိုင်ကယ်လေးအား ဖုန်များသန့်စင်တိုက်ချွတ်ခြင်းနှင့် ဓာတ်ဆီ၊ အင်ဂျင်ဝိုင်၊ 2T ဆီတို့ကို စစ်ဆေးခိုင်းရလေ၏။

မနက်ဖြန်တရားရုံးချုပ်ပြီးလျှင် အိမ်ပြန်ထမင်းစားပြီးနောက် ကျောပိုးအိတ်ကို မော်တော်ဆိုင်ကယ်နောက်တွင်တင်ကာ ဘိုတဲလေးသစ်ဆိပ်သို့ အရောက်မောင်းရမည်ဖြစ်၏။ ရန်ကုန်မှ ဘိုတဲလေးသစ်ဆိပ်သို့ ၇၇-မိုင်မျှဝေးလေရာ ၃-နာရီခန့်မောင်းရပေမည်။ ဆောင်းအကုန်နွေအကူး ခရီးဝေး မော်တော်ဆိုင်ကယ်မောင်းရသည်မှာ အရသာတစ်မျိုးပါပေ။

× × ×

ဘိုတဲလေးသစ်ဆိပ်သို့ ကျွန်ုပ်ရောက်သောအခါ ညနေ ၄-နာရီ ၃၀-မိနစ် ရှိနေပေပြီ။ ကျွန်ုပ်၏ မော်တော် ဆိုင်ကယ်ဝင်လာသည်ကို တွေ့လျှင်တွေ့ခြင်း အစ်ကိုကြီး ဦးစိန်ထွန်းနှင့် အဖွဲ့များက ဝမ်းပန်းတသာ ဆီးကြိုလေ၏။

"ရှေ့နေကြီး လာဗျို့၊ ဝိုင်းက အခုလေးတင်စ,တာ"

ဟု ဦးလုပဟန်ကပြောပြီး ကျွန်ုပ်အတွက် ဝီစကီတစ်ခွက်ကို ဆိုဒါစပ်ပြီး ရေခဲထည့်ကာ ပေးလေ၏။

"ညီလေး၊ အမောပြေတစ်ခွက် လောက်ချလိုက်ဦး၊ ၅-နာရီလောက်ကျ ထမင်းစားပြီးတာနဲ့ ဆင်စွယ်စခန်းကို တက်ကြမယ်"

ဟု အစ်ကိုကြီး ဦးစိန်ထွန်းက အစီအစဉ်ကိုပါ ပြောလိုက်ပြီး ဘိုတဲ ဝရံတာရှိ ဆက်တီများပေါ်တွင်ထိုင်ကာ စကားပြောရင်း အမောဖြေရလေ၏။

ဘိုတဲလေးစခန်းသစ်ကွင်းမှာ ၁၀-ဧကခန့် ရှိမည်၊ ပဲခူးရိုးမ၏ တောင်ခြေပျဉ်ပုံကြီးဆည်ထိပ်တွင်ရှိပြီး အရှေ့ဘက်တွင် ကျိုက်စကော အစာစပ်စက်ရုံ မြောက်ဘက်



တွင် ဒိုက်ဦးမြို့နယ်၏ ဒေးသုခမြို့၊ တောင်ဘက်တွင် ကျိုက်စကော အကျဉ်းဦးစီးဌာန အလုပ်စခန်းတို့ကို အပေါ်စီးမှ မြင်နေရ၏။ အနောက်တောင်ဘက်တွင်မှာတော့ တန်နိုးကြီး ဒေးစွန်ပါဘုရား။ အနောက်ဘက်တွင် ပျဉ်ပုံကြီးဆည်ရှိလေ၏။ ကျွန်ုပ်တို့မှာ အနောက်မြောက်ဘက်သို့ သစ်ထုတ် ကားလမ်းအတိုင်း ၂၅-မိုင်မျှ တောင်ပေါ်တောလမ်း တက်ရပေမည်။

"ဒါထက် အစ်ကိုကြီး ကျွန်တော်တို့ ဆင်စွယ်စခန်းမှာပဲ စခန်းချကြမှာလား၊ ဘယ်ကိုဆက်တက်ဦးမှာလဲ"

ကျွန်ုပ်က သိလိုသည်ကို မေးကြည့်ရာ -

"ဆင်စွယ်စခန်းတင် မဟုတ်ဘူး၊ အဲဒီကနေ ထားဝယ်တိုက်ကြီး ဘိုတဲအထိ သွားမယ်၊ ဒါပေမဲ့ ဒီညတော့ ဆင်စွယ်စခန်းရောက်ရင် အိပ်ကြမယ်၊ မနက်စောစောမှ ဆင်စွယ်သစ်ဆိပ်ကိုစစ်ပြီး တိုက်ကြီးကို ဆက်တက်ကြမှာ"



တောဝက်ကင် စားဖို့ပြင်။

www.burmeseclassic.com

www.burmeseclassic.com

မန်နေဂျာကြီး ဦးသာဒွန်းအောင်မြင်က ဖြတ်၍ မေးပါသည်။ ပြီးနောက် -

"ခင်ဗျားက ကျွန်တော်တို့နဲ့ တောက်လျှောက်လိုက်မှာ မဟုတ်လား။ လိုက်ခဲ့ဗျာ၊ ခင်ဗျားပါမှ ချေ(ဂျီ)ကလေး ဆတ်ကလေး တောကောင်သားစားရမှာ"

မန်နေဂျာကြီးက ကျွန်ုပ်အကြောင်းကို သိပြီးသူမို့ ပြောခြင်းဖြစ်၏။

"ဟုတ်ကဲ့၊ အစ်ကိုကြီးတို့နဲ့ လိုက်ရအောင် တမင်လာခဲ့တာပါ"

ဟု ပြောလိုက်ရာ -

"ကောင်းတယ်၊ သိပ်ကောင်းတာပေါ့ဗျာ"

ဟု ဆိုလေ၏။

ထိုညနေက ထမင်းကို ၅-နာရီခွဲခန့်တွင် စားကြပြီးနောက် သစ်ထုတ်လုပ်ရေးကားတီအီးနှစ်စီးဖြင့် တောင်ပေါ်သို့တက်ခဲ့ကြရာ သစ်တောဌာနမှ တောင်အုပ် ကိုမြင့်အောင်နှင့် တောအုပ်စိုး၊ တောခေါင်း ကိုစောလွင်တို့ ပါသကဲ့သို့ သစ်ထုတ်ဌာနမှ သစ်အုပ်ကြီး (နောင်တွင် ဝန်ထောက်) ဦးညာဏ်မြင့်၊ မော်တော်ယာဉ်ဌာနမှ ကိုမြင့်နှင့် အခြားဝန်ထမ်း ၃၊ ၄ ဦးလည်းပါခဲ့ကြ၏။ ဆင်စွယ်စခန်းသို့မှု ည ၁၁-နာရီခန့်မှသာ ရောက်ခဲ့တော့သည်။

× × ×

နောက်တစ်နေ့နံနက်တွင် ဆင်စွယ်ဆိပ်မှ တောခေါင်း "စောသက်ရှည်"က ဦးဆောင်၍ သစ်တောမင်းကြီး ဦးစိန်ထွန်းနှင့် သစ်ထုတ်မန်နေဂျာ ဦးသာဒွန်းအောင်မြင်တို့အဖွဲ့အား သစ်ဆိပ်အခြေအနေနှင့် သစ်ပုံထားမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသလျက်ရှိသကဲ့သို့ အဖွဲ့တွင် ကျွန်ုပ်ပါလာသည်ကိုသိသော ကျွန်ုပ်၏ တပည့်ဟောင်းတစ်ဦးဖြစ်သူ ကျော်ဝင်းက ကျွန်ုပ်ထံလာ၍ သားကောင်အခြေအနေများကို ပြောပြလျက်ရှိ၏။

သူ၏ ပြောပြချက်အရ ကိုလှကွဲချောင်း၏ အရှေ့ဘက်ကမ်း ခမောက်တောင်ကြောပေါ်တွင် ဖန်ခါးပင်ကြီးတစ်ပင် သီးနေကြောင်း၊ ထိုဖန်ခါးပင်ကို ဆတ်စားကြောင်း၊ ဆတ်ခြေရာမှာ အတော်စည်ကြောင်း၊ အခြားဝက်ချေနှင့် အကောင်ငယ်များလည်း အသီးကောက်ကြောင်း၊ လင့်ထိုး၍ ညဘက်စောင့်ပစ်မည်ဆိုပါက ဆတ်ကို သေချာပေါက်ပစ်ရနိုင်ကြောင်း ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်က မေးကြည့်ရလေ၏။

"သားကောင်စည်တာတော့ ဟုတ်ပါပြီ၊ ဒီစခန်းနဲ့ ဘယ်လောက်ဝေးသလဲ"



"သိပ်မဝေးပါဘူးဆရာ၊ အလွန်ဆုံးရှိမှ နှစ်မိုင်ပေါ့"

"အေး ဟုတ်ပြီ။ ဒါပေမဲ့တို့က ဒီမှာ အိပ်ဖြစ်မယ်မထင်ဘူး၊ အစ်ကိုကြီး ဦးစိန်ထွန်းက တိုက်ကြီး ဘိုတဲကို ဒီနေ့သွားမယ်လို့ ပြောထားတယ်"

"ဟုတ်လားဆရာ၊ ဒါဆိုရင် ဆရာနေခဲ့ပေါ့"

"ငါက အစ်ကိုကြီးခေါ်လို့ ပါလာတာ၊ တစ်ဖွဲ့တည်းက ဖွဲ့ပြီးနေခဲ့လို့ ဘယ်တော်ပါ့မလဲ။ အပြန်မှဖြစ်ဖြစ် ဒီမှာညအိပ်ရင်း လင့်သွားစောင့်တာပေါ့"

"ဒါထက် ကျော်ဝင်း၊ မင်း မိန်းမနဲ့ ကလေးတွေကော နေကောင်းကြရဲ့လား"

"ကောင်းပါတယ်ဆရာ၊ ဆရာပါလာတာသိလို့ ဆရာဆီလာချင်ပေမဲ့ လူကြီးတွေပါလာတော့ မလာရဲလို့ မလာတာ၊ ဆရာအားရင် တဲဘက်ကို လာလည်ပါအုံးဆရာ"

"အေး-ငါ အားရင်လာခဲ့မယ်၊ မင်းမိန်းမ ရှာကျွေးတဲ့ ဆင်စွယ်ချောင်းက ပုစွန်ထုပ်စားချင်သေးတယ်ကွာ"

ကျွန်ုပ် ယခင်လာလျှင် ကျော်ဝင်း၏ဇနီးက ကျွန်ုပ်စားရန် ပုစွန်ထုပ် ရှာကျွေးတတ်၏။ ပုစွန်ထုပ်ရှာရာတွင် ကျော်ဝင်းထက် သူ့ဇနီးက ပိုတော်၏။ ချောင်းရေစပ်စပ် သစ်တုံးအောက် ကျောက်တုံးအောက် ဂလိုင်များတွင် လက်နှင့် လိုက်စမ်းရုံသာ။ သို့သော် လူတိုင်းစမ်း၍ ရသည်မဟုတ်။ အထာသိမှုဖြစ်၏။ ကျော်ဝင်းအား ကျွန်ုပ်က နိုင်းလျှင် တစ်နာရီမျှကြာသည့်တိုင် ပုစွန်ထုပ်နှစ်ကောင်၊ သုံးကောင်သာရတတ်၏။ ထိုသို့ ဖြစ်နေလျှင် ကျော်ဝင်း၏ဇနီးက စိတ်မရှည်၊ ထဘီတိုတိုဝတ်၊ ပလိုင်းကိုလွယ်၊ ပုဆိုးတစ်ထည် ခေါင်းပေါင်း၍ ထွက်သွား၏။ နောက်နာရီဝက်မျှကြာလျှင် ပုစွန်ထုပ် (ဆတ်ထုပ်) ၁၀-ကောင်ထက်မနည်း ပါလာ၏။ ပါလာလျှင် ရေစင်စင်ဆေး၊ မီးဖုတ်၍ဖြစ်စေ၊ ကြော်၍ဖြစ်စေ ကျွန်ုပ်အား ကျွေး၏။ တောသူတောင်သားများ၏ စေတနာပင် ဖြစ်ပါ၏။

ကျော်ဝင်းတို့ မိသားစုမှာ တပ်မှထွက်လာပြီး၊ တောအလုပ်ကို လုပ်စားနေရာ သားသမီးကများ၍ မလောက်မငြိမ်ဖြစ်နေချိန် ကျွန်ုပ်က သူတို့အား ငွေကြေးထောက်ပံ့ရုံသာမက အစ်ကိုကြီးဦးစိန်ထွန်းအား ခွင့်တောင်းပေးရာ စီးပွားဖြစ်မဟုတ်ဘဲ တစ်ဝမ်းတစ်ခါးအတွက် မီးသွေးကလေး ဖုတ်ခွင့်ရသွားရာ ချောင်ချောင်လည်လည်ကလေး ဖြစ်သွား၏။ ဒါကို သူတို့မိသားစု ကျေးဇူးတင်မဆုံး ဖြစ်နေ၏။ အမှန်မှာ ကျွန်ုပ်ထောက်ပံ့မှုသည့်ငွေမှာ ထိုစဉ်က ၃၊ ၄ ထောင်သာ ဖြစ်၏။ အစ်ကိုကြီး ဦးစိန်ထွန်းကြောင့်သာ မီးသွေးကလေး ဖုတ်ခွင့်ရကာ တစ်ဝမ်းတစ်ခါး စားရခြင်း ဖြစ်ပေသည်။ သို့သော်သူတို့

www.burmeseclassic.com

မိသားစုမှာ ကျွန်တော့်ကြောင့် ထိုသို့လုပ်ခွင့်ကလေးရခြင်းကို ကျေးဇူးတင်မဆုံး ဖြစ်နေ၏။ တောသူတောင်သားများ၏ အရိုးခံစိတ်ဓာတ်မှာ လွန်စွာချစ်စရာ၊ သနားစရာ ကောင်းလှပါသည်။

အစ်ကိုကြီး ဦးစိန်ထွန်းတို့အဖွဲ့ သစ်ဆိပ်စစ်ပြီးပြန်လာသောအခါ အစီအစဉ်တစ်မျိုး ပြောင်းသွား၏။ သူတို့တွင် အခြားအလုပ်ကိစ္စ မပြီးသည်များရှိနေ၍ ယနေ့ည ဆင်စွယ်စခန်းတွင်ပင် အိပ်ကြမည်ဖြစ်၏။ သို့အတွက် သူတို့၏ တပည့်များဖြစ်သော တောအုပ်၊ တောခေါင်း၊ သစ်အုပ် သစ်ခေါင်းတို့က သစ်တောဂိတ်တဲ၌ စားရေးသောက်ရေး ချက်ရေးပြုတ်ရေးကို စီစဉ်ကြလေ၏။

အစ်ကိုကြီး ဦးစိန်ထွန်းမှာ ဆင်စွယ်တွင် အိပ်ရမည်ဖြစ်၍ သူ၏ တပည့်တောအုပ်ကလေး စိုင်းနှင့် ကျော်ဝင်းအား တစ်စုံတစ်ရာ စေခိုင်းလေ၏။



ချောင်းရေစစ်စစ် သစ်တုံးအောက်ကျောက်တုံးအောက်
ဂလိုင်များတွင် လက်နှင့် လိုက်စမ်းရုံသာ။



"ကျော်ဝင်းနဲ့ စိုင်း၊ ဒီည ကိုလူကွဲချောင်းထဲမှာ ကျောက်ငါးလူး ထောင်ကြကွာ၊ ကျော်ဝင်းမှာ ပိုက်ရှိတယ် မဟုတ်လား"

"ရှိပါတယ် မင်းကြီး"

ကျော်ဝင်းက ဖြေ၏။

"အေး-ဒါဆိုရင် ကျောက်အိုင် ကောင်းကောင်းရှာပြီး ထောင်ကွာ၊ ရရင် မနက်ဖြန်မနက် ကျောက်ငါးလူးချေးခါးကို အရည်သောက်ချက်၊ စိုင်းက ချက်တတ်တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ချက်တတ်ပါတယ်"

"ပြီးတော့ ချောင်းရိုးမှာပေါက်တဲ့ "ဂန့်ခါး"ပင်လဲ ခူးပြီး ချေးခါးထဲကို ထည့်၊ မင်းချက်တဲ့ ငါးလူးချေးခါးနဲ့ နံနက်စာစားပြီးမှ တို့စခန်း ပြောင်းကြမယ်"

ထိုအခါ ကျွန်ုပ်ကဝင်၍ -

"အစ်ကိုကြီး ညကျရင် ကျွန်တော် လင့်သွားစောင့်မယ်၊ ကျော်ဝင်းက ဆတ်စားတဲ့ ဖန်ခါးပင် တစ်ပင်တွေ့ထားတယ် ပြောတယ်"

"ဟုတ်လား ကျော်ဝင်း၊ အကောင်ကော တော်တော်ဝင်သလား"

"ဟုတ်ကဲ့၊ တော်တော် အကောင်စားပါတယ်။ ဝက်(တော ဝက်)လဲ စားတယ်၊ ခြေရာကတော့ ပွနေတာပဲ"

"ဒါဖြင့် ညီလေးက လင့်ဆောက်ပြီး စောင့်မှာလား။ ပုခက်နဲ့ စောင့်မှာလား၊"

"ကျွန်တော် ထမင်းစားပြီးရင် ကျော်ဝင်းကိုခေါ်ပြီး စားပင်ကို သွားကြည့်ဦးမယ် အစ်ကိုကြီး။ ဟိုကျမှ လင့်ထိုးဖို့လွယ်ရင် ထိုးမယ်၊ မလွယ်ရင် ကျွန်တော်တစ်ယောက်ထဲ ပုခက်နဲ့ သွားစောင့်မယ်"

ဟု ရှင်းပြလိုက်ရာ -

"စားပင်က ဘယ်နေရာမှာလဲ"

"ခမောက်ကြောပေါ်မှာလို့ ပြောတယ်"

"ဟုတ်လား၊ ကျော်ဝင်း"

"ဟုတ်ပါတယ် မင်းကြီး"

"ခမောက်ကြောမှာဆိုရင် တစ်ယောက်ထဲသွားမစောင့်နဲ့၊ အဲ့ဒီမှာက ကျောက်အိုးကျောက်ဂလိုင် ခေါင်းပေါတော့ ဝက်ဝံလဲပေါတယ်၊ ဖန်ခါးသီးကို ဝံလဲစားတယ်၊ မတော်ညဘက် ဖန်ခါးသီး ဝံလာစားရင် တစ်ယောက်ထဲဆိုရင် မကောင်းဘူး အန္တရာယ်ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝင်းကိုပါခေါ်သွား လင့်လဲဖြစ်အောင်ထိုးပေါ့"

အစ်ကိုကြီး ဦးစိန်ထွန်းမှာ တောတောင်ကို ကျွမ်းကျင်သကဲ့သို့ သားကောင်စရိုက်ကိုလည်း သိသည်၊ ပြင်ဦးလွင် ကျောင်းအုပ်လုပ်ခဲ့သူမို့ သစ်တောပညာရပ်ကို လွန်စွာ ကျွမ်းကျင်ပိုင်နိုင်သူ ဖြစ်ပေသည်။ သူ၏ စကားအဆုံးတွင် ကျော်ဝင်းက -

"ကျွန်တော် မစောင့်ရဲဘူး မင်းကြီး။ တစ်ညလုံး လင့်ပေါ်မှာ မနေရဲဘူး။ တစ်ခါမှလဲ မစောင့်ဖူးဘူး။

"ဘာကြောက်စရာရှိလဲကွ၊ ကိုစိုးတစ်ယောက်လုံးလဲပါတယ်၊ သူတောင် မကြောက်ဘဲနဲ့ မင်း တောထဲမှာနေတဲ့ကောင်က လင့်စောင့်ရမှာ ကြောက်တယ်လို့"

ထိုအခါ ကျွန်ုပ်မှာမနေသာတော့ဘဲ ဝင်ပြောရလေ၏။

"နေပါစေ အစ်ကိုကြီး၊ ကျွန်တော်တစ်ယောက်တည်း ဖြစ်ပါတယ်"

ကျွန်ုပ် ထိုသို့ပြောခြင်းမှာ အကြောင်းရှိ၏၊ လင့်စောင့်လျှင် ငြိမ်ရသည်၊ သရဲသရွဲ့ မကြောက်ရ၊ အောင့်အီးသည်းခံနိုင်ရမည်၊ နား၊ မျက်စိဖြင့် အာရုံတိကျစွာ ခံတတ်ရမည်၊ တစ်ခါတစ်ရံ လုံးဝ မလှုပ်မယှက်ဘဲ နာရီဝက်ခန့် နေရသည်။

သားကောင်က စားပင်ဝင်လျှင် လွန်စွာသတိထားသည်၊ ခြေတစ်လှမ်း လှမ်းရန်ပင် အချိန် ၁၀- မိနစ်ခန့် ယူတတ်သည်။ (ကျွန်ုပ်၏ "လှည့်စားလေသလား ဖူးကြီးရယ်"နှင့် လျှင်သူ့စားစတမ်းအမှတ်-၃ ဝတ္ထုတိုများတွင်ရှု) သူတို့၏ ဘိုးစဉ်ဘောင်ဆက် သားကောင်များကို မုဆိုးများက စားပင်၊ ဆားကျင်း၊ လူးအိုင်၊ ခတ်ပင်(ဦးချိုသွေးပင်)တို့မှ စောင့်၍ ပစ်တတ်သောကြောင့် သူတို့အား သင်ကြားပေးခဲ့ရခြင်း (သို့မဟုတ်) မွေးရာပါ အသိတို့ကြောင့်ဖြစ်မည်ဟု ကျွန်ုပ်က ယူဆသည်၊ ထို့ကြောင့် လင့်စောင့်လျှင် မုဆိုးက အတွေ့အကြုံများစွာလိုသည်။ တစ်ခါက ဖူးကြီးဘက်တွင် လင်းယောပင်၊ လင့်သွား စောင့်ဖူးရာ ဆတ်က ည ၁၁-နာရီခန့်ကတည်းက စားပင်ကို လာသံကြားရသည်၊ သို့သော် စားပင်အောက်ကို မဝင်ဘဲ မလှမ်းမကမ်းမှ အကဲခတ်နေရသည်။ သူ စိတ်ချရမှ ဝင်သောအခါ ပစ်ခတ်ရရှိသည်။ ပစ်ရသည့်အချိန်မှာ ည ၁-နာရီပင် ကျော်နေပေပြီ။ ထိုဆတ်မှာ သူ့ခြေသံ ပျောက်၍ အကဲခတ်သည့်အချိန်နှင့် ထပ်မံလှုပ်ရှားသံကြားရချိန်မှာ မိနစ် ၄၀၊ ၄၅ မိနစ်ခန့်အထိ ကြာဖူးသည်။ သူ ငြိမ်နေချိန်တွင် ကျွန်ုပ်ကလည်း ငြိမ်နေရသည်။ ထိုအချိန်က လေလည်းမတိုက်သဖြင့် ကျွန်ုပ်က လေသံနှင့်ရော၍ လှုပ်ရှားမရဖြစ်နေရာ တရားထိုင်သကဲ့သို့ ငြိမ်နေရခြင်း ဖြစ်၏။ လုံးဝ လှုပ်၍ မရခဲ့ပါပေ။



(ထို အလေ့အကျင့်က နောင်ကျွန်ုပ် ဝိပဿနာတရား အားထုတ်သောအခါ လွန်စွာ အထောက်အကူ ဖြစ်ခဲ့ပါသည်။ ဤအကြောင်းကို သီးခြားရေးသားရန် ဆန္ဒရှိပါသည်။)

အစ်ကိုကြီး ဦးစိန်ထွန်းကပင် ဆက်၍ -

"ညီလေးတစ်ယောက်ထဲ သွားမစောင့်နဲ့၊ ဒီကောင်ကို ခေါ်သွား၊ ကျော်ဝင်း မင်းလိုက်သွား"

ဟု ပြတ်ပြတ်အမိန့်ပေးလိုက်ရာ ကျော်ဝင်းမှာ တစ်ခွန်းမျှ ထပ်၍ မပြောရဲတော့ပါ။

× × ×

ညနေ ၄-နာရီကတည်းက ကျွန်ုပ်နှင့် ကျော်ဝင်း လင့်တက်ခဲ့ကြရာ ည ၈-နာရီပင် ရှိခဲ့ပြီ။ လင့်ကို ဖန်ခါးပင်၏တောင်ဘက် ကုန်းကြောကလေးပေါ်ရှိ ယမနေပင်ပေါ်တွင် ဆောက်ထား၏။ အခိုင်အမာမဟုတ်သည့်တိုင် မျှောတိုင် ၃-ချောင်းကို အပင်ခွတွင် တင်၊ နီးဖြင့် တုတ်နှောင်ပြီးနောက် အပေါ်မှ လက်ကောက်ဝတ်ခန့် အလုံးအရှည် ၄-ပေမျှ သစ်ကိုင်းဖြောင့်ဖြောင့်များကို ခုတ်၍ တင်ကာနီးတုတ်ထားခြင်း ဖြစ်၏။ အမိုးအကာ လုံးဝ မရှိ၊ အကျယ်မှာ ၄ပေ × ၆ပေခန့်သာ ရှိမည်။ အမြင့်မှာ မြေပြင်မှ ပေ-၂၀ ခန့်ဖြစ်၍ စိတ်ချနိုင်လောက်သော လင့်ဖြစ်သည်ဟု ဆိုနိုင်ပါသည်၊ နံနက်ထမင်းစားပြီးကတည်းက ကျွန်ုပ်၊ ကျော်ဝင်း၊ တောခေါင်း စောသက်ရှည်၊ သစ်ခေါင်း စောလွင်တို့ဖြင့် လာ၍ လင့်ထိုးထားခြင်း ဖြစ်၏။ ဖန်ခါးပင်မှာ ခမောက်တောင်ကြော တစ်ဖက် တောင်ခါးပန်းပြန့်ကလေး တွင်ဖြစ်၍ အပင်ခြေကိုမှ ရှင်းလင်းစွာ မြင်နေရ၏။ လင့်စောင့်သူမှာ ကျွန်ုပ်နှင့် ကျော်ဝင်း နှစ်ဦးတည်းသာ။

လမိုက်ရက်လည်းဖြစ်၊ တောကြီး သစ်ပင်ကြီးများရှိရာအလုပ်မို့ ပိန်းပိတ်အောင် မှောင်နေသည် သာမက နွေဦးပေါက်ရာသီသာဖြစ်၍ ဆောင်းက မကုန်သေး၊ မြောက်လေက တိုက်တုန်းမို့ အေးလွန်းသည်၊ ခြေအိပ်၊ ခေါင်းစွပ်၊ အနွေးထည်ထူထူ နှင့် သာမက စစ်ဂွမ်းစောင်စိမ်းတစ်ထည်ကို ခြုံထားသည့်တိုင် အအေးဓာတ်က ခန္ဓာကိုယ်အား ထိုးဖောက်နေဆဲ။

ည မိုးမချုပ်တချုပ်တွင် ဖန်ခါးပင်ပေါ်သို့ ပင်ချင်းဆက်နေသည့် အခြားအပင်ကြီးများမှ ကူးလာသော ရှဉ့်နီပေါကလေးများနှင့် "လင့်သက်"ခေါ် ရှဉ့်ကြီးမျိုး(Giant Squirrel) ဖိုမတစ်စုံကလာ၍ စားနေကြ၏။ ထိုရှဉ့်ကြီးမျိုးများမှာ အိမ်မွေးကြောင် အလတ်တစ်ကောင်မျှကြီးကာ နာန မှစ၍ ကျောနှင့် ဘေးတစ်လျှောက် အနက်ရောင်

www.burmeseclassic.com

www.burmeseclassic.com

ကတ္တီပါမွေးများဖြင့် ပြောင်လက်နေ၏။ မေးအောက်မှ ရင်ဘတ်တစ်လျှောက် ပေါင်ခြံအထိမှု နို့သာရောင် ရှိကြလေသည်။ အမြီး အရှည်မှာ ၁၈-လက်မမှ လက်မ-၂၀ ခန့်အထိရှိကာ ခန့်ညားလှပသော အကောင်မျိုး ဖြစ်၏။

ထိုရှဉ့်များမှာ ဖန်ခါးသီးကို လက်နှစ်ဖက်ဖြင့် ကိုင်ထားကာ အညှာကို ကိုက်ဖြတ်ပြီးနောက် အနည်းငယ် တစ်ကိုက်နှစ်ကိုက်သာ ကိုက်ဝါးပြီး အသီးအား လွှတ်ချလိုက်၏။ ထို့နောက် နောက်တစ်လုံးခူးပြန်ကာ ယခင်နည်းအတိုင်း တစ်ကိုက်နှစ်ကိုက်သာ ကိုက်ဝါးပြီး လွှတ်ချလိုက်ပြန်၏။ သို့နှင့် တစ်လုံးပြီး တစ်လုံး ထိုသို့သာ လုပ်၍စားသွားကြသဖြင့် အသီးများမှာ မြေသို့ တဖုတ်ဖုတ် ကျသွားကြလေ၏။ အတော်ပင် သစ်သီးဖြုန်းတီးတတ်သော အကောင်များပါပေ။ သို့သော် တောတွင်း ဖန်ခါးပင်ကြီးတစ်ပင်မှာ အသီးများ သောင်းချီ၍ရှိပေရာ သူတို့အတွက် ပွဲတော်ကြီးပင် ဖြစ်ပါတော့သည်။

× × ×

ည ၁၀-နာရီခန့်ရောက်ခဲ့သည့်တိုင် အကောင်အခြေအနေမှာ မထူးခြားသဖြင့် လင့်ပေါ်တွင် ဂဏာမငြိမ် တလှုပ်လှုပ်ဖြစ်နေသော ကျော်ဝင်းအား ခြေဆင်းသစ်ကိုင်းကို ကျောမှီစေကာ အိပ်နိုင်းထားရ၏။ ကျော်ဝင်းမှာ ခဏအကြာတွင် အိပ်၍ပျော်သွားခဲ့သဖြင့် ကျွန်ုပ်က အသံငြိမ်ငြိမ်ဖြင့် စောင့်နေခဲ့၏။ ကျွန်ုပ်၏ ၃၀၀ဒသမဝ၆ စပရင်းဖီးရှိင်ဖယ်ကိုမူ ဗို့တစ်ဝက်ထိုးကာ ကျွန်ုပ်ထိုင်နေသည့်နေရာ၏ လက်ယာဘက်အနီးတွင် သေနတ်ဒင်ကိုချ၊ သေနတ်ပြောင်းကို သစ်ကိုင်းတစ်ခုတွင်တင်ကာ အသင့်ထားရ၏။ ဓာတ်ခဲ ၁၁-လုံးထောင့်ထိုး လက်နှိပ်ဓာတ်မီးကိုမူ ဝဲဘက်တွင်ချထား၏။

ညမှာ တဖြည်းဖြည်း နက်လာသည်နှင့်အမျှ နှင်းများက တဖြည်းဖြည်း သိပ်သည်းစွာ ကျလာရာ ကျွန်ုပ်၏ ခေါင်းစွပ်နှင့် ဂွမ်းစောင်တွင် စိုစွပ်လျက်ရှိခဲ့ပြီ။ သို့ရာတွင် လေမှာငြိမ်လျက် ရှိသည်မို့ တော်ပေသေးသည်။ သစ်ပင်ကြီးများ အုံ့ဆိုင်းထူထပ်စွာ ပေါက်ရာတောကြီးမို့ မိုးကောင်းကင်သို့ မျှော်ကြည့်သည့်တိုင် ကြယ်ရောင်ကို ကောင်းစွာ မမြင်ရ။

"ဖုတ် ..."

သစ်သီးတစ်လုံးကြွေသံတစ်ခုကို အမှတ်မထင် ကြားရသည်။ ထို့ကြောင့် ကျွန်ုပ်က အသံလာရာသို့ နားစွင့်ကြည့်ရာ -

"ဖုတ် ..."



နောက်ထပ် တစ်လုံးကြွေသံ။

သစ်သီးများသည် အညှာခြောက် လာပါက လေမတိုက်ဘဲ အလိုလို ကြွေတတ်သည့် သဘာဝရှိ၏။ ယခုလည်း သစ်သီးက လေမတိုက်ဘဲ ကြွေနေခြင်း ဖြစ်၏။ ထိုစဉ် ကျွန်ုပ်က အသံတစ်သံကို ကြားရသည်ထင်သည်။ ဘယ်က အသံလဲ၊ ဆက်လက် နားထောင်ကြည့်ရာ ၅-မိနစ်ခန့်အကြာတွင် ထပ်မံကြားရ၏။ သေချာသွားပြီ သစ်ပင်ပေါ်မှ အသံ။

"ရှဲ၊ ရှဲ၊ ချောက်၊ ချောက်၊"

ကျွန်ုပ် နားစိုက်ကြည့်၏။ ကျွန်ုပ်တို့ လင့်၏ ၄၅-ဒီဂရီ၊ အမြင့် ၂၅-ပေခန့်မှာရှိသော သစ်ကိုင်းကြီး အပေါ်မှ အသံ။

"ချောက်၊ ချောက်၊ ရှော၊ ရှော"

သစ်ကိုင်းအား ကုတ်ခြစ်သံ ဖြစ်၏။ သေချာပါပြီ၊ ကျွန်ုပ်ထင်သည့် အကောင်၊ သစ်ကိုင်းကို ကုတ်ခြစ် တွယ်တက်လာသော သတ္တဝါ၊ ဒါဆိုလျှင် ဘာကောင်လဲ၊ အင်း ... ဒီလိုအမြင့်ကို တက်တာဆိုရင်တော့ စဉ်းစား၍ အဖြေရပါသည်။ ထို့ကြောင့် ကျွန်ုပ်က အရေးမကြီးသလိုနေ၏။ ကျွန်ုပ် ပစ်ချင်သောအကောင် မဟုတ်တာတော့ သေချာသည်။ ကျွန်ုပ် ပစ်ချင်သည်မှာ မြေပြင်မလာမည့် ဆတ်၊ ဝက်၊ ချေတစ်ကောင်ကောင်။

ထိုစဉ် -

"ဖျော၊ ဖုတ်၊ ဖုတ်၊ ဖုတ်"

အကိုင်းကြီး လှုပ်သွားပြီးနောက် အသီးများ အတွဲလိုက် ကြွေကျသွားသံများ။

"အံမာ၊ ဒီအကောင် အတော်တော့ ကြီးသားပဲ၊ မင်း စားဝအောင် စား၊ ငါ ပစ်ချင်တဲ့အကောင်မဟုတ်လို့ ငါ စိတ်မဝင်စားဘူး"

ဟု စိတ်တွင်းမှသာ ပြောမိ၏။ အသံကို နားထောင်၍ ခန့်မှန်းခြင်း ဖြစ်၏။

"အင်း၊ အင်း"

ညည်းသံနှင့်အတူ ကျော်ဝင်းက သစ်ကိုင်းသို့ မှီနေရာမှ ခေါင်းစောင်း၍ လင့်ဆံပေါ်တွင် ခွေခွေလေး ကျသွား၏။ ကျွန်ုပ်က ကြယ်ရောင် အနည်းငယ်ဖြင့် အမှောင်တွင် ကျင့်သားရနေသော မျက်လုံးကို အားယူကြည့်ရခြင်းဖြစ်ရာ စိတ်တွင် ထင့်ခနဲ ဖြစ်သွား၏။ သူ၏ ဦးခေါင်းမှာ လင့်ဆံ၏ အပြင်ဘက်(လင့်ကျမ်း ခင်းအပြင်ဘက်)တွင် ရောက်နေသဖြင့် လင့်ပေါ်မှကျမသွားရန် လှမ်းဆွဲလိုက်ရာ သူ၏ပခုံးကို ဆွဲမိ၏။ ထိုသို့ ဆွဲမိလျှင်

www.burmeseclassic.com

www.burmeseclassic.com

ခွဲမိချင်း -

"တော်ကွာ၊ လွှတ်တော့၊ မသောက်တော့ဘူး"

ကျော်ဝင်းက အော်လိုက်ခါ ဆတ်ခနဲ ထိုင်လိုက်စဉ် -

"ဗျော၊ ဗျော၊ ဗျော၊ ရော၊ ရော"

သူ၏ အသံနှင့် လှုပ်ရှားမှုကြောင့် ဖန်ခါးပင်ပေါ်မှအကောင်က သိရှိလှုပ်ရှားလေပြီ။

ကျွန်ုပ်က သူ့အား လွှတ်လိုက်ပြီး ဝဲဘက်ဖြင့် ဓာတ်မီးအား ကောက်ကိုင်လိုက်ခါ အသံလာရာ ဖန်ခါးပင် ပင်စည်သို့ ထိုးလိုက်မိ၏။ ယာလက်ဖြင့် သေနတ်ဒင် အသေးပိုင်းလက်ကိုင်အား ဆွဲလိုက်ခါ လက်မဖြင့် ထောင်ထားသည့် သေနတ်မို့အား ရှေ့တွန်းမောင်းတင်လိုက်၏။

တစ်ဆက်တည်း ဝဲလက်တွင် ကိုင်ထားသော ဓာတ်မီးနှင့် ယာလက်တွင် ကိုင်ထားသော သေနတ်ကို ကပ်မည်အပြု -

"ဗျော၊ ဗျော၊ ဘုံး"



သားကောင်ကြီး၏ မည်းနက်သော ကျောပြင်မှ ပြောင်လက်သော အမွေးရှည်ကြီးများ၊ ဓာတ်မီးရောင်တွင် တွေ့ရှုသာတွေ့လိုက်ရ၏။



သားကောင်ကြီးတစ်ကောင်၏ မည်းနက်သော ကျောပြင်မှ ပြောင်လက်သော အမွေးရှည်ကြီးများ ဓာတ်မီးရောင်တွင် တွေ့ရှုသာ တွေ့လိုက်ရသည်။ သားကောင်ကြီးမှာ အပင်ခြေရင်းသို့ ရောက်သွားခါ ချုံရှုပ်ရာအတွင်းသို့ တိုးဝင်ပျောက်ကွယ် သွားခဲ့လေပြီ။ မြန်လိုက်သည့် ဖြစ်ခြင်း။ ကျွန်ုပ် သေနတ်ကိုပင် မချိန်လိုက်အား။

"ဘာလဲ၊ ဘာလဲ၊ ဘာကောင်လဲ ဆရာ"

ကျော်ဝင်းမှာ ယခုမှပင် ကောင်းစွာနိုးလာပြီး ကျွန်ုပ်အား မေးပါတော့သည်၊

"ဝက်ဝံကြီး တစ်ကောင်ကွ"

"ဟာ-ဟုတ်လားဆရာ၊ ကျွန်တော်တို့ အပင်ပေါ်တက်လာဦးမယ်၊ ပြန်ကြစို့ဆရာ"

ကျော်ဝင်းမှာ နဂိုကပင် အစ်ကိုကြီး ဦးစိန်ထွန်းအား မလွန်ဆန်ရဲ၍သာ လိုက်လာရခြင်းဖြစ်ပြီး ကိုယ်တိုင်က လင့်မစောင့်ရဲသူဖြစ်ပေရာ ယခုပို၍ ဂဏာမငြိမ်ဖြစ်လာကာ ပြန်ရန်ပင် တတွတ်တွတ် ပြောပါတော့သည်။ ကျွန်ုပ်မှာ ဝက်ဝံကို မပစ်လိုက်ရခြင်း၊ နဂိုက ကျွန်ုပ်ထင်သည့် အကောင်နှင့် ယခု တွေ့ရသည့် အကောင်မှာ လုံးဝ လွဲမှားနေခြင်းကြောင့် စိတ်တိုနေပြီဖြစ်၍-

"အေး၊ ဝက်ဝံက လူ့မှန်း သိသွားပြီ၊ ဒီလောက် တောကြီးထဲ သန်းခေါင်လောက်မှာ လင့်က ဆင်းပြန်ရင် ဝက်ဝံကိုက်ရင်ကိုက်၊ မကိုက်ရင် ကျားကိုက်၊ အဲ့ဒီအကောင်တွေ မကိုက်ရင် ဆင်နင်းမလား၊ မြွေကိုက်မလား မသိဘူး"

ဟု ပြောလိုက်ရာ ကျော်ဝင်းမှာ ပို၍ ကြောက်သွားပါတော့သည်။

ကျွန်ုပ်မှာ သားကောင်ကို သစ်ပင်ပေါ်မှ ကုတ်ခြစ်တွယ်တက်သံကြားရစဉ်က အကောင်ငယ်တစ်ကောင်ဖြစ်သော "ရှူးပျံ"ဟုသာ ထင်ခဲ့သည်။ ရှူးပျံမှာ ရှဉ့်နှင့် အကောင်ဆင်တူသော်လည်း ရှေ့လက်ကောက်ဝတ်မှ နောက်ခြေအထိ ခန္ဓာကိုယ်တစ်ဖက်တစ်ချက် တောက်လျှောက်တွဲ၍နေသော အရေပြားကြီးပါပြီး သစ်ပင်မြင့်မြင့် ထိပ်များသို့ တက်ခါ အမြင့်မှာ အနိမ့်သို့ဝဲခြင်း(Glide)လုပ်၍ ကူးသွားတတ်၏။ ထိုသို့ တစ်ပင်မှ တစ်ပင်သို့ရောက်လျှင် အပင်ထိပ်ဖျားသို့တက်ပြန်ကာ နောက်တစ်ပင်သို့ ဝဲ၍ ကူးပြန်၏။ ပြီးနောက် ကုတ်ခြစ်၍ အပင်ပေါ်သို့ တက်ပြန်၏။ ဤနည်းဖြင့် လိုရာသို့ သွားတတ်လေသည်။ ထိုအကောင်မျိုးမှာလည်း အိမ်ကြောင်တစ်ကောင်စာမျှသာ ကြီး၏။

ကျွန်ုပ်က ရှူးပျံဟုသာ ထင်ခဲ့သော ကုတ်ခြစ်သံမှာ အမှန်တော့ ဝက်ဝံကြီး တစ်ကောင် ဖြစ်ပေသည်။ တော်သေး၏။ စားပင်တွင် လင့်မထိုးမိခြင်းကြောင့်သာ။

× × ×

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ၊ ကျွန်တော် ဝမ်းသွားချင်တယ်"

ကျော်ဝင်းက ၁၀-မိနစ်ခန့် ကြာသောအခါ ဗွေဖောက်လာ၏။

"ဟေ့ကောင်၊ လင့်ပေါ်မှာ ဘယ်လို ဝမ်းသွားလို့ရမှာလဲ၊ မင်း လင့်မတက်ခင်တုန်းက ဝမ်းသွားမထားဘူးလား"

"သွားတော့ သွားထားတာပဲ ဆရာ၊ ခုတစ်ခါ ထပ်သွားချင်လာတာ"

ကျော်ဝင်း ကြောက်ချေးပါလို့ခြင်း ဖြစ်ပေမည်။

"မင်း တော်တော်အသုံးမကျတဲ့ကောင်ကွာ၊ လင့်ပေါ်မှာ ဝမ်းသွားချင်ရတယ်လို့"

"ဒီလိုပါဆရာ၊ ညနေ လင့်ကို မလာခင်က ကျွန်တော်ရဲ့ မီးသွေးဖုတ်တဲ့ သူငယ်ချင်းတွေက ကျွန်တော် လင့်ပေါ်မှာ မကြောက်အောင်ဆိုပြီး အရက်တိုက်လိုက်တယ်၊ ကျွန်တော်ကမူးပြီး လင့်ပေါ်က ကျမှာစိုးလို့ မသောက်ဘူးပြောတာမရဘူး၊ နှစ်ခွက်လောက်သောက်ပြီး အတင်းဖြတ်ခဲ့ရတာ၊ ခုတော့ ဝမ်းနှုးပြီး ဝမ်းသွားချင်လာတာ"

ကျွန်ုပ် ယခုမှပင် အဖြေရတော့၏။ ကျော်ဝင်း အိပ်ရင်း လင့်ပေါ်မှကျမည်စိုးသဖြင့် ကျွန်ုပ်က သူ့ပခုံးအား လှမ်းဆွဲလိုက်စဉ်က "တော်ကွာ၊ လွှတ်တော့၊ မသောက်တော့ဘူး"ဟု ယောင်လိုက်ခြင်းမှာ အရက်အတင်းတိုက်လိုက်သည်ကို ယောင်ခြင်းဖြစ်ပေသည်။

"ဆရာ လုပ်ပါဦး၊ ဘယ်လို လုပ်ရမလဲ၊ လင့်အောက်ကိုဆင်းရမလား။ မအောင့်နိုင်တော့ဘူး"

"တောကြီး လင့်စောင့်တယ်ဆိုတာ မိုးမလင်းဘဲ (မြေပြင်မှာ အလင်းရောင်ကောင်းစွာမရဘဲ) လင့်ပေါ်က မဆင်းရဘူးကွ၊ ဒါ မုဆိုး စည်းကမ်းပဲ။ မှောင်ထဲမှာ လင့်အောက်ကိုဆင်းရင် မိုးမလင်းဘဲ လင့်ကဆင်းပြီး ပြန်သွားရင် ကိုယ့်အန္တရာယ်ကိုကိုယ်ခေါ်သလိုပဲ။ လုံးဝ မဆင်းနဲ့"

"ဒါဆို ဘယ်လိုလုပ်ရမလဲ ဆရာ၊ လင့်ပေါ်က ပါချရမလား"

"ဟာကွာ ဒီကောင်၊ မင်းပါချရင် မနက်ကျ တို့ဘယ်လိုပြန်ဆင်းမလဲ၊ ဒီလောက်ပါချင်နေရင် ပုဆိုးချွတ်၊ ပုဆိုးထဲပါချ၊ ပြီးတော့ တော်ရာကိုင်းမှာ ချိတ်ထား"

"ဟာ - ဆရာ၊ ပုဆိုးက အပိုမပါဘူး"

"မပါလဲ စောင်နဲ့ ပတ်ထားပေါ့ကွ"

× × ×



တစ်ညလုံး ဘာကောင်မှ ထပ်မလာတော့၊ ဘယ်လာပါမည်လဲ။ လူ၏ မစင်နံ့က သားကောင်များအဖို့ တစ်မိုင်လောက်ကပင် အနံ့ရနိုင်၏။ ကျွန်ုပ်အဖို့မူကား တော်ရာကိုင်းတွင် ချိတ်ထားသည့် မစင်ထုပ်က တစ်ညလုံးပင် ဒုက္ခပေးခဲ့၏။ ထို့ကြောင့် မိုးလင်းလျှင်လင်းခြင်း ကျွန်ုပ် လင့်ပေါ်မှအရင်ဆင်းကာ စခန်းသို့ ရှေ့မှပင်ပြန်ခဲ့၏။

စခန်းပြန်ရောက်၍ မျက်နှာသစ်ပြီးနောက် အစ်ကိုကြီး ဦးစိန်ထွန်းနှင့် အဖွဲ့အား သစ်တောဂိတ်တဲ၏ အပြင်တွင်ရှိ ဝါးတန်းလျားတွင်ထိုင်ကာ ညက အဖြစ်အပျက်များကို ပြောပြရလေ၏။ ထိုအချိန်မှ ကျော်ဝင်းမှာ စခန်းသို့ ပြန်ရောက်လာရာ စောင်ကိုပတ်လျက်ပင် ဖြစ်၏။ ကျွန်ုပ် ရှေ့မှပြန်လာစဉ် သူက ကိုလှကွဲချောင်းဘက်သို့ခွဲ၍ သွားခဲ့၏။ သန့်ရှင်းရေးသွားလုပ်ခြင်း ဖြစ်ပေမည်။

ကျွန်ုပ်တို့ ရှေ့သို့ရောက်လာသော ကျော်ဝင်းအား ကျွန်ုပ်ကပင် စ၍ မေးခွန်းထုတ်လိုက်မိ၏။

"ဟေ့ကောင် ကျော်ဝင်း၊ မင်း ပုဆိုးထုပ်ကြီး ဘယ်မှာထားခဲ့လဲ"

"လင့်ပင်ပေါ်မှာပဲ ထားခဲ့တယ်ဆရာ"


" ..... သား၊ ....."

အစ်ကိုကြီး ဦးစိန်ထွန်း၏ ဆဲဆိုသံ။

*(အစ်ကိုကြီး ဦးစိန်ထွန်းတို့အဖွဲ့နှင့် ကျွန်ုပ်၏တပည့် ကျော်ဝင်းအား အမှတ်တရဖြင့် ...)*

www.burmeseclassic.com

www.burmeseclassic.com






စနေထောင့်မှ(အနောက်တောင်ထောင့်)မှ တက်လာသည့်မိုးသား မိုးရိပ်တို့နှင့်အတူ လျှပ်စစ်၊ လျှပ်ပန်းတို့ ပွင့်လာကာ မိုးက တဒိန်းဒိန်း ချိန်း၍လာနေချေပြီ။ အရှေ့ဘက် ကောင်းကင်မှ မကြာမီက ပွင့်အံခဲ့သည့် နေ့ရောင်ခြည်မှာလည်း မိုးသား မိုးရိပ်တို့ကြောင့် ဖျော့တော့မှုန်ဝါးလာကာ အလင်းအားနည်းလာခဲ့ရသည်နှင့်အမျှ ပဲခူးရိုးမ၏ ရိုးပေါ်တော (ရိုးမကြီး) တောင်ထွဋ်၊ တောင်ကလပ်၊ တောင်စွယ်တန်းတို့မှာ တောင်မှိုင်းများ ထ၍ လာကြ၏။ မကြာမီမှာပင် မိုးနှင်း၊ မိုးဖွဲများကျလာကာ အနောက်တောင်လေနှင့်အတူ ပါလာကြသဖြင့် သူတို့နှစ်ဦး၏မျက်နှာကို လာရောက် ထိတွေ့နေပေသည်။

သူတို့နှစ်ဦးဟု ဆိုသည်မှာ လူသားနှစ်ဦးကိုသာ ကိုယ်စားပြု ပြောဆိုခြင်းဖြစ်ပြီး သူတို့နှင့်အတူ တောင်ပေါ်တောလိုက် ခွေးသုံးကောင်လည်း ပါခဲ့ပေသေးသည်။

ဝါဆိုလဆန်း (၁၁)ရက်နေ့၊ စနေနေ့။ စနေနေ့တွင် စနေထောင့်မှ တက်လာသည့် မိုးသားမိုးရိပ်ကြောင့် ဤပဲခူးရိုးမတောင်ပေါ်တွင် ရွာမည့်မိုးက တစ်ပတ်ဆယ်ရက် တိတ်မည့်ပုံမပေါ်။ သူတို့နှစ်ဦးက ဤမိုးကိုလွတ်အောင်ရှောင်၍ ရွာသို့ အရောက် ဆင်းနိုင်ပါမည်လား။ ယခုဆိုလျှင် အချိန်က နေ့လယ် ၂နာရီ ခန့်ရှိပြီဖြစ်၍ သူတို့ရောက် နေသည့် စိန်တောင်ထိပ်မှ ရွာသို့ တောက်လျှောက်ဆင်းလျှင်ပင် သုံးနာရီခွဲမျှ ကြာပေဦးမည်။ လမ်းတွင် ညနေစာ ချက်ပြုတ်စားရန်အတွက်လည်း ရိက္ခာက မရှိတော့။ နောက်ဆုံးကျန်သည့် ရိက္ခာဆန် နို့ဆီဘူးတစ်လုံးခွဲခန့်ကို မြောက်ဇာမဏီချောင်းကမ်းပါး တွင် နံနက်စောစော ချက်ပြုတ်ခါ ပါလာသည့် ဖွတ်သားကျပ်တင်နှင့် နှစ်ယောက်သားမျှ၍ စားခဲ့ပြီးနောက် ပါလာသည့်အိုးကလေးနှစ်လုံးကို သိမ်း၊ စောင်၊ အဝတ်၊ မိုးကာစများ ထည့်ထားသည့် ကြောပိုးအိတ် တစ်လုံးစီလွယ် ရရှိလာသည့် ဖွတ် ၆ ကောင်၊ ထိုင် ၄ ကောင်ကို တံပိုးတစ်ယောက်တစ်ချောင်းစီဖြင့် မျှထမ်းကာ ခရီးဆက်ခဲ့ကြခြင်း ဖြစ်၏။ စထွက်စဉ်က နံနက် ၇ နာရီခန့်သာ ရှိဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



မြောက်ဇာမထီချောင်းမှတက်၍ ရိုးတစ်ရိုးကို ကျော်လာသောအခါ "စပါးလွယ်" ချောင်းချောက်ကို ဆင်းရ၏။ ထိုမှတစ်ဖန် နောက်ရိုးကြောတစ်ခုကိုတက်ကာ တစ်ချောက်ကို ဆင်းပြန်ရာ "နမဆေး"ချောင်းသို့ ရောက်၏။ ထိုမှ ပဲခူးရိုးမ၏ အမြင့်ဆုံး ကြောမကြီးဟု ဆိုနိုင်သော "နတ်စင်တောင်"ကို ခါးချိမတတ် တက်ရပြန်၏။ ထိုအတက်မှာ အောက်မှ လှမ်းကြည့်လျှင် မျက်စိတစ်ဆုံး၌ တောင်ထိပ်ဟု ထင်ရ၏။ ထိုတောင်ထိပ်ကိုရောက်ရန် နာရီတစ်ဝက်ခန့် တက်ခဲ့သောအခါ နောက်ထပ်တောင်ထိပ်တစ်ခုကို မြင်ရပြန်၍ တက်ပြန်၏။ တောင်ထိပ်ရောက်သောအခါ နောက်တောင်ထိပ်၊ ထိုမှ နောက်တစ်ထိပ်၊ တစ်ထိပ်၊ စုစုပေါင်း ၆ ဆင့်ရှိသည့် တောင်ထိပ်များကိုတက်ပြီးမှ "နတ်စင်တောင်"ထိပ်သို့ ရောက်တော့၏။

နတ်စင်တောင်မှာ အမြင့်ဆုံး ဖြစ်သည့်အားလျော်စွာ ထိုနယ်မှ တောတက်သူများ အားကိုးအားထားပြုရာ ဘိုးဘိုးကြီးနတ်စင်တစ်ခုကို ဝါး၊ သစ်သားတို့ဖြင့် ဆောက်၍ ထား၏။ ထိုနတ်စင်ကို တောင်ပိုင်ကြီးစင်ဟုလည်းခေါ်ကြကာ ပါလာသည့် ချိုချဉ်ခဲဖွယ်၊ ဆေးလိပ်၊ အရက် စသည်တို့ဖြင့်တင်ကာ လိုရာဆုတောင်းတတ်ကြပေသည်။ ထိုနတ်စင်မှာ သူတို့လို တောလည် မုဆိုးများသာမက သစ်ထုတ်လုပ်ရာတွင်လည်း အလုပ်အကိုင် ချောမွေ့ရန် အထိအခိုက် ဘေးအန္တရာယ်ကင်းရန် ရာသီဥတုကောင်းရန်၊ တောတိရစ္ဆာန်များ ရန်မှ ကာကွယ်ပေးရန် ဆုတောင်းတတ်ကြလေသည်။

သူတို့နှစ်ဦးမှာလည်း လွန်ခဲ့သည့် ၄ရက် တောလည်တက်စဉ်က ဆုတောင်းခဲ့ကြသေး၏။ ထို့ကြောင့်လည်း ယခုအခေါက် သူတို့ အဆင်ပြေသည်ဟု ထင်သည်။ တစ်ပိဿာ ငါးဆယ်နှင့် နှစ်ပိဿာခန့်စီ အလေးချိန်စီးသည့် ဖွတ် ၆ကောင်နှင့် တောင်ပေါ်လိပ်(ကုန်းလိပ်)တစ်ပိဿာ ပတ်ဝန်းကျင်စီရှိ ၄ကောင်ရခဲ့သည်။ ရွာရောက်လျှင် လိပ်က တစ်ပိဿာ ၃၀၀၀ ကျပ်ဈေး၊ ဖွတ်က တစ်ပိဿာ ၁၅၀၀ ကျပ်ဈေးနှင့်ဆိုလျှင် သူတို့နှစ်ဦးအတွက် တွက်ချေကိုက် မည်သာမက သူတို့၏ ဖွတ်လိုက်၊ လိပ်လိုက် ခွေး ၃ကောင်အတွက်လည်း ဆန်ကွဲကောင်းကောင်းကြိုး၍ ကျွေးနိုင်ပေမည်။

× × ×

တောလည်တက်လာစဉ်က ဆန် ၃ပြည်၊ ဆီတစ်အာတာ(၂၅ ကျပ်သားခန့်) ငရုတ်၊ ကြက်သွန်၊ မှျင်ငါးပိ၊ ဆား၊ အနည်းငယ်စီနှင့်မို့ စရိတ်က ကျဉ်းသည်။ ကုန်လှမှ ၂၀၀၀ ကျပ် ၂၅၀၀ ကျပ်ခန့်ပေါ့၊ ဒါကြောင့် သူတို့ရလာသည့် သားကောင်ကိုရောင်းလျှင် ၃၀၀၀၀ကျပ် ဝန်းကျင်ရမည်။ သို့ဆိုလျှင် ၄၊ ၅ ရက်မျှဖြင့် တစ်ဦးလျှင် ဝင်ငွေက ၁၅၀၀၀ ကျပ်ဝန်းကျင် စရိတ်နုတ်ပါက တစ်ဦး ၁၄၀၀၀ကျပ် ခန့်ရမည်။ တောသူတောင်သားများအတွက် မိုးဦးကျ ဖွတ်မုဆိုး၊ လိပ်မုဆိုးလုပ်ရသည်က မဆိုးသောအလုပ်ဟု ဆိုနိုင်သည်။

သို့သော် ခွေးကိုတော့ လက်သပ်မွေးထားကာ လေ့ကျင့်ပေးရသည်။ ဖွတ်နံ့၊ လိပ်နံ့သိရန် ခြေသံ၊ ခြေရာ၊ ကုတ်ရာသိရန် အကောင်အစစ်ကို ပြ၍ သင်ပေးထားရသည်။

တောထဲတွင် နံနက်ထမင်း စောစောချက်စား၍ စခန်းမှ ခွေးများနှင့်အတူ ချောင်းရိုး၊ မြောင်၊ ချုပ်ကြား၊ တုံးဆွေး၊ ဖက်တော၊ သစ်ခေါင်း၊ မြေခေါင်းတောင်ပို့ရှိရာ အရပ်များသို့ လှည့်လည်ရသည်။ ခွေးများက သားကောင်၏ အနံ့၊ ခြေရာ၊ လက်ရာကို ကြည့်ကာ ရှေ့မှလိုက်သွားတတ်၏။ သားကောင်ကိုတွေ့လျှင် ခွေးက အသံပေးသည်။ အသံပေးရာတွင် သားကောင်အမျိုးအစားအလိုက် အသံကွဲ၏။

လိပ်ကိုတွေ့လျှင် အသံတစ်မျိုး (ဥပမာ အူ၍) ပေးတတ်၏။ ဖွတ်ကို တွေ့လျှင်မူ (ဟောင်၍) အသံတစ်မျိုးပေး၏။ နောက်ကလိုက်သည့် လူမုဆိုးက ခွေးသံကို နားထောင်၍ ဘာကောင်ဆိုသည်ကို သိနိုင်သည်။ အကယ်၍ ဖွတ်က သစ်ပင်ပေါ်တက်နေလျှင် ပါလာသည့် လေးခွ၊ ဒူးလေးတို့ဖြင့် ပစ်ချရသကဲ့သို့ တစ်ခါတစ်ရံ အပင်မြင့်လွန်းလျှင် အပင်ကို ပုဆိန်ဖြင့် ခုတ်လှဲချရသည်။ တစ်ခါတစ်ရံ သစ်ခေါင်းတွင်းဝင်သွားလျှင် မီးနိုးရိုက်၍ ချရတတ်သည်။ တစ်ခါတစ်ရံတွင်တော့ ခွေးသံက ခွရခက်တတ်လေသည်။

သိပ်တော့ ပင်ပန်းလှသည် မဟုတ်။ သို့သော် တစ်နေကုန် တစ်နေခန်း တောလည်ရတတ်သည်။ အဆင်ပြေလျှင် ဖွတ်လိပ်တစ်ကောင် နှစ်ကောင်ရတတ်သော်လည်း အဆင်မပြေသည့်ရက်များတွင် တစ်ကောင်တစ်မြီးမှ မရတတ်။

ခွေးကိုလည်း တွေ့ကရာ ခွေးမွေးရသည်မဟုတ်။ အမဲလိုက်ခွေး မျိုးရိုးရှိမှ လျှာစက်အာစက်ရှိသည့်မျိုးမှ တကူးတက ရှာ၍ မွေးကြရသည်။ ခွေးကောင်းပါက တောလိုက်ရာတွင် ခွေးကဦးဆောင်၍ အမဲရှာပေးသည်။ ခွေးမကောင်းပါက ခွေးက တောကြောက်ပါက တောထဲရောက်သည်နှင့် လူအနားမှပင် မခွာတော့။ ထိုခွေးမျိုးကို သတ္တိနည်းသောခွေးအဖြစ် သတ်မှတ်ကြသည်။

အချို့ခွေးမှာမူ သတ္တိတော့ ရှိပါ၏။ အမဲလိုက်ရင်း သားကောင် ဘယ်ပင်တက်၍ ဘယ်ဖက်ဝင်သည်၊ ဘယ်ခြုံကို တိုး၍ ဘယ်ရိုးကူးသည်၊ ဘယ်အခေါင်းဖောက်၍ ဘယ်အရောက်သွားသည်ကိုမသိသဖြင့် ဘယ်နောက်လိုက်ရမှန်း မသိဖြစ်တတ်သည်။ ခွေးက

www.burmeseclassic.com

www.burmeseclassic.com

အနံ့မခံတတ်၍ လူက မကြုံတတ်သဖြင့် အမဲဆုံးရတတ်သည်။

တစ်ခါတစ်ရံ ရိုးမအတွင်း ဝံ၊ ကျား၊ ကျားသစ်များနှင့် တိုးတတ်ပေရာ ခွေးကော လူပါ ကျားကိုက်၊ ကျားကုတ်၊ သစ်ကိုက်သစ်ကုတ်၊ ဝံကိုက် ဝံကုတ် ခံရတတ်ခါ အသက်ဆုံးရှုံး တတ်ပေသေးသည်။

ယခု သူတို့၏ ခွေးသုံးကောင်မှာ အနံ့သေ၍ သတ္တိရှိသော ခွေးများချည်းဖြစ်၏။ တောင်ပေါ် ကရင်များထံမှ ဝက်ပေါက်စကလေး သုံးကောင်ပေး၍လဲကာ ငယ်ငယ် ကတည်းက မွေးမြူလေ့ကျင့်ပေးထားခြင်းဖြစ်သည်။ တောလိုက်မျိုးရိုးရှိသည့် ခွေးများ လည်း ဖြစ်ပေသည်။ ယခု ၃ နှစ်သား ခန့်ပင် ရှိနေပြီဖြစ်၍ သူတို့ကို တောလည် ကျွေးနိုင်နေလေပြီ။

× × ×

နတ်စင်တောင်မှ ရိုးဖြတ်လမ်းအတိုင်း အနောက်မြောက်ဘက်သို့ ဆင်းခဲ့ကြရာ ရှေ့မှ တောင်ရိုးတစ်ခုကို လှမ်းတွေ့နေရ၏။ ထိုတောင်ရိုးမှာ စိန်တောင်ဖြစ်၏။

သွားရမည့်ခရီးမှာ စိန်တောင်ကို ပတ်ခါ တောင်ခါးပန်းမှသီ၍ သွားရမည်ဖြစ်ပြီး ထိုမှဆင်းလျှင် ဂမုန်းချောင်းသို့ ရောက်မည်။ ဂမုန်းချောင်းအတွင်း အဆင်းမှာ "စိမ်တော"ဖြစ်သည်။ သစ်ကြီးဝါးကြီးများ မြိုင်ထနေအောင်ပေါက်၍ နေပြောက်ပင် မထိုးသဖြင့် သားကောင်ကြီးများ ဖြစ်သော စိုင်၊ ပြောင်၊ တောနွား (စိုင်မဟုတ်ပါ)၊ ဆတ်တို့ သာမက ကျား၊ ကျားသစ်၊ ဝံလည်း ပေါသည်။ ယခုလို မိုးကာလမှာ မိုးအေးအေးနှင့် မမောမပန်း အစာလှည့်လည်ရှာဖွေစားတတ်ကြသဖြင့် တစ်ခါတစ်ရံ လူနှင့်တိုးကာ အန္တရာယ်ရှိတတ်သည်။

"စိန်တောင်"၏ "စိမ်တော"ကို ရှောင်ကွင်း၍ သွားသည့်လမ်းတော့ ရှိသည်။ ထိုလမ်းမှာ တောင်ခြေ"အုန်းတော"၊ "စင်မြင့်"၊ "ဆယ်ရွာ" စသည့် ပဲခူးရိုးမအနောက်ခြမ်း အုတ်ဖိုမြို့နယ်နှင့် မင်းလှမြို့နယ်အစပ်ရွာများဖြစ်ပြီး သစ်ထုတ်ကားလမ်းဟောင်း ရှိ၏။ ထိုလမ်းမှသွားလျှင် "စင်မြင့်"၊ "အုန်းတော"တောင်ခြေရွာများမှ ပတ်ပိုက်၍ သူတို့ရွာ "ထန်းပင်ကုန်း"ရှိရာ အုတ်ဖိုမြို့နယ်အတွင်းသို့ ပြန်ဝင်ရမည်ဖြစ်ရာ ခရီးက ဝေးလွန်းသည်။ ထို့ကြောင့် စိန်တောင်ဘက် တောလမ်းခြေသွားလမ်းမှ ဂမုန်းချောင်းရိုးကို ဆင်း၍ ချောင်းရိုးအတိုင်း တောင်ခြေကိုဆင်းကာ သူတို့ရွာကို ဖြတ်ပြန်ပါက ခရီး ၄မိုင်ခန့် ပို၍နီးမည်။



အထဲမ်းနှင့် ဆင်းရသည်မို့ အတိုဆုံးလမ်းကို ရွေးရသည်။ အန္တရာယ်ရှိမှန်းတော့ မသိ၍မဟုတ် သိသည်။ သူတို့လို မုဆိုးများအဖို့ ခွေးကပါနေသဖြင့် အန္တရာယ်ကို ကြိုသိနိုင်သည်။ အန္တရာယ်ဆိုတာကလည်း ၁၀ ခါမှ တစ်ခါ၊ အခါ ၂၀ မှ တစ်ခါ (သို့) အခါ ၁၀၀ မှ တစ်ခါသာဖြစ်၍ သိပ်ကြောက်စရာလိုသည် မဟုတ်ဟု သူတို့က ထင်ထားသည်။ အခါ ၁၀၀ မှ တစ်ခါဖြစ်ခဲ့ရင်ကော၊ ဟယ် - ကြောက်စရာမဟုတ်၊ ဟိုးရိုးကြီးအတွင်းမှာတောင်မကြောက်ဘဲ နှစ်ယောက်ထဲ တောလည်လာသေးတာ၊ ခရိုးခြေကို ဆင်းကာနီးမှ ကြောက်ရမှာလား ....

"ဒိန်း ... ဒိန်း ... ဒိုင်း ဂျိုင်း"

မိုးက ဆင့်ကာဆင့်ကာချိန်း၍ မိုးကြိုးတစ်ချက်က လျှပ်လက်၍ ပစ်လိုက်သည်။ မိုးနှင်းများနှင့် တောင်ခိုးဝေနေသဖြင့် ရှေ့ပေ သုံးလေးဆယ်လောက်ထက် ပိုမမြင်ရ သော်ငြား မိုးက မရွာ၊ ဘယ်ရွာပါမည်လဲ၊ လေနအေးက တဖြည်းဖြည်း တိုက်နေရာမှ အနည်းငယ် ကြမ်းလာချေ၏။

သူတို့နှစ်ဦး စိန်တောင်ခါးပန်းကိုပတ်၍ဆင်းရန် အနောက်မြောက် အရပ်ဆီသို့ ဦးတည်လိုက်ရာ သူတို့မျက်နှာမူရာ ရာဟုထောင့်ဘက်ဆီမှ အလင်းတန်းတစ်ခုကို တွေ့ရသည်။ ထိုအလင်းတန်းမှာ ပန်းဆီရောင် အတန်းလိုက်ဖြစ်နေပြီးနောက် မိုးကုတ်စက်ဝိုင်း အောက်ခြေဆီသို့ ပိုက်လုံးကြီးတစ်လုံး စိုက်ချထားသကဲ့သို့ ရှိနေသည်။

"ဟယ်၊ ပြဿနာပဲဟေ့၊ ဒါကြောင့် လေလာနေတာ"

သူတို့နှစ်ဦးအနက်မှ ကျော်လွင်က ထိုအလင်းတန်းဆီသို့ ဦးတည် ကြည့်ရင်းမှ အဖော်ဖြစ်သူ "ပေတလူ"ကို အလန့်တကြား လှမ်းပြောလိုက်သည်။

"ရာဟုထောင့်က လေနီကြမ်း ဆင်နေတယ်ဟေ့၊ မကြာခင် လေကြမ်းတိုက်လာ တော့မယ်၊ ဂမုန်းချောင်းချောက်ကို မြန်မြန်ဆင်း"

ပြောပြောဆိုဆို သူကိုယ်တိုင် အထမ်းဖြင့်ရှေ့မှ မပြေးရုံတမယ် ဦးဆောင်၍သွား သဖြင့် ပေတလူကလည်း နောက်မှကပ်၍ ပါလာ၏။ ခွေးများမှာလည်း သူတို့ရှေ့မှ အလျှင်ဆင်းနှင့်ပေပြီ။ သဘာဝကိုသိသော ခွေးများပါပေ။

"ဝေါ၊ ဝေါ၊ ဝေါ၊ ဝေါ"

လေနီကြမ်းဆင်လာလေပြီ၊ တစ်တောလုံး တစ်တောင်လုံးတွင်ရှိ သစ်ကြီးဝါးကြီး များအားလုံး ယိမ်းထိုးနေ၏။

"ပေတလူရေ၊ ၄ှေ့ တောင်နံရံမှာရှိတဲ့ ကျောက်တုံးကြီးဆီကို ပြေးကပ် ပြေးကပ်"

www.burmeseclassic.com

www.burmeseclassic.com

ကျော်လွင်က သတိပေးလိုက်ရင်း သူ့ကိုယ်တိုင် အထမ်းကိုပစ်ချကာ ကျောက်တုံးဘေးတွင် ငုတ်တုတ်ထိုင်၍ ကပ်နေလိုက်သည်။ ပေတလူကလည်း နောက်လိုက်ပီသစွာဖြင့် သူလုပ်သလို လိုက်၍လုပ်၏။ ခွေးများကလည်း ထိုနည်းတူပင်။

"ဖျောင်း။ နိုင်း။ ဗျစ်၊ ဗျစ်၊ ဗျစ်၊ ဘုံး"

အသံများနှင့်အတူ သစ်ပင်ကြီးများမှ ကိုင်းခွေများကော ကိုင်းသေးများပါ ကျိုးကျသကဲ့သို့ အချို့တောင်စောင်းမှ အပင်များမှာလည်း အမြစ်မှ တဗျစ်ဗျစ်မြည်ကာ ဘုံးခနဲလဲ၍ သွားကြသည်။ သူတို့ထံ ကိုင်းဖျား၊ ကိုင်းနားများ လာမရိုက်စေရန် ကျောက်တုံး၏အောက်ခြေတွင် ကျော်လွင်ကော ပေတလူပါ ဝပ်၍ နေကြရလေ၏။ ထိုသို့ဝပ်နေစဉ်ကျော်လွင်က စိတ်အတွင်းမှ ကြိတ်၍ ဆုတောင်းနေ၏။ "ဘုရား၊ ဘုရား မိုးမကြီးပါစေနဲ့"

မှန်ပါသည်။ ဤလို အချိန်မျိုးတွင် မိုးကြီးလာပါက တောင်ပြိုနိုင်၏။ တောင်ပြိုသည်မှာ တောင်စောင်းမှ မြေများ ပဲ့ကျပြိုကျခြင်းဖြစ်ရာ မြေပြိုပါက သူတို့ရောက်နေသည်မှာ တောင်စောင်းဖြစ်၍ မလွတ်နိုင်။ အရှင်လတ်လတ် မြေဖို့ ကျောက်တုံးပိခံရနိုင်၏။ စိန်တောင်မှာ မတ်စောက်သဖြင့် ယခုမိုးကျကပင် အချို့နေရာများ၌ မြေပြိုကျသည်များရှိရာ သူတို့ကိုယ်တိုင် ကျော်လွှား၍ လာခဲ့ရသည် မဟုတ်ပါလား။ ကံကောင်းသည်ဟု ဆိုရပေမည်။ ရာဟုထောင့်မှ လေကြမ်းလာသဖြင့် စနေထောင့်မှလာသည့်မိုးမှာ အရှေ့တောင်ဘက်သို့ တဖြည်းဖြည်း ရွှေ့၍သွား၏။ မိုးကြီး သဲသဲမဲမဲ မရွာတော့၊ မိုးစနေ၊ လေရာဟု စစ်ပြုကြရာတွင် ရာဟုလေက အနိုင်ရနေသကဲ့သို့ ရှိ၏။ ဒီလို မိုးကာလတွင် ဒါမျိုးက ဖြစ်တတ်ပေသည်။

မိုးမရွာသော်လည်း လေက ကြမ်းတုန်းမို့ နာရီဝက်ခန့် ကျောက်တုံးရင်းတွင်ဝပ်၍ နေကြရသေး၏။ တော်သေးသည်။ မိုးမကြီး၍ တောင်မပြိုနိုင်။ တောင်မပြိုလျှင် မြေဖို့မခံရနိုင်။ လောလောဆယ်တော့ သေဘေးမှလွတ်နေသေးသည်ပဲပေါ့။

× × ×

ညနေ ၄ နာရီခန့်ဟု ထင်ရဖြားလည်း တောင်ခိုးများကြောင့် အမှောင်ဘက်ကို အားပြုနေ၏။ ကျော်လွင်က အထမ်းနှင့်ပင် ရှေ့မှသွားနေသကဲ့သို့ ပေတလူကလည်း နောက်မှ အထမ်းဖြင့်ပင် လိုက်နေဆဲ။ လေကဖြင့် အတော်ငြိမ်၍သွားလေပြီ။ အန္တရာယ်မရှိနိုင်တော့။



ဂမုန်းချောင်း၏ ရေဝေရာစိန်တောင်မှ ချောင်းရိုးအရေ့ဘက်တွင် တောင်နံရံနှစ်ခုက တစ်ဖက်တစ်ချက်စီမှ ကာဆီးနေကာ ချောင်းရိုးကကျဉ်းလှသည်။ လူနှစ်ယောက်ပင် ယှဉ်သွား၍မရသဖြင့် တစ်ဦးနောက်တစ်ဦး အတန်းလိုက်သွားနေရခြင်းဖြစ်ခါ ချောင်းရိုးအတိုင်း အနောက်ဘက်သို့ ဦးတည်လျက်ရှိ၏။ ခွေးသုံးကောင်ကတော့ သူ့တို့ရှေ့မှသွားနေသည်မှာ မြင်လိုက်၊ ပျောက်လိုက် ဖြစ်နေ၏။

ကျောက်တုံးကျောက်ခဲပေါ်များရာ ကျောက်ချောင်းအတွင်း ပိုသတိထား၍လျှောက်နေကြရ၏။ မိုးစနေနှင့် လေရာဟုတို့ကြောင့် စိန်တောင်၏ တောင်ခါးပန်းတွင် တစ်နာရီမျှ ကျောက်တုံးဘေးတွင် အချိန်ကုန်ခဲ့ရ၍ ယခုမှ ဂမုန်းချောင်းအတွင်းသို့ ရောက်ခဲ့ရပေသည်။ ချောင်းအတိုင်း တစ်နာရီမျှလျှောက်ပြီးမှ ဝဲဘက်သို့ လမ်းခွဲ၍ ရွာသို့ဆင်းသည့် တောင်ကြားလမ်းကို ရောက်မည်မို့ အချိန်ကို အကုန်မခံနိုင်။ သွက်သွက်သွားနိုင်သည့်တိုင် မှောင်မှပင် ရွာသို့ရောက်ပေမည်။

တံတောင်ဆစ်ချိုး ချောင်းကွေ့ တစ်ခုကို ဖြတ်ကျော်လာသည်မှာ ငါး မိနစ်ခန့်ရှိပြီဖြစ်၏။

"ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်"

ဦးဆောင်ခွေးက ရှေ့မှသွားနေရင်း လက်ယာဘက် ပေ ၂၀ ခန့် ခြုံထူထပ်ရာသို့မော့ကာ ဟောင်လိုက်သည်။

"ရှူး၊ ရှူး၊ ရှူး၊ ရှူး"

"ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်"

ဦးဆောင်ခွေး၏ အသံကြောင့် ကျန်ခွေးနှစ်ကောင်မှလည်း နှာခေါင်းများကို တရှူးရှူးလုပ်ခါ မော့၍ ဟောင်လိုက်ပြီးနောက် ခြုံထူရာ လက်ယာဘက် တောင်ခါးပန်းသို့ ထိုးတက်လိုက်၏။

"ကိန်၊ ကိန်၊ ကိန်၊ ကိန်"

ခေါင်းခွေးက "ကိန်"သံပေးကာ သားကောင်ကို စ၍လိုက်ပေပြီ။

"ဒီခွေးတွေ ဘာကောင်အနံ့ရပြီး လိုက်သွားသလဲမသိဘူး"

ပေတလူက နောက်လိုက်မို့ ခွေးသံကို ဝေခွဲ၍မရ။ ကျော်လွင်က အသံကိုခေတ္တနားထောင်ပြီး -

"ဒီလောက်မြန်မြန်လိုက်သွားတာ ချေ(ဂျီ)ပဲဖြစ်မယ်"

"နောက်ကျနေပါတယ်ဆိုမှ ဒီကောင်တွေကွာ"

www.burmeseclassic.com

www.burmeseclassic.com

ဟု ညည်းလိုက်ပြီး အထမ်းကိုမချဘဲ နားစွင့်နေ၏။

"ကိန်၊ ကိန်၊ ကိန်၊ ကိန်"

တောင်ထိပ်ပိုင်းသို့ ရောက်သွားပြီဖြစ်သော ခွေးသံများ ချေကို ဆက်လိုက်နေ၏။ ထို့ကြောင့် ကျော်လွင်က-

"နေပေစေကွာ၊ ဒီကောင်တွေ ကျီကို မမီရင် ပြန်လာလိမ့်မယ်။ လာ တို့ရှေ့က လျှောက်နှင့်မယ်" ဟုဆိုကာ စတင်ထွက်လာခဲ့သည်။

"ကိန်၊ ကိန်၊ ကိန်၊ ကိန်"

တောင်ထိပ်ပိုင်းမှ ခွေးသံက သူတို့နောက်ကြောင်း ချောင်းထဲသို့ ပြန်လိုက်လာပုံရသည်။

ထို့ကြောင့် ကျော်လွင်က ခြေလှမ်းကို ရပ်လိုက်ပြီး နားထောင်ပြန်သည်။

"ကိန်၊ ကိန်၊ ကိန်၊ ကိန်"

သေချာပြီ။ ခွေးက သားကောင်ကို ချောင်းအတွင်းသို့ လိုက်ချလာနေသည်မှာ တောင်ခါးလယ်သို့ပင် ရောက်လာပြီ၊ ထို့ကြောင့် ကျော်လွင်က အထမ်းကိုပစ်ချ ကြောပိုးအိတ်ကိုဖြုတ်ခါ ပုဆိုးကို တိုတိုပြင်ဝတ်လိုက်ပြီး ချောင်းရိုးအတိုင်း နောက်ကြောင်းကို ပြန်ပြေးလာခဲ့သည်။ ပေတာလူကမူ ကြောင်၍ပင် ကျန်ခဲ့လေသည်။

ကျော်လွင်က ပြေးလာရင်း ချေကို ရှေ့မှဆီးကြိုပိတ်ဆို့ကာ ရိုက်၍ယူရန် မျက်စိကို ကစားလိုက်သည်။ သူမျက်စိကစားသည်မှာ ရိုက်ရန်တုတ်တစ်ချောင်းလောက်ကို ရှာခြင်းဖြစ်၏။ သို့သော် ပြေးရင်းရှာသည်မို့ မတွေ့သေး။

"ဝုတ်၊ ဝုတ်၊ ကိန်၊ ကိန်"

ခွေးသံများက သူတို့ဖြတ်လာခဲ့သည့် ချောင်း၏ တံတောင်ဆစ်ကွေ့ဆီသို့ ဦးတည်နေပြီဖြစ်ရာ သေချာသည်က သားကောင်သည် ချောင်းအတွင်းသို့ပင် ရောက်လုနေ၏။ ကျော်လွင်မှာ သားကောင်ရိုက်ရန် တုတ်တစ်ချောင်းပင် မတွေ့။

သို့သော် သားကောင် ချောင်းချောက်ကိုကျော်၍ တစ်ဖက်တောင်စောင်းသို့ တက်သွားမည်စိုးသဖြင့် အပြေးရှိန်ကို မြှင့်လိုက်သည်။ တစ်ဆက်တည်းမှာပင် တံတောင်ဆစ်ချိုးချောင်းကွေ့ကို ကျော်လိုက်သည်။

ဟာ ......

အာမေဋိတ်သံနှင့်အတူ ကျော်လွင်က အပြေးကို ရပ်လိုက်ရ၏ ပေတာလူအား အကူအညီတောင်းရန် ပါးစပ်ပြဲလိုက်၏။ ထိုသို့ ပြင်လိုက်ရခြင်းမှာ သူကိုယ်တိုင်က



ဘာမှ စွမ်းဆောင်နိုင်မှုမရှိ။ စွမ်းဆောင်စရာ လက်နက်မပါ။ လက်ဗလာချည်း သက်သက်မို့သာ ဖြစ်ပေသည်။

အဖြစ်အပျက်မှာ မြန်ဆန်လှသည်။ ပြီးတော့ မမျှော်လင့်သော အဖြစ်အပျက်၊ သူ၏ မှဆိုးသက်တစ်လျှောက်တွင် လုံးဝမျှော်လင့်မထားသော မတွေ့ကြုံဖူးသော မဖြစ်နိုင်ဟုထင်သော အဖြစ်အပျက်မျိုး။

"ဝူး၊ ဝုန်း၊ ဂရား"

သံရှည်ဆွဲ၍ ဟိန်းလိုက်သော အသံနှင့်အတူ သူမြင်လိုက်သောအရာက ရှန်လို့စွာဖြင့် သူ့ပေါ်သို့ လျင်မြန်စွာ ခုန်၍အုပ်လိုက်လေရာ သူ၏ ငယ်ထိပ်နှင့် ဝဲဘက်ဆံစင်ဆီမှ ပူခနဲ ခံစားလိုက်ရသည်နှင့်အတူ သူ၏ အသံထွက်၍သွားလေ၏။

အား .....

× × ×

"တိ တီ၊ တိ တီ၊ တိ တီ"

ကျွန်ုပ်၏ Hand phone အသံက ကျွန်ုပ်ရုံးမှအပြန် ကားမောင်းနေစဉ် မြည်လာလေရာ၊ ကျွန်ုပ်က ကမ်းနားလမ်းမကြီးတွင် လက်ယာဘက်ကိုကပ်၍ ရပ်လိုက်ပြီးနောက်-

"ဟဲလို၊ ဟဲလို"

"ဟဲလို ကိုစိုးလား၊ ကျွန်တော် ကျော်ကျော်ပါ"

"ကျော်ကျော်ရေ ပြောသူငယ်ချင်း"

"ကိုစိုး ဘယ်မှာလဲ"

"လမ်းမှာ ကားမောင်းနေတယ်"

"ခဏပြောလို့ရမလား"

"ရတယ် သူငယ်ချင်း၊ ကိုယ်ကားရပ်ပြီး ပြောနေတယ်"

"ကိုစိုးရေ၊ ကျော်လွင်တစ်ယောက် ကျားသစ်ကိုက်ခံရလို့တဲ့"

"ဟာ ... ဟုတ်လား"

"ဟုတ်တယ်၊ သာယာဝတီ ဆေးရုံမှာတင်ထားရတယ်၊ တော်တော်ဒဏ်ရာပြင်းတယ်တဲ့"

"ဘယ်တွေကို ထိသွားတယ်တဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဝဲဘက် ခေါင်းအရေပြား ကွာသွားတာ တော်တော်များတယ်တဲ့၊ ယာဘက် လက်မောင်းမှာ အသားတွေ ကျေသွားတယ်၊ မျက်နှာမှာက တစ်ချက်စုတ်သွားတယ်၊ ယာဘက် လက်သူကြွယ်နဲ့ လက်သန်းရင်းက လက်ခုံမှာ အကြောနှစ်ချောင်း ပြတ်သွားပြီ။ ယာဘက်ခြေသလုံးမှာလဲ အကိုက်ခံရတယ်တဲ့"

"ဟုတ်လား။ အခုဆေးရုံမှာတဲ့လား"

"ဟုတ်တယ်၊ နေ့လယ်က ကိုအီစက်(သစ်ထုတ်ဝန်ထမ်း)က ဖုန်းဆက်တာ၊ Phone message ရရချင်း ခင်ဗျား Hand phone ကို ခေါ်တာ၊ ခေါ်မရလို့ ခုမှ ပြောရတာ"

"ဟုတ်တယ်၊ ကိုယ် High Court (ယခု Supreme Court ကို ရှေးအတိုင်း ခေါ်ခြင်းဖြစ်၏။)ထဲ မှာရောက်နေလို့ ဖုန်းပိတ်ထားတာ"

"သွားကြည့်နိုင်မလား"

"ကြည့်ရမှာပေါ့၊ ကိုယ်တို့ လမ်းပြမုဆိုးပဲဟာ"

× × ×

ဝါဆိုလပြည့်ကျော် ၄ရက်၊ တနင်္ဂနွေနေ့၊ ကျွန်ုပ်၊ အဘ၊ ကျော်ကျော်နှင့် ကိုအီစက်တို့ သာယာဝတီ ဆေးရုံသို့ ရောက်ကြသောအခါ ကျော်လွင်ကို ဆေးရုံခုတင်ပေါ်တွင် တွေ့ရလေ၏။ လူမှာ သွေးထွက်များထား၍ အားနည်းနေသေးသော်လည်း ဒဏ်ရာများကို ချုပ်ထားခြင်း၊ ဆေးထည့် ထားခြင်းကြောင့် အတော်သက်သာနေပြီး စကားလည်း ကောင်းစွာပြောနိုင်၏။ ဒဏ်ရာများအနက် ၅လက်မ ခန့် လန်၍ကွာကျနေသော ဝဲဘက် ဦးခေါင်းရေပြား ဝဲပါးပေါ်မှ ၂လက်မ ခန့် ကွဲသွားရသည်တို့ကို ချုပ်ထားရပြီး ယာဘက် လက်ခုံမှ အကြောထိသွားရာနှင့် ကျားသစ်ကိုက်ရာများကို ဆေးထည့်ထား၏။ အကြောများမှာ လုံးလုံးပြတ်သွားခြင်းမဟုတ်ဘဲ စုတ်သွားကြောင်း သိရ၏။ ယာဘက် လက်မောင်းမှာမူ ကျားသစ်ကိုက်ဝါးထားသဖြင့် အစွယ်ရာဂချက်နှင့် အသားများကျေနေသည်ကို ဖဲ့သည့် နေရာဖဲ့၍ ချုပ်ထားရ၏။ ဆရာဝန် ဆရာမများက အသက်အန္တရာယ် မရှိတော့ကြောင်း၊ သို့သော် ကျားသစ်၏ လက်သည်းခြစ်ရာများမှာ အဆိပ်ဖြစ်နိုင်ကြောင်း၊ ဆေးရုံသို့ နောက်တစ်နေ့ညနေမှ ရောက်လာသဖြင့်လက်မောင်းမှာ ကြေသွားသည့် အသားများ အနည်းငယ်ကို လှီးထုတ်ဖြတ်တောက် ပြန်ချုပ်ထားရကြောင်း၊ လိုအပ်သည့် ဆေးများ ထိုးပေးကုသထားကြောင်း သိရလေ၏။



အဘ။ ကဲ-ပြောစမ်းပါအုံး ကျော်လွင်ရာ၊ မသေကောင်း မပျောက်ကောင်း။

ကျော်လွင်။ အဘတို့ ဆရာစိုးတို့ ဒီနွေ တောလည်မလာတာနဲ့ ကျွန်တော်လဲ ရွာက သားချင်းထဲက ပေတလူကိုခေါ်ပြီး တောလည် နေရတယ်၊ အိမ်စရိတ်လေးရ အောင်ပေါ့။

ကျွန်ုပ်။ အဆင်ကော ပြေရဲ့လား။

လွင်။ နွေခေါင်ခေါင်တုန်းကတော့ ဘယ်အဆင်ပြေပါ့မလဲ ဆရာရယ်၊ တောထဲမှာ သစ်ထုတ်ကားတွေ၊ စက်ကြီးတွေ၊ ဝန်ထမ်းတွေနဲ့ တောဆူတော့ စရိတ်ကျေရုံလေးပဲ ရတယ်၊

ကျော်။ မိုးကျလာတော့ကော၊

လွင်။ မိုးကျလာတော့ သစ်ထုတ်အဖွဲ့တွေက အကွက်သိမ်းသွားကြတာမို့ အဆင်ပြေ လာတယ်၊ ဒါနဲ့ ကျွန်တော်လဲ မိုးဦးကျမှာ နှစ်ခေါက်လောက် တောလည် လိုက်တာ ငွေ ၃၊ ၄ သောင်း လောက်ရလိုက်တယ်။ ဒါပေမဲ့ ဒီတတိယအခေါက်လဲ ကျရော ခုလိုဖြစ်တာပါပဲ။

ကိုအီစက်။ ကျော်လွင်ရာ၊ မုဆိုး မုဆိုးချင်းဖြစ်ရတယ်လို့။

လွင်။ ဟုတ်တယ် ကိုအီစက်၊ ကျွန်တော်လဲ ဒါမျိုး ဒီတစ်ခါပဲ ကြုံဖူးတယ်။

ကျွန်ုပ်။ နေပါဦး ကျော်လွင်ရ၊ ဒီကောင်ကို မင်းက မရှောင်ဘူးလား။

လွင်။ ရှောင်ဖို့အချိန်ကို မရဘူး။ ချောင်းမြောင်ကလဲ ကျဉ်းတယ်၊ ပြီးတော့ ဒီကောင်က ရန်လိုနေတယ်ထင်တယ်။ တွေ့လဲတွေ့ ကျွန်တော်ကိုလဲ ခုန်အုပ်တော့တာပဲ။ ဘာမှကို ရှောင်လိုက်ချိန်မရဘူး။

စက်။ မုဆိုးက မုဆိုးကို ရန်လုပ်တယ်၊ မုဆိုးကို ကျားသစ် ကိုက်တယ်၊ ကိုက်တယ် ဆိုတာ မုဆိုးသက်တမ်းကုန်ချင်လို့ပဲကွ။

လွင်။ ကျွန်တော်တော့ သက်တမ်းမကုန်သေးပါဘူးဗျာ၊ ဒီကျားသစ်သာ သက်တမ်း ကုန် သွားတာပါ။

ကျွန်ုပ်။ ကျားသစ်က ဘယ်လောက်ကြီးသလဲ။

လွင်။ နှာသီးဖျားကနေ အမြီးဖျား ထိ ၅တောင်တိတိ(၇ပေခွဲခန့်) ရှိတယ်။ ပြီးတော့ အကြီးဗျ။

ကျွန်ုပ်။ နို့အုံကျနေသလား။

လွင်။ ဟာ-ဟုတ်တယ်ဆရာ၊ နို့ အုံကြီးပြီး ကျနေတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ပ်။ အေး-ဟုတ်ပြီ၊ ဒါကြောင့် ရန်လိုနေတာကွ၊ ပြီးတော့ တွေ့တွေ့ခြင်း ခုန်အုပ်ပြီး ကိုက်တယ်ဆိုတော့။

ကျော်။ ကိုစိုး၊ ဘာလဲ ကျားသစ်ပေါက်စကလေးတွေ မွေးထားလို့၊ သားသယ်အမေမို့ ရန်လိုတယ်ပြောချင်တာလား။

ကျွန်ပ်။ ဟုတ်တာပေါ့ဗျာ။

လွင်။ ဆရာ ရှင်းပြပါအုံး။

ကျွန်ပ်။ ဒီလိုဗျ၊ ကျားတို့၊ ကျားသစ်တို့၊ အင်းကျားတို့ မြန်မာပြည်မှာရှိတဲ့ တောကြောင်ကြီးမျိုး(Jungle Cat)တွေဟာ ဒီဇင်ဘာလ၊ ဇန်နဝါရီလ (မြန်မာ-နတ်တော်၊ ပြာသို)လတွေမှာ မိတ်လိုက်တတ်တာ သဘာဝပဲ။ အဲ့ဒီမှာ မိတ်အောင်ရင် ကိုယ်ဝန်ဆောင်ချိန်က ၄လလောက် ကြာတယ်၊ ဒီတော့ မေလ (တန်ခူးလကုန် နယုန်လ) တွေလောက်မှာ သားပေါက်တတ်ကြတယ်။ သားသယ်မအေဆိုတော့ ကြောင်တွေ၊ ခွေးတွေ၊ သားပေါက်ရင် ရန်လိုသလို သူတို့လဲ ရန်လိုတတ်တာပေါ့၊ ဒါနဲ့ မင်းစိန်တောင်နဲ့ ဂမုန်းချောင်းက ကျောက်တောင်ကျောက်ဆောင် ကျောက်လိုဏ်ခေါင်းပေါ်တယ် မဟုတ်လား။

လွင်။ ဟုတ်တယ်ဆရာ၊ အသေအချာပဲ။

ကျွန်ပ်။ အေး-ဒါဆိုရင် ရွာနီးချုပ်စပ်က လူတွေပြောထား၊ အဲ့ဒီစိန်တောင်ဘက်ကို အရဲစွန့်ပြီး သိဝ်မသွားကြပါနဲ့လို့၊ မဖြစ်မနေသွားရမယ်ဆိုရင် အဖော် ၂ယောက် ၃ယောက်နဲ့မှ သွားကြပါလို့။

လွင်။ ဘာဖြစ်လို့လဲဆရာ၊ မအေသေပြီပဲ၊ ကျားသစ်ပေါက်စတွေက ဘာလုပ်နိုင်မှာမို့လဲ၊

ကျွန်ပ်က သူ့ကို ပြုံးပြုံးကြီး ကြည့်နေမိ၏၊ ပြီးမှ -

ကျွန်ပ်။ ကျော်လွင်ရ၊ ကျားသစ်က ကျားတို့၊ ခြင်္သေ့တို့လို တွေ့ကရာ ကျားမ၊ ခြင်္သေ့မနဲ့ မိတ်လိုက်တတ်ကြတာ မဟုတ်ဘူးကွ၊ ကျားသစ်စုံတွဲဟာ တစ်ကောင်မသေမချင်း အတူနေတတ်တယ်။ တစ်ကောင်သေခဲ့ရင် ကလေးတွေကို ကျန်တဲ့တစ်ကောင်က စောင့်ရှောက်တတ်ကြတယ်၊ ပြီးတော့ပျောက်သွားတဲ့ အကောင်ကိုလဲ လိုက်ရှာတတ်ပြီ၊ ဒေါသလဲ ကြီးနေတတ်တယ်၊ ဒါကြောင့် ပြောတာ၊

လွင်။ ဟုတ်မယ်ဆရာ၊ ကျွန်တော် ဆေးရုံတက်နေတုန်း၊ အိမ်ကလူတွေလာလို့ ပြောသွားတယ်။ ဂမုန်းချောင်းထဲမှာ ကျားသစ်ဟိန်းသံ၊ ဝမ်းရုပ်သံ၊ ညည်းသံတွေကို



တောတက်တဲ့သူတွေ ကြားရတယ်တဲ့၊

ကျွန်ပ်။ အေးကွာ၊ ဒါတွေထားပါတော့၊ ကြုံလို့ ပြောပြသတိပေးတာပါ။ မင်းနဲ့ ဒီကျားသစ်နဲ့ ဘယ်လိုတိုက်ခိုက်ခံရတယ်ဆိုတာကို ပြောပြပါဦး။

ကျွန်ပ် စကားပြောရှည်နေသဖြင့် ဘေးမှအကျိုးအကြောင်း သိချင်၍ စောင့်နေသူများ (အဘ အပါအဝင်)မှာ ယခုမှပင် ကျော်လွင်၏ တိုက်ပွဲအကြောင်းကို ကြားရလေ၏။

× × ×

ကျော်လွင်မှာ ကျားသစ်က တွေ့တွေ့ချင်း ခုန်အုပ်ခံရခြင်းကြောင့် ဦးခေါင်း၏ ဝဲဘက်တွင် ကျားသစ်၏ ယာဘက်ဖြင့် ကုတ်ခြစ်ပြီးသား ဖြစ်သွားရာ ခေါင်းမှာ ပွခန် ဖြစ်သွားပြီး သွေးများကျလာ၏။ ထို့ကြောင့် လန့်၍ "အား"ခနဲအော်လိုက်ခြင်း ဖြစ်၏။

သို့သော် မုဆိုးတစ်ဦးပီပီ သတိကိုမလစ်စေဘဲ ယာဘက်သို့ တစ်ကွက်လှည့်ရှောင်လိုက်ရာ ကျားသစ်မှာ မြေပေါ်သို့ ဖုတ်ခနဲကျသွားလေ၏။ ကျားသစ်က မြေပေါ်ကျလျှင်ကျချင်းပင် ကျော်လွင်ဘက်သို့ ပြန်လှည့်လိုက်ခါ ချက်ချင်းပင် ခုန်အုပ်လိုက်ပြန်၏။ ဤတစ်ကြိမ်တွင်တော့ ကျော်လွင်က သတိမြဲနေပြီးမို့ ခန္ဓာကိုယ်ကိုယို့၍ ရှောင်လိုက်ခါ ကျားသစ်၏ ရင်ဝဆီသို့ ခြေဖနောင့်ဖြင့် ဆောင့်ကန်လိုက်ရာ ကျားသစ်မှာ ချက်ကောင်းကို ထိသွားသည်သာမက တစ်လံမျှပင် လွင့်သွားလေ၏။ ထိုအချိန်တွင် လူနှင့် ကျားသစ်တိုက်ပွဲကို ပေတလူက မမြင်နိုင်၊ ချောင်းကွေ့ ကွယ်နေ၍ ဖြစ်၏။

ကျားသစ်က မြေကျလျှင်ကျချင်း ကျော်လွင်ဆီသို့ ခုန်၍ဝင်လာလိုက်ရာ ကိုယ်ကိုလှည့်၍ ရှောင်လိုက်သော်လည်း မလွတ်တော့၊ ကျားသစ်၏ အစွယ် ၄ချောင်းက ကျော်လွင်၏ ယာဘက်လက်မောင်းကို ခဲမိသွားလေရာ ပြုတ်တူနှင့် ညှပ်လိုက်သလို ခံစားလိုက်ရ၏။ သို့သော်လွတ်နေသော ဝဲဘက်လက်ဖြင့် ကျားသစ်၏ နှာနဆီ ကျော်လွင်က လက်ဝါးစောင်းရိုက်ချလိုက်ရာ ကျားသစ်ဦးခေါင်းလည်သွား၏။

ဦးခေါင်းလည်သွားယုံသွားပြီး ယာဘက်မောင်းကိုထပ်၍ ခဲလိုက်ပြီးနောက် ယာဘက်ဖြင့် ကျော်လွင်၏ မျက်နှာသို့ လုမ်းပုတ်ပြန်ရာ ကျော်လွင်၏ ဝဲဘက်ပါးမှာ မွမွ ဖြစ်သွားလေ၏။

ကျော်လွင်က ထပ်မံ၍ လက်ဝါးစောင်းဖြင့် ကျားသစ်၏ လည်ပင်းကို ခုတ်ပြန်ရာ ကျားသစ်မှာ အတော်နာသွားပြီး ကိုက်ချက်လွတ်သွားပြန်၏။ သို့သော် ထိုလက်ကိုပင် [illegible] ခံပြန်သည်သာမက ကျော်လွင်အား လက်များဖြင့် ကုတ်ပြန်ရာ ကျော်လွင်က

www.burmeseclassic.com

www.burmeseclassic.com

မီးရာကို လှမ်းဆွဲလိုက်သဖြင့် ကျားသစ်၏ ဝဲလက်ကို သူ့လက်နှစ်ဖက်ကမိလေ၏။ ကျားသစ်က လွှတ်နေသည့် ယာလက်ဖြင့်သာမက ခြေထောက်များဖြင့်ပါ မတ်တပ်ရပ်၍ ကုတ်ပြန်ရာ ကျော်လွင်က ရှောင်သော်လည်း သူ၏ ယာလက်ခုံနှင့် ဝဲခြေထောက်တို့အား ကုတ်ခြစ်မိလေ၏။

"ပေတလူရေ လာပါအုံးဟေ့၊ ငါကို လာကယ်ပါအုံးဟေ့"

ကျော်လွင် ကုန်းအော်အကူအညီတောင်းလိုက်ချိန်တွင် ကံကောင်းသည်ဟု ဆိုရမည်။ ကျားသစ်က ယာဘက်ဖြင့် ဖမ်းကုတ်လိုက်ချိန် မထင်မှတ်ဘဲ သူ၏ ပါးစပ်ဝသို့ ကျားသစ်လက်က ရောက်လာ၏။

ကျော်လွင်ကရသည့် အခွင့်အရေးကို လက်လွှတ်မခံတော့ဘဲ သူ့ပါးစပ်ဖြင့် ကျားသစ်၏ ယာလက်ဆစ် အထက်နားသို့ ဟပ်၍ ကိုက်လိုက်ရာ မိမိရရကိုက်မိသွား၏။ ထိုအချိန်တွင် ကျားသစ်ကောလူပါ အရှိန်ဖြင့် မြေသို့လဲကျသွားလေရာ လုံးလား ထွေးလား သူတစ်ပြန်ကိုယ်တစ်ပြန် ဖြစ်နေသော်လည်း ကျားသစ်က ကျော်လွင်၏ လက်မောင်းကို ခဲထားရာမှ မလွှတ်သကဲ့သို့ ကျော်လွင်ကလည်း ကျားသစ်၏ လက်များ အား ဖမ်းချုပ်ကိုက်ခဲထားသည်ကို မလွှတ်။

ကံကောင်းသည်မှာ ပေတလူ အချိန်မီရောက်လာခြင်း ဖြစ်၏။ သို့သော် ပေတလူ၏ လက်ထဲတွင် ဝါးတံပိုးမှအပ ဘာမျှမပါ။

"ခုတ်၊ ခုတ်၊ ဂုတ်"

ပေတလူက ပါလာသည့်တံပိုး ဓားဖြင့်ပင် ကျားသစ်၏ လည်ကုတ်ကို ခုတ်လေ၏။ ခုတ်နေရင်း အရာမရောက်မှန်းသိလာသောအခါ တံပိုးကို ပစ်ချလိုက်၍ ကျောက်ခဲ ကြီးကြီးတစ်လုံးကို ကောက်လိုက်ရာ သပိတ်လုံးမျှရှိသော ကျောက်ခဲကြီးတစ်လုံးကို ရလေ၏။

ထိုကျောက်ခဲကို လက်နှစ်ဖက်ဖြင့် မယူနိုက်မှာပင် ကျားသစ်နှင့် ကျော်လွင် လုံးနေရာမှ ကျားသစ်က အပေါ်စီးမှ ရောက်လာသည့်အချိန်-

ပေတလူက အခွင့်ကောင်းကိုယူကာ ကျားသစ်၏ ယာဘက်နားရင်းကို ကျောက်ခဲ ဖြင့် လွှဲ၍ ထုလိုက်လေ၏။

"ဂုတ်"ဆိုသည့်အသံနှင့်အတူ ကျားသစ်၏ ခန္ဓာကိုယ်ကြီးမှာ ကျော်လွင်၏ ကိုယ်ပေါ် မှ လွင့်၍ကျသွားသကဲ့သို့ ကျားသစ်၏သွားများကြားတွင် ကျော်လွင်၏ ယာဘက် လက်မောင်းသားများပါ ပြတ်၍သွားလေ၏။

ပေတလူ၏ ပြင်းထန်သော ထုနက်ချက်က သူမျှော်မှန်းသည့် နေရာသို့ တိတိကျကျ ထိသွားလေရာ ကျော်လွင်၏ပါးစပ်မှ ကျားသစ်၏ ယာလက်သည်လည်း လွတ်ထွက် သွားခဲ့ရချေပြီ။

ထို့နောက်တွင်တော့ ကျားသစ်မှာ လူသားနှစ်ဦး၏ ဒေါသအောက်တွင် ဇီဝိန် ချုပ်ခဲ့ရလေ၏။

× × ×

ကျော်လွင်က အကြောင်းစုံ ပြောပြပြီးသောအခါ -

ကျော်။ ဟ-ကျော်လွင်ရ၊ မင်းကို ငါပေးထားတဲ့ ဝက်ဝံရိုးနဲ့ တောလိုက်ဓားမြောင်က ဘယ်ရောက်နေလို့လဲ။

လွင်၊ ဟုတ်တယ် ကိုကျော်ရေ၊ ကျွန်တော်တို့က အထမ်းနဲ့၊ ဝန်နဲ့ဆိုတော့ ဓားကော ပေါက်ဆိန်ကောကို ကြောပိုးအိတ်ထဲ ထည့်ထားမိတာ၊ အပြန်ဆိုတော့ အန္တရာယ်လဲ မရှိနိုင်ဘူး ဆိုပြီးတော့ပေါ့။

အဘ။ ဘယ်ဟုတ်မလဲ၊ မုဆိုးဆိုတာ ဓားကအရေးကြီးဆုံးပဲ၊ သေနတ်မုဆိုးတောင် ဓားကို လက်လွှတ်လို့မရဘူး။ အနီးကပ်အန္တရာယ်ဆိုရင် ဓားနဲ့ရှင်းရတာ။

ကိုအီစက်။ အဲ့ဒါကြောင့် ရှေးမုဆိုးကြီးတွေ ပြောတာပေါ့။ တောကြီးမျက်မည်း တစ်ယောက်ထဲသွားရင် "သေလူ"တဲ့။ နှစ်ယောက်မှ"ရှင်လူ"တဲ့၊ အဖော်အလှော်ပါ လို့ မင်း အသက်မသေတာ။

အဘနှင့် ကိုအီစက်၏ စကားများကို အပြည့်အဝထောက်ခံသည့်အနေဖြင့် ကျွန်ုပ်မှာ ပြုံးပြုံးကြီး သူတို့ကို ကြည့်နေမိသည်သာမက နောင်တောလည်၊ တောပစ်ထွက်လျှင် တောလိုက်ဓားကို မမေ့ရန်နှင့် အဖော်ပါရန် မိမိကိုယ်ကို စိတ်တွင်းမှ သတိပေးနေမိ ပါတော့သည်။

(ကျော်လွင်နှင့် ပေတလူသို့ အမှတ်တရဖြင့်)

**တကြွင်း။** (ဖြစ်ရပ်မှန်၊ နေရာမှန်၊ အမည်မှန်များ ဖြစ်ပါသည်။)


www.burmeseclassic.com

www.burmeseclassic.com

# တကောင်းတောင်မ ခေါင်လှသည့်ရေနီနှစ်အိုင်





"တကောင်း . . . . ."

စာရေးသူတို့ငယ်စဉ်က မြန်မာ့သမိုင်း ဘာသာရပ်တွင် "မြန်မာအစ တကောင်းက"၊ "တကောင်းအဘိရာဇာ"အကြောင်း စတင်သင်ကြားခဲ့ရသဖြင့် တကောင်းအကြောင်းနှင့် တကောင်းဆိုသည့်အမည်ကို ရင်းနှီးခဲ့ပေသည်။ တိုးတက်ပြောင်းလဲလာသော အခြေအနေ သိဝရိသဘောအရ "မြန်မာအစ တကောင်းက"ဆိုသည့် စကားမှ စာရေးသူတို့ အထက်တန်းကျောင်းသားဘဝတွင် "မြန်မာအစ ကျောက်ဆည်က" ဟူ၍ ဖြစ်လာသည်။ ယခုခေတ်တွင်မူ ပုံတောင်ပုံညာမှ လူတူပရိုင်းမိတ်များကို ရှာဖွေတွေ့ရှိရာ မြန်မာ တစ်မျိုးသားလုံး ဂုဏ်ယူဖွယ်ရာ "မြန်မာအစ မြန်မာက"၊ "လူသားအစ မြန်မာက"ကဟု ဆိုနိုင်လောက်အောင်ပင် ဖြစ်လာခဲ့ရချေပြီ။

မည်သို့ပင်ဆိုစေ တကောင်းဆိုသည့်အမည်နှင့် တကောင်းမြို့ဟောင်း တည်ရှိခဲ့ရာ မြန်မာနိုင်ငံအထက်ပိုင်း ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ မြေပြန့်လွင်ပြင်နှင့် ၎င်းမှ အရှေ့ဘက် ရှမ်းရိုးမတောင်တန်းကြီးထိစပ်ရာ တကောင်းမြို့ဟောင်း (ယခုအခါ မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် တကောင်း)ကိုတော့ မြန်မာပြည်အောက်ပိုင်းတွင် နေသူများအဖို့ ရောက်ဖူးချင်မှ ရောက်ဖူးပေမည်။ သို့သော် ယခင်ခေတ်များထက်စာလျှင် ယခုခေတ်တွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့နေခြင်း၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် မဟာဗျူဟာလမ်းမကြီး ဖွံ့ဖြိုးနေခြင်းတို့ကြောင့် ရောက်ဖူးရန် မခဲယဉ်းတော့ပါ။

ရောက်ဖူးရန် မခဲယဉ်းသကဲ့သို့ ရာသီဥတုကောင်း၊ သီးနှံမျိုးစုံအထွက်ကောင်းသော တကောင်းဒေသမှာလည်း တစ်နှယ်ငင် တစ်စင်ပါဆိုသကဲ့သို့ ဖွံ့ဖြိုးတိုးတက်နေပေပြီ။ ထိုသို့ တိုးတက်နေသည့်အလျောက် နိုင်ငံတော်၏ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တကောင်းမြို့ဟောင်း တူးဖော်ရေးလုပ်ငန်းနှင့် ရှေးတကောင်း၊ ဓလေးမျက်နှာဘုရားကြီး ပြုပြင်မှုလုပ်ငန်းကိုလည်း ယခုခေတ် လူငယ်များအဖို့ တကောင်းကို သွားရောက်လေ့လာသင့်လှပေသည်။

သွားမည်ဆိုလျှင် ရန်ကုန်မှ မန္တလေးသို့ ကား၊ ရထား၊ လေယာဉ်တို့ဖြင့် သွားရောက်ပြီး မန္တလေးမှ ဗန်းမော် အဆန်သင်္ဘောကြီးဖြင့် မန္တလေးဂေါ်ဝိန်ဆိပ်မှ ဧရာဝတီမြစ်ကြောင်းအတိုင်း တက်နိုင်သကဲ့သို့ မန္တလေးမှ ဗန်းမော်ကားလမ်းအတိုင်းလည်း မော်တော်ကားဖြင့် သွားရောက်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com

ယခင်က သင်္ဘောဖြင့် ဆန်တက်လျှင် မန္တလေးမှ တစ်ညအိပ်နှစ်ရက်ရီးမှသာ ရောက်သော်လည်း ယခုအခါ မော်တော်ကားဖြင့် နေ့ဝက်ခရီးသာ သွားရတော့သည်။ သင်္ဘောဖြင့် သွားမည်ဆိုလျှင် ဧရာဝတီမြစ်ကြောင်း၏ ရှုခင်းအလှနှင့် ဧရာဝတီမြစ်၏ တတိယမြစ်ကျဉ်း၏ အလှကို ရှုစားနိုင်သကဲ့သို့ မော်တော်ကားဖြင့်သွားလျှင် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းမှ မြေပြန့်လွင်ပြင်များ၊ ရွှေဥဒေါင်းတောင် အပါအဝင် ရှမ်းရိုးမ တောင်တန်းကြီး၏ အလှအပများကို ခံစားရင်း သွားရောက်နိုင်၏။ မြစ်ကြောင်းမှသွားလျှင် ဧရာဝတီမြစ်၏ တတိယမြစ်ကျဉ်းတွင်တည်ရှိသော မြန်မာနိုင်ငံမှ ကျော်လေးဆူ အပါအဝင် ဘုရားတစ်ဆူဖြစ်သည့် "အညာဟီဟတော"ဘုရားကို ဖူးတွေ့နိုင်ပေမည်။

မြန်မာနိုင်ငံတွင် ကျော်ကြားထင်ရှားသော "ကျော်လေးဆူ၊ ရှင်လေးပါး"ဟူ၍ရှိလေရာ ကျော်လေးဆူဘုရားများဖြစ်သော ပုဂံမှ ရွှေစည်းခုံ၊ သာစည်မှ ရွှေရင်မျှော်၊ မန္တလေး- ပြင်ဦးလွင် အုတက်လမ်းမှ ရွှေစာရံနှင့် သပိတ်ကျဉ်းမြို့နယ် ဧရာဝတီမြစ်၏ တတိယ မြစ်ကျဉ်း ရေလယ်တွင်တည်ရှိသော "အညာသီဟတော"ဘုရားတို့ဖြစ်လေရာ ကျော်လေးဆူ တွင် အရောက်အပေါက်အနည်းဆုံးမှာ အညာသီဟတောဘုရား ဖြစ်ပေ၏။

စာရေးသူမှာ ထိုအရပ်ဒေသသို့ တက္ကသိုလ်ကျောင်းသားဘဝ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကျော်ခန့်မှပင် စတင်ရောက်ဖူး၊ တောပစ်ဖူးလေရာ ထိုဒေသ၏ သာယာပုံကို စိတ်တွင် စွဲမက်မိသဖြင့် အခါအခွင့်သင့်တိုင်း သွားရောက်လိုသည့်စိတ်က ပေါ်ပေါက် သော်လည်း နောက်ထပ်နှစ်ကြိမ်၊ သုံးကြိမ်လောက်သာ ထပ်မံရောက်ခဲ့ရပေသည်။ ထို ရောက်ဖူးခဲ့သော အကြိမ်များအနက် တစ်ကြိမ်တွင်မူ မမျှော်လင့်ဘဲ အညာသီဟတော ဘုရားကို ဖူးမြော်ခဲ့ရသည့်အဖြစ်ကို ယနေ့တိုင် မမေ့နိုင်ပါ။ (ထိုအကြောင်းအရာကို သီးခြားရေးသားရန် ဆန္ဒရှိပါသည်။)

စာရေးသူအနေဖြင့် ယခုကဲ့သို့ ဝတ္ထုအစတွင် အချီးသဘော ရေးသားနေရခြင်းမှာ စာရေးသူယခင်က ရေးဖူးသည့်အတိုင်း စာဖတ်သူများအား တောတောင်ရေမြေ သဘာဝ ကို လက်တွဲခေါ်ယူပြသည့်သဘော ဖြစ်စေလိုသည့်စေတနာအရင်းခံဖြင့် ဖြစ်ပါသည်။ (အနော်မာမဂ္ဂဇင်း၊ ၂၀၀၄-ခုနှစ်၊ မတ်လထုတ် "မျက်နှာမပါသည့်သူ")ယခုတင်ပြရေးသား မည့် "တကောင်းတောင်မ ခေါင်လုသည့်ရေနီနှစ်အိုင်" တောပစ်ဝတ္ထုတွင်လည်း သားကောင်ပစ်သည်ထက် မြန်မာနိုင်ငံ၏ တစ်စိတ်တစ်ဒေသဖြစ်သော အရပ်တစ်ခု၏ သာယာလှပပုံကို ဦးစားပေးရေးလိုက်ပါသည်။

× × ×



"နိုင်း .....”

"ဝူး ..... အူ ..... အူ ..... အူ"

ပြင်းထန်သော ဗိုင်း 375 Holland and Holland Magnum ရိုင်ဖယ်၏ သေနတ်သံနှင့် ကျည်အဟုန်(Velocity)ကြောင့် သေနတ်ပြောင်းလှည့်ထားရာဘက်မှ မြေပေါ်ရှိ သစ်ရွက်၊ ပလတ်စတစ်အိတ်ခွံနှင့် အမှိုက်သရိုက်အချို့က ကျည်ထွက်ရာဘက် သို့ တစ်လံမျှ လွင့်စင်ခဲ့ရသည်။

ကျွန်ုပ်က သေနတ်ပစ်သူ အဘ၏ နောက်မှနေသူမို့ ဘာမျှမဖြစ်သော်လည်း သေနတ်ပစ်ရာနှင့် ဘေးချင်းယှဉ်ထိုင်နေသူ ဦးမြင့်ဝေမှာမူ ရင်ဘတ်အား ဖိထားလိုက်ရ သည်။ ထိုသို့ ဖိထားရင်းမှ -

"တော်တော်ပြင်းထန်တဲ့ သေနတ်ပဲနော်"ဟု မှတ်ချက်ပြုလိုက်၏။

"အဘရေ ၅-နာရီမှာ ၃-လက်မ"

ကျော်ကျော်က ပစ်မှတ်(Target)အား သွားရောက်ကြည့်ရင်း အော်ပြောလိုက်သည်။ သေနတ်ပစ် ချိန်ပီယံပီပီ ပစ်မှတ်အား နာရီစက်ဝိုင်းနှင့်နှိုင်းကာ ပြောခြင်းဖြစ်၏။

"ဟုတ်လား၊ ကျွန်တော် ခလုတ်ဆွဲလိုက်တာ နည်းနည်းကြမ်းသွားတယ်၊ ဒါကြောင့် ညာဘက်အောက်နည်းနည်း ကျသွားတာ။ အတော်လဲကန်တဲ့ သေနတ်ပဲဗျို့"

အဘမှာလည်း Target Sighting အကြောင်း ကောင်းစွာနားလည်သည့် တပ်မတော်အငြိမ်းစား အရာရှိကြီးတစ်ဦးမို့ အမှားအယွင်းတစ်ခုကို ကောင်းစွာသိသူဖြစ် သည်။

"ကဲ - ဒါဆိုရင် နောက်တစ်တောင့်ပစ်မယ်"

ဆိုကာ သေနတ်အား မောင်းထပ်တင်လိုက်သည်။

"အဘ ခဏနေပါဦး"

ကျွန်ုပ်က ဝင်၍တားထားကာ ဆက်၍ -

"အဘသေနတ် Rest လုပ်ထားတဲ့စောင်းက ပါးနေတယ်။ အောက်က စားပွဲက အမာဆိုတော့ ခလုတ်ဖြုတ်လိုက်တဲ့အချိန်မှာ ယမ်းရဲ့ကန်အားနဲ့ သေနတ်က ခုန်သွားတာ။ ဒါကြောင့် နည်းနည်းညာဘက်ဆွဲပြီး အောက်ကျသွားတာ"

ဟု ထင်မြင်ချက်ကို ပြောမိပါသည်။

ကျွန်ုပ်မှာ သေနတ်ပစ်သူ၏နောက် သေနတ်၏ နောက်တည့်တည့်တွင်နေသူမို့ အဘခလုတ်ဆွဲသည့်အချိန်တွင် သေနတ်ဘာဖြစ်သွားသည်ကို မြင်ပြီးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်က ပြောပြောဆိုဆို ကျွန်ုပ်၏ ခေါင်းအုံးအဖြစ်သုံးသော ငှမ်းကစ်အနွေးထည် လိပ်ကိုယူပေးကာ အဘသေနတ်၏ ဝမ်းဗိုက်အောက်တွင် ခုပေးလိုက်သည်။

အဘက သေနတ်အား အသေအချာတင်၍ ချိန်နေပြန်သည်။ ထို့နောက် -

"ကိုကျော်ကျော်ရေ ပစ်မယ်"

"ဟုတ်ကဲ့ အဘ၊ ပစ်"

"ဒိုင်း ....."

သေနတ်သံက ပတ်ဝန်းကျင်တစ်ခုလုံးကို ဆူညံသွားပြန်သည်။ ကိုကျော်ကျော်က Target ကို မြေးကြည့်ပြီးနောက် .....

OK အဘရေ၊ Target ကို ဝင်ပြီ။

"ကျော်ကျော်ရေ၊ Target ဖြုတ်လာခဲ့တော့"

ကျွန်ုပ်က သူငယ်ချင်းဖြစ်သူအား လှမ်းအော်ပြီးနောက် ခဏအကြာတွင် ကိုကျော်ကျော်က Target ကို ယူလာပြရာ Target ၏ အလယ်တွင် 270 ဂရိမ်ကျည်က ထိထားသည်ကို ဝိုင်းဝန်းကြည့်ကြပြီးနောက် ကျေနပ်စွာဖြင့် ဗိုနို့ 375 Magnum ရိုင်ဖယ် Sighting လုပ်မှုကို အဆုံးသတ်လိုက်လေ၏။

× × ×

နေရာမှာ ရောဝတီမြစ်၏ အရှေ့ဘက်ကမ်း မန္တလေးတိုင်း၏ မြောက်ဘက်ဆုံးမြို့နယ် ဖြစ်သော သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့၏ မြောက်ဘက်၊ စစ်ကိုင်းတိုင်း ထီးချိုင့် မြို့နယ်နှင့် မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ်၏ ထိစပ်ရာဖြစ်သော နယ်ခြားချောင်း ကလေး၏ ဘေလီတံတားရင်းတွင် ဖြစ်သည်။

မန္တလေးတိုင်းဘက်ကမ်းမှာ သပိတ်ကျင်းမြို့နယ်၏ မြောက်ဘက်ဆုံးရွာဖြစ်သည့် ချောင်းနက်ကျေးရွာမှ ၃-မိုင်မျှဝေးသော တောင်ခြေရှိ ဦးမြင့်ဝေ၊ ဒေါ်ငွေတို့၏ တဲကလေး တွင်ဖြစ်ပြီး ထိုတဲ၏ အရှေ့ရှိ ကနဖျဉ်းအောက် စားပွဲပေါ်မှ စစ်ကိုင်းဘက်ကမ်း ကုက္ကိုပင်ခြောက်ကြီး၏ ခြေရင်းတွင် Target ကို ကပ်ထားကာ သေနတ် Sighting လုပ်နေခြင်းဖြစ်၏။ ကျွန်ုပ် ဤကဲ့သို့ မှတ်တမ်းတင်နေခြင်းမှာ ကျွန်ုပ်ဘဝတွင် ထူးခြား သော သေနတ် Sighting လုပ်မှုမျိုး ဖြစ်၏။

အဘယ့်ကြောင့်ဆိုသော် .....





ခင်ဗျားရိုင်ဖယ်ကို Sighting မလုပ်တော့ဘူးလား။
**ကျွန်တော် Borc Sighting လုပ်ထားတာ တည့်နေပြီ။**

မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းကိုခွ၍ Sighting လုပ်နေခြင်း။ တိုင်းတစ်တိုင်းမှ နောက်တစ်တိုင်းဘက်သို့ Sighting လုပ်နေမိသောကြောင့်ပင် ဤအဖြစ်မျိုးမှာ ရှားသည် ဟု ပြောရပေမည်။ ကျွန်ုပ်ကိုယ်တိုင် နောက်မှသိရခြင်းဖြစ်ပေ၏။

သေနတ်၏ Target မှာမူ Vegas စီးကရက် စက္ကူခွံဖြစ်ပြီး ၎င်းမှာ အနီရောင်ရဲရဲ ရှိရာ ကုက္ကိုပင်ခြောက်၏ ပင်စည်ခြောက်ဖြူဖြူတွင် ကပ်ထားသောအခါ ထင်ရှားသော ပစ်မှတ်ဖြစ်နေသည်။ ဤသည်ကို စစ်ကိုင်းတိုင်းဘက်ကမ်းတွင်ဖြစ်၍ ကိုက် ၇၀ မျှ ဝေးရာ မန္တလေးတိုင်းဘက်ကမ်းမှာ သေနတ်ဖြင့် ပစ်ရခြင်းဖြစ်၏။

"ခင်ဗျား ၃၀ ဒသမ ၀၆ ရိုင်ဖယ်ကို Sighting မလုပ်တော့ဘူးလား"

အဘက ကျွန်ုပ်အား မေး၏။

"မလုပ်တော့ဘူး အဘ၊ ကျွန်တော် Bore Sighting လုပ်ထားတာ တည့်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com

Bore Sighting ဆိုသည်မှာ ကျည်ဆံဖြင့် ပစ်ကြည့်ရခြင်း မဟုတ်၊ သေနတ်၏ Bolt ကိုဖြုတ်၍ သေနတ်အားငြိမ်အောင် တစ်နေရာတွင်တင်ကာ Target ကို Open Sight (ရှေ့နောက်ချိန်သီး)တို့မှ တည့်အောင်ချိန်ပြီး ကျေနပ်လျှင် ပြောင်းအတွင်းမှ ချောင်းကြည့်ရခြင်း ဖြစ်သည်။ ပြောင်းပေါ်မှ ချိန်သီးကလည်း Target ကို တည့်၊ ပြောင်းတွင်းမှ ချောင်းကြည့်ရာတွင်လည်း Target ကို တည့်နေလျှင် ပစ်ကြည့်စရာ မလိုတော့။ Sighting လုပ်ပြီးပြီဟု မှတ်ယူ၍ရသည်။ သို့သော် မျက်စိအကြည့်များလျှင် Target လွဲတတ်ပါသည်။ ကြည့်နေကျ ချိန်နေကျဆိုလျှင်တော့ ယမ်းတောင့်ကုန်သက်သာသော Target Sighting ဖြစ်၏။ ကျွန်ုပ်၏ သေနတ်မှာ ပစ်နေကျသေနတ်ဖြစ်၍ ထိုသို့ Bore Sighting လုပ်ယုံမျှဖြင့် လုံလောက်၏။

Bore Sighting မှာ ဗိုလ်ထိုးနှင့် ခါးချိုးရိုင်ဖယ်များသာ ပြုလုပ်၍ရပါသည်။ Semi Auto,. Auto သေနတ်များလုပ်၍ မရပါ။ ၎င်းတို့မှာ Bolt မပါ၍ပြောင်းကို သေနတ်ဒင်မှ ချောင်းကြည့်၍မရသောကြောင့် ဖြစ်၏။

"ကဲ ... ဦးမြင့်ဝေနဲ့ ဖိုးတာ တောင်ပေါ်ရေနီအိုင်တက်ဖို့ ဘယ်လိုစီစဉ်ထားလဲ"

ကျွန်ုပ်က တကောင်းတောင်မကြီးပေါ် ရေနီအိုင်သို့ အရောက်တက်ရန် စိတ်အားထက်သန်စွာဖြင့် မေးမိသည်။

"စိတ်မပူပါနဲ့ ဆရာရယ်၊ ဒီမှာ ဖိုးတာလဲ ရောက်နေပါပြီ။ ဒီကောင်က ငယ်ငယ်ကတည်းက ဝါသနာအလျှောက် တောလည်နေတာ၊ ဒီတောဒီတောင်ကို ကိုယ့်လယ်ကိုယ့်ယာလို ကျွမ်းကျင်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့တွေ၊ သတ္တုရှာဖွေရေးအဖွဲ့တွေ လာတိုင်းလဲ သူ့ကိုပဲ ခေါ်ရတာပါ။ ကျွန်တော်ကသာ ဒီတောင်ပေါ် ရေနီအိုင်ကို ငယ်ငယ်က တစ်ခေါက်၊ နှစ်ခေါက် ရောက်ဖူးတာ ဆရာရေ၊ ဖိုးတာကတော့ လေး၊ ငါး၊ ဆယ်ခါမက ကို ရောက်ဖူး။ ရှေးမုဆိုးကြီးတွေနဲ့လဲ ရောက်ဖူးတော့ ဒီရေနီအိုင်အကြောင်းကို သူက ပိုသိတယ်"

"ပြီးတော့ ဒီတစ်နယ်လုံးက တောင်မကြီး ရေနီအိုင်ဟာ တစ်အိုင်ပဲရှိတယ်လို့ သိထားတယ်၊ ဖိုးတာအပြောကတော့ ရေနီအိုင်နှစ်အိုင်ရှိတယ်တဲ့က။ ဆရာ နောက်တစ်အိုင်ကိုလဲ သူရောက်ဖူးတယ်၊ တောထဲမှာ မျက်စိလည်ပြီး ရေငတ်ရေတုန်း ရေရှာရင်း အဘိုးကြီးတစ်ယောက်ကိုတွေ့လို့မေးတော့ အိုင်ရှိတဲ့ကနေရာကို ပြလိုက်တာတဲ့၊ အဲဒီအိုင်ကတွေ့နေကျအိုင် မဟုတ်ဘူးတဲ့။ အသေးစိတ်သိချင်ရင်တော့ သူ့ကိုသာ မေးကြည့်ပေတော့။



"ဖိုးတာရေ၊ အိုင်အကြောင်းလဲ ပြောတာပေါ့ကွာ၊ ဒါပေမယ့် သားကောင်အကြောင်း အရင်ပြောစမ်းပါဦး။ သားကောင်ကြီးတွေပေါ်ရဲ့လား။ စိုင်ပြောင် ဘယ်အကောင်ပိုပေါ်လဲ။ ငါကတော့ အငြိမ်းစားယူပြီးမှ အမဲကြီးပစ်ချင်နေတာ။ မင်း သေသေချာချာ ပြပေးနိုင်မလား"

အဘက ဖြတ်၍မေးသဖြင့် ချောင်းနက်ရွာသား မုဆိုးဖိုးတာမှာ အဘကို ကြောင်အမ်းအမ်းဖြစ်သွားကာ ဘယ်က စပြောရမှန်းမသိ ဖြစ်သွားလေ၏။ ထို့ကြောင့် ကျွန်ုပ်ကပင်-

"ဖိုးတာရေ၊ အဘမေးတာကို အရင်ပြောကွာ၊ နောက်မှ ရေနီအိုင်နှစ်အိုင်အကြောင်း ပြောတာပေါ့"

ဟု ကျွန်ုပ်က ဝင်ထောက်ပေးလိုက်တော့မှ ပြောရဲဆိုရဲရှိသွားကာ စပြောလေ၏။

"ပြောင်တွေ၊ စိုင်တွေ ပေါ်ပါတယ် အဘ၊ ဝက်ဝံတွေလဲ ပေါ်တယ်၊ ဒီရာသီက သီတင်းကျွတ်လဆိုတော့ ကျွန်တော့်စိတ်ထင် ပြောင်ကတော့ နည်းသွားလိမ့်မယ် ထင်တယ်၊ မိုးဦးကျကနေ ဝါခေါင်၊ တော်သလင်းလတွေအထိ မျှစ်စို့ပေါက်တဲ့အချိန်နဲ့ မျှစ်ပျံ့တဲ့အချိန်တွေမှာဆို ပြောင်က အုပ်လိုက်သင်းလိုက်တက်လာပြီး စားကြတယ်။ သီတင်းကျွတ်မှာ မျှစ်ကလဲ တုံးပြီ၊ မျှစ်ပျံ့တွေကလဲ အပင်မြင့်သွားပြီဆိုတော့ စားကျက်ပြောင်းသွားတတ်တယ်။ ကျွန်တော့်အထင် ပြောင်ထက် စိုင်က ပိုပေါ်လိမ့်မယ်၊ ပြီးတော့ တောင်ပေါ်တောထဲက ရေနီအိုင်ပတ်ဝန်းကျင်မှာ ဂုံးပင်တွေပေါ်တော့ ခုအချိန်က ဂုံးသီးမှည့်တုံးတတုံးအချိန်၊ ဝက်ဝံတွေ ဂုံးသီးစားတာနဲ့ တိုးတတ်တယ်။ ပြီးတော့ တောဝက်တွေလဲ အုပ်လိုက်သင်းလိုက် တွေ့နိုင်ပါတယ်ဟု ရှင်းပြလိုက်ပါသည်။

"အေး ..... အကောင်ကတော့ ဟုတ်ပြီ၊ စခန်းချဖို့နဲ့ ရေရဖို့ကကော"

အဘက ဆက်မေး၏။

"စခန်းချဖို့ကတော့ ရေနီအိုင်ပတ်ဝန်းကျင်မှာ စခန်းကောင်းမည့်နေရာကိုရွေးပြီး ချရပါမယ် အဘ"

"ရေနီအိုင်ဆိုတော့ အိုင်ပဲနီနေတာလား၊ ရေပါနီနေသလား"

"ရေပါ နီနေပါတယ်"

"ဒါဆို ဘယ်လိုသောက်မလဲ"

"ကျွန်တော်တို့တော့ သောက်နေကျပါပဲ။ ဘာအန္တရာယ်မှ မရှိပါဘူး။ အဘတို့ဆိုရင်တော့ ကျွန်တော်မပြောတတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ရေနီနေရင်တော့ ကျိုချက်သောက်တာပေါ့၊ ရေရဲ့ အရသာကကော ငန်သလား ဘယ်လိုနေသလား"

ကျွန်ုပ်က ဝင်မေးရလေ၏။

"မငန်ပါဘူး၊ မိုးရေအတိုင်းပါပဲ"

"အေး ဟုတ်ပြီ၊ ဒါဆိုရင် ပြဿနာ မရှိဘူး၊ ရေနီနောက်တစ်အိုင်ကကော"

ကျွန်ုပ်က ကျွန်ုပ်သိချင်သောအချက်ကို ဝင်မေးရလေ၏။ ဦးမြင့်ဝေ ပြောစဉ်ကတည်းက တစ်ဦးတလေသာ တွေ့ဖူးသည်ဆိုသည့် ရေနီနောက်တစ်အိုင်အကြောင်းကို ကျွန်ုပ် စိတ်ဝင်စားနေပြီဖြစ်၏။

"နောက်တစ်အိုင်ကလဲ ကျွန်တော်တစ်ခေါက်ပဲ ရောက်ဖူးတာ ဆရာ၊ ဘယ်နေရာမှ ရှိတယ်ဆိုတာ တိတိကျကျ မသိဘူးဗျ၊ မျက်စိလည်၊ ရေငတ်နေလို့ အဘိုးကြီးတစ်ယောက်က ပြပေးလို့ရောက်တာ၊ နောက်ထပ်လဲ ထပ်မရောက်ဖူးတော့ဘူး"

"အေးကွာ၊ မရောက်လဲ ကိစ္စမရှိပါဘူး၊ အမဲကြီးပစ်ရဖို့သာ အရေးကြီးပါတယ်။ ကဲ-ဦးမြင့်ဝေ၊ တောင်ပေါ်တက်ဖို့ ဘယ်လိုစီစဉ်ထားသလဲ"

အဘက ခရီးအတွက်ကိုသာ စိတ်အားထက်သန်နေပုံရသည်၊ ကျွန်ုပ်က ရေနီအိုင်အကြောင်းကို ဆက်မမေးဖြစ်တော့ပါ။ ဦးမြင့်ဝေက -

"ရိက္ခာကတော့ ၅-ရက်စာလောက်ဝယ်ပြီး ထုပ်ပိုးထားပါပြီ၊ အဘတို့ ပစ္စည်းတွေနဲ့ဆိုရင် လူအထမ်းနဲ့ မရနိုင်ဘူးထင်လို့ ကျွန်တော် ဆင်တစ်ကောင်စီစဉ်ထားတယ်။ အဲ့ဒီဆင်နဲ့လိုက်ပို့မယ်၊ ဆင်သမားကိုလဲ ပြောထားပြီး ဆင်ပိုင်ကို ထီးချိုင့်နယ်ထဲမှာ အကြောင်းကြားဖို့ ဆင်သမားကို လွှတ်လိုက်တယ်၊ ညနေ ပြန်ရောက်လာမှာပါ"

"ဆင်က ဘယ်မှာလဲ"

"ဒီချောင်းအတိုင်းသွားရင် ၂-မိုင်လောက်က တောထဲမှာ ကျောင်းထားပါတယ်။ သူ ပြန်လာရင် တောထဲသွား၊ ညအိပ်ပြီး နံနက်စောစော ဆင်ကောက်ပြီး ဒီကိုလာပါလိမ့်မယ် အဘ"

"ဒါဖြင့် မနက်စောစော ထွက်နိုင်အောင် စောစောထ၊ ထမင်းချက် ထွန်းလွင်ရေ နံနက် ၄-နာရီထ၊ ထမင်းချက်၊ ကြက်တစ်ကောင်လုပ်ပြီး ချက်ထားကွာ"

အဘက သူ၏တပည့်အား တစ်ဆက်တည်း နိုင်းလိုက်ပါတော့သည်။

× × ×



ခရီးစတင်ထွက်သောအခါ နံနက် ၇-နာရီ လိုက်ပို့မည့်ဆင်မှာ ဆင်မကြီး "မယ်အိုး" ဖြစ်သည်၊ အရပ် ၇-ပေခွဲရှိပြီး တောင့်တင်းသည်၊ ဆင်ဦးစီး စောပလာထူးမှာ အသက် ၅၀ ခန့် လူဗလန်လေး၊ သို့သော် ဖြတ်လတ်သွက်လက်သည်။

စောပလာထူးမှာ တကောင်းနယ်သား မဟုတ်၊ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် တောရွာမှ ဖြစ်သည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကျော်က သောင်းကျန်းသူ KNU အဖွဲ့က တပ်သားသစ် စုဆောင်းရာတွင် KNU အဖွဲ့ထဲ မဝင်လို သောင်းကျန်းသူ မလုပ်လို၍ ထွက်ပြေးခဲ့ပြီး ပဲခူးရိုးမတွင် သစ်ထုတ်ဆင်ဦးစီးလုပ်နေခဲ့ရာမှ ကသာနယ်သို့ သစ်ထုတ်ဆင်အဖွဲ့နှင့်ပါခဲ့ပြီး ထီးချိုင့်နယ်တွင် အိမ်ထောင်ကျကာ ဆင်ဦးစီးတစ်ဖက်၊ တောင်ယာတစ်ဖက် လုပ်နေခဲ့ရာ သားသမီးများပင် အိမ်ထောင်ကျကုန်ပြီ။ ဇာတိနယ် လှိုင်းဘွဲ့သို့ တစ်ကြိမ်မျှ ပြန်မရောက်သဖြင့် ခေတ္တပြန်လိုကြောင်း၊ အမိ အဖ ဆွေမျိုးများနှင့် တွေ့လိုကြောင်းပြောရာ အဘက ကျွန်ုပ်တို့ အပြန်တွင်လိုက်ခဲ့ရန် ခေါ်သော်လည်း မလိုက်နိုင်သေး၍ နောင်မှ အဘနှင့်ဆက်သွယ်ပြီး လာခဲ့မည်ပြောသည်။ ပြည်တွင်းသောင်းကျန်းမှုဒဏ်၏ သားကောင်ဖြစ်သော စောပလာထူးအား စာနာမိကာ ကျွန်ုပ်ရောအဘပါ ခရီးစဉ်တစ်လျှောက်လုံးတွင် အားပေးနှစ်သိမ့်ခဲ့ရလေသည်။

ဆင်ပေါ်သို့ ရိက္ခာပစ္စည်းများ ကျွန်ုပ်တို့၏ ကြောပိုးအိတ်၊ အိပ်ရာလိပ်များတင်ကာ ချောင်းရိုးနံဘေး တောလမ်းအတိုင်း တက်လာသောအခါ နေမှာပွင့်လာပေပြီ။ နေရှိန်စာနည်းငယ်ရလျှင် သီတင်းကျွတ်လမို့ တောက စိုထိုင်းဆများနေပေရာ အငွေ့ပျံလာသဖြင့် နှင်းများလို မှုန်ဝါးနေပေသည်။ တောင်မကြီး၏ ခါးလည့်တောခါးပန်းသို့ လှမ်းမျှော်ကြည့်ရာ တောင်ခိုးများ ဝေကာမှုံမှိုင်းလျက်ရှိ၏။ အရှေ့ဘက် တောင်မကြီးထိပ်သို့ ၁၀-မိုင်ကျော်မျှ တက်ရပေမည်။ ကျွန်ုပ်တို့အဖွဲ့တွင် အဘ၊ ကျွန်ုပ်၊ ကိုကျော်ကျော်၊ လမ်းပြမုဆိုး ဖိုးတာ၊ အဘတပည့် ထွန်းလွင်၊ ဦးမြင့်ဝေ၏သား မောင်တင်ထွန်းအောင်နှင့် ဆင်သမားနှင့် လမ်းပြ စောပလာထူး၊ ပေါင်း ၇-ယောက်ဖြစ်ခါ ဦးမြင့်ဝေ၏သမီးထွေးလေး၊ မြသဇင်မှာ တောပစ်လိုက်ချင်လွန်း၍ တဂျီဂျီလုပ်နေသည်ကို မနည်းချော့မော့ထားခဲ့ရလေ၏။ အာဂမိန်းကလေးပါပေ။

"ဖိုးတာရေ တို့ဆင်နဲ့တက်ရင် ဘယ်လောက်ကြာမလဲ၊ စခန်းရောက်တဲ့အထိပေါ့"

"တစ်နေကုန်မယ် အဘ"

"ဒါဖြင့် ဖြတ်လမ်းမရှိဘူးလား။ တောင်ရဲ့ အနောက်ဘက်ခြမ်းမှာ တချို့နေရာ (ကောက်ပိုင်း)မှာ တောရှိပေမယ့် အထက်မြင့်လာရင် ကျောက်တုံးနဲ့ မြက်တွေပဲရှိတာ

 www.burmeseclassic.com



ဖိုးတာရေ၊ တို့ဆင်နဲ့တက်ရင် ဘယ်လောက်ကြာမလဲ။

တွေ့ရတယ်၊ တို့ဖြတ်တက်ရင်ကော"

"ဖြတ်တက်တဲ့လူ ခြေလမ်းတော့ မရှိဘူး၊ မုဆိုးလမ်း(သွား၍ဖြစ်သည့်လမ်းရာ)တော့ ရှိတယ်။ အဘ တက်နိုင်ပါ့မလား။ အဘမြင်တဲ့အတိုင်း တောင်ကမတ်တယ်"

"ဟုတ်တယ် အဘ၊ တချို့နေရာတွေမှာ ၄၅-ဒီဂရီနဲ့ ၅၀-ဒီဂရီလောက်အထိ မတ်ပုံရတယ်"

ကျွန်ုပ်က ဝင်ပြောမိ၏။

"မတ်လဲ ဘာဖြစ်လဲဗျာ၊ မုဆိုးလမ်းရှိရင် တက်မယ်၊ ကျုပ်စစ်သားပဲ၊ ခင်ဗျား တက်နိုင်ရင် တက်နိုင်ရမှာပေါ့"

အဘမှာ စစ်သားပီပီ စစ်သားမာနတော့ ရှိနေဆဲပင်။

"ကျွန်တော်လဲ တက်နိုင်ပါတယ် အဘ"



"ကဲ ... ဒါဆိုရင် ဒီလိုလုပ်၊ ခင်ဗျားရယ်၊ ကျုပ်ရယ်၊ ဖိုးတာရယ်၊ မောင်တင်ထွန်းအောင်ရယ်တစ်ဖွဲ့က ဖြတ်လမ်းက တက်မယ်၊ ကိုကျော်ကျော်၊ ထွန်းလွင်၊ စောပလာထူးနဲ့ ဆင်ကတော့ လမ်းအတိုင်းတက်၊ ဖိုးတာပြောတဲ့ ရေနီအိုင်မှာ ဒီနေ့ညနေအရောက် ဆုံကြမယ်၊ စောပလာထူးက အဲ့ဒီအိုင်ကို သိတယ်မဟုတ်လား"

"သိတယ်ဝေ့"

စောပလာထူးက ဖြေ၏။

"ဒါဆိုရင် ဘယ်နှားကျရင် လမ်းခွဲမလဲ"

"နောက်ထပ် ၃-မိုင်လောက်သွားပြီးရင် ကျွန်တော်တို့က တောင်ကြောဆက်က ဖြတ်တက်မယ်၊ ဆင်နဲ့အဖွဲ့က လမ်းအတိုင်း တောင်ဘက်ကိုဖြတ်၊ အရှေ့ကိုပတ်ပြီးမှ မြောက်ကို ပြန်ထောင်တက်ရမယ်"

"ကဲ ... ဒါဆို၊ အဲ့ဒီအတိုင်း ဆက်လုပ်"

အဘက စစ်မိန့်သံပေး၍ ဆုံးဖြတ်စေခိုင်းလိုက်ပေသည်။

× × ×

ကျွန်ုပ်တို့ဖြတ်၍ တက်လာခဲ့ရာတွင် အနိမ့်ပိုင်း ပေ-၁၀၀၀ ခန့်အထိ ဝါးတောနှင့် သစ်တောများကို ကျော်ဖြတ်တက်လာခဲ့ရ၏။ ထိုမှလွန်သော် ကျောက်တောင်စောင်းကြောကို ရောက်၏။ ထိုနေရာတွင် တောင်က မတ်၍သွားသည်မှာ ၅၀ ဒီဂရီခန့်အထိ ရှိလာရာ တစ်ဦးကိုတစ်ဦး လက်ဆင့်တွဲ၍ ရှေ့ဆုံးမှ သစ်ပင်ကိုတစ်ဖက်မှဆွဲကာ ကျန်တစ်ဖက်ဖြင့် အချင်းချင်း ဆွဲတင်ကြရသည်။ တစ်ခါတစ်ရံ ကျောက်စွန်းကျောက်တောင်များကိုပင် ဆွဲတက်ရသည်။ အဘမှာ ကြိုးစား၍လိုက်သကဲ့သို့ ကျွန်ုပ်ကလည်း ကြိုးစားတွဲခေါ်ရသည်။ နဖူးကချွေး ခြေမကျသည့်အဖြစ်ပါပေ။

တစ်ခါတစ်ရံတွင် -

"ဘာလဲကွ၊ အမေက ယောက်ျားလေး မွေးထားတာမဟုတ်လား"

ဟုပင် ပါးစပ်မှ အသံထွက်၍ အားပေးရလေရာ ကျန်အဖွဲ့သားများလည်း အားရှိစေပါသည်။

တဖြည်းဖြည်း တောင်မကြီးနှင့်နီးလာသော တောင်ကြောတစ်ခုရှိ ကျောက်တုံးပေါ်တွင် ထိုင်၍ အနားယူရင်း အနောက်ဘက် ဧရာဝတီမြစ်၏ ရှုခင်းကို ကြည့်ရှုမိရာ မြစ်လယ်တွင် ရေများဝိုင်းရံနေသော ကျွန်းသဖွယ်ရှိနေသည့် ရွာကလေးကိုလည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်ကမ်းတွင် အင်းနက်ရွာနှင့် ရွာအနီးမှ အင်းနက်အင်းကိုလည်းကောင်း၊ တောင်ဘက်မှ မြစ်ကြောင်းအတိုင်း ဆန်တက်လာသည့် ရေတိမ်သွား မန္တလေး-ဗန်းမော် အဆန်သင်္ဘောကြီးကိုလည်းကောင်း၊ ထိုမှတောင်ဘက်ယွန်းယွန်းတွင် မင်းဝံတောင်တန်း ဟုခေါ်သည့် မှိုင်းပြာပြာ တောင်စွယ်တောင်တန်းများသည်လည်းကောင်း သာယာသည့် ရာသီဥတုအောက်တွင် ပန်းချီကားတစ်ချပ်၏ အသွင်သဏ္ဌာန်အလား ရှိနေလေ၏။ ထို ရှုခင်းမျိုးက ကျွန်ုပ်တို့၏ မုဆိုးဘဝ၊ မြန်မာနိုင်ငံသားဖြစ်ရသည့်ဘဝကို ကျေနပ်စေလေ ရော့သလား မပြောတတ်တော့ပါ။

ကျွန်ုပ်ခံစားနေသည်ကို အဘကကြည့်၍-

"ဘယ့်နှယ့်လဲ ကိုစိုး၊ ရှုခင်းအလှကိုကြည့်ပြီး အိမ်ကို လွမ်းနေပြီလား"

"အဘရယ်၊ ကျွန်တော်ဟာ မုဆိုးတစ်ယောက်မဟုတ်ဘဲ သာမန်လူသာဆိုရင် တောတောင်ကို မပျော်ပိုက်တာနဲ့ပဲ ရေးစာဆိုကြီးတွေလွမ်းသလို သည်တွင် ရွှေမြို့သည်သို့ ရွှေပြည်ဆိုပြီး ရန်ကုန်ကို လွမ်းမှာပေါ့၊ အခုတော့ တောတောင်ရေမြေ သဘာဝ ပတ်ဝန်းကျင်ကို ချစ်တတ်တဲ့မုဆိုးဆိုတော့ မြင်နေရတဲ့ရှုခင်းက အိမ်ထက်ပိုပြီး စွဲမက်စရာ ကောင်းနေပါတယ်"

ဟု ပြောလိုက်ရာ -

"ဟေ့လူ၊ ဟုတ် ဟုတ်ရဲ့လားဗျာ၊ ခင်ဗျားက တော်တော် ကဗျာဆန်နေပါလား"

"ကဲ ... အဘတို့၊ ဆရာတို့ ခရီးဆက်ရအောင်"

"တော်တော် လိုသေးသလား ဖိုးတာရေ"

"ဒီကြောထိပ်ရောက်ပြီးရင် တောင်မကြီးက တောအုပ်ကြီးကို လှမ်းမြင်နေရပါတယ်။ နောက်ထပ် ၂ နာရီ၊ ၃ နာရီတော့ တက်ရပါဦးမယ်"

"အေး ... ယောက်ျားတွေပဲကွာ"

ကြောထိပ်သို့ရောက်လျှင် ကျွန်ုပ်တို့၏ မြောက်ဘက်ကြောတောတန်းနှင့် ဆက်၍ နေသော တောင်မကြီးထိပ်ရှိ တောအုပ်ကြီးကို မြင်ရ၏။ တကောင်းတောင်မကြီး၏ ထိပ်တည့်တည့်ဖြစ်ရာ မတ်စောက်သဖြင့် သစ်များမထုတ်နိုင်၍ထင့်၊ တောကြီးမှာ သာမန်တောထက် အပင်ကြီးများ မြင့်မားကာ အုံ့မှိုင်းနေ၏။ နေရောင်ကြောင့် ရှင်းလင်းစွာ မြင်ရသော်လည်း ဝေးသေးသည်။ ဟယ် ... တက်လိုက်ကြဦးစို့။

တောင်မတ်လျှင် သေနတ်သမားအဖို့ အထူးသတိထားရ၏။ စောင်းအတိုင်းတက် လျှင် သေနတ်ကို တောင်ရှိရာဘက်မှ လွယ်ရသည်။ လေဟာနယ်ဘက်မှ မလွယ်ရ။



ဥပမာ တောင်အား မိမိဝဲဘက်နှင့် ကပ်၍တက်နေသည်ဆိုရပါက သေနတ်ကို ဝဲပခုံးတွင် လွယ်ရပေမည်။ ယာနှင့် ကပ်တက်ပါက ယာပခုံးနှင့် လွယ်ရ၏။ သို့မှသာ ကမ္ဘာမြေ၏ ဆွဲအားနှင့်ကပ်လျက်ရှိကာ အလေးကို မိမိဝိတ်က ထိန်းနိုင်မည်။ မိမိအား တောင်စောင်း ဘက်သို့ ကပ်ပေးနေမည်။ အကယ်၍ ဝဲနှင့်ကပ်တက်နေစဉ် ယာပခုံးတွင် လွယ်မိပါက ခြေအမတွင် ကမ္ဘာမြေ၏ ဆွဲအားကြောင့် ယာပခုံးမှ သေနတ်၏ဝိတ်က လေးကာ တောင်အောက်သို့ ဆွဲချလိုက်သလိုဖြစ်ခါ တောင်ပေါ်မှ လိမ့်ကျသွားပေမည်။ အကယ်၍ သေနတ်ကို ကြောတွင်ပိုး၍ လွယ်ထားလျှင် လူက ခါးကို ရှေ့သို့ ကုန်းထားမှသာ သက်သာပေမည်။ မတော်တဆ ခါးဆန့်လိုက်မိပါက နောက်မှလူ ဆွဲချသကဲ့သို့ သေ..တ်က တောင်အောက်သို့ ဆွဲချသွားပေမည်။ ပွိုင့် 375 Magnum သေနတ်မှာ ၁၁ ပေါင် လေး၍ ကျွန်ုပ်၏ 30.06 ရိုင်ဖယ်မှာ ၈ ပေါင်ခွဲလေးပေရာ ထိုဝိတ်က လေဟာနယ်တွင် လူတစ်ယောက်အား တောင်ပေါ်မှ ကောင်းစွာဆွဲချသွားနိုင်သည်။ ဤသည်မှာ တောင် တက်သေနတ်သမား မုဆိုးတိုင်း သတိပြုရသော အန္တရာယ်ရှိသည့်အချက် ဖြစ်၏။

× × ×

တောင်မကြီးတောအုပ်သို့ ဝင်လိုက်သောအခါ စိမ့်ခနဲ ဖြစ်သွားသည့်အဖြစ်ကို သတိထားမိ၏။ တောင်စောင်းနေပူကွက်တွင် တစ်နံနက်လုံးလုံး နေ့လယ် ၁ နာရီ ၃၀ မိနစ်အထိ ချွေးသံရွှဲနေရာမှ အေးမြသည့် အရိပ်အာဝါသရှိရာ တောင်ထိပ်တောအုပ် က အပူချိန်ဒီဂရီကို ပြောင်းသွားစေသဖြင့် ငှက်ဖျားအခံရှိသူ ကျွန်ုပ်အဖို့ ချက်ခြင်း အဖျားဝင်မလားဟုပင် ထင်ရပေသည်။

သို့သော် ချွေးမတိတ်စေရန် အနားမယူတော့ဘဲ တက်ခဲ့ကြ၏။ မောလာလျှင် ၂ မိနစ်၊ ၃ မိနစ်မျှနား၍ တက်ခဲ့ကြရာ အတော်ခရီးပေါက်လာ၏။ လမ်းတွင် ဒိုးနွယ်ကြီး များ၊ သစ်ကြီးဝါးကြီးများ၊ သက်ကယ်ကျင်းများကို ရှောင်ရှားလာပြီးနောက် တောင်ထိပ် တည့်တည့်သို့ ရောက်ခဲ့ပြီ။

"ဖိုးတာရေ၊ မင်း ရေနီအိုင်မရောက်သေးဘူးလား၊ နှစ်နာရီတောင် ခွဲနေပြီ။ မိုးလဲ ချုပ်လာလို့ တောင်မကြီးမှာ မြူနှိုးဝေပြီး မှောင်လာပြီ။ ကြည့်လုပ်ဦးနော်၊ လမ်းမှားပြီး ထမင်းငတ်နေမယ်၊ ဟိုအဖွဲ့တွေလဲ အိုင်ကို ရောက်ပါ့မလား"

ကျွန်ုပ်က အဘအတွက်ကော အဖွဲ့နှစ်ဖွဲ့လုံးအတွက်ပါ စိုးရိမ်၍ ပြောခဲ့၏။

"သူတို့က လမ်းတည့်ပါတယ် ဆရာ၊ ကျွန်တော်တို့သာ"

www.burmeseclassic.com

www.burmeseclassic.com



ဆို၍ စကားမဆက်-

"ဒါဆိုရင် ဒီလိုလုပ်၊ အဘကော ငါကော မောနေပြီ။ ဒီသစ်ပိတောက်ပင်ကြီး အောက်မှာ နားနေမယ်၊ မင်း အိုင်ကို အရင်သွားရှာ၊ တွေ့မှ လာပြန်ခေါ်ပေါ့"

"ဟုတ်ကဲ့ ဆရာ"

ဟု ပြောကာ သုံးချိုးခါးမှ တောလိုက်ဓားကိုထုတ်၍ ကိုင်ပြီးနောက် အရှေ့ဘက်သို့ ထွက်သွားလေ၏။ ကျွန်ုပ်တို့မှာ တောင်မကြီး၏ အလယ်တွင်နား၍နေခဲ့စဉ် မိုးသားများမှာ တလိပ်လိပ်တက်လာကာ မိုးဖွဲများကျလာလေပြီ။ တောင်မကြီးထိပ် သစ်ကြီးဝါးကြီးများက အုံ့ဆိုင်း၍ မှုန်မှိုင်းနေမှုကြောင့် ကျွန်ုပ်တို့အပေါ်တော့ မိုးဖွဲက မကျနိုင်။ နာရီဝက်ခန့်ကြာ သောအခါ ဖိုးတာ ပြန်ရောက်လာသည်။

"အိုင်ကို တွေ့ပြီ အဘ၊ ဒီကနေ သိပ်မဝေးဘူး"

ဆိုသဖြင့် ခရီးဆက်ခဲ့ရာ ရေနီအိုင်သို့ ၁၅ မိနစ်အတွင်း ရောက်ကြ၏။ ရေနီအိုင်မှာ တောင်မကြီး၏ အရှေ့မြောက်ထောင့်တွင်ရှိကာ အိုင်၏အကျယ်မှာ ပေ ၅၀ ပတ်လည်မျှရှိ၏။ ရေမှာ နီနေသကဲ့သို့ ပတ်ဝန်းကျင်တွင် မြေများကလည်း နီ၍နေ၏။ သစ်ကြီးဝါးကြီးများက အနီးအနားတွင် မပေါက်ဘဲ ပေ ၁၀၀ ပတ်လည်မျှ ကွင်းဖြစ်နေပြီး ထိုကွင်းအလယ်မှ ပေ ၅၀ ပတ်လည်က ရေရှိသည့်ကန်၊ ရေစပ်တွင် ကိုင်းနှင့် မြက်ပင်များ ပေါက်နေသော်လည်း သားကောင်များ နင်းထားမှုကြောင့် လဲပြိုနေ၏။ ကျွန်ုပ်တို့ရောက်လာသောအခါတွင် ပတ်ဝန်းကျင်ရှိ သပြေပင်၊ ပျဉ်းကတိုးပင်၊ ကညင် ပင်ကြီးများပေါ်မှ မျောက်ညိုတစ်အုပ်က ဟိုသည်ကူးကာ ဆော့ကစားနေကြ၏။ ကြောက်လန့်မှု သိပ်မရှိ၊ လူအရောက်အပေါက်နည်း၍ ဖြစ်ပေမည်။

ကျွန်ုပ်တို့က ရေကို ရေသန့်ဘူးလွတ်နှင့် ထည့်ကြည့်ရာ ရေမှာ ကြည်ကြည်၊ သို့သော် နီနီ။ အဘက စိတ်မြန်လက်မြန်နှင့် သောက်၍ကြည့်ပြီး -

"သောက်လို့ရပါတယ်ဗျ၊ မိုးရေလိုပါပဲ၊ ကျွန်တော်တို့ စစ်ဆင်ရေးတွေမှာဆိုရင် တစ်ခါတလေ ဒီထက်အများကြီးဆိုးတဲ့ရေတွေ သောက်ရတယ်"

အဘသောက်သဖြင့် ကျွန်ုပ်လည်းသောက်ကြည့်ရာ သောက်၍ရသောအဆင့်တွင် ရှိသော ရေနီဖြစ်၏။

ရေအိုင်နှင့် တစ်ခေါ်ခန့်ဝေးရာ သစ်တိုပင်ကြီးအောက်တွင် ကျွန်ုပ်၏ တောလိုက် ပုခက်ကို ဖြန့်ခင်းကာ နားနေရင်း ကျွန်ုပ်၏ ခါးပတ်အိတ်အတွင်းမှ သကြားလုံးများကို ထုတ်ခါ ဝေစားလိုက်၊ ရေသောက်လိုက်ဖြင့် ဆင်နှင့် ကိုကျော်ကျော်တို့အဖွဲ့ကို စောင့်နေရာ



ညနေ ၆ နာရီထိုးလုနီးမှပင် လူစုံရောက်သဖြင့် တဲစခန်းမဆောက်နိုင်တော့ဘဲ ညစာ ချက်ပြုတ်စားသောက်ခါ စခန်းချလိုက်ရပေသည်။ ဆင်အဖွဲ့လမ်းအတိုင်း တက်လာရသည် မှာ ၁၂ မိုင်ခန့်ရှိလေ၏။

× × ×

နောက်နေ့နံနက် ၈ နာရီတွင် တောလည်ထွက်ချိန်မှာ ရာသီဥတုသာယာသဖြင့် မျောက်သံ၊ ငှက်သံများက လေတွင်ဝဲပျံနေ၏။ အဘနှင့် စောပလာထူးက တစ်ဖွဲ့၊ တောင်မကြီး၏ အရှေ့ဘက်မှ တောင်ဘက်ကိုပတ်၍ အနောက်ဘက်မှလှည့်ကာ ညနေတွင် စခန်းသို့ ပြန်ဝင်မည်၊ ကျွန်ုပ်နှင့် ဖိုးတာက တောင်မကြီးအနောက်ဘက်မှ တောင်ဘက်ကို ပတ်ခါ အရှေ့ဘက်မှလှည့်၍ စခန်းသို့ ပြန်ရန်သတ်မှတ်ပြီးနောက် နံနက်စာအပြီးစားကာ ထွက်ခဲ့ကြခြင်း ဖြစ်၏။

ကျွန်ုပ်တို့အဖွဲ့က စခန်းမှထွက်လာ၍ နာရီဝက်ခန့်အကြာတွင် ပြောင်ထီးပိုးခြေရာ လတ်လတ်ဆတ်ဆတ်ကိုတွေ့သဖြင့် ခြေရာခံကာ လိုက်ခဲ့၏။ ပြောင်ခြေရာမှာ သင်းကွဲ တစ်ကောင်တည်းတည်း၊ ပြောင်ထီးကြီးမို့ ဟင်းချိုပန်းကန်အဝနီးပါးမျှ ကြီးမားပေရာ မြေပျော့တွင် နင်းထားသည့်ခြေရာက မပျောက်နိုင်။ တောင်စောင်းအတိုင်း တောင်ဘက်သို့ သွားသဖြင့် နောက်မှသာ လိုက်ရ၏။ တောင်ကြီး၏ အနောက်ဘက်စောင်းမှာ မတ်လှသဖြင့် ရှေ့မှဖြတ်ပိုင်းရန်မှာ မဖြစ်နိုင်ပါ။

"ဆရာ၊ ဒီကောင်ကြီး တောင်စောင်းကိုပတ်ပြီး အရှေ့ဘက်ကိုဝိုက်ရင် အဘတို့နဲ့ တိုးမယ်၊ ဒါမှမဟုတ် နေ့လယ်အိပ်မယ်ဆိုရင် ကျွန်တော်တို့နဲ့ တိုးမယ်၊ ဆရာ သတိတော့ ထားနော်"

"အေးပါ။ ခုမှ ၁၀ နာရီပဲရှိသေးတယ်၊ ဒီကောင် မအိပ်လောက်သေးဘူး၊ စားကျက် မှာ စားတုန်းရှိမယ်၊ မင်း မီအောင်သာလိုက်"

ကျွန်ုပ်က ပြောပြောဆိုဆို ကျွန်ုပ်၏ ၃၀ဒသမ၀၆ ရိုင်ဖယ်ကို ဗို့ထက်ဝက်ထိုးကာ ပခုံးတွင် ထမ်းလိုက်သည်။

အပါကြီးမှာ စားရင်းသွားရင်း တောင်စောင်းကိုမပတ်ဘဲ တောင်အောက်ကိုလှ၍ ဆင်းနေကြောင်း ခြေရာက ပြနေ၏။ သူဆင်းသည့်နေရာမှာ တဖြည်းဖြည်းမတ်လာသဖြင့် ကျွန်ုပ်က သေနတ်မောင်းကိုလျှော့ကာ ပခုံးတွင် လွယ်လိုက်ပြီး သတိထားလိုက်ခဲ့ရသည်။ နောက်နာရီဝက်ခန့်အကြာတွင် တောင်စောင်းအကွေ့သို့ ဖြတ်အထွက် သက်ကယ်ကျင်း၊

www.burmeseclassic.com

www.burmeseclassic.com

"လွင်"ကလေး၏အစပ်သို့အရောက်၊

"ဘုး ....."

"ဖြုံး ဖြုံး ဝုန်း ဝုန်း ဖျော ဖျော ဘုံး ဖျော"

အသံများမှာ ဆက်တိုက်ကြားလိုက်ရပြီး ကျွန်ပ်မှာ သေနတ်ကိုပင် ပခုံးမှ မဖြုတ် အားလိုက်၊ ပြောင်ကြီးမှာ ကျွန်ပ်တို့ကိုမြင်သဖြင့် ကြီးမားသည့် ကိုယ်လုံးမဲမဲကြီးရှေ့ဘက် ဦးခေါင်းထိပ်မှ ကြီးမားကွေးဝိုက်လျက်ရှိသော ဦးချိုကြီးကို နိမ့်လိုက်မြင့်လိုက်ပြုကာ နာတစ်ချက်မှုတ်လိုက်ပြီးနောက် တောင်အောက်သို့ ပြေးဆင်းသွားခဲ့ပြီ၊ မတ်စောက်သည့် တောင်အောက်သို့ တဖြုံးဖြုံးမြည်၍ ပြေးဆင်းသွားပြီးနောက် မည်သည့်နေရာသို့ ခြေချော် သည်မသိ၊ တဖျောဖျောဖြင့် လျှောတိုက်ကျသွားရာမှ အောက်တွင် "ဘုံး"ဟူသောအသံ ကိုသာ ကြားရပေသည်။

"ဆရာ ... ဒီကောင်ကြီးအောက်မှာ သေပြီနဲ့တူတယ်"

"ရှုး တိုးတိုး အသံမပေးနဲ့၊ အသံတစ်သံကြားတယ်၊ နားထောင်ကြည့်"

ဟု လေသံဖြင့်ပြောလိုက်ရပြီး ကျွန်ပ်တို့ အထက်ဘက်တောင်မကြီးထိပ်ပိုင်းသို့ မေးငေါ့ပြလိုက်ပြီး နားထောင်စေရာ တရှဲရှဲအပင်လှုပ်သံများ ကြားရလေ၏၊ အသံအား ဆက်လက်နားထောင်ကြည့်ရာ -

"ဖျောက်၊ ခွပ်၊ ဖျော၊ ဖျော"

"ဝက်ဝံ ဂုံးသီးခူးစားနေတာထင်တယ်"

ဖိုးတာ၏အမေးကို ကျွန်ပ်က ပါးစပ်ဖြင့် အဖြေမပေး၊ ခေါင်းညိတ်ပြပြီးနောက် ဆက်လက်နားထောင်နေ၏။

ဂုံးသီးမှာ အခွံမာသီး အညှာမာသီးဖြစ်ရာ ခူးလျှင် "ဖျောက်ခနဲ"အသံမြည်သကဲ့သို့ ကိုက်ခွဲလိုက်လျှင် "ခွပ်ခနဲ"အသံမြည်၏၊ "ဖျော ... ဖျော"ဆိုသည်မှာ ဝံက ဂုံးသီး ကိုက်ခွဲ၍ အဆံကိုစားကာ အခွံမာများကို ထွေးပစ်သဖြင့် အပင်ပေါ်မှအရွက်များကို တိုက်၍ ကျလာခြင်းဖြစ်ပေသည်။

"ဆရာ ဟိုကောင်ကြီး ဘယ်လိုလုပ်မလဲ၊ အောက်မှာ သေပြီထင်တယ်"

လေသံဖြင့် ဖိုးတာ ပြောပြန်၏။

"မင်း အဘ သေမလား၊ ဒါ အမဲကြီးကွ၊ ခန္ဓာကိုယ်ကြီးလို့ အသံကြီးမြည်တာ၊ တောင်စောင်းကို လျှောဆင်းသွားတာ၊ ကိုယ်လုံးက အောက်မှာ ဝါးပင်နဲ့ဝင်တိုက်လို့ မြည်တာ၊ အခုဆိုရင်ပြေးလို့ အမြီးတောင် မမြင်ရတော့ဘူး၊ မင်း အမဲကြီးလိုက်မှုးတယ်ဆို"

ကျွန်ပ်က စိတ်တိုစွာ ငေါက်လိုက်မိရာ -

"ကျွန်တော်က တစ်ခါနှစ်ခါပဲ လုံခြုံရေးအဖွဲ့တွေနဲ့ လိုက်ဖူးတာဆရာ၊ ကျွန်တော် ကိုယ်တိုင် ပစ်ဖူးတာမဟုတ်ဘူး"

ကျွန်ပ်မှာ သူ၏ရိုးသားသော ဝန်ခံချက်ကြောင့် သူ့အား ငေါက်မိသည်မှာ လွန်သွား ကြောင်း သိလိုက်ကာ -

"အေးပါကွာ၊ ကိစ္စမရှိပါဘူး၊ တဲ ... ဟိုကောင်ကြီးတော့မိမှာ မဟုတ်ဘူး၊ ...က်ဝံရှိတဲ့ဘက်ကိုတက်၊ သတိလဲထား၊ အသံမကြားစေနဲ့၊ ဒီကောင် ဂုံးပင်ပေါ်မှာ ...းနေတာ"

ကျွန်ပ်က သေနတ်ကိုဖြုတ်ခါ ဗိုတစ်ဝက်ထိုး၍ တောင်ထိပ်ပိုင်းသို့ တက်ခဲ့ ...ြန်သည်။

"မျက်စိလျှင်လျှင်ထား၊ ဂုံးပင်နဲ့ နီးလာပြီ၊ ဘယ်အကိုင်းမှာလဲ ကြည့်၊ အနား ...ပ်မကပ်နဲ့၊ ပင်စည်နားလဲ မကပ်နဲ့"

ဝက်ဝံများမှာ လူတွေ့လျှင်လည်းကောင်း၊ တစ်စုံတစ်ခုကိုလန့်လျှင်လည်းကောင်း ...အပင်ပေါ်မှဆင်းရာတွင် ပင်စည်ကိုဖက်၍ လျှောဆင်းတတ်ရာ အလွန်မြန်လှသည်။ ...စ်ခါတစ်ရံ "ဖျော၊ ဘုံး"ဆိုသည့် အသံသာကြားရပြီး လူထံ၊ မုဆိုးထံ ရောက်လာတတ် ...သည်၊ မီးသတ်တပ်ဖွဲ့ဝင်များ အရေးပေါ်တိုင်ကိုဖက်၍ လျှောချသည့်ပုံစံနှင့်တူ၏။

ကျွန်ပ်ကော ဖိုးတာပါ ဂုံးပင်ပေါ်သို့ ဂရုတစိုက်ကြည့်ရ၏၊ ဂုံးပင်မှာလည်း မြင့်လှပြီး ...များအပင်ကြီးများနှင့် ရောယှက်နေကာ အရွက်စိမ်းစိုသဖြင့် အမှောင်ကို အားဖြည့် ...နေသည်၊ ထိုအချိန်တွင် မိုးသားများကလည်း ဟိုတစ်ကွက် သည်တစ်ကွက်နှင့်မို့ ...လည်းကောင်း၊ ဝက်ဝံ၏ အမွေးကလည်း မည်းနက်နေသည်မို့ အမြင်က မကောင်းပါ။

"ဖျောက်၊ ခွပ်၊ ဖျော၊ ဖျော"

အသံကြားရပြီးနောက် ဖိုးတာက တောင်ဘက်ဆုံးမှ ကိုင်းဖျားကို လက်ညှိုးထိုးပြ ...၏။

ကျွန်ပ်က သေနတ်ကို မောင်းအပြည့်တင်ကာ ထိုးချိန်လိုက်သည်။ သို့သော် ...ရွက်များသည် ကိုင်းဖျားပေါ်တွင် ထိုင်နေသော ဝံတစ်ကောင်၏ ကောက်ကြောင်း ...က်ကိုသာ မြင်ရပြီး အမြင်က မသဲကွဲ၊ အမြင့်မှာ ပေ ၈၀၊ ၁၀၀ မျှ ရှိပေမည်။

"ဆရာ၊ ပစ်၊ ပစ်"

"ဟကောင်က မသဲကွဲသေးဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ပ်က လေသံဖြင့်ပြောရာ -

"ဟာ ... ဆရာ၊ အဲ့ဒါ ကျွန်တော်တို့ကို နောက်ခိုင်းထိုင်နေတာ၊ အောက်က
ဖောက်ပြီးပစ်လိုက်၊ ရင်ဘတ်က ထွက်သွားလိမ့်မယ်"

ကျွန်ပ်က သေနတ်အား ထိုးချိန်ပြီး သေနတ်နောက်ဆိုက်၏ ဗွီပုံသဏ္ဍာန်အလယ်
တွင် ရှေ့ဆိုက်၍ ပေါ်ရုံထားကာ ဝက်ဝံ၏ တင်ပါးမှ အပေါ်သို့ စုပင့်ချိန်ကာ ခလုတ်
ငြင်သာစွာ ဆွဲလိုက်သည်။

"ဒိုင်း ..."

၃ဝ၀ဒသမ၀၆ ရိုင်ဖယ်၏ ၁၈၅ ဂရိန်ထိပ်ဖူးပျော့က ပစ်မှတ်ကို ထိသည်ထင်
သည်။

"ဖျောင်း၊ ဘုန်း"

"ဟာ ... ဆရာ၊ ဆရာ လုပ်ပါဦး"



မည်းနက်သည့် ကတ္တီပါအမွေးရှိသည့် ဝက်ဝံကြီးမှာ ကျွန်ပ်၊ ဖိုးတာတို့နှင့် ၁၀-
ပေ၊ ၁၂-ပေမျှအကွာတွင် လဲကျအသက်ပျောက်သွားရလေပြီ။



"ဖျောင်း ..."

ကျွန်ပ်က သေနတ်မောင်းထပ်တင်ရင်း -

"ဖိုးတာ အပင်ဘေးကို ဝင်ကပ်လိုက်"

ကျွန်ပ် အမိန့်ပေးလိုက်သည့်အတိုင်း ဖိုးတာအနီးရှိ သစ်ခါးပင်ရင်းသို့ ခုန်ကာ
ပြေးကပ်လိုက်သည့်ခဏ။

ကျွန်ပ်ထံသို့ ခြေနှစ်ချောင်းဖြင့် မတပ်ရပ် လက်များကို ကုတ်ခြစ်မည့်ဟန်ပြ၍
လာနေသော ဝက်ဝံကြီး၏ လခြမ်းပုံသဏ္ဍာန် အဖြူရစ်ကြီးရှိရာရင်ဝသို့ချိန်၍ ခလုတ်အား
ဖြုတ်လိုက်ရပေသည်။

"ဒိုင်း ....."

ဤတစ်ကြိမ်တွင်မူ ပစ်မှတ်ကို ယမ်းတောင့်ထိပ်ဖူးက တိကျစွာ ဝင်ရောက်ဖောက်
ထွင်းသွားလေရာ ကြီးမားသည့် အစွယ်များ၊ ရှည်လျားသည့် လက်သည်းများ၊ မည်းနက်
သည့် ကတ္တီပါအမွေးရှိသည့် ဝက်ဝံကြီးမှာ ကျွန်ပ်၊ ဖိုးတာတို့နှင့် ၁၀ ပေ၊ ၁၂ ပေမျှ
အကွာတွင် လဲကျအသက်ပျောက်သွားရလေပြီ။

ဖြစ်စဉ်ကို ပြန်လည်ဆန်းစစ်ရာ ကျွန်ပ်ပစ်လိုက်သည့် ပထမအချက်မှာ ဝက်ဝံကို
မမှန်ဘဲ သူထိုင်နေရာ လက်ကောက်ဝတ်သာသာခန့်ရှိ ဂုံးပင်၏အကိုင်းကို တည့်တည့်
ထိလေရာ ဖျောင်းခနဲ အကိုင်းကျိုး၍ အကိုင်းရောဝက်ဝံပါ ပြုတ်ကျလာခြင်း ဖြစ်၏။

မြေသို့ "ဘုန်းခနဲ"ကျလျှင်ကျခြင်း ဝက်ဝံကြီးက ကြုံးထလာကာ လူဆီသို့
ကိုက်ခဲကုတ်ဖဲ့ရန်ပြေးအလာ ကျွန်ပ်ရှေ့တွင် ရောက်နေသော ဖိုးတာကို သစ်ခါးပင်ရင်းသို့
ပြေးကပ်ရန် သတိပေးလိုက်ပြီးနောက် ဒုတိယအချက် ပစ်လိုက်ရခြင်းဖြစ်ပေသည်။

ဝက်ဝံကြီးမှာ ပိဿာချိန် ၄၀ ခန့်ရှိမည့်အရွယ်ရောက် ဝက်ဝံအထီးကြီး တစ်ကောင်
ဖြစ်ပေ။

× × ×

တကောင်းတောင်မကြီး ရေနီအိုင်နံဘေးတွင် ၃ ညမျှ စခန်းချတောလည်ပြီးအပြန်
တွင် ဖိုးတာအား ရေနီအိုင်နှစ်အိုင်အကြောင်းကို မေးကြည့်ရလေ၏။

"ရေနီအိုင်နှစ်အိုင်ရှိတာတော့ အမှန်ပဲဆရာ၊ ကျွန်တော်လဲ နောက်တစ်အိုင်ကို
တစ်ခါပဲ ရောက်ဖူးတာ"

"ဘယ်လို ရောက်ဖူးတာလဲ"

www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က မာတ်သတ္တုရှာဖွေရေးအဖွဲ့တွေက ကျွန်တော့်ကို ဗားလို့ တောင်မကြီးပေါ်မှာ သတ္တုထွက်၊ မထွက်ရှာဖို့ လမ်းပြလိုက်ခဲ့ရတယ်။ သူတို့က ၁၀ ရက်လောက် တူးဆွ စမ်းသပ်ကြပြီး ဒီတကောင်းတောင်မကြီးရဲ့ အရှေ့ဘက် တောင်ကြောဆက်နေတဲ့ ရှမ်းပြည်နယ် "မဘိန်း"နယ်ဘက်ကို တောလမ်းနဲ့သွားကြတယ်။ ကျွန်တော်က ရှမ်းပြည်နယ်ဘက်က ရွာဆက်ကိုရောက်အောင်ပို့ပြီးအပြန် ဒီတောင်မကြီး ပေါ်မှာ တစ်ယောက်ထဲ လမ်းပျောက်နေတယ်။ တစ်နေ့လုံးလဲ အစာမစားရဘူး။ ကျွန်တော်ကရွာကို ပြန်ချင်ဇောနဲ့ ရိက္ခာလဲ အပိုမယူလာမိဘူး။ ရွာကို အရောက်ပြန်မယ် ပေါ့။ ညကျတော့ သစ်ပင်ပေါ် တက်အိပ်ရတယ်။ နောက်တစ်နေ့လဲ လမ်းက ရှာမတွေ့ဘူး။ တောင်ပေါ်မြက်တောထဲမှာ အဘိုးအိုတစ်ဦးနဲ့သွားတွေ့လို့ သူ့ကို အကျိုးအကြောင်းပြောပြ တော့ သူက ရေအိုင်တစ်အိုင်ကို လိုက်ပြတယ်။ ရေအိုင်မရောက်ခင်မှာ သူက ကတိတစ်ခု တောင်းတယ်။ ရေပဲသောက်ရမယ်၊ ဘာတွေ့တွေ့ မယူရဘူးတဲ့။ ကျွန်တော်ကလဲ ရေသောက်ရရင် တော်ပါပြီ။ ဘာပစ္စည်းမှလဲ မလိုချင်ပါဘူး။ ပြီးရင် မြစ်ဘက်(ဧရာဝတီ)ကို ပြန်ရသည့်လမ်းတော့ ပြပေးပါပေါ့။ ဒါနဲ့ သူက ရေအိုင်ကို ပြပေးတာ ကျွန်တော်ရောက် နေတဲ့နေရာနဲ့ အနီးကလေးရယ်။

ရေအိုင်ကိုရောက်တော့ ရေအိုင်က ၁၅ပေ ပတ်လည်လောက်ရှိတယ်၊ ရေစပ်မှာ ဝါဝါသတ္တုချောင်းတွေ ခပ်စိပ်စိပ်စိုက်ပြီးထားတာ အတော်ကြာနေပုံရတယ်၊ အညိုစိမ်းစိမ်း တွေ တက်နေတယ်။ ကျွန်တော်ကတော့ ကြေးလား၊ ရွှေလား ဖြူးခံ မခွဲတတ်ဘူး။ ပြီးတော့ ကျွန်တော်ကလဲ ကတိပေးထားတော့ တစ်ချောင်းမှ နုတ်မယူခဲ့ဘူး။ အဘိုးအို ကလဲ ကျွန်တော်ယူလေမလားလို့ အကဲခတ်နေပုံရတယ်။

ကျွန်တော်လဲ ရေဝအောင်သောက်ပြီးရော အဘိုးအိုက ကျွန်တော့်လက်ကိုဆွဲ တောင်စောင်းတစ်ခုကိုခေါ်သွားပြီး ဧရာဝတီမြစ်ကမ်းက ကျွန်တော်တို့အင်းနက်ရွာကလေး ကို လက်ညှိုးထိုးပြပြီး လှည့်ပြန်သွားတယ်။

ကျွန်တော်လဲ သူပြတဲ့ တောင်စောင်းကနေ ဆင်းလာခဲ့တာ ရွာရှိတဲ့ တောင်ခြေကို နေဝင်ဖြိုးဖျအချိန် ပြန်ရောက်လာတော့တာပါပဲ။

"မင်း နောက်ထပ်ကော အဲ့ဒီအိုင်ကို ထပ်ရောက်သေးလား"

"မရောက်ပါဘူး၊ တွေ့လဲ မတွေ့တော့ဘူး၊ ကျွန်တော် တောင်မကြီးပေါ်ရောက်တိုင်း အဲ့ဒီအိုင်ကို ရှာကြည့်တယ်၊ မတွေ့တော့ဘူး"



"မင်းလိုပဲ အဲ့ဒီဒုတိယအိုင်ကို ရောက်ခဲ့တဲ့သူ ရှိသေးလား"

"ရှိသေးတယ်"

"ဘယ်သူလဲ"

"အရင် ကျွန်တော်တို့ရွာသားပဲ၊ ခုတော့ မန္တလေးပြောင်းသွားပြီ"

"သူက ဘယ်လိုရောက်သွားတာလဲ"

"ဒါတော့ ကျွန်တော် မသိဘူး"

"ဘာယူးတာရှိသေးလဲ"

ဤမေးခွန်းကို မေးခြင်းမှာ ကျွန်ုပ်၌ အကြောင်းရှိပါ၏။

"သူက ရွှေချောင်းတစ်ချောင်းရလာတယ်"

"ဘယ်လိုပုံစံလဲ"

"အိုင်ပတ်လည်မှာ စိုက်ထားတဲ့ အညိုစိမ်းတွေတက်နေတဲ့ အချောင်းပဲ"

"ရွာပြန်ရောက်ပြီး နည်းနည်းဖဲ့ သဝိတ်ကျဉ်းမှာ သွားစစ်ကြည့်တော့မှ ရွှေမှန်း သိရတာ"

"နေပါအုံး။ အဲ့ဒီအိုင်က ရေနီအိုင်ပဲလား၊ ရေကကော ဘာအရောင်လဲ"

"ဆရာတို့ အခုတည်းခဲ့တဲ့ ရေနီအိုင်မျိုးပဲ၊ ရေလဲ နီတယ်၊ မြေလဲ နီတယ်၊ သောက်လို့လဲ ရတယ်"


မင်း မှတ်မိသလောက် ဒီတကောင်းတောင်မကြီးပေါ်မှာပဲလား"

"ဟုတ်ပါတယ် ဆရာ"

*(တကောင်းတောင်ခြေမှ အင်းနက်ရွာသား ဖိုးတာ၊ ဦးမြင့်ဝေ၊ ဒေါ်ငွေ သမီးလေး မြသဇင်မိသားစုသို့ အမှတ်တရဖြင့် .....)*

*တကြွင်း။ သဝိတ်ကျဉ်းမြို့နယ်မှာ မိုးကုတ်မြို့နယ်နှင့် ထိစပ်နေပြီး ရွှေထွက်ပါ သည်။ ကျွန်ုပ်တို့စခန်းချခဲ့သည့် ရေနီအိုင်အနီးတွင် တစ်နံနက်၌ ကျွန်ုပ် အလေးစွန့်ရန် တွင်းတစ်တွင်းတူးရာ သတ္တုဝါဝါအတုံးလေးတစ်တုံးကို ရခဲ့ပေသည်။*

www.burmeseclassic.com






"ဆရာ့ကို ထမင်းပေါင်းအိုးနဲ့ ပေါင်းကျွေးမယ်"

"ဟုတ်တယ်ဆရာ၊ ရန်ကုန်မှာ ထမင်းစားရသလိုကို စားရစေ့မယ်"

ကိုအီစက်နှင့် ကိုအောင်သန်းက အတိုင်အဖောက်ညီညီ ပြောနေကြခြင်းဖြစ်၏။

ဟုတ်ရဲ့လားဗျာ၊ ကျွန်တော်က အိမ်မှာဆိုရင် Philip ထမင်းပေါင်းအိုးနဲ့ ပေါင်းတဲ့ ထမင်းမှ စားတာနော်"

ကျွန်ုပ်က သူတို့နှစ်ဦးအား မခံချင်အောင် တမင်ပြောခြင်းဖြစ်၏။

"ကျွန်တော်တို့မှာ ဖီးလစ်တော့ မရှိဘူး၊ ဝဆစ်(ဝါးဆစ်)ထမင်းပေါင်းအိုးနဲ့ ပေါင်းကျွေးမှာ၊ ဟား ... ဟား ... ဟား"

ပြောပြောဆိုဆို ကိုအီစက်က လူခါးစောင်းခန့်ရှိ ကျောက်တုံးကြီး၏ အောက်ခြေနားတွင် လေကိုကွယ်၍ မီးမွှေးလေ၏။ ကိုအောင်သန်းမှာမူ တောင်စောင်းမှ ကြသောင်းဝါးကြီးကြီးတစ်ပင်ကိုခုတ်ခါ တစ်ထောင့်ထွာခန့် အရှည်ရှိ တစ်ဖက်ပိတ် ဝါးဆစ်နှစ်ဘူးကို ဖြတ်လာကာ တစ်ဘူးတွင် ပါလာသည့် ဆန်နို့ဆီဘူးသုံးလုံးခန့်ကိုထည့် ဆန်ဆေး၏။ ပြီးနောက် ရေအသင့်အတင့်ကို ခန့်မှန်း၍ထည့်ကာ အဝကို ဝါးရွက်များအားလုံးထွေး၍ ပိတ်လေ၏။ ကျန်ဝါးဆစ်ဘူးတွင် ရေအပြည့်ထည့်ကာယူလာပြီး ဝါးနှစ်ဘူးနှစ်ဘူးစလုံးအား၊ မီးပေါ်တွင် ၅၀ ဒီဂရီခန့်စောင်းကာ ကျောက်တုံးကို မှေး၍ တင်ထားလေ၏။ စတောတွင်း ထမင်းအိုးနှင့် ရေနွေးအိုး ဖြစ်လေ၏။

ထို့နောက် ကိုအောင်သန်းသည် ဖျဲချောင်းအတွင်းမှ ကျွန်ုပ်တို့ ဖြတ်လာရင်းသူ၏ ဓားမဖြင့် ခုတ်လာသော ငါးရံ့တစ်ကောင် (၄၀ ကျပ်သားခန့်ရှိမည်)အား အကြေးခွံများထိုး ရေစင်အောင်ဆေးပြီး မွှန်းကာ လက်မဝက်ခန့်အကျယ်၊ နှစ်ပေခန့်အရှည် ဝါးတံစို့တစ်ခုလုပ်ခါ ငါး၏ ပါးစပ်မှ အမြီးဖျားထိပေါက်အောင် ထိုးလိုက်ပြီးနောက် မီးနှင့် မနီးမဝေးအရှိန်ရရာတွင် ကျောက်တုံးကိုမှီ၍ ကင်ပြန်လေ၏။ ပြီးနောက် -

"ကဲ ... ဆရာလဲ ချွေးတိတ်ရောပေါ့၊ ရေချိုးထားဆရာ။ ဆရာ ရေချိုးပြီးတာနဲ့ ထမင်းကော၊ ရေနွေးကော၊ ငါးကင်ကော ကျက်လိမ့်မယ်"

ကျွန်ုပ်။ ကျက်တာတော့ ဟုတ်ပါပြီ။ ခင်ဗျားတို့မှာ လက်ဖက်ခြောက်နဲ့ ဆားပါကြရဲ့လား။

သန်း။ လက်ဖက်ခြောက်တော့ပါတယ်ဆရာ၊ ဆားကတော့ ပါမလာဘူး၊ ကိုအီစက် ခင်ဗျား ဆားယူလာသေးလား။

စက်။ ဟင့်အင်း၊ ခင်ဗျားပဲ ဆန်ကစပြီး လိုတာယူခဲ့မယ်ဆို။

သန်း။ ကျွန်တော်လဲ ဆန်နဲ့ လက်ဖက်ခြောက်ပဲ ယူလာခဲ့မိတယ်။

www.burmeseclassic.com

www.burmeseclassic.com

စက်။ ခင်ဗျားကတော့ လုပ်ပြီ၊ တော်တော် အသုံးမကျတဲ့လူ။

ကိုအီစက်နှင့် ကိုအောင်သန်းမှာ သူငယ်ချင်းများဖြစ်ကြပြီး တစ်ဦးနှင့်တစ်ဦ ပြောမနာ ဆိုမနာ။

ကျွန်ုပ်၊ ကဲ-တော်ပြီ၊ တော်ပြီ၊ ဆားမပါလဲ ဒီတိုင်းစားကြတာပေါ့ဗျာ။

ဟုဆိုကာ ကျွန်ုပ်မှာ အကျီဘောင်းဘီချွတ် ပွိုင့် ၃၀ ဒသမ ၀၆ ရိုင်ဖယ်က အနီးရှိ သစ်ပင်တွင် ထောင်ထားကာ ကျောက်အိုင်နက်ရာ နေရာရွေး၍ ရေချိုးဆင်း လေ၏။

× × ×

ငါးရွေးချောင်းအတွင်း ဖြစ်၏။ အချိန်မှာ နေ့လယ် ၁၂ နာရီခန့်ရှိခဲ့ပြီ။ နံနက် ၆ နာရီခန့်မှစ၍ စခန်းမှထွက်လာရာ စခန်းတွင် ကျွန်ုပ်၏ အစ်ကိုကြီး(အငြိမ်းစာ တပ်မတော်အရာရှိကြီးတစ်ဦး၊ အဘ မဟုတ်ပါ)နှင့် ကိုကျော်ကျော်တို့နှစ်ဦးသာ ကျန်ခဲ့၏။ စခန်းမှာ သာယာဝတီသစ်ထုတ်နယ် သုံးဆယ်ချောင်း နှုတ်ခမ်းတွင်ဖြစ်ပြီး စခန်းအနီး ဝါးခုတ်စခန်းမှ ဝါးခုတ်သမားများထံက စိုင်အုပ် ဖျံချောင်းဖျားတွင် ရောက်နေသည် သတင်းရခဲ့၏။

မနေ့က စခန်းချမည့်နေရာသို့ရောက်ပြီး ကိုအောင်သန်းနှင့် ကိုအီစက်က တော အနေအထားကြည့်ရန်နှင့် ခြေရာခြေကြောင်းလိုက်ရန် သွားခဲ့ရာ မမျှော်လင့်ဘဲ စိုင်ပေါက် (စိုင်ထီး)တစ်ကောင်နှင့် တိုးသဖြင့် ပစ်ခဲ့ရာ ကျည်ဆန်မှာ (Misfire) အ,သွားသဖြင့် မရလိုက်။ ထို့ကြောင့် စိုင်အုပ်မှာ ဖျံချောင်းနှင့် ငါးရွေးချောင်းကြားမှ တောင်တန်းများ တွင် ရှိနေသည်မှာ သေချာနေပေရာ ယနေ့နံနက်စောစော သုံးယောက်သား လိုက်ခဲ့ကြ ခြင်း ဖြစ်၏။

သို့သော် နေ့လယ် ၁၂ နာရီခန့်တိုင် စိုင်အုပ်ကိုမတွေ့။ ဖျံချောင်းနှင့် ငါးရွေး ချောင်းဖျား ရေဝေရာတောင်ကြောသို့ပင် ရောက်ခဲ့ရပြီ။ နွေနှောင်းရာသီ မေလအတွင်း ရောက်သည့်တိုင် မိုးက တစ်ကြိမ်မျှ မရွာသေးသဖြင့် ပူချက်က ပြင်းလှသည်။ တောမှာ လည်း ရွက်ကြွေတော(Tropical Forest)ဖြစ်၍ သစ်ပင်ကြီးများရှိသော်လည်း ရိုးတံ သက်သက်များသာ ဖြစ်နေ၏။ ထို့ကြောင့် ရွက်နုအနည်းငယ်ရှိသည့် အပင်ကြီးအရိပ်နှင့် ချောင်းစောင်းချုံဖုတ်များအနီး ရေရှိရာတွင် နေ့လယ်စာစားရန် စခန်းချရင်း ပါလာသည့် ဆန်ကို ရေခန်းချက်၊ ငါးကင်ဖြင့် ဆားမပါဘဲ လွေးရမည့် အခြေအနေ။



ကျောက်တုံးကျောက်ခဲ ထူထပ်ရာအရပ်ဖြစ်သည်သာမက နွေရာသီဖြစ်၍ သားကောင်ခြေရာကောက်ရန် မလွယ်။ ထို့ကြောင့် ခြေရာလည်း တွေ့နိုင်၊ ရေသောက် လည်း ဆင်းနိုင်သည့် ချောင်းရိုးကိုသာ အဓိကထားတက်ခဲ့ရာ ကျောက်ရေတံခွန်နှစ်ခုကို ကျော်ဖြတ်လာသည့်တိုင် ဘာထူးခြားမှုမှ မရှိ။ အဓိကမှာ ခြေရာမတွေ့ချင်နေ၊ အကောင် တွေ့ရန်သာ အရေးကြီးသည်။ သို့သော် ယခုအထိ ခြေရာက ပျောက်နေပေရာ ကျွန်ုပ် ရေဆင်းချိုးသဖြင့်လည်း ရေကလည်း နောက်နေပြီဖြစ်၏။ ခြေရာလည်းပျောက်၊ ရေလည်း နောက်ပေါ့။

"ဆရာရေ၊ ဝဆစ် Rice Cooker နဲ့ ချက်ထားတဲ့ ထမင်းကျက်ပြီ၊ စားကြ ရအောင်"

ကိုအီစက်က လှမ်းခေါ်သဖြင့် ကျွန်ုပ်က ရေအိုင်မှတက်ခဲ့ကာ ဘောင်းဘီပြန်ဝတ်၍ လာခဲ့၏။ ကိုအောင်သန်းနှင့် ကိုအီစက်က ချောင်းတွင်း ကျောက်ဖျာပေါ်တွင် ဝါးဆစ်



ထမင်းကိုဆုပ် ငပိထောင်းကိုမြှုပ် ငါးကင်ကို ငရုတ်ကောင်းဖြူး၍ ...

www.burmeseclassic.com

www.burmeseclassic.com

ထမင်းအိုးကို ခွဲလိုက်ခါ ပါလာသည့် ပလတ်စတစ်စပေါ်တွင် ပုံထားပြီး ငါးကင်ကိုလည်း ဖွဲ့ထား၏။ ဝါးဆစ်ခွက်သုံးခွက်ကိုလည်းလုပ်ခါ ရေနွေးထည့်ထားပြီ။

ကျွန်ုပ်က ကျွန်ုပ်၏ သေနတ်အနီးတွင်ချထားသော ခါးပတ်အိတ်ကို လှမ်းယူလိုက်ကာ ဘူးကလေးတစ်ခုကို ထုတ်လိုက်ရလေ၏။ ထိုဘူးအား သူတို့ကိုပြလိုက်ရာ ကိုအီစက်က-

"ဟာ . . . ဆရာ တယ်ဟုတ်ပါလား။ အမေ့လက်ရာတဲ့ဆိပ် ငပိထောင်ဘူး"

ဝမ်းသာအားရ ပြောလိုက်ပါသည်။ ကျွန်ုပ်က -

"ဒါတင် ဘယ်ကဦးမလဲ"

ဟုဆိုကာ နောက်တစ်ဘူးကို ထုတ်လိုက်ပြန်ပြီး အဖုံးကလေးကို လှည့်ကာ ဖွင့်ပြီး လက်ဝါးပေါ်သို့ ခေါက်ချပြလိုက်ရာ ဖြူဖြူအမှုန့်များနှင့် မည်းမည်းအမှုန့်များ ရောထားရာ အမှုန့်ကလေးများ ကျလာသဖြင့် ကိုအောင်သန်းက -

"ဘာတွေလဲ ဆရာ"

"ဆားနဲ့ ငရုတ်ကောင်းရော ထောင်းထားတဲ့ 'ငရုတ်ကောင်းဆား'၊ အဲဒါ အမှတ်(၁) စက်မှုဝန်ကြီးဌာနက ထုတ်ထားတာ"

ဟု ပြောလိုက်ရာ သူတို့နှစ်ဦးမှာ အတော်သဘောကျသွားလေ၏။

"ကဲ . . . ဘယ့်နယ်လဲ၊ ထမင်းမြိန်မယ် မဟုတ်လား"

"သိပ်ကို လိုက်ဖက်တဲ့ အနေအထားပါပဲ ဆရာ"

ဟု ပြောကာ သုံးယောက်သား ထမင်းကိုဆုပ်၊ ငပိထောင်းကိုမြှုပ်၊ ငါးကင်ကို ငရုတ်ကောင်းဖြူး၍ နှံ့လယ်စာကို လွေးလိုက်ကြပါတော့သည်။

× × ×

ထမင်းစားပြီးသောအခါ ကျွန်ုပ်က ကျောပိုးအိတ်အတွင်းမှ တောလိုက်ပုခက်ကို ထုတ်၊ ချောင်းစောင်းမှ ထောက်ကြံ့ပင်ကြီး၏ ပင်စည်နှင့် တင်းဝါးရုံတစ်ရုံကို ပုခက် ဆင်ပြီးနောက် ပုခက်ပေါ်တက်ခါ ဆေးတံတစ်ဆုံကို မီးညှိ၍ဖွာရင်း နားနေလိုက်ရာ၏၊ ဆေးတစ်ဆုံကုန်သောအခါ အိပ်ငိုက်လာရာမှ အိပ်ပျော်၍ သွားလေ၏။

× × ×

"ဆရာရေ ထ ထ၊ ၃ နာရီထိုးတော့မယ်"

ကိုအီစက်က ပုခက်တို လှုပ်နှိုးလိုက်သဖြင့် ကျွန်ုပ်နိုးလာရာ -



"ကိုအီစက်၊ နေပူပါသေးတယ်ဗျာ"

"ဟုတ်တယ်ဆရာ၊ ဒါပေမယ့် အကောင်ရှာမှာနဲ့၊ ပြန်ရမှာ ခရီးဝေးတာနဲ့ဆိုရင် အတော်တောင် နောက်ကျနေပြီ"

သူ၏ ဝီရိယမှာ ပိုသည်ဟု မရှိသဖြင့် ကျွန်ုပ်က ပုခက်တွင်းမှဆင်းကာ ပုခက်ကို ကြိုးဖြုတ်သိမ်းနေစဉ် ကိုအောင်သန်းမှာ ပစ္စည်းများသိမ်းပြီး ကျွန်ုပ်အား လာရောက် ကူညီလေ၏။

နေမှာ ပြင်းလှဘိသည်။ ချောင်းရိုးအတိုင်း ငါးရွှေချောင်းအောက်ဘက်ဆင်း၍ လာခဲ့ရာ ၁၀ မိနစ်ခန့်လျှောက်ရုံမျှဖြင့် ချွေးမှာ ဒီးဒီးကျ၍လာချေပြီ။

ဒီ၊ ဒီ၊ ဒီ၊ ဒီ၊

တူ၊ တူ၊ တူ၊ တူ

နွေနှောင်းပိုင်းတွင် အော်တတ်သည့် ပုရစ်ရင်ကွဲသံက ချောင်းတစ်ဖက်တစ်ချက်ရှိ ယမနေနှင့် သံသတ်ပင်ကြီးများဆီမှ အော်လိုက်သည်မှာ တစ်တောလုံးကို ဆူညံသွားစေ သည်။

ဒီ၊ ဒီ၊ ဒီ၊ ဒီ၊

တူ၊ တူ၊ တူ၊ တူး

ရင်ကွဲပုရစ်မျိုးများမှာ အတိုင်အဖောက်နှင့် အော်တတ်ပေရာ တစ်ကောင် စအော်လျှင် တစ်တောလုံးကအကောင်များ လိုက်အော်တတ်သဖြင့် ညံသွားစေသည်။ ထို့သော် ဦးဆောင်အကောင်က တိတ်လိုက်လျှင် ကျန်အကောင်များလည်း တိတ်လေရာ တစ်တောလုံးကို ငြိမ်သွားစေပြန်သည်။

ပုရစ်ရင်ကွဲများ မှန်မှန်အော်နေလျှင် တောမှာ အနှောင့်အယှက် တစ်စုံတစ်ရာ မရှိ။ ကြောက်လန့်စရာမရှိကြောင်း သားကောင်က သိသည်။ ထို့အတူ မုဆိုးကလည်း သိနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် တောတွင် ကြောက်လန့်စရာ အသံတစ်ခုခု ပေါ်မှာ တောဆင်အော်ခြင်း၊ သစ်ပင်လဲခြင်း၊ လေကြမ်းတိုက်ခြင်း၊ ကျားဟိန်းခြင်း စသည့် ကြောက်မက်ဖွယ် အသံတစ်သံကြားပါက ပုရစ်ရင်ကွဲများ၏ အော်သံမှာ ပြိုင်တူ ရပ်ဆိုင်းသွားတတ်သည်။

ထို့ကြောင့် ပုရစ်ရင်ကွဲသံများသည် တော၏ အေးချမ်းခြင်း၊ သာယာခြင်း၊ အနှောင့် အယှက်မရှိခြင်းကိုပြသည့် ပြယုဂ်တစ်ခုဖြစ်ပေသည်။

"ဓတာကတော့ အေးအေးဆေးဆေးပဲ၊ ဒါဆိုရင် သားကောင်ရေသောက်ဖို့ သစ်သီး စားဖို့၊ အစာစားဖို့ အန္တရာယ်မရှိမှန်း သူတို့သိနေလို့ မဆိုးဘက်က အခွင့်သာနေ

www.burmeseclassic.com

www.burmeseclassic.com

တယ်ဆရာ၊ တိတ်တိတ်သာသွား နေရာတိုင်းကိုကြည့် ဆရာ"

ကိုအီစက်က သစ်အုပ်(သစ်ထုတ်ဝန်ထမ်း)တစ်ဦးပီပီ တောအကြောင်းကို သတိပေးလာသည်။

ကျွန်ုပ်ကလည်း သူ့စကားအတိုင်း မျက်လုံးနှင့် နားကို အာရုံထားကာ ချောင်းရိုးတစ်လျှောက်မှ ကျောက်တုံးကျောက်ဖျာများပေါ်တွင် အသံမကြားရန် ခြေမချော်ရန် ဂရုစိုက်၍ တက်ခဲ့ရာ ကျွန်ုပ်၏ တောစီးဖိနပ်က များစွာအထောက်အကူပေးခဲ့၏။

ဤနေရာတွင် မှဆိုးတစ်ဦး၏ ဖိနပ်အကြောင်းကို ဗဟုသုတအဖြစ် တင်ပြလိုပါသည်။ သာမန်အားဖြင့် လူတစ်ဦးသည် မိမိနှင့် သင့်တော်သည့် ဖိနပ်နံပါတ်ကို စီးရာတွင် မိမိစီးနေကျ နံပါတ်ကိုသာ စီးလေ့ရှိ၏။ ဥပမာ ကျွန်ုပ်က "ချက်ကို" တောစီးဖိနပ်နံပါတ် ၇ ကို စီးနေကျ ဖြစ်၏။ သာမန်အချိန်ကာလ လမ်းကောင်း၊ မြေညီတွင် စီးခြင်းမျိုးဖြစ်၏။ သို့ရာတွင် တောပစ်သွားရာ၌ ခရီးကြမ်းဖြစ်၍ တစ်ခါတစ်ရံ ကျောက်တုံးကျောက်ဆောင်ထူထပ်ရာ တစ်ခါတစ်ရံ တောင်တက်ရ၏။ တစ်ခါတစ်ရံ ဆူးတောတိုးရ၏။ တစ်ခါတစ်ရံ ချောင်းရိုးလျှောက်ရ၏။ တစ်ခါတစ်ရံ သစ်ပင်တက်ရ၏။ တစ်ခါတစ်ရံ ဖုန်တော၊ ဗွက်တော တိုးရ၏။ ထိုအခါများတွင် ခြေသပ္ပတ်တိုင်ကို အမျိုးမျိုး လှည့်ရလေရာ သာမန်အချိန်မျိုးနှင့်မတူ။ တစ်ခါတစ်ရံ တစ်နေ့လုံး တစ်ညလုံး ဖိနပ်မချွတ်ရသဖြင့်လည်းကောင်း၊ လမ်းလျှောက်ချိန်ကြာ၍လည်းကောင်း၊ ခြေထောက်သွေးကျများ၍ ရောင်လာတတ်ပေရာ ဖိနပ်ကျယ်လာတတ်၏။ စိုလိုက် ခြောက်လိုက်ဖြစ်ပြန်လျှင်လည်း ထို့အတူပင်။ ထို့ကြောင့် တောပစ်ခရီးသွားပြီဆိုလျှင် ဖိနပ်ကို တစ်နံပါတ်ပိုကြီး၍ နံပါတ် ၈ ကို စီးခြင်းမှာ ကျွန်ုပ်၏ အလေ့အကျင့်ဖြစ်၏။ သို့မှသာ အထက်ပါ အခက်အခဲများ ကျော်လွှားနိုင်ကာ ဒုက္ခမပေးနိုင်၊

အကယ်၍ တောလည်ခရီးသွားစဉ် ဖိနပ်က ဒုက္ခပေးပါက မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုများ များစွာပေါ်ပေါက်လာနိုင်ပြီး ခရီးစဉ်တစ်ခုလုံး ပျက်နိုင်ပေသည်။

ယခုအခါ "ချက်ကို" တောစီးဖိနပ်မှာ ရှားပါးနေ၍ အလားတူမည့် ဖိနပ်ကို ရှာရသည်မှာ ကျွန်ုပ်အတွက် အလုပ်တစ်ခုပင်ဖြစ်နေလေပြီ။ အလားတူရှာရာတွင် ဖိနပ်၏ (Sole)ခွာမှာ မပျော့မမာ သက်တောင့်သက်သာဖြစ်ရန်လည်း များစွာလိုအပ်၏။ ခွာပါးလွန်း ပျော့လွန်းပြန်လျှင် ကျောက်ဆောင်ကျောက်တုံးများကို ကြာကြာနင်းရသည့်အခါ ခြေဖဝါးက မခံနိုင်။ ခွာထူ၍ မာပြန်လျှင်လည်း သစ်ပင်တက်ခြင်းနှင့် တောင်စောင်းများ တက်ခြင်းပြုရာတွင် အဆင်မပြေ။ ထို့ကြောင့် မုဆိုးတစ်ဦး၏ အရေးကြီးဆုံး ပစ္စည်းများအနက် တစ်ခုမှာ ဖိနပ်ဖြစ်လေသည်။ (ယခုအခါ တပ်မတော် ဖိနပ်စက်ရုံမှ



ထုတ်သော တောစီးဖိနပ်မှာ ချက်ကိုဖိနပ်ကဲ့သို့ပင် အဆင့်မြင့်နေပြီ ဖြစ်၏။)

နာရီဝက်ခန့် ချောင်းရိုးအတိုင်းလျှောက်ခဲ့ရာတွင် ကိုအီစက်က ရှေ့ဆုံးမှ ကျွန်ုပ်က အလယ်မှ ကိုအောင်သန်းက နောက်ဆုံးမှဖြစ်ပြီး ချောင်းစောင်းခြုံတောများ ကမ်းပါးယံများတွင် ပစ်လိုသည့် သားကောင်ကို တွေ့ရှိပါက လျှပ်တစ်ပြက် ပစ်ခတ်နိုင်ရန် ကျွန်ုပ်က ပွိုင့် ၃၀ ဒသမ ၀၆ ဘာနီရိုင်ဖယ်တွင် ၂၂၀ ဂရိမ် အမေရိကန်လုပ် ထိပ်ဖူးချွန်ယမ်းတောင့်ကိုထည့်၍ ဗိုကို တစ်ဝက်ထိုးကာ ညာပခုံးပေါ်တွင် ပြားလိုက်ထမ်းခင်အသေးပိုင် လက်ကိုင်မှ လက်ကိုတင်ကာ လျှောက်လာခဲ့ပေပြီ။

ချောင်းမှာ အကွေ့အကောက်များသကဲ့သို့ ကျောက်တုံးကျောက်ဆောင်ကလည်း ပေါလှသည်။ အချို့ကျောက်တုံးကြီးများမှာ ခါးစောင်း၊ ရင်စို့ရှိသဖြင့် တစ်ဦးနှင့်တစ်ဦး လက်တွဲကူကာ တက်ရသည်။ ပခုံးပေါ်မှ သေနတ်ကိုလည်း ဂရုစိုက်ရ၏။ ကျောက်ဆောင်ကျောက်တုံးများ အတက်အဆင်းတွင် ခြေချော်ကျပါက လူသာမက သေနတ်ပါ ကျိုးသွားနိုင်သည့် အနည်းဆုံး သေနတ် Sight ကို ထိသွားပါက သေနတ်မှာ သုံး၍ရတော့မည် မဟုတ်။ ထည့်ထားသည့်ကျည်မှာ အမေရိကန်နိုင်ငံလုပ် Spring Field အမျိုးအစား ယမ်းတောင့်၊

၃၀ ဒသမ ၀၆ ရိုင်ဖယ် အမျိုးအစား၏ မူရင်းထုတ်လုပ်သော ကုမ္ပဏီမှာ Spring Field ဖြစ်၏။ ထို့ကြောင့် ထိုသေနတ်မျိုးမှာ ၃၀ ဒသမ ၀၆ Spring Field ရိုင်ဖယ်ဟု ကမ္ဘာက သိသည်။ ထိုကုမ္ပဏီသည် ထိုအမျိုးအစားကို ၁၉၀၆ ခုနှစ်က ထုတ်ခဲ့ပြီး ပြောင်းဝအကျယ် ကာလီဘာမှာ ဒသမ ၃၀ ဖြစ်သည်၊ ထုတ်လုပ်သည့်နှစ်နှင့် ကာလီဘာကို ပူးပေါင်းကာ ၃၀ ဒသမ ၀၆ စပရင်းဖီးလ်ရိုင်ဖယ်ဟု အမည်တွင်ခြင်း ဖြစ်၏။

ဤသေနတ်မျိုးမှာ အထက်အောက်၊ သားကောင်ကြီးလတ်တို့ကို ပစ်ခတ်နိုင်သည်သာမက အဝေးပစ်ရာတွင် ကိုက် ၄၀၀၊ ၅၀၀ အထိ ထိရောက်မှုရှိသဖြင့် လူကြိုက်များသော ရိုင်ဖယ်အမျိုးအစား ဖြစ်ပေသည်။

ကျွန်ုပ် ကိုင်ဆောင်ထားသည့် သေနတ်မှာ ထိုသေနတ်ဖြစ်သည်သာမက ထည့်ထားသည့် ယမ်းတောင့်မှာလည်း Spring Field ယမ်းတောင့်အစစ်(Original)ဖြစ်ပေရာ ဗိုင်လို အသားချိန် ၁၀၀ ကျော် ၂၀၀ ပိဿာမျှရှိမည့် သားကောင်ကို ပစ်လှဲနိုင်ပေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ချောင်းရိုးအကွေ့တစ်ခုကို ချိုးကွေ့လိုက်သောအခါ ချောင်းလည်တွင် ရင်စို့ခန့်နှင့် ခါးစောင်းခန့်ရှိ ကျောက်တုံးနှစ်တုံးက ကန့်လန့်ခံနေသည်။ ထို့ကြောင့် ရှေ့မှသွားနေသူ ကိုအီးစက်က ကျောက်တုံးရှေ့သို့ လှမ်းမကြည့်သေးဘဲ ကျောက်တုံးကိုကျော်ရန် နေရာကို ရှာလိုက်သည်။ ထို့နောက် ခါးစောင်းခန့်ရှိသည့် ကျောက်တုံးအား ၎င်း၏ နံဘေးရှိ တစ်ပေခွဲမျှအမြင့်ရှိသော ကျောက်တုံးကလေးကို တစ်ဆင့်တက်ကာ ကျောက်တုံးကြီး ပေါ်သို့ အရောက်တက်၍ တစ်ဖက်ချောင်းတွင်းသို့ ခုန်ချလိုက်သည်။

အလယ်လူ ကျွန်ုပ်ကလည်း သူတက်သည့်နေရာမှတက်၍ ကျောက်တုံးကြီးပေါ်သို့ ရောက်သောအခါ တစ်ဖက်သို့ ခုန်မချသေးပဲ ရှေ့သို့ လှမ်းကြည့်လိုက်မိသည်။ ကိုအီးစက်မှ ရှေ့သို့ နှစ်လှမ်းသုံးလှမ်းပင် ရောက်နေပြီ။

"ရှူး ရှူး ရှူး"

ကျွန်ုပ်က ပါးစပ်မှ လေထုတ်၍ ကိုအီးစက်အား အချက်ပေးကာ ပခုံးမှ သေနတ် ဖြင့် တစ်နေရာဆီသို့ ထိုးချိန်လိုက်ရ၏။

ကိုအီးစက်က ကျွန်ုပ်သေနတ်ပြောင်းတန်းရာသို့ ကြည့်နေစဉ် ကျွန်ုပ်က -

"အကောင်မို့လား"

"ဟာ ဟုတ်တယ် ဆရာ"

လေသံဖြင့် ဖြေ၏။ နောက်မှ ကိုအောင်သန်းကလည်း-

"အကောင် ဆရာ"

ပြောပြောဆိုဆို နှစ်ယောက်စလုံးက ဝပ်၍ချလိုက်၏။

× × ×

ကျွန်ုပ် ကျောက်တုံးပေါ်သို့ တက်သည့်အချိန်တွင် အရှေ့သို့ကြည့်လိုက်ရာ၌ ကျွန်ုပ်တို့၏ လက်ယာဘက်တောင်ကြောမှ ဆင်းလာသော တောင်နှာမောင်းသည် ချောင်းရိုးတွင် လာဆုံးရာ ချောင်းရိုးမှ ၂၀ ဒီဂရီမျှ အမြင့်ဖြစ်နေ၏။ ချောင်းက ထိုတောင်နှာမောင်းအဆုံးကို တံတောင်ဆစ်ချိုးကွေ့၍ သွားသည်။ တောင်နှာမောင်း တစ်လျှောက် ပြောင်စာမြက်များနှင့် ဝါးနုပေါက်ရုံများက ရှိနေသည်။

တောင်နှာမောင်းက ချောင်းက ချောင်းသို့ မရောက်မီ ကိုက် ၃၀ ခန့်အကွာတွင် လင်းယောပင်ကြီးတစ်ပင်က ပေါက်နေပြီး ဝါဝင်းမွှေးကြိုင်သည့် လင်းယောသီးများက ကြွေကျနေသည်မှာ တဖုတ်ဖုတ်။

လင်းယောပင် ပတ်ဝန်းကျင် ၁၀ ကိုက်ပတ်လည်ခန့်အကွာတွင်တော့ သိုက်ဝါးရုံ



များက ကျိုးတိုးကျဲတဲသာ ပေါက်နေသဖြင့် အမြင်က ရှင်းနေသည်။ ထိုအနေအထား တွင် လင်းယောပင်အောက်၌ သတ္တဝါတစ်ကောင်က လင်းယောသီးများကို ကောက်၍ စားနေခြင်း ဖြစ်၏။ သို့သော် ဦးခေါင်းကို မမြင်ရ။ ကျွန်ုပ်တို့ ချောင်းအတွင်းမှဖြစ်ပြီး သားကောင်က တောင်နှာမောင်းမှဖြစ်သော်လည်း တောင်စောင်းတွင် ပြောင်စာမြက်နှင့် ဝါးပင်ပေါက်တောက ကွယ်နေသည်။

သို့သော် ကိုယ်လုံးဟုထင်ရသော ထုထည်ကို တွေ့ရ၏။ ထိုထုထည်မှာ အရပ် ၅ပေခွဲခန့်ရှိမည့် နီဝါဝါ ကိုယ်ထည်ကြီး။ ထိုကိုယ်ထည်ကြီးမှာ လက်မဲလက် (အနန်းလက် ကဲ့သို့ဖြစ်ပြီး ဆူးရှိသည့် အရွက်မျိုး) အခြောက်ကဲ့သို့ နီညိုညို၊ ကြဲတဲတဲ (အနန်းလက် ခြောက် ကျဲကျဲကဲ့သို့)ရှိနေ၏။

ထိုကိုယ်ထည်ကြီးအား သုံးယောက်သား ကြည့်နေခိုက် သားကောင်က ကျွန်ုပ်တို့ ဘက်သို့ ခပ်ဆိုင်းဆိုင်း တင်ပါးကိုလှည့်လိုက်သည်သာမက နွားမြီးကဲ့သို့ရှိသည့် အမြီးကို လည်း ခတ်လိုက်သည်။ ထိုအခါတွင် အမြီးအောက် တင်ပါးဖေါင်ခြံတွင်ရှိသည့် အဖြူရောင် အသွေးက ပေါ်လာခဲ့ရပြီ၊ သေချာပါပြီ။ တစ်ကောင်တည်းသော စိုင်ပေါက်(စိုင်ဖို)ကြီး တစ်ကောင်၊ ဦးခေါင်းနှင့် ချိုကိုမူ မတွေ့ရ။

အချိန်မှာ ညနေ ၃ နာရီခွဲခန့်ရှိပြီ၊ အလွန်ပိန်သဖြင့် နံရိုးများ ပြိုင်းပြိုင်းဖြစ်နေ သော စိုင်ထီးဖိုကြီး၊ ဤလို စိုင်ထီးကြီးမျိုးမှာ စိုင်အုပ်က လက်မခံ။ တစ်ခါက စိုင်အုပ်တွင် ဗိုလ်လုပ်ခဲ့သော်လည်း အသက်ကြီး အားအင်ချိနဲ့လာသောအခါ နောက်တက် စိုင်ပေါက်တစ်ကောင်ကောင်က တော်လှန်မောင်းထုတ်၊ ခေါင်းဆောင်အလုပ်မှဖြုတ်ခါ အနားပေးခြင်း ခံခဲ့ရပြီ။

စိုင်တို့သဘောအရ အုပ်မှ နန်းကျခဲ့ရပြီး သာမန်နန်းကျနည်းမဟုတ်။ အတိုက်ခံ၊ အခတ်ခံရ၍ နန်းကြခြင်း၊ ဒဏ်ရာဒဏ်ချက်များကြောင့် နန်းကျခြင်းဖြစ်သဖြင့် ၎င်းကောင်မှာ အရိုးပေါ် အရည်တင်သာ ရှိတော့သည်။ စိုင်၏ ကိုယ်ထည်ကိုကြည့်ရခြင်း ဖြင့် ဒဏ်ရာများ ပျောက်ကင်းစပင် ရှိပေလိမ့်မည်၊ သို့သော် ဤလိုနန်းကျစိုင်ပေါက်မျိုး မှာ အသက်ကြီး၊ ဦးချိုရင့်သဖြင့် မုဆိုးအဖို့ အမှတ်တရပစ္စည်းရနိုင်သည်။

အတွေ့အကြုံရင့်သည့် အမဲကြီးပစ်မုဆိုးများအဖို့ အသားသည် အဓိကမဟုတ်။ အမှတ်တရ ဦးချိုကြီးကြီးကားကားသည်သာ အဓိက အမှတ်တရပစ္စည်းဖြစ်ပေသည်။

ကျွန်ုပ်က စိုင်၏ ဦးချိုကို မမြင်ရသော်လည်း ဤလိုစိုင်ကြီးမျိုးကိုသာ မချောင် လှမို့ ဖိုးကျိုင်းတုတ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဒီစက်က ကျွန်ုပ်ရှေ့မှနေသော်လည်း မြေမှာ ဝပ်ပေးနေပြီမို့ ကျွန်ုပ်သေနတ် ကျည်သွားရာလမ်းနှင့် လွတ်ကင်းနေဖြီ။ သို့ဆိုလျှင် ကျွန်ုပ်၏ ၃၀ ဒသမ ၀၆ Spring Field ရိုင်ဖယ်နှင့် Original ယမ်းတောင့်က အမှားအယွင်း မရှိနိုင်။ ဒိစိုင်ကြီး၏ ဦးချိုကို ရကိုရတော့မည်။ ဤသည်မှာ ကျွန်ုပ်၏ လောဘသား။

ကျွန်ုပ်က စိုင်၏ အရှေ့ဘက် နံရိုးဆုံးရာသို့ ချိန်လိုက်သည်၊ ထို့နောက် အောက်သို့ အနည်းငယ်နိမ့်ကာ သူ၏ ယာလက်ချိုင်းအတွင်းသို့ သေနတ်၏ ရှေ့ချိန်သီးကိုထား နောက်ချိန်သီး၏ အလယ်မှ တည့်မတ်စေကာ သေနတ်ဒင်အား ပခုံးနှင့်ဆွဲညှစ်၍ ပစ်ခလုတ်အား ဆွဲလိုက်ပြီ။ စိုင်၏ နှလုံးသားရှိရာ တည့်တည့်ကိုပေါ့။

"ချော်က်"

"ဟာ"

"ဒိုင်း"

"ဖျောင်း ဖျောင်း"

"ဝုန်း ဝုန်း ဝုန်း"





"ဟာ . . . သွားပြီ၊ လုလိုက်တဲ့ ချိုကြီး ဆရာရယ်"

"နမြောဖို့ကောင်းလိုက်တာ"

ဆိုသည့် အသံများသာ တဒင်္ဂဆက်တိုက်ကြားလိုက်ရသည်။ ကျွန်ုပ်က သားကောင် ပေါ်လာနိုင်သည့် တစ်ဖက်တောင်စောင်းဆီသို့ သေနတ်ကို ချိန်ထားဆဲ။ သို့သော် သားကောင်က ပေါ်မလာ။ ချောင်းအတိုင်းစုန်၍ ပြေးပြီမို့ တံတောင်ဆစ်ကွေ့ဖြစ်နေသော ချောင်းကွေ့၏တစ်ဖက်သို့ ကျွန်ုပ်က မမြင်ခဲ့ရနိုင်။

ကျွန်ုပ်က အဖြစ်အပျက်ကို ပြန်လည်စစ်ဆေးကြည့်ရာ -

"ချော်က်"ဆိုသည့်အသံမှာ ကျည့်အ(Misfire)ဖြစ်သွားခြင်း၊ ကျည်အ,သည်ဆို သော်လည်း လုံးလုံးမထွက်သည်မဟုတ်။ ကျည်အ,သည်ထင်၍ ကျွန်ုပ်က "ဟာ"ဟု အသံအနည်းငယ်ထွက်ခါ သေနတ်ကို ပခုံးမှ အနည်းငယ်ယို့၍ ခေါင်းထောင်ကြည့်လိုက် စဉ် "ဒိုင်း"ခနဲ သေနတ်က ထွက်သွားခြင်းဖြစ်၏။ ကျည်ဆန် မီးကူးနှေးခြင်း(Delay Action)သာ ဖြစ်၏။ ထို့ကြောင့် Target ကို မမှန်တော့။ သေနတ်ထိန်းချုပ်မှု အနေအထားက ပြောင်းခဲ့ပြီ။ "ဝုန်း ဝုန်း ဝုန်း"ဆိုသည်မှာ စိုင်ပေါက်ကြီးက ကျွန်ုပ်တို့နှင့် ဆန့်ကျင်ဘက်သို့ ဦးခေါင်းထောင်၍ ဆင်းပြေးသံ၊ "ဖျောင်း ဖျောင်း"ဆိုသည်မှာ ကျွန်ုပ်က နောက်တစ်ချက်လိုက်ပစ်ရန် မောင်းထပ်တင်ခြင်း ဖြစ်၏။

သို့သော် စိုင်ပေါက်ကြီးကို မမြင်ရတော့သဖြင့် မပစ်လိုက်ရတော့။

စိုင်ပေါက်ကြီးအပြေးတွင် တဒင်္ဂမြင်လိုက်ရသော သူ၏ဦးချိုကြီးနှစ်ဖက်မှာ စိုင်ကြီး၏ ချိုရင်းထိပ်မှဘေးသို့ ပြန့်ကားသွားပြီးမှ ကွေးဝိုက်၍ ထောင်နေသည်မှာ ယောက်ျားကြီးတစ်ဦး ပခုံးနှင့် တည့်တည့်လက်ကို ဆန့်ထားရမှာ တံတောင်ဆစ်အား ကွေးဝိုက်ခါ လက်ထောင်ထားသကဲ့သို့ရှိကာ ချိုရင်းမှာလည်း တုတ်လှသဖြင့် လှပ အမှတ်တရဖြစ်လောက်သော ဦးချိုကြီးပင် မဟုတ်ပါလား။

သူကာ၊ ကိုယ့်ကံကို အဆုံးအဖြတ်ပေးခဲ့သည့် သေနတ်သံကြောင့် -

"ဟာ သွားပြီ၊ လုလိုက်တဲ့ ချိုကြီး ဆရာရယ်"

ကိုဒီစက်၏ မချိတင်ကဲ အသံ။


"နမျောစရာကောင်းလိုက်တာ"

ကိုအောင်သန်း၏ တမ်းတသံ။

တကြွင်း။ (ထိုစိုင်ပေါက်ကြီးကို ကျွန်ုပ်တို့ မုဆိုးအဖွဲ့တွင် ယနေ့တိုင် ဂိုဏ်တိုးတော်ကြီးဟု အမှတ်ထင်ထင် ပြောဆိုလျက်ပင် ရှိပါသည်။)

www.burmeseclassic.com

www.burmeseclassic.com






နှစ်လုံးပူးသေနတ်။

နှစ်လုံးပူးသေနတ်ကို လူတိုင်းလိုလို ကြားသိတွေ့မြင်ဖူးပေမည်။ မတွေ့ဖူးသည့်တိုင် ကြားဖူးနားဝတော့ ရှိကြ၏။ ကိုလိုနီခေတ်မှစ၍ လွတ်လပ်ရေးရပြီး ကာလတိုင် ကျေးရွာ လူကြီးများအား ဆုအဖြစ်လည်းကောင်း၊ လိုင်စင်အဖြစ်လည်းကောင်း ပေးအပ်ခါ ကိုင်ဆောင်စေခဲ့သဖြင့် တောလက်ကျေးရွာများမှပင် နှစ်လုံးပူးသေနတ်များကို သိရှိကြပြီး လူကြီးကိုင်သည့်သေနတ် (သူကြီးသေနတ်)ဟုပင် ခေါ်စမှတ်ပြုကြပါသည်။

နှစ်လုံးပူးသေနတ်မျိုးမှာ တိုက်ပွဲဝင်သေနတ်(Military Arms)များ မဟုတ်ကြဘဲ အားကစားသေနတ်(Sport Arms)၊ အပျော်ပစ်၊ ငှက်ပစ်၊ အမဲပစ် သေနတ်များ သက်သက်သာ ဖြစ်ကြလေသည်။ (၁၂ ဗိုနှစ်လုံးပူးသေနတ်)ဟုလည်းကောင်း၊ ၁၂ ဘိုး တစ်လုံးထိုးသေနတ်ဟုလည်းကောင်း ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ နိုင်ငံ ရဲတပ်ဖွဲ့လက်နက်လိုင်စင်ဌာနမှ ဖွင့်ဆိုပါသည်။

နှစ်လုံးပူးသေနတ်များမှာ ပြောင်းရစ်မပါသော ပြောင်ချောသေနတ်များဖြစ်ခါ ပြောင်းဝအကျယ်အလိုက် ၁၀ ဂိတ်၊ ၁၂ ဂိတ်၊ ၁၆ ဂိတ်၊ ၂၀ ဂိတ်၊ ၂၈ ဂိတ်၊ ၄၁၀ ဘိုး စသည့်သော Gauge Gun များ ဖြစ်ကြသည်။ ဂိတ်ကြီးလာလေ ပြောင်းဝငယ် သွားလေ ဖြစ်၏။ တစ်လုံးထိုးသေနတ်များမှာလည်း အလားတူပင်။ ထိုသေနတ်များကို ပစ်ခတ်သောအခါ ယမ်းတောင့်အမျိုးအစားအလိုက် ပြောင်းဝမှထွက်ရာတွင် တစ်တောင့် တည်းမသွားဘဲ ခဲစေ့များကြဲဖြန့်ကာ ထွက်သွားသဖြင့် အနောက်နိုင်ငံများအခေါ်အဝေါ်အရ (Scatter Gun)သေနတ်အဖြစ် လူသိများလှပေသည်။ အလွယ်အားဖြင့် နှစ်လုံးပူး (Double Barrel) အတိုကောက် D.B ဆိုလျှင် မသိသူမရှိသလောက် ဖြစ်ပါသည်။ ရေပန်းအစားဆုံးသေနတ်မှာ ၁၂ ဂိတ်ဖြစ်ပြီး ၁၆ ဂိတ်၊ ၂၀ ဂိတ်၊ ၂၈ ဂိတ်၊ ၄၁၀ ဘိုး သေနတ်များမှာ ပြောင်းဝကျဉ်းသဖြင့် မိန်းမကိုင်ဖြစ်၏။

အထက်တွင် ဖော်ပြသကဲ့သို့ ပြောင်းရစ်မပါသော ပြောင်းချောသေနတ်ဖြစ်သဖြင့် ပစ်ခတ်ရာတွင် ပြောင်းရစ်၏ ညှစ်အားကို လုံးဝမရနိုင်ဘဲ ယမ်းတောင့်၏ ပေါက်ကွဲအား သက်သက်ကိုသာ အားကိုးရသော သေနတ်ဖြစ်သည်။ ထို့ကြောင့် ပြောင်းရစ်ပါသော ရိုင်ဖယ်(Rifle)သေနတ်များကဲ့သို့ အဝေးပစ်ရာတွင် ထိရောက်မှုမရှိ၊ ပြောင့်တန်းမှုမရှိ ပစ်ခတ်သည့် အကွာအဝေးကိုလိုက်၍ ခဲစေ့များမှာ ပြန့်ကားသွားသဖြင့်လည်း ထိရောက်မှု မရှိလှပေ။ တစ်ခါတစ်ရံချိန်သည့် နေရာကိုငုံ၍ ကြဲဖြန့်သွားသော်လည်း ပစ်မှတ်ကိုမူ တစ်လုံးတစ်စေ့မျှမထိဘဲ လွှဲချော်သွားတတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အကွာအဝေးထိရောက်မှုတွင် ယမ်းတောင့် အမျိုးအစားကိုလိုက်၍ စရိတ်ခဲလုံးလေးများနှင့်ဆိုလျှင် အကြမ်းဖျဉ်း ကိုက် ၅၀ အတွင်း၊ အမဲပစ်ခဲလုံးကြီးများနှင့်ဆိုလျှင် ကိုက် ၇၀ ခန့်အတွင်းသာ ထိရောက်မှုရှိသည်။ ကျည်မခေါ်သော တစ်လုံးတည်းသော ဘောတောင့်နှင့်မူ ကိုက် ၁၀၀ ခန့်အတွင်း ထိရောက်နိုင်သည်။


နှစ်လုံးပူးသေနတ်များမှာ ရိုင်ဖယ်သေနတ်များထက် အမဲပစ်ရာတွင် သာလွန်ကောင်းမွန်သောအချက်မှာ ၎င်း၏ ထိရောက်နိုင်သည့် အကွာအဝေးတွင် လှုပ်ရှားပြေးလွှားနေသော ပစ်မှတ်သားကောင်ကို ပစ်ခတ်ရာ၌မူ အလွန်ကောင်းမွန်ထိရောက်၍ ပစ်ခတ်ရရှိမှု အခွင့်အလမ်းကောင်းပေသည်။ ထို့ကြောင့် နှစ်လုံးပူးစတင် ပေါ်ပေါက်လာသည့် ၁၉ ရာစုကတည်းက ယနေ့ကာလမျိုးတိုင် နှစ်လုံးပူး၏ ဂုဏ်ရောင်မှာ မှေးမှိန်သွားခြင်းမရှိ။ မုဆိုးလောကနှင့် သေနတ်ပစ်အားကစား သေနတ်ဝါသနာပါသူများကြားတွင် ရေပန်းစားလျက်ပင် ရှိနေပါသည်။


ပစ်ခတ်ရသည့် ယမ်းတောင့်အမျိုးအစားအားဖြင့်လည်း များပြားရှုတ်ထွေး၍ ပစ်ခတ်သည့် သားကောင်ပေါ်မူတည်ကာ ယမ်းတောင့်ရွေးတတ်ရန် လိုသည်။ ဥပမာအားဖြင့် Medium Game ခေါ် အမဲလတ်များဖြစ်သည့် ဆတ်၊ ဒရယ်၊ ဂျီ(ချေ)၊ တောဝက်၊ ကျား၊ ကျားသစ်၊ ကြောင်ကိုပစ်လျှင် အင်္ဂလိပ်ခြောက်လုံးကျည်(LG)၊ ကိုးလုံးကျည်(SG)၊ ၁၂ လုံးကျည်(SSG)၊ ၁၆ လုံးကျည်(SPSG High Velocity)၊ အမေရိကန်လုပ် (OOB, OB, 1 Buck) တို့ဖြင့် ပစ်ခတ်ရ၍ ငှက်များကြက်များကို ပစ်ခတ်လျှင် စရိတ်တောင့်ဖြစ်သည့် AA, BB, နံပါတ် ၁၊ ၂၊ ၃၊ ၄၊ ၅ မှ ၉½ ထိတို့ဖြင့် ပစ်ခတ်ရသည်။ နံပါတ်ကြီးလေ ခဲလုံးသေးလေဖြစ်ပါသည်။

ပစ်ခတ်မည့် အမဲသားကောင်နှင့် ရွေးချယ်သည့် ယမ်းတောင့် ညီမျှမှုရှိပါက သားကောင်ကိုရရှိရန် အလားအလာများစွာ ကောင်းပေသည်။

အမဲကြီးများဖြစ်သော ဆိုင်၊ ပြောင်၊ ဆင်၊ ကျားတို့ကိုမူ နှစ်လုံးပူးဖြင့် စွန့်စားပစ်ခတ်ရန် မသင့်ပေ။ ဥပဒေအရလည်း ခွင့်မပြုပါ။

ဖော်ပြပါ နှစ်လုံးပူးယမ်းတောင့်များတွင် ငှက်ပစ်ကျည်ဆံကလွဲ၍ အမဲပစ်ကျည်ဆံအမျိုးအစားများအနက် စာရေးသူအကြိုက်ဆုံးမှာ ၉ လုံးကျည်(SG)နှင့် (OOB)သာဖြစ်ပါသည်။ ၆ လုံးကျည်(LG)မှာ ၉ လုံးကျည်ထက် အလုံးကြီးသော်လည်း သားကောင်က ဝေးနေလျှင် ကွင်းသွားတတ်သည်။ ထိပြန်လျှင်လည်း ချိန်သည့်နေရာနှင့်ပတ်ဝန်းကျင်



စနက်တန်မီးကူးပြီးနောက် ခုတုံးနှင့် ကျည်စေ့များ ပြောင်းရင်းမှ အားနှင့်ထွက်လာသည်။ ခုတုံးက ကျည်စေ့အုံနှင့် ကွာသွားပြီး ခွာအားဖြင့် ကျည်စေ့ကို တွန်းလိုက်ခြင်းဖြင့် ထိချက် ပို၍ပြောင့်တန်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ကို မထိတတ်။ သို့သော် နီးကပ်သော ပစ်မှတ်အတွက်ဆိုမှ ထိရောက်မှုရှိပါသည်။ ၁၂ လုံးကျည်(SSG)မှာ ၉ လုံးကျည်ထက် သေးငယ်သည်။ ပစ်မှတ်ကိုထိရန် အခွင့်အရေး ပိုသော်လည်း ထိရောက်မှုအင်အား မကောင်းလှ။ အကောင်ကြီး၍ ထပ်ဆင့်ရလျှင်လည်း အင်အားနည်းလှသည်။ ထို့ကြောင့် အဝေးပစ်ရာတွင်ဖြစ်စေ၊ ထပ်ဆင့်ရလျှင်ဖြစ်စေ ထိရောက်မှုရှိသော အရွယ်အစား မကြီးမငယ်လှသည့် ၉ လုံးကျည်ကိုသာ စာရေးသူ ကြိုက်ခြင်း ဖြစ်ပါသည်။ အကျဉ်းအကျပ်ထဲတွင်လည်း မှဆိုးအား များစွာ အကာ အကွယ်ပေးနိုင်သည်။ အားကိုးရသော ကျည်မျိုး ဖြစ်သည်။ (SG သို့မဟုတ် O.O.B)ကိုသာ သုံးလေ့ရှိသဖြင့် ယမ်းတောင့်ရွေးရန် အလုပ်နှင့် ခေါင်းခဲသေး မှားယွင်းပစ်ခတ်မှုမျိုးလည်း မရှိနိုင်တော့ပေ။ SG (သို့မဟုတ်) O.O.B ၏ ထိရောင်မှုနှင့် ပတ်သက်၍ တင်ပြရလျှင် မှုကား .....

× × ×

နေမှာ ပူပြင်းလှပါဘိသည်။ နံနက် ၈နာရီခန့် ရွာမှ အထွက်တွင်မူ နှင်းရိပ် နှင်းငွေ့များ မပြယ်သေး။ နှင်းများက လှည်းလမ်းတစ်လျှောက်ရှိ ချုံပင်မြက်ပင်များတွင် ပုလဲလုံးကလေးများပမာ ဟီးလေးခိုတောက်ပနေသေးသည့်အတွက် ကျွန်တော့်မှာ နှင်းစို မခံလိုသဖြင့် ခြေလျင်မလျှောက်ဘဲ လှည်းပေါ်တွင်ထိုင်၍ လိုက်ပါလာမိသည်။

ယခု ၁၀နာရီခွဲတော့မည်။ ၂နာရီကျော်ခန့် လှည်းပေါ်တွင် မလှုပ်မယှက် လိုက်ပါ လာရသဖြင့်လည်းကောင်း၊ နေမှာ တစ်မိနစ်ထက် တစ်မိနစ် ပို၍ ပူပြင်းလာသည့် အတွက်လည်းကောင်း၊ ညောင်းညာကိုက်ခဲလာကာ လှည်းပေါ်မှဆင်းရန် ဟန်ပြင်ရင်း လှည်းမောင်းသူကို ခေတ္တရပ်ပေးရန် ပြောမိပါသည်။

"ဘယ်နဲ့လဲ ကိုစိုး။ ညောင်းနေပြီလား၊ အင်း ... နေကလဲ ပူလာပြီဆိုတော့ ခင်ဗျားတို့လို အရိပ်ထဲ အလုပ်လုပ်နေရသူတွေအဖို့ အပူရှိန်က သိသာလာမှာပေါ့"

ဟု ခြေလျင်လိုက်လာသော အင်းတကော် မုဆိုးကျော် ကိုတင်အေးက မေးပြော ပြောလိုက်သည်။

ကျွန်တော်က လှည်းပေါ်မှ ခုန်ဆင်းရင်း ပြုတ်ကျသွားသည့် တောလိုက်ဦးထုပ်ကို ပြန်ကောက်လျက် "ဟုတ်တယ် ကိုတင်အေးရေ၊ ပူတာတော့ အမှန်ပဲ၊ ဒါပေမယ့် ကျွန်တော် ခံနိုင်ပါတယ်၊ ဝါသနာပါတဲ့ အလုပ်လုပ်ရမယ်ဆိုတော့ ဒါလောက်ပူတာလဲ အရေးမကြီးပါဘူး"



ပြောမည့်သာ ပြောရသည်။ ပူလွန်းသဖြင့် ဦးထုပ်နှင့် ယပ်ခတ်ရင်း သူ့နောက်မှ ခြေလျင်လိုက်နေမိပါသည်။

"ဟိုလူတွေကတော့ ဇိမ်ပဲဗျ၊ သူတို့လှည်းက လူသက်သက်ပဲ စီးလာတော့ ချောင်ချောင်ချိချိနဲ့ ကျွန်တော်စီးတဲ့လှည်းက ရိက္ခာနဲ့ ပစ္စည်းလှည်းဆိုတော့ ခြေထောက် တောင် ဆန့်လို့မရဘူး။ ညောင်းနေတာပဲ၊ သူတို့ကော နောက်မှာ တော်တော်ကျန်ခဲ့သလား"

ကျွန်တော်တို့နှင့် တစ်ဖွဲ့တည်းလာကြသည့် ဇော်သန်း၊ ကျော်ကျော်၊ ဦးမောင်မောင်စိုး တို့လှည်းအား နောက်တွင် မမြင်သဖြင့် မေးမိသည်။

ကိုတင်အေးက "ပါပါတယ်၊ သူတို့လှည်းက ကျွဲလှည်းဆိုတော့ နှေးတယ်လေ၊ ဒါကြောင့် ကျွန်တော်တို့ နွားလှည်းကို မမီတာ၊ သိပ်ဝေးမယ်တော့ မထင်ဘူး၊ လှည်း သမားကလဲ ကျွန်တော့်တူပါ၊ ဒီလမ်းကို သွားနေကျ၊ လမ်းမမှားနိုင်ပါဘူး၊ ကျွန်တော်တို့လဲ ကွင်းဟိုဘက်စောင်းက ဆတ်အင်းရွာရောက်ရင် နေခိုရင်း သူတို့ကို စောင့်မယ်၊ နက်စာစားပြီး နွားကော၊ လူကော နားပြီးမှ ညနေ ၃နာရီလောက် ခရီးဆက်တာပေါ့" ဟု ကိုင်ထားသော စလွယ်ခုတ်ဓားဖြင့် ညွှန်ပြရင်း ရှည်လျားစွာ ရှင်းပြပါသည်။

× × ×

မတ်လ ဖြစ်သည်။ နွေပူညချမ်းသည့် တပေါင်းလ ဦးကြင်ဥ၏ ၁၂လရာသီဖွဲ့ တွင် ရေဖွဲ့သကဲ့သို့ တောတောင်သဘာဝနှင့် ပန်းမျိုးစုံပွင့်၍ လှပအတင့်တယ်ဆုံးသော လ ဖြစ်သည်။

ကိုဇော်သန်း၏ စည်းရုံးလှုံ့ဆော်ချက်အရ ဤနွေဦးရာသီတွင် ကျွန်တော်တို့ ရန်ကုန် မုဆိုးအဖွဲ့ အင်းတကော်ဘက် အမဲပစ်ထွက်ဖြစ်သည်။ အင်းတကော်မှာ ရန်ကုန်-ပဲခူး ကားလမ်းပေါ်မှ ရွာကလေးဖြစ်ပြီး ရန်ကုန်မှ ၃၅မိုင် ကွာဝေးသည်။ ကားလမ်းခရီးသွား များ ဝင်ရောက်နားခိုသည့် စခန်းထောက်တစ်ခုဖြစ်၍ ကားလမ်းနံဘေး ဝဲ၊ ယာတွင် စားသောက်ဆိုင်ကလေးများရှိကာ စည်ကားသော ရွာကလေးတစ်ရွာဖြစ်သည်။ ပဲခူးမြို့နယ် ရွာကလေးဖြစ်ပြီး စာတိုက်ပင်ရှိသဖြင့် ဆက်သွယ်ရန် လွယ်ကူသည်။

ယခုလည်း ကိုဇော်သန်းက တစ်လမျှ အချိန်ယူကြိုတင်စီစဉ်၍ ပစ္စည်းရိက္ခာ ပြည့်အစုံဖြင့် တောလည်ထွက်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့ ရန်ကုန်မုဆိုးအဖွဲ့တွင် ကိုဇော်သန်း၊ ဦးမောင်မောင်စိုး၊ ကျော်ကျော်(အရှေ့တောင်အာရှ သေနတ်ပစ် ငွေတံဆိပ် ရရှိ)နှင့် ကျွန်တော်ပါဝင်ပြီး စိတ်တူသဘောတူ ဝါသနာတူများဖြစ်ကာ ညီအစ်ကိုတမျှ

www.burmeseclassic.com

 www.burmeseclassic.com

ရင်းနှီးကြပါသည်။ ရွာခံမုဆိုးများဖြစ်ကြသော ကိုတင်အေး၊ ဆရာဒွေးလွင်(စီအိုဒီ တပ်ကြ ကြီးဟောင်း)၊ ရွာခံတောမောင်းသူများအဖြစ် ဦးသာဆင်၊ ဦးသက်ထွန်းနှင့် ကိုဖိုးတုတ် ကိုငပျော့ စုစုပေါင်း ၁၀ဦးဖြစ်သည်။ လှည်းသမား ၂ဦးပါဆိုလျှင် ၁၂ယောက်ဖြစ်သည်

ကျွန်တော်တို့ ရန်ကုန်မှဆိုး ၄ဦးမှာ နံနက် ၅ နာရီတွင် လူစုံပြီဖြစ်၍ ဦးမောင်မော စိုး၏ အော်စတင်ကားနက်ကြီးဖြင့် ရန်ကုန်မှ စတင်ထွက်ခဲ့သည်။ လမ်းတွင် စကား တပြောပြောနှင့် မောင်းခဲ့ကြရာ ရွာသို့ နံနက် ၇နာရီခန့်တွင် ရောက်သည်။ ရွာတွင် ကိုတင်အေး ဆရာဒွေးလွင်တို့ ရွာခံမုဆိုးအဖွဲ့က လှည်း ၂စီးဖြင့် စောင့်ကြိုနေ ကျွန်တော်တို့ရောက်မည့်ရက်နှင့် အချိန်ကို ကိုဇော်သန်းက တိတိကျကျ ကြိုတင်မှ ကြားထားရုံမက လိုအပ်သည့် ရိက္ခာပစ္စည်းများကို ကြိုတင်ပို့ထားပြီးလည်းဖြစ်သဖြ အစီအစဉ်မှာ ချောမွေ့နေသည်။

ကျွန်တော်တို့နှင့်အတူ ပါလာသည်ကတော့ အဝတ်အစားကြောပိုးအိတ်တစ်လုံ စီနှင့် လိုင်စင်ဖြင့် ကိုင်ခွင့်ရထားကြသည့် နှစ်လုံးပူးသေနတ် ၅လက်၊ လေသေနတ် ၁လက်နှင့် ယမ်းတောင့်များသာ ဖြစ်သည်။ ရွာမှစောင့်နေသည့်လူစုများနှင့် ပူးပေါင်းမိ သောအခါ ရွာရှိပစ္စည်းများကို လှည်း ၂စီးပေါ်တင်ပြီး နံနက်အဆာပြေစားကြရန် ရွာရှိ အမေသောင်း စားသောက်ဆိုင်သို့ ဝင်ခဲ့သည်။ အမေသောင်းက ခင်မင်သိကျွမ်းနေသူပီပီ

"ရှေ့နေကြီးတို့ လူစုပါလား။ ပဲခူးမှာ ရုံးချိန်းရှိလို့ သွားကြမှာလား"

ရုံးဖွင့်ရက်ဖြစ်သဖြင့် ရုံးချိန်းသွားမည်အထင်နှင့် မေး၏။

"မဟုတ်ပါဘူး အမေသောင်းရာ၊ ဒီနှစ် တောပစ်ရာသီမှာ အလုပ်များလို့ ဘယ်ကိုမှ မထွက်နိုင်သေးတာနဲ့ အခုမှ ရက်အားလေးရတုန်း တောပစ်သွားမလို့ပါ"

"ဘယ်ကို သွားကြမှာလဲ"

"ကျွဲဖြူအင်းရွာဘက်ကိုပါ"

မှန်ပါသည်။ ကျွဲဖြူအင်းရွာမှာ အင်းတကော်ရွာမှ အနောက်မြောက်ဘက် ၁၃ မိုင် ၁၄မိုင်ခန့်အကွာ အလယ်ရိုးမခေါ် ပဲခူးရိုးမ၏ တောင်ဘက်အစွန်အဖျားအစပ် ဖြစ်ပါသည်။ တောင်မြင့်များမရှိဘဲ ကုန်းငယ်များနှင့် သစ်ဝါးတောများ ပတ်လည်ဝိုင်းနေသော အိမ်ခြေ တစ်ဆယ့်လေးငါးအိမ်မျှ ရှာငယ်ကလေးဖြစ်သည်။ နွေရာသီတွင် ပဲခူး-ရန်ကုန် ကားလမ်း တစ်လျှောက် တောတက်၍ သစ်ခုတ်၊ ဝါးခုတ်၊ ထင်းထုတ်ရာအရပ်ကလေးဖြစ်ပြီး ထင်းစခန်းလေးတစ်ခုမှာ ရွာ၏မြောက်ဘက် ကုန်းကြောအဆင်း လယ်ကွင်းစပ်တွင် တည်ရှိပါသည်။



အစာစားပြီး နားနားနေနေရတဲ့ အစီအစဉ်လောက် ကောင်းတဲ့အစီအစဉ် မရှိပါဘူးဗျာ။

ထိုစခန်းမှာ အင်းတကော်မုဆိုးကျော် ကိုတင်အေး၏ စခန်းလေးဖြစ်၍ ထင်းများ ...ယ်ယူကာ မြို့သို့တင်ပို့ရသော နေရာလေးဖြစ်ပါသည်။ အရှေ့ဘက်တွင် ၁၀ကေမျှ ...လယ်ကွင်းရှိပြီး အနောက်ဘက်တွင် သဘာဝနောက်ခံ တောတန်းများနှင့် သာယာသော ...နေရာလေးဖြစ်သည်။ တဲ၏မြောက်ဘက်တွင် ကိုက် ၂၅၀ ခန့်အကွာ ကွင်းစပ်တွင်မှု ...ညောင်ချဉ်ပင်ကြီးတစ်ပင်ရှိ၍ စခန်း၏အလှကို ပိုမိုဖော်ကျူးတင့်တယ်စေပါသည်။

"ရှေ့နေကြီးတို့အတွက် စားစရာတွေချပါဟော့၊ ဘာသောက်ကြမလဲ"

အမေသောင်းက သူ၏စားပွဲထိုး အော်ပြောရင်း မေးလာ ...သည်။

"ကျွန်တော်တော့ အဆာခံအောင် အုန်းနို့ခေါက်ဆွဲစားပြီးမှ ကော်ဖီသောက်မယ်၊ ကျွန်တော့်သူကွေလဲ သူတို့ကြိုက်တာ မှာပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဖွဲ့မှ လူများ မိမိစားလိုရာကို မှာကြပါသည်။

အမေသောင်းက ဆက်လက်၍ -

"ဘာနဲ့သွားမှာလဲ၊ ခြေကျင်လား၊ တော်တော်ဝေးတယ်နော်၊ တော်တော်လျှောက်ရလိမ့်မယ်"

ဟု ပြောရာ ပျော်ရွှင်တတ်သော ကိုတင်အေးက -

"ခြေကျင်တစ်လှည့် ကုန်းကြောင်းတစ်လှည့်ပေါ့ အမေသောင်းရာ"

ဟု ဝင်၍ နောက်လိုက်ပါသည်။

"ဩော် . . . တင်အေးနဲ့ သွားမှာကိုး"

ကွမ်းဝယ်၍ ဆိုင်ပေါ်သို့တက်လာသော တစ်ရွာတည်းသား မုဆိုး ကိုတင်အေးကို အမေသောင်းက ယခုမှပင် မြင်တွေ့သဖြင့် သဘောပေါက်သွားပါသည်။

ကျွန်တော်တို့လည်း စားစရာများ လာချလျှင်ချခြင်း စားသောက်ကြပြီး အမေသောင်းကို နှုတ်ဆက်ခါထွက်ခဲ့ကြ၏။

× × ×

ဆတ်အင်းရွာသို့ရောက်သောအခါ နံနက် ၁၁နာရီပင်ကျော်နေပြီ။ ကိုတင်အေး၏ အသိအိမ်ရှေ့ နွားတင်းကုတ်နံဘေး ကွက်လပ်တွင် လှည်းကိုဖြုတ်ခါ နားကြသည်။ ဒညင်းပင်ကြီးအောက်တွင်ဖြစ်၍ အရိပ်ကောင်းသဖြင့် အေးမြကာ အမောပြေစေပါသည်။

ကျွန်တော့်မှာ လာလမ်းတစ်လျှောက် လှည်းစီးလိုက်၊ လမ်းလျှောက်လိုက် လာရသဖြင့် ဝမ်းမှာ ဟာလာသဖြင့် လှည်းပေါ်ရှိ ကြောပိုးအိတ်အတွင်းမှ ဘီစကွတ်တစ်ထုပ်ကိုဖောက်ခါ ဝါးနေစဉ် အိမ်ရှင်က ရေနွေးကြမ်းအိုး လာချပေးသဖြင့် ရေနွေးငုံ့သောက်နေမိသည်။ အိမ်ရှင်လူကြီးက ကိုတင်အေးကို မြင်ကတည်းက တောလည်လာမှန်းသိသဖြင့် -

"တင်အေးတို့ ဘယ်နရက်လောက် ကြာမှာလဲဟေ့"

"၃၊ ၄ ရက်ပေါ့ ကိုဖိုးပိန်ရာ၊ ဒီဆရာတွေက ရုံးသမားတွေဆိုတော့ အကြာကြီး မနေနိုင်ဘူး၊ ဒါတောင် ရက်ရှည်လှပြီထင်နေတာ"

ဟု သူတို့ချင်း ပြောဆိုနေရာ ကျွန်တော်ကဝင်၍ -



"ဟုတ်ပါတယ်၊ ကျွန်တော့်တို့က ရုံးသမားတွေနဲ့ အလုပ်သမားတွေပါ၊ ရက်ကြာကြာ မနေနိုင်ပါဘူး။ ဝါသနာကြောင့်သာ မဖြစ်မနေလာခဲ့ကြတာပါဟု မိတ်ဆက်ဝင်ပြော၏။

မကြာမီ ကိုဇော်သန်းတို့လည်း ဝင်လာသဖြင့် လှမ်းကြည့်လိုက်ရာ ကျော်ကျော်မှာ နှစ်လုံးပူးသေနတ်ကို မိုးပေါ်ကိုင်လျက် ကင်းသဘောနှင့် လိုက်လာပြီ။ ကိုဇော်သန်းနှင့် ဦးမောင်မောင်စိုးတို့မှာ တစ်ယောက်ကြော တစ်ယောက်မီလျက် ပါလာကြပါသည်။ ကိုတင်အေးကပင် လှမ်း၍ -

"ကိုဇော်သန်းရေ မူလအစီအစဉ်အတိုင်း ဒီမှာ ချက်ပြုတ်စားပြီး နားကြမယ်၊ နေစောင်းမှ ထွက်ကျတာပေါ့၊ ကျွဲဖြူအင်းကို မမှောင်ခင်တော့ ရောက်မှာပါ"

"ကောင်းပါတယ် ကိုတင်အေး"

ကိုဇော်သန်း၏ဖြေသံ -

"အစာစားပြီး နားနားနေနေနေရတဲ့ အစီအစဉ်လောက် ကောင်းတဲ့အစီအစဉ် မရှိပါဘူးဗျာ၊ ဒီအစီအစဉ်ကို ကြိုက်ပြီဗျို့"

ဦးမောင်မောင်စိုးက သူ၏ခန္ဓာကိုယ်ဝဝကြီးကို လှည်းပေါ်မှ လိမ့်ချလိုက်ရင်း ရယ်ရယ်မောမောနှင့် ပြောလိုက်ပါသည်။ ကျော်ကျော်ကမူ စကားနည်းသူပီပီ ပြုံး၍သာ နေပါသည်။

× × ×

ကျွဲဖြူအင်း၌ ကျွန်တော်တို့ တောမောင်းဖြစ်ကြသည်မှာ ၂ရက်ရှိပြီ။ ဂျီ(ချေ) မှကောင်၊ ဝက် ၂ကောင်တော့ရပြီဖြစ်၍ စခန်းမှာ အသားပြည့်ပြည့်စုံစုံ ရှိနေ၏။ ရိက္ခာအတွက် အသားစိုမှာ မပူရတော့။ ပိုသည့်အသားများကို အခြောက်လှန်း၊ ဆားပက်၍ ဝါးတန်းများပြုလုပ်ကာ နေလှမ်းထားသည်မှာ ရဲရဲနီလျက် ရှိနေပါသည်။

ကျွန်တော်တို့ ရန်ကုန်မုဆိုး ၄ဦးမှာ ကိုတင်အေး၏ စခန်းမြောက်ဘက် ညောင်ပင်အောက်တွင် ကင်းပတ်ရှက်ဖျဉ်တဲထိုး၍ စခန်းချပြီး ကျန်းလူများအားလုံးက ကိုတင်အေးတဲတွင်ပင် စခန်းချပါသည်။ ချက်ပြုတ်ရာ မီးဖိုမှာလည်း ကိုတင်အေးတဲတွင်ပင် ဖြစ်သည်။

ယနေ့မှာ ကျွဲဖြူအင်းတွင် နောက်ဆုံးတောလည်မည့်ရက်၊ ညနေတွင် စခန်းသိမ်း၍ နောက်တစ်နေ့နံနက် ၄ နာရီခန့်ထ၍ ပြန်ကြမည်ဟု စီစဉ်ထားပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ယခုအခေါက်တွင် ကျွန်မှဆိုးများ တောမောင်းရင်း သားကောင်ပစ်ခွင့်ရကြသော်လည်း ကျွန်တော်တစ်ဦးတည်းသာ ပစ်ခွင့်မရသေး။ တောမောင်းရာတွင် ပါဝင်သည့် တောလိုက်ခွေးများက သားကောင်ကို မလွှတ်တမ်း အသေပေးမောင်းထုတ်ပေးကြသော်လည်း ကျွန်တော်စောင့်သည့်ဘက်ကို မထွက်သဖြင့် ပစ်ခွင့်မရ။ ကျွန်တော်လည်း ၂ရက်လုံး စိတ်ပျက်နေမိသည်။

တောမောင်း ခေါင်းဆောင် ဦးသာဆင်ကမူ ကျွန်တော့်အား ခင်မင်ရင်းနှီးသူပီပီ

“စိတ်မပျက်ပါနဲ့ ဆရာရယ်၊ သူများတွေက ဂျီ(ချေ)လောက်၊ ဝက်လောက်သာ ပစ်ရတာပါ။ ဆရာအလှည့်ကျရင် ဆတ်ကို ပစ်ရမှာ၊ ဆတ်မှ သေးသေးမဟုတ်ဘူး ဆတ်ဖားကြီး”

ဟု အားပေးရှာပါသည်။

ကျွန်တော်မှာ ဘာမှမပစ်ရသေးသည့်အတူတူ ငှက်တော့ပစ်မည်ဟူသော သဘောဖြင့် ထိုနေ့က နံနက်စောစော အိပ်ရာမှ ကြိုးစားထပါသည်။ တောတွင်းစခန်းဖြစ်ပြီး တပေါင်းလဖြစ်၍ ညအခါ အလွန်ချမ်းအေးသဖြင့် မထချင်အောင် စောင်ဖြင့် ကွေးနေမိသည်။ နေရောင်မှာ နံနက် ဂနာရီခန့်မှ ပေါ်လာတတ်သဖြင့် ထိုအချိန်မှ ကျွန်လူများ အိပ်ရာ ထကြမည်။ ကျွန်တော်မှာ တဲအနီး ညောင်ချဉ်ပင်တွင် နံနက်စောစောလာတတ်သော အောက်ချင်း၊ ငှက်ငွှားနှင့် ငှငှက်များကို ပစ်ခတ်လိုသဖြင့် စောစောထမိခြင်းဖြစ်သည်။

တဲအတွင်းမှ ၅မမ အမေရိကန်လုပ်(Sharadin)လေသေနတ်ကိုဆွဲ၍ ထွက်လိုက်သောအခါ အလင်းရောင်ကောင်းစွာ ရနေပြီဖြစ်၍ ငှက်ပစ်ရန် အချိန်ကောင်းဖြစ်သည်။

လေသေနတ်ကို မောင်းတင်ရင်း စောင့်နေမိရာ မကြာမီ ညောင်သီးစားရန်လာသော ငှက်များကို စတင်ပစ်ခတ်နေမိပါသည်။ တစ်နာရီခန့်အကြာတွင် ကိုဇော်သန်း နိုးလာကာ တဲထဲကထွက်လာပြီး

“ဟာ . . . တယ်လုပ်လိုက်ပါလား”

ကျွန်တော်ရရှိထားသော အောက်ချင်းနှင့် ငှငှက် ရှစ်ကောင်ကို တွေ့သွားသဖြင့် စကားစနှုတ်ဆက်လိုက်ပါသည်။

“ကျွန်တော်လဲ အမဲမပစ်ရတာနဲ့ ငှက်ပဲ စောစောထပစ်နေတာဗျို့”

“ဟာ . . . ငှက်လဲ စားကောင်းတာပါပဲ၊ လူတွေက ခါးတဲ့၊ စပ်တဲ့ ကြောင်လျှာသီးကို ငရုတ်သီးတို့တောင် စားသေးတာ၊ ငှက်သားက ခါးလဲ မခါး၊ စပ်လဲ မစပ်ဘူး”



ဟု သူပြောချင်ရာကို အသံကျယ်ကျယ်ဖြင့် ပြောဆိုနေပါသည်။ ဆက်၍ -

“ဂျီ(ချေ)သားနဲ့ ဝက်သားတွေ စားနေရတာ ၂ရက်ရှိပြီ။ ဒီမနက်စာတော့ ငှက်သားလေးနဲ့ပေါ့ဗျာ၊ ပြုတ်ကြော်လုပ်ရအောင်ပေးဗျို့”

ဟု ဆိုကာ ငှက်များကိုယူ၍ ကိုတင်အေး၏ တဲဆီသို့ စီမံရန် ထွက်သွားပါသည်။

ကျော်ကျော်နှင့် ဦးမောင်မောင်စိုး နိုးလာသောအခါ ကိုဇော်သန်းက ကော်ဖီကြမ်းနှင့် ဘီစကွတ်များယူလာပြီး ဖြစ်ပါသည်။

အားလုံးမျက်နှာသစ်ကြပြီး ကျွန်တော်တို့ ၄ဦး ရွက်ဖျဉ်တဲအတွင်းဝင်၍ စကားပြောရင်း ကော်ဖီသောက်နေကြစဉ် တစ်အောင့်မျှအကြာ . . .

“ရန်ကုန်မှဆိုးတွေစားလို့ သောက်လို့ပြီးရင် ထွက်ကြစို့၊ ဒီမှာ လူကော ခွေးရော စုံနေပြီ”

ဟု ကိုတင်အေးက သူ့တဲမှနေ၍ အော်လိုက်ရာ ကျွန်တော်တို့လည်း ကော်ဖီဝိုင်းသိမ်းလိုက်ကြပြီး အင်္ကျီ၊ ဘောင်းဘီတို့ကို လဲလှယ်ဝတ်ဆင်ကြရပါသည်။

ကျွန်တော် တောစီးဖိနပ်ကိုင်၍ စီးနေစဉ် ကျွန်တော်ရှေ့၌ ခြေ၂ချောင်းလာရပ်၍ မော့ကြည့်လိုက်ရာ -

“ဟာ . . . ဦးလေးကြီး၊ ဟိုနေ့တွေက ဘယ်သွားနေတာလဲ၊ ကျွန်တော်တို့က ဦးလေးကြီးအားကိုးနဲ့ ကျွဲဖြူအင်းကိုလာတာ၊ ကျွန်တော်တို့လာမယ်မှန်းသိလို့ ရှောင်နေတာထင်တယ်”

ဟု စကားနာထိုးလိုက်ပါသည်။

ဦးလေးကြီးဆိုသူမှာ ဦးတင်ဖေဖြစ်ပြီး သဘောအကောင်းဆုံး၊ အရပ်အမြင့်ဆုံး၊ အပြုံးရွှင်ဆုံး၊ လူချစ်လူခင် အပေါဆုံးသူတစ်ဦးဖြစ်ပါသည်။ ကျွန်တော်တို့နှင့် ယခင်ကပင်သိကျွမ်းရင်းနှီးပြီး တောကောင် ဘယ်တောတွင် ခိုအောင်းနိုင်သည်ကို အနီးစပ်ဆုံး တွက်နိုင်သော တောမောင်းပေးသူတစ်ဦး ဖြစ်ပါသည်။ ကျွဲဖြူအင်းကို လာရောက်စတာလည်းတိုင်း ၎င်းနှင့် ညှိနှိုင်းတောမောင်းကြခြင်း ဖြစ်သည်။ ကျွန်တော်တို့က ခင်မင်ရင်းနှီးသဖြင့် ဦးလေးကြီးဟုသာ ခေါ်ကြပါသည်။

“ဟုတ်တယ် ကိုစိုးရေ ခင်ဗျားပြောလဲ ပြောစရာပဲ၊ ခင်ဗျားတို့ရောက်မယ့်ညနေကပဲ ကျွန်တော်ပဲခူးကို ဈေးဝယ်သွားတာ မနေ့ညနေ မိုးချုပ်မှ ပြန်ရောက်တယ်၊ ပြန်ရောက်ရောက်ချင်း မိန်းမက ခင်ဗျားတို့လူစု တင်အေး ထင်းစခန်းမှာ ရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြတယ်ပြောတာနဲ့ ဒီမနက် စောစောထလာခဲ့တာ"

"ကျွန်တော်တို့လဲ ရောက်ထဲက မေးပါတယ်၊ ဦးလေးကြီးဇနီးက ဈေးဝယ်သွားတယ်လို့ပြောတာနဲ့ ကျွန်တော်တို့ဖာသာ တောလယ်တာ၊ ဦးလေးကြီးမပါလို့နဲ့တူတယ် ကျွန်တော် ဒီတစ်ခေါက် ဘာကောင်မှ မပစ်ရသေးဘူး"

"ပစ်ရမှာပေါ့ဗျာ မပူပါနဲ့၊ သဲပုတ်ထဲကို မရောက်သေးဘူး မဟုတ်လား။ အဲဒီဘက်ကို သွားလည်ဖို့ တင်အေးနဲ့လဲ တိုင်ပင်ပြီးပြီ၊ ကံကောင်းရင် ဆတ်ပစ်ရမှာပေါ့ဗျာ"

ဟု အားပေးပါသည်။

သဲပုတ်ဆိုသည်မှာ ကျွဲဖြူအင်းမှ အနောက်မြောက်ဘက် ၄မိုင်ခန့်အကွာတွင်ရှိသော ဝါးတာရွာကို အသွားလမ်းတွင်ရှိပြီး သဲများအရောင်မှာ ညိုညစ်ညစ် ပြန့်ဖြစ်လျက်နေသော တောတွင်းနေရာတစ်ခုဖြစ်သည်။ ရွာခံများက တောခြောက်တတ်သည်ဟု နာမည်ကျော်စောသောအရပ်ဖြစ်၍ သဲပုတ်ဆိုလျှင် အရပ်သားများ မသိသူ မရှိပါ။ အပင်ကြီးများဖြစ်သော သပြေ၊ လင်းယော၊ သစ်ခါ၊ ယမနေ စသည်တို့ ပေါက်ရောက်ကာ ဝါးတော၊ ခြုံတောများ ရောယှက်နေသဖြင့် တောကောင်းလှသောကြောင့် ဆတ်များခိုအောင်းတတ်သည့် နေရာလည်း ဖြစ်၏။

ကျွန်တော်တို့ပြောနေကြစဉ် တောမောင်းမည့်သူများနှင့် ခွေးအုပ်ပါ ရောက်လာကြပါသည်။ တောလိုက်ခွေးများမှာ ၄ကောင်ဖြစ်၍ နာမည်အသီးသီးရှိကြသည်။ ခေါင်ခွေး (ခေါင်းဆောင်ခွေး)၏အမည်မှာ မိုးကျော်ဖြစ်ပြီး ကိုတင်အေး၏ လက်သပ်မွေးထားရသော အကောင် ဖြစ်သည်။ အနံ့ခံအလွန်ကောင်းပြီး သားကောင်နောက်သို့လိုက်ရာတွင် အသံပေးလိုက်တတ်သည်။ ကိန်၊ ကိန်၊ ကိန်ဟု တစ်ချက်ချင်း အသံပေးသွားသည်မှာ အောင်လှသဖြင့် သားကောင်ဘယ်ဘက်ကို ဦးတည်သည်ကို သိနိုင်ကာ မုဆိုးက လိုက်ပိုင်း၍ ပစ်ခတ်နိုင်သည်။

ကျွန်တော်တို့ အင်အားမှာမူ သေနတ်သမား ၆ဦး၊ တောမောင်းသူ ၅ဦး၊ ခွေး ၄ကောင်ဖြစ်သည်။

"ကဲ . . . အဆင်သင့်ဖြစ်ကြပြီလား၊ ထွက်ကြစို့၊ နေသိပ်ပူနေလိမ့်မယ်"

ကိုတင်အေးက နှိုးဆော်လိုက်သည့်အသံ။

"ကျွန်တော်တို့ ပြီးပါပြီဗျာ၊ ဒီမင်းသားက မိတ်ကပ်လိမ်းနေလို့ မပြီးသေးတာ"

ဦးမောင်မောင်စိုးက ကျွန်တော်ဘက် မေးငေါ့ပြပြီး အော်ပြောရင်း နောက်ပြောင်နေခြင်းဖြစ်သည်။



ကျွန်တော်က တဲအတွင်းမှ ကျွန်တော်၏ နှစ်လုံးပူးသေနတ်နှင့် ယမ်းတောင့်ဘူးကို လှမ်းယူရင်း . . .

"ကဲ . . . အသင့်ဖြစ်ပြီဆိုရင် ဘယ်မှာလဲ၊ ယမ်းတောင့်ပါပြီလား"

ယမ်းတောင့်မှာ ကျွန်တော်က ခွဲတမ်းချသူပီပီ ပြောလိုက်ရာ-

"ဒါတော့ ခင်ဗျားမှ မပေးသေးတာ ဘယ်ရဦးမှာလဲ"

ဟု ပြောသဖြင့် -

"အဲ့ဒါကြောင့် ပြောတာ၊ ဘယ်ဘုန်းကြီးဆွမ်းခံစောစော ဆွမ်းစားတော့ အတူတူပါပဲ"

ဟု ကျွန်တော်က ပြန်နက်လိုက်သဖြင့် -

ရှေ့နေပီပီ ချေစရာကတော့ အမြဲရှိနေတယ်၊ အကျင့်ကို မကောင်းဘူးဟု ပြောလိုက်ရာ ဦးမောင်မောင်စိုး၏ ပြောဆိုပုံကို သဘောကျကြသဖြင့် အားလုံး ဝိုင်းရယ်ကြရပါသည်။

ထိုနေ့က ကျွန်တော်တို့ ခွဲဝေယူခဲ့ကြသော ၉လုံးကျည်(SG)များ၊ အမေရိကန်လုပ် ၉လုံးကျည် (OOB)များနှင့် အင်္ဂလိပ်လုပ် ၁၂လုံးကျည်(SSG)များ ဖြစ်ပါသည်။ ကျွန်တော်မှာ အမဲလတ်ဖြစ်သော ဂျီ၊ ဆတ်၊ တောဝက်တို့ကို ပစ်မည်ဆိုလျှင် ၆လုံးကျည်(LG)နှင့် ၁၂လုံးကျည်(SSG)ကို မကြိုက်သဖြင့် မသုံးလို။ (LG)မှာ အလုံးကြီး၍ ထိမှန်အားကောင်းသော်လည်း အနည်းငယ် အလှမ်းဝေးသော သားကောင်ကိုပစ်ရာတွင် ပစ်မှတ်ကို တိကျစွာထိရန် ခဲယဉ်းသည့်အပြင် တစ်ခါတစ်ရံ ကွင်း၍ လွဲချော်သွားတတ်သည်။ လက်နောက်ကို ချိန်ပစ်သော်လည်း ဝမ်းဗိုက်၊ ပေါင်၊ ခေါင်းတို့ကို ထိတတ်သည်၊ ဝေးလျှင် ကွင်းသည့်သဘော။

SSG မှာ ၁၂လုံးပါ၍ ထိရန် အခွင့်အရေးများသော်လည်း ခဲလုံးသေးငယ်သဖြင့် ထိရောက်မှု သိပ်မရှိလှ၊ အကောင်ငယ်သော ဂျီ(ချေ)အတွက်မှ ကောင်းသော်လည်း အကောင်ကြီးသော ဆတ်နှင့် အခေါက်ထူသော တောဝက်အတွက်မူ အားနည်းသဖြင့် ကျွန်တော် မကြိုက်။

ကျွန်တော်အကြိုက်ဆုံးမှာ ၉လုံးကျည် SG (သို့) OOB ဖြစ်သည်။ ခဲလုံးမှာ ၆လုံးကျည်ထက် မသိမသာငယ်သော်လည်း ထိမှန်ခွင့် အခွင့်အရေးကောင်းသလို ထိချက်အားလည်း ကောင်းလှသဖြင့် ကြိုက်ခြင်းဖြစ်သည်။ ဘယ်ပြောင်းကော ညာပြောင်းတွင်ပါ ကျွန်တော်သုံးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့ကမူ ညာပြောင်းတွင် ၁၂လုံးကျည်ထည့်၍ ဘယ်ပြောင်းတွင် ၉လုံးကျည်ကို ထည့်ထားပြီး တောမောင်းရင်း ဂျီ(ချေ) ထွက်လာပါက ညာပြောင်းဖြင့်ပစ်၍ ဆတ်၊ ဝက် ထွက်ပါက ဘယ်ပြောင်းဖြင့် ပစ်လိုကြသည်။

သို့ရာတွင် ဝက်ထွက်လာ၍ ၉လုံးကျည်ဖြင့်ပစ်ပြီး မလဲလျှင် ဖြစ်စေ၊ လဲသော်လည်း မသေလျှင်ဖြစ်စေ ၁၂လုံးကျည်ဖြင့် ထပ်ဆင့်ပစ်သောအခါ သိပ်ထိရောက်မှု မရှိသဖြင့် မုဆိုးကို အန္တရာယ်ပေးနိုင်သည်။ ၆လုံးကျည်တစ်ဖက် ၉လုံးကျည်တစ်ဖက် ထည့်ထားလျှင်မူ ထိရောက်ကောင်းမွန်ပါသည်။ သို့ရာတွင် ကျွန်တော်ကမူ အင်အားခြင်း ညီမျှ၍ အဝေးလည်း ပစ်နိုင်သည်။ စိတ်ချလက်ချလည်း ထပ်ဆင့်ပစ်နိုင်သော ၉လုံးကျည် မျိုးကိုသာ အကြိုက်ဆုံး ဖြစ်သည်။

ထို့ပြင် နှစ်လုံးပူးသေနတ်မှာ များသောအားဖြင့် ညာပြောင်းမှာ ဆလင်ဒါပြောင်း ဖြစ်ပြီး ဘယ်ပြောင်းမှာ ချုပ်ပြောင်းဖြစ်သည်။ နှစ်ဖက်စလုံး ချုပ်ပြောင်းများလည်း ရှိသည်။ ၁၂ဗို့ချင်းတူသော်လည်း ချုပ်ပြောင်းမှာ ဆလင်ဒါပြောင်းထက် အနည်းငယ် ကျဉ်းထားပြီး ပစ်ခတ်သောအခါ ညာပြောင်းထက်ပို၍ ဝေးဝေးပစ်နိုင်သည်။ ကျည်စုလည်း ကောင်းသည်။ ထို့ကြောင့် အတန်ငယ်ဝေးလျှင် ဘယ်ပြောင်းမှ ၉လုံးကျည်နှင့် လှမ်းပစ်ပြီး နီးလျှင်ဖြစ်စေ သားကောင်ကို ထပ်ဆင့်ရာတွင်ဖြစ်စေ ညာပြောင်းမှ ၉လုံးကျည်ကို ကျွန်တော် သုံးလေ့သုံးထရှိခြင်းဖြစ်ပါသည်။ ထို့ကြောင့် သားကောင်ပစ်ရာတွင် အောင်မြင်မှုများရခဲ့သော သာဓကများလည်း ရှိသည်။

× × ×

ကျွန်တော်တို့ ယမ်းတောင့်ဝေပြီး စခန်းမှ စထွက်သောအခါ နံနက် ဂနာရီ ၃၀ မိနစ်ရှိပြီး နှင်းများ ကွဲစပြုကာ နေရောင်ပေါ်ထွန်းလာပြီ။ အရှေ့ဘက်လယ်ကွင်းဆီမှ တောကြက်ဖတစ်ကောင်အသံ မပီတပီဖြင့် "အောက် ဒိ အီး အု" ဟု သံပြတ်တွန်နေ သံကို ကြားနေရသည်။

သေနတ်သမားများက လမ်းပြ ဦးလေးကြီးနောက်မှလိုက်၍ တောမောင်းသမားများ က ကျွန်တော်တို့နောက်မှ တောလိုက်ခွေးများကမူ ရှေ့ပြေးလိုက် ကျွန်တော်တို့အား စောင့်လိုက်ဖြင့် မြူးပျော်နေကြပါသည်။ တောလိုက်ရတော့မည်ကိုသိ၍ ဖြစ်သည်။

လမ်းအတိုင်းလာခဲ့ကြရာ မိနစ် ၄၀ ခန့်အကြာ သဲပုတ်သို့ရောက်ကြပြီး ဦးလေး



ကြီး၊ ကိုတင်အေး၊ ဦးသာဆင်၊ ကိုသက်ထွန်းတို့ ခေါင်းဆောင်များ တိုင်ပင်ကြသည်။ ထို့နောက်မှ ကျွန်တော်တို့ သေနတ်သမားများအား အသိပေးပါသည်။

"ကျွန်တော်တို့ အနောက်ဘက်တောကို စမောင်းမယ်၊ မောင်းတဲ့အခါမှာ မြောက်ကနေ တောင်ဘက်ကို မောင်းလာမယ်၊ တောင်ဘက်မှာ ဒီဝါတာလမ်းကနေ အင်းယား ကိုဖြတ်သွားတဲ့ လှည်းလမ်းရှိတယ်။ အဲဒီက အနောက်ဘက်မှာ ဝါးတာကနေ အင်းယား ကို ဖြတ်သွားတဲ့လှည်းလမ်း ရှိတယ်။ ကျွန်တော်တို့က မြောက်ဘက် တော်တော်ဝေးဝေး (၄ဖာလုံလောက်ရှိမည်)က တောင်ဘက်ကို မောင်းမှာဆိုတော့ အရှေ့ဘက် ဝါးတာလမ်းနဲ့ အနောက်ဘက် အင်းယားလမ်းကို လက်စွယ် ၂ယောက်ထားပြီး ဒီတောကို မွှေမယ်၊ ထွက်လာရင် မလွတ်အောင် ပစ်နော်ဟု အစီအစဉ်ကို ကျွန်တော်တို့ မုဆိုးများက သဘောပေါက်ကြောင်း ခေါင်းညိတ်ပြလိုက်ကြ၏။

"ကဲ . . . လူစုခွဲကြတော့၊ တင်အေးရေ၊ မင်း ခွေးတွေခေါ်ပေ့၊ မုဆိုးတွေ ဆတ်ထွက်ရင် ထွက်မယ်၊ သတိထားနော်"

BURMESE CLASSIC .com

ဟု ဦးလေးကြီးက ပြောပြီး လူချင်းခွဲကြပါသည်။

မုဆိုးများတွင် ကိုတင်အေးက တောသိသူပီပီ ဦးဆောင်၍ ဦးလေးကြီးပြောသော လမ်းတွင်စောင့်ရန် လူချရပါသည်။ (၁) ဆရာဌေးလွင်(လက်စွယ်)၊ (၂)ကျော်ကျော်၊ (၃) ဇော်သန်း၊ (၄) ကျွန်တော်၊ (၅) ဦးမောင်မောင်စိုးနှင့် (၆) ကိုတင်အေးမှာ အပြင်လက်စွယ်က တစ်ဦးနှင့်တစ်ဦး တောလမ်းအကွေ့အဝိုက်များတွင် ကိုက် ၃၀၊ ၄၀ ခန့်ခြား၍ နေရာယူထားကြပါသည်။ တောတွင်းသစ်ပင်တစ်ပင်ကိုသော်လည်းကောင်း၊ ခြုံတစ်ခုကိုသော်လည်း၊ သစ်တုံးတစ်ခုကိုသော်လည်းကောင်း ကွယ်၍ တိတ်ဆိတ်စွာ ကိုယ်ရောင်ဖျောက်နေရ၏။ ကိုယ်ရောင်ဖျောက်သည်ဆိုရာ၌ သားကောင်က လူသား မှန်းမသိ၊ မတွေ့ရအောင် တောနှင့် တစ်သားတည်းကျနေရန် ဖြစ်၏။ ထို့ကြောင့် အဖြူရောင်၊ အနီရောင်၊ အဝါရောင် စသည့် တောက်ပသောအရောင်များကို တောစောင့် မုဆိုးများ မဝတ်သင့်ပါ။ တောတွင်းသားကောင် သတိထားတွေ့ရှိနိုင်၍ ဖြစ်သည်။ အစိမ်း၊ အညို(သစ်ရွက်ခြောက်ရောင်)စသည့် သားကောင်ချက်ခြင်း မတွေ့နိုင်သည့် အရောင်များကိုသာ ဝတ်ကြရသည်။ ကျွန်တော်မှာ ဘောင်းဘီအစိမ်း၊ အင်္ကျီ အညိုရောင် ကို ကြိုက်သည့်အလျောက် တောလည်ရာတွင် ထိုအရောင်များကို အမြဲဝတ်ဆင်လေ့ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ မှဆိုးများ နေရာယူပြီး၍ ၁၅မိနစ်ခန့်ကြာသည့်တိုင် တောမောင်းသံ မကြားရသေး၊ ကျွန်တော်တို့ နေရာယူနိုင်ရန် စောင့်နေခြင်းသော်လည်းကောင်း၊ သူတို့ ကိုယ်တိုင် နေရာယူနေ၍သော်လည်းကောင်း ဖြစ်မည်။ နောက်ထပ် ၁၅မိနစ်ခန့်ကြာမှ "ဟေး ... ဟေး"ဟူသော အသံသဲ့သဲ့ကလေးကိုသာ စတင်ကြားလာရသည်။

ထို့ကြောင့် ကျွန်တော်သည် အကာအကွယ်ယူထားသော ကျွဲဒည်းပင်ကြီးနောက်မှ ခေါင်းပြူ၍ သေနတ်အား အဆင်သင့်လက်တွင်ကိုင်ကာ ကြည့်နေ၏။

တောမောင်းသံများမှာ မှုလထက်စာလျှင် နီးလာပြီ။ အသံများလည်း ကြားရသည်။ ခွေးလိုက်သံကိုသာ ကျွန်တော်က နားစွင့်နေမိသည်။

ထိုစဉ် "ကိန် ... ကိန် ... ကိန်"ဟု အသံပေးလိုက်သော ခေါင်းခွေး မိုးကျော်၏ အသံကို စတင်ကြားရသည်။

ခွေးသည် သားကောင်ကို စတွေ့သဖြင့် အသံပေးလိုက်သည့်အသံ။ တစ်ဆက်တည်း ပင် အခြားခွေးတစ်ကောင်၏ အသံကိုလည်း ကြားရသည်။

အသံမှာ ကျွန်တော်၏ ရှေ့တည့်တည့်မှ ကြားရရာမှ ကျွန်တော်၏ ညာဘက်သို့ ဦးတည်သွားနေသည်။ ကျွန်တော့် ညာဘက်တွင် ဇော်သန်း၊ ကျော်ကျော်နှင့် ဆရာဒွေးလွင် တို့ထံသို့ သားကောင်မှာ ပြေးထွက်နေပြီဖြစ်သည်။

ကျွန်တော်မှာ ထွက်ပေါ်လာမည့် သေနတ်သံကိုသာ နားစွင့်နေမိသော်လည်း မကြား ရ။ တောမောင်းသူများလည်း ကိုက်တစ်ရာန့်အကွာသို့ ချဉ်းကပ်လာသည်။

သေနတ်သံ ထပ်မကြားရ။ ခွေးသံလည်း မကြားသဖြင့် သားကောင်လဲပြီဟု မှဆိုးအသိက ပေါ်ပေါက်လာ၍ ကျွန်တော်က "ဝေး"ဟု လှမ်းအသံပြုလိုက်ရာ သေနတ် သံကြားသည့်ဘက်မှ "ရှီရှီ"ဟု လေချွန်သံနှစ်ချက် ဆင့်ကြားလိုက်ရသဖြင့် လာ-လာ ဟု အဓိပ္ပာယ်ရကြောင်း ကျွန်တော်က သိနင့်သည်၊ ကျွန်တော့်တွက်ကိန်း မှန်ပြီ။

ထိုစဉ် ကျွန်တော်၏ ရှေ့တူရှုတောတွင်းမှ ခွေးငယ်တစ်ကောင်၏ "ကိန် ကိန်" ဟု အသံနှစ်ချက်ပေးကာ ထိုးလိုက်လာသောအသံနှင့်အတူ တောမောင်းသမားများဘက် တစ်ဦးက "ဆတ်ဟေ့၊ ဆတ်၊ ဆတ်ဖားကြီးဟေ့"ဟု လှမ်းအော်လိုက်ပါသည်။

သို့ရာတွင် ကျွန်တော့်မှာ နောက်ကျခဲ့သွားပြီ။ ဖျောခနဲ ဖျောခနဲ ထိုးထွက်လာသော ခြောက်စထောင် ချိုကြီးများနှင့် ဆတ်ဖားကြီးက ကျွန်တော့်အားမြင်၍ တောတွင်းသို့ ပြန်ဝင်ကာ ကျွန်တော်၏ ဝဲဘက်သို့ ထိုးပြေးသံကြားရပါသည်။



"ဦးစိုးရေ လာပြီ လာပြီ"

ကျွန်တော်က ဦးမောင်မောင်စိုးအား လှမ်း၍ အပြော -

"နိုင်း ... နိုင်း"

"ကိန် ... ကိန် ... ကိန်"

နစ်ချက်ဆင့်ထွက်လာသော သေနတ်သံက ပေါ်လာသည်။ ခွေးသံမှာ လှည်းလမ်းကို ကျော်ဖြတ်၍ တစ်ဖက်တောတွင်းသို့ ဝင်လိုက်သွားသံ ပေါ်လာသည်။ ကျွန်တော် အပြေး ကလေးလိုက်သွားပြီး မှန်လားဗျိုဟုမေးရာ-

"မမှန်ဘူးထင်တယ်ဗျိုး ကျွန်တော်လဲ ခင်ဗျားအသံကြားလို့ ဒီဘက်ကိုအလာမှာ ကျွန်တော့်နောက်က ထွက်လာသံကြားလို့ ပြန်လှည့်ပြီး ပစ်ရတာ နောက်ကျသွားတယ်"

"ဒါဆို ကျွန်တော်လိုက်မယ်၊ ခင်ဗျား ဟိုဘက်က သေနတ်သံကြားတဲ့ဆီကို သွားနှင့်"

ဟုဆိုကာ လှည်းလမ်းအတိုင်း ကျွန်တော်ပြေးလိုက်ခဲ့ပါသည်။ ခွေးသံမှာ ကွေ့ဝိုက် ကာဖြင့် တောတွင်းမှ အင်းယားဘက်သို့ ဦးတည်နေသံ ကြားရသည်။

ကျွန်တော်မှာ လှည်းလမ်းအတိုင်းပန်း၍ ပြေးခဲ့သည်မှာ တစ်မိုင်ကျော်မျှရှိမည် ထင်သည်။ အင်းယားအင်းစောင်းရောက်လျှင် ဆတ်ပြန်လှည့်ပါစေဟုသာ ဆုတောင်းရင်း ဖြစ်သည်။ ဆတ်ဦးတည်သောဘက်မှာ အင်းယားအင်း(တောတွင်းအင်း)ဖြစ်သည်။ ရေခန်း ချိန်ဖြစ်၍ ငါးရှာသူများ အင်းစောင်းတွင်ရှိပြီး ဆတ်မှာ ငါးရှာသူများနှင့် တိုးမိပါက အင်းကိုသိ၍ အင်းစောင်းတောတန်းအတိုင်းပန်း၍ ပြန်လှည့်လာနိုင်သည်၊ ထိုအခွင့်အရေး မှာ နည်းတော့ နည်းလှသည်။ သို့သော် ဖြစ်နိုင်ရည်တော့ ရှိ၏။

"ကိန် ... ကိန် ... ကိန်"

မကြာပါချေ။ အင်းစောင်းအတိုင်း ကျွန်တော်ဘက်ဆီသို့ ဦးတည်လာသော ခွေး ဟောင်သံ ကြားရသည်။ ကျွန်တော်၏ တူရူအရပ်မှဖြစ်သည်။ ဝါးကောက်ရုံကလေးများ ဟိုဒီပေါက်နေပြီး ချုံငယ်များရှိသော အင်းစောင်းမှ ဝေါခနဲ ထိုးထွက်သံကြားရလျှင် ကျွန်တော်မှာ သေနတ်ကို ပခုံးတွင် ထောက်ချိန်ပြီး ဖြစ်သည်။

ပေါ်ထွက်လာသောအရာကား လယ်ဆံဖားဖျား မီးခိုးရောင်နှင့် ဆတ်ဖားကြီးက ခေါင်းကိုမော့လျက် ဦးချိုအား ပခုံးတွင်ကပ်လျက် တရှူးထိုး တိုးထွက်အလာ ကျွန်တော့် မှာ ညာဘက်သို့ ခုန်ရှောင်ရင်း ...

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"နိုင်း ..."

လက်ပုံကိုချိန်၍ ညှာပြောင်းမှ ဇလုံးကျည်ဖြင့် ပစ်လိုက်ခြင်းဖြစ်သည်။ ဇလုံးကျည်မှာ ချိန်လိုက်သည့်နေရာသို့ အငြင်းအဆန်မရှိ ဝင်ရောက်ဖောက်ထွင်းသွားသည်။ ကြီးမားလှသော ခန္ဓာကိုယ်ကြီးနှင့် ဆတ်ဖားကြီးမှာ ပြေးလာသည့်အရှိန်ဖြင့် ဝေါခနဲ ပစ်လဲ၍ သွားပါတော့သည်။ ကျွန်တော်နှင့် နီးကပ်နေသဖြင့် ဆတ်ဖားကြီးကြောင့် ကျွန်တော့်အား လေပင် ဟပ်သွား၏။

"နိုင်း ..."

နောက်တစ်ချက် ပစ်လိုက်သော ကျွန်တော်၏ သေနတ်သံဖြစ်ပါသည်။ မူလ တစ်ချက်က နေရာကောင်းကိုထိ၍ အရှိန်လွန်လဲကျသွားသော်လည်း ဦးခေါင်းကြီးကို ထောင်ကာ ကြုံး၍ထရန် ကြိုးစားနေသော ဆတ်ဖားကြီးမှာ ဒုတိယအကြိမ် ဘယ်ပြောင်းမှ ထွက်သွားသော သေနတ်သံနှင့်အတူ တစ်ကောင်လုံး မြောက်ကြွပါသွားကာ တစ်ဖက်သို့ စုန်းခနဲပစ်၍ လဲသွားပါတော့သည်။

၁၂မို့ နှစ်လုံးပူးပြောင်းထိပ်မှ ထွက်သွားသော အမေရိကန်လုပ် ဇလုံးကျည် OOB မှာ တစ်စက္ကန့်လျှင် ၁၃၂၅ပေ အမြန်နှုန်းဖြင့် ပြောင်းဝမှ ပြေးထွက်ထိမှန်သည်



တွင် ပိဿာချိန် အသားထွက် ၇၀ခန့်ရှိမည့် ဆတ်ဖားကြီးက အားယူအထနှင့် ဆုံသွားကာ ကြီးမားလှသော အကောင်ကြီးပင် ဇလုံးကျည်၏နောက်သို့ ပါသွားပစ်လဲခြင်း ဖြစ်သည်။ လဲသွားသည့်အချိန်တွင် ဆတ်ဖားကြီးမှာ အသက်မရှိတော့။

ကျွန်တော့်မှာ ဆတ်ဖားကြီး၏ ဝင်တိုက်မည့်ဘေးမှ သီသီကလေး လွတ်ခဲ့ရသည်။

ကျွန်တော်ထံသို့ ပထမဆုံးရောက်လာသူမှာ တောလိုက်ခွေးများဖြစ်ပြီး လဲနေသည့် ဆတ်ဖားကြီးအား အတင်းဝင်၍ ဆွဲကြသည်။ ကျွန်တော့်မှာ အသားများ ခွေးပါးစပ်ထဲ မပါရန်နှင့် အရေခွံမပျက်စီးရန် ခွေးများကို မောင်းနေရသည်မှာ ကိုတင်အေးရောက်လာ မှပင် သက်သာရာရတော့သည်။

နောက်နာရီဝက်မျှကြာသောအခါ လူစုအားလုံးမှာ ဂျီ(ချေ)ဖိုတစ်ကောင်ကိုထမ်းလျက် ရောက်လာကြပါသည်။ ပထမဆုံးပစ်လိုက်သော သေနတ်သံမှာ ဆရာဌေးလွင်၏ သေနတ်သံဖြစ်၍ ဂျီ(ချေ)ဖိုကို ရလိုက်ခြင်းဖြစ်ကြောင်း ယခုမှပင် သိရသည်။ ဒုတိယ သေနတ်သံ ၂ချက်မှာ ဦးစိုး၏ လွဲချော်သွားသော သေနတ်သံဖြစ်သည်။ နောက်ပြန်လှည့်၍ ပစ်ရသော ပစ်ချက်ဖြစ်သဖြင့် မမှန်လိုက်။

ဆတ်ဖိုကြီးတစ်ကောင်လဲသဖြင့် အဖွဲ့မှ လူအားလုံး ပျော်ရွှင်နေကြပါသည်။ ဦးသာဆင်ကမူ ကျွန်တော့်အား-

"ကဲ ... မနေ့က ကျွန်တော် မပြောဘူးလား။ ဆရာ ဆတ်ဖားကြီး ပစ်ရမှာပါလို့"

"ဪ ... ဦးသာဆင်က မနေ့က နိမိတ်ဖတ်ထားတာကိုး၊ ဒါကြောင့် ဆတ်ရတာပဲ၊ သူ့ ဖြောင့်လို့ရတာ မဟုတ်ပါဘူး"

ဟု ဦးမောင်မောင်စိုး သူ လွဲချော်သွားသည့်အတွက် အကျီုဖြဲခံရတော့မည့်အရေးကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ကျွန်တော့်အား ဝင်နက်လိုက်ရာ အားလုံးက ဝါးခနဲ ရယ်မောလိုက်ကြပါသည်။

*(ညီအစ်ကိုတမျှ ရင်းနှီးကြသော ဝါသနာတူ မုဆိုးအချင်းချင်း၊ တောလည်ရင်း နောက်ပြောင်ကျီဆယ်ရသည်မှာ စိတ်အပန်းဖြေခြင်းတစ်မျိုးပင် မဟုတ်ပါလား။)*

*ထာဝရခွဲခွာသွားသော မိတ်ဆွေကြီးဦးမောင်မောင်စိုးသို့ အမှတ်တရ ... ။*

www.burmeseclassic.com

www.burmeseclassic.com





"ကဲ ... တောလိုက်မောင်းမဲ့သူတွေ ဒီလိုလာကြ"

တောမောင်းခေါင်းဆောင်တစ်ဦးဖြစ်သူ 'ကိုသက်ထွန်း၏' အသံ။

ကိုသက်ထွန်းက ခနန်းရှေ့တောတွင်းမှ ခုတ်ယူလာသော စလူရွက်၊ နှစ်ချပ်ကို ကိုင်၍ ခေါ်လိုက်ခြင်း ဖြစ်ပါသည်။ တောမောင်းလိုက်မည့် လူငယ်ငါးဦးက ၎င်း၏ အနားသို့ တိုးသွားသောအခါ ကိုသက်ထွန်းမှာ ခနန်းရှေ့ လံထင်းပုံအမြင့်တွင် တက်ထိုင် လိုက်ပြီး-

"ကဲ ... ဒီမှာကြည့်၊ တောမောင်းဖို့ စလူရွက်ကို အသုံးချနည်းပြမယ်၊ ကိုယ်တိုင်လဲ လုပ်ကြည့်ကြ၊ ပထမတော့ စလူရွက်ကို ရိုးတံအရင်းကနေ ဖြတ်ယူမယ်၊ ရိုးတံကို လက်ကိုင်အဖြစ်ထားပြီး အရွက်ဖတ်တွေကို ကောက်ညှင်းထုပ်သလို အထပ်ထပ် ထုပ်ရမယ်။ ထုပ်တဲ့အခါမှာ ခပ်ကျစ်ကျစ်ထုပ်ပြီး ပြန်ပွင့်မသွားအောင် ကောက်ညှင်း ထုပ်မှာ နှီးချည်သလို ချည်ထားရမယ်"

ဟုဆိုကာ ဖျာပြီးသား ဝါးနှီးဖြင့် လက်မောင်းလုံးခန့် စလူဖက်ထုပ်ကို လေးနေရာ ခွဲ၍ ခိုင်ခိုင်ချည်လိုက်ပါသည်။ ပုံစံမှာ ဝါးကိုင်းဈေးပျော့ထိပ်တွင် ကောက်ညှင်းထုပ်ကို ချည်ထားသည်နှင့် တူနေပါသည်။

ကိုသက်ထွန်းက ၎င်း၏ စလူခုတ်ဓားဖြင့် စလူရွက်နှုတ်ခမ်းရှိ စလူဆူးကလေးများ ကို ဓားဖြင့် သတ်လိုက်သောအခါတွင် စလူရိုးမှာ လက်ကိုင်အဖြစ်ရှိနေပြီး စလူရွက်မှာ ပုရိုးအဖျားတွင် ကောက်ညှင်းထုပ်သဏ္ဍာန်ဖြစ်နေပါတော့သည်။

ကိုသက်ထွန်းမှာ ၎င်းလုပ်ပြီးသွားသော တောမောင်းကိရိယာစလူထုပ်ကို ကျေနပ်စွာ ကြည့်လိုက်ပြီး လံထင်းပုံပေါ်မှ မြေကြီးပေါ်သို့ဆင်းကာ စလူရိုးမှကိုင်၍ စလူထုပ်ကို မြေကြီးနှင့် လွှဲ၍ရိုက်လိုက်သောအခါတွင် -

"ဖုန်း ... ဖုန်း ... ဖုန်း"

ဆိုသည့်အသံမှာ ကျယ်လောင်စူးရှစွာ ထွက်ပေါ်လာသည်။

ကိုသက်ထွန်းက "ဖုန်း ... ဖုန်း ... ဖုန်း"ဟု ဆက်ခါရိုက်ပြလိုက်ပြီး-

"တွေ့ပြီမဟုတ်လား၊ တောမောင်းတဲ့အခါမှာ တစ်နေကုန် တောမောင်းရသူတွေ ကဖို့ တဟေးဟေး တဟားဟား အသံကုန် တောမောင်းရတာ မသက်သာလှဘူး။ ဒါတော့ အသံကို နည်းနည်းပေးပြီး လူ့သံအစား စလူထုပ်ကို အသုံးချပြီး မောင်းတော့ သယ်ခြွေတာရာလဲရောက်၊ တောင်မောင်းတာလဲ ထိရောက်၊ ပစ်မယ့်သေနတ်သမား ဖိုးကလဲ တောမောင်းမဲ့ ကိုယ့်လူဘယ်မှရှိတယ်ဆိုတာသိတော့ မှားမပစ်နိုင်လို့ ဖုကွ

www.burmeseclassic.com

www.burmeseclassic.com

မရောက်ဘူး"

"တစ်ခါတလေ တောမောင်းသမားက စလူထုပ်မပါဘဲ ပါးစပ်ကနေအော်ရင်း အသံနာလာပြီး အသံမပေးနိုင်ဘဲ တောတိုးလာတော့ မုဆိုးက တိတ်တိတ်ထွက်လာတဲ့ သားကောင်ထင်ပြီး မှားပစ်တတ်တယ်"

ဟု သူ့တောမောင်းသမား လူသစ်များကို ရှည်လျားစွာ လက်ချာပေးနေသည်ကို တဲပေါ်မှ ကျွန်ုပ်ထိုင်ကြည့်ရင်း များစွာကျေနပ်၍ နေမိပါသည်။ တောမောင်းပညာရပ် တစ်ခုပေါ့။

× × ×

"အောက် ... အီး ... အီး ... အွတ်"

အချိန်မှာ နံနက် ၇နာရီခန့်ရှိပြီဖြစ်သော်လည်း နှင်းမှာ မကွဲသေး။ တဲရှေ့ကွင်းစပ်တောတန်းဆီမှ တောကြက်တစ်ကောင် ဆက်ခါဆက်ခါ တွန်လျက်ရှိနေသည်။

ရုံးပိတ်ရက် အလုပ်အားသဖြင့် ဝါသနာတူ သူငယ်ချင်းများဖြစ်သော ကိုဇော်သန်း၊ ကိုမောင်မောင်စိုး၊ ကျော်ကျော်နှင့် ကျွန်ုပ်တို့ ဝါသနာတူ ရန်ကုန်မုဆိုးလေးဦး၊ တောပစ်ရန် ကျွဲဖြုအင်းရွာသို့ ရောက်နေခြင်း ဖြစ်ပါသည်။

ကြိုတင်စီစဉ်ထားချက်အရ ယခုနှစ် မတ်လတွင် ပဲခူးမြို့နယ် အင်းတကော်ကျေးရွာသို့ ရိက္ခာ၊ သေနတ်၊ ယမ်းတောင့်တို့ စုစည်းကာ ကားဖြင့်လာခဲ့ကြပြီး အင်းတကော်မှတစ်ဆင့် အနောက်မြောက်ဘက် ၁၄မိုင်ခန့်အကွာ ကျွဲဖြုအင်းကျေးရွာသို့ လှည်းဖြင့် လာခဲ့ကြခြင်း ဖြစ်သည်။ ကျွဲဖြုအင်းရွာရောက်သောအခါ ရွာ၏ မြောက်ဘက်ကွင်းစပ်ရှိ ကိုတင်အေး၏ ထင်းစခန်းတွင် တည်းခိုကာ ယနေ့နံနက် တောလည်ရန် ပြင်ဆင်နေကြခြင်း ဖြစ်သည်။

အင်းတကော်မှ လာစဉ်က ကျွန်ုပ်တို့ ရန်ကုန်မုဆိုးလေးဦးအပြင် အင်းတကော်မုဆိုးကြီး တပ်ကြပ်ကြီးဟောင်း ဆရာဒွေးလွင်၊ တောမောင်းခေါင်းဆောင်များဖြစ်သော ကိုသက်ထွန်း၊ ဦးသာဆင်တို့ပါဝင်ပြီး ကျွဲဖြုအင်းရောက်မှ ဝါသနာပါသည့် လူငယ်များကို တောမောင်းရန် စုစည်းကာ တောမောင်းသင်တန်းပေးရင်း ကိုသက်ထွန်းက တောမောင်းသည်၊ စလူထုပ်လုပ်နည်းကို သင်ပြနေခြင်းဖြစ်၏။

ကိုဇော်သန်း၊ ကိုမောင်မောင်စိုး၊ ကျော်ကျော်၊ ဆရာဒွေး ကိုပာငအေး၊ ဦးသာဆင်နှင့် ကျွန်ုပ်တို့က ကိုတင်အေးတဲပေါ်မှ ကောက်ညှင်းကျည်ထောက်ဆီဘမ်းနှင့် ကိုတင်အေး



ပစ်ထားသည့် ဂျီသားခြောက်မီးဖုတ်ကို ရေနွေးကြမ်းနှင့်မြည်းရင်း ကိုသက်ထွန်း၏ လက်ချာကို နားစိုက်ထောင်နေမိ၏။

ကိုသက်ထွန်းက ၎င်း၏ လက်ချာကို အဆုံးသတ်လိုက်ရင်-

"ကဲ ... ငါလူတို့၊ စလူရှက် သွားခုတ်ပြီး စလူရှက်ထုပ်လုပ်ထားကြ၊ ပြီးရင် ထမင်းစား၊ စားပြီးရင် တောမောင်းမယ်"

ဟုဆိုကာ သူ့သင်တန်းကို ဖြုတ်လိုက်ရင်း ကျွန်ုပ်တို့တဲပေါ်သို့ တက်လာပါသည်၊

ကျွန်ုပ်က-

"ဘယ်နှယ့်လဲ မုတ်ချောက်ကြီး၊ လူသစ်တွေ သင်တန်းပေးနေတာ တော်တော်မောသွားပြီလား၊ ရေနွေးကြမ်းသောက်လိုက်ဦး"

ဟုဆိုကာ အကြမ်းငှဲ့ပေးလိုက်ရင်း မေးလိုက်ရာ-

"မောတယ်လို့တော့ မဟုတ်ပါဘူးဗျာ၊ ဒါပေမယ့် ဒီကောင်လေးတွေ တောမောင်းရင်း သိသင့်သိထိုက်တာတွေ သင်ထားပေးရတယ်။ သူတို့က ဝါသနာသာရှိပေမယ့် အတွေ့အကြုံက မရှိသေးဘူး၊ တချို့က အသားစားချင်လို့ လိုက်တာ။ တောမောင်းရင်း မောလာတော့ အသံလဲ မပေးဘူး၊ တိတ်တိတ်ကလေး လျှောက်လိုက်နေရင် တော်ကြာ မုဆိုးက မှားပစ်မိမှာ စိုးရတယ်။ ဒါကြောင့် သူတို့ကို သိသင့်သိထိုက်တာတွေ ရှင်းပြ လုပ်ပြနေရတာ"

ဟု ရေနွေးကြမ်းကိုမှုတ်သောက်ရင်း ပြောလိုက်သည်။

"ဟုတ်တယ် ကိုသက်ထွန်းရေ၊ တောမောင်းရင်း လိုက်တဲ့ခွေးတောင် အသံပေးလိုက်ရဲ့နဲ့ တစ်ခါတလေ မုဆိုးက မှားပစ်တတ်တာမျိုး ရှိသေးတာ။ လူက အသံမပေးဘဲ တချွတ်ချွတ်နဲ့ တိတ်တိတ်ကလေးထွက်လာရင် မုဆိုးက မှားပစ်တတ်တာမျိုးတွေ အများကြီးဘဲ"

ဟု ကျွန်ုပ်တို့အထဲတွင် အသက်အကြီးဆုံး၊ အတွေ့အကြုံအရင့်ဆုံး ဆရာဒွေးက စဉ်းစဉ်းစားစား ပြောလိုက်ပါသည်။

ကိုတင်အေးက

"ဒါတင် ဘယ်ကဦးမလဲ ဆရာဒွေးရ၊ တစ်ခါတလေ သားကောင်ကို ခွေးလိုက်တာက သေနတ်စည်းဘက်ကို မလိုက်ဘဲ တခြားလိုက်သွားရင် မုဆိုးက ပြေးလိုက်ပိုင်းတဲ့အခါ နေကလဲပူ၊ မောကလဲမော၊ မျက်လုံးကလဲပြာ ဖြစ်နေတဲ့အချိန်၊ တောမောင်းသမားက အသံမပေးဘဲ ဆတ်ခနဲ တောထဲကထွက်လာရင် မုဆိုးက မှားပစ်တတ်သေး

www.burmeseclassic.com

 www.burmeseclassic.com

တယ်"

ဟု ဝင်ရောက်ဖြည့်စွက်ပြောလိုက်ပါသည်။

"ကဲ ... ကဲ ...၊ ဒါတွေ ထားပါဦး၊ သားကောင် အခြေအနေလဲ ဘယ်လိုလဲ ဆိုတာ ပြောကြပါဦး"

ဟု ကိုမောင်မောင်စိုးက ဝင်ထောက်လိုက်မှ ကိုတင်အေးက-

"သားကောင်အခြေအနေက ကောင်းပါတယ်၊ ဒါပေမယ့် တောဝက်တော့ နည်းသွားပြီ။ နွေပေါက်လာတော့ လျှိုကောင်းပြီး ရေရှိတဲ့နေရာမှာ ခိုမယ်၊ ကျီ(ချေ)နဲ့ ဆတ်ကတော့ ပေါပေါပစ်ရဦးမယ်၊ မတော် ကံကောင်းရင် ဆင်တောင်ပစ်ရဦးမယ်"

ဟု နောက်လိုက်ရာ ကိုမောင်မောင်စိုးက-

"ဟာ ... ဆင်ဆိုလဲ ကောင်းတာပဲ၊ ဆရာဒွေးတစ်ယောက်လုံးပါတာ နီးကြိုးနဲ့ ထူးခတ်ဖမ်းလိုက်ရုံပေါ့"

ဟု နောက်လိုက်ပါသည်။ ဆရာဒွေးကလဲ အားကျမခံပင် -

"ဖမ်းပေးလိုက်မယ်၊ ဖမ်းပေးလိုက်မယ်၊ ရန်ကုန်မုဆိုးတွေ ကားနဲ့မပြန်ရဘဲ ဆင်နဲ့ ပြန်ရအောင် ဖမ်းပေးလိုက်မယ်"

ဟု ပြောလိုက်ပြန်ပါသည်။

ထိုအချိန်တွင် ဟင်းချက်နေသော ကိုတင်အေး၏ဇနီး ဒေါ်ကောက်ပိုက -

"မုဆိုးတွေ၊ မုဆိုးတွေ ပေါက်ကရ တော်တော်ပြောနော်၊ တော်ကြာကျမှ ဘာဖြစ်လာသလေး၊ ညာဖြစ်လာသလေးနဲ့ မကြားရစေနဲ့၊ ဟိုလူကြီးကလဲ အသက်ကြီးပြီးတော့ တောထဲမှာ ပါးစပ်ကို စည်းမစောင့်ဘူး"

ဟု ဆရာဒွေးအား မျက်စောင်းထိုးပြောလိုက်ရာ အားလုံးက ဝါးခနဲပွဲကျသွားပါသည်။

× × ×

တောမောင်းရန် လူစုံသောအခါ နံနက် ဂနာရီခန့်ရှိပြီဖြစ်သည်။ နွေရက်များဖြစ်သဖြင့် ရာသီဥတု သာယာလှသည်။ တောမီးများလည်း အချို့နေရာများလောင်ကာ အချို့လည်း အရွက်ကြွေနေပြီဖြစ်၍ မိုးနှင့် ဆောင်းထက်စာလျှင် တောရှင်းလှသည်။ တောရှင်းသည်ဆိုရာ၌ အောက်ခြေခြုံပုတ်များ ရှင်းလာခြင်းဖြစ်၍ ရှင်းသောတောကို ချန်လှပ်ခါ ရှုပ်သေးသောတောများကို ဖွေးမောင်းပါက ဆတ်နှင့်ကျီကို ပစ်ရနိုင်ပေသည်။



"ကဲ ... လူတွေအားလုံးစုံရင် သွားကြစို့"

ဦးသာဆင်က လောဆော်လိုက်သည်။ တောမောင်းမည့်သူများမှာ ဦးသာဆင်၊ ကိုသက်ထွန်းနှင့် လူငယ် ၅ဦး။ စလူထုပ်ကိုယ်စီကိုယ်စီနှင့်။ မုဆိုးများမှာ ကျွန်ုပ်တို့ ရန်ကုန်မုဆိုး ၄ဦး၊ ဆရာဒွေးလွှင်၊ ကိုတင်အေးပါဆိုလျှင် ပေါင်း ၆ဦးဖြစ်သည်။ တောလိုက်ခွေးများမှာ ကိုတင်အေး၏ ခွေး မိုးကျော် ခေါင်းဆောင်သော ခွေး ၄ကောင်ဖြစ်သည်။

လမ်းတွင် ဦးသာဆင်နှင့် ကိုသက်ထွန်းတို့တိုင်ပင်ကြပြီး သဲပုပ်ဘက်ကို တောမောင်းရန် ပြောလာပါသည်၊ ကျွန်ုပ်တို့ကလည်း သဘောတူသဖြင့် သဲပုပ်အရှေ့ဘက် ကိုရိဝက်ခန့် ခရီးနှင်ခဲ့ကြ၏။

သဲပုပ်တောမှာ တောချောက်တတ်သည်ဟု နာမည်ကြီးသောတောဖြစ်ပြီး သစ်ပင်ကြီးများ အုံ့ဆိုင်းနေပါသည်၊ လင်းယော၊ သစ်ဖြူ၊ သစ်ပုပ်၊ သပြေ၊ ညောင် စသည့် သစ်ပင်ကြီးများဖြင့် ကွဲဖြူအင်းမှ တုံးအင်းရွာအသွား လှည်းလမ်းကို အနောက်ဘက် နယ်စွယ်အဖြစ်ထားကာ မြောက်မှတောင်ဘက်သို့ မောင်းမည်ဖြစ်သဖြင့် မုဆိုးများက တောင်ဘက် လူသွားလမ်းကလေးတွင် နေရာယူကြရပါသည်။ အရှေ့ဘက်ဆုံးမှတောကို တော့ ဦးသာဆင်က လက်စွယ်ထားကာ အသံအဆက်မပြတ်ပေးထားရန် သို့မှသာ သားကောင်က အရှေ့ဘက်သို့ ကြွမသွားဘဲ သွားစေလိုသည့်တောင်ဘက်သို့သာ ထွက်လာမည်ဖြစ်ပြီး သေနတ်သမားများက ထွက်လာသည့်သားကောင်ကို မလွတ်တမ်း ပစ်ခတ်နိုင်မည်ဖြစ်သည်။

သေနတ်သမားများအနေဖြင့် တောင်ဘက်တွင် တန်းစီရာ၌ ဆရာဒွေးမှာ အနောက်ဘက်အစွန်ဆုံးကို ကိုမောင်မောင်စိုး၊ ဇော်သန်း၊ ကျော်ကျော်၊ ကျွန်တော်နှင့် တင်အေးမှ အရှေ့ဘက်အစွန်လက်ဆွယ်မှ ဖြစ်ပါသည်။

"ဟေး ... ဟေး ... ဟေး ... ဟေး ..."

"ဖုန်း ... ဖုန်း ... ဖုန်း ..."

ဆိုသည့် တောစတင်မောင်းသောအသံကို အဝေးမှပင် ကြားနေရပြီ။ ခွေးများ၏ အသံကိုတော့ မကြားရသေး။

အသံပေးသည့်လူများရှေ့မှ ခွေးများက သားကောင်ရှာနေပြီဖြစ်သည်။ သို့သော် သားကောင်မတွေ့သေး၍ အသံမပေးသေး။ သားကောင်ကိုတွေ့လျှင်မူ ခွေးများက အသံပေး၍ သားကောင်ကို စတင်လိုက်ကြမည်ဖြစ်သည်။

သို့အတွက် ခွေးသံကိုသာ နားစွင့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



တောမောင်းသမားများထဲမှ ခေါင်းဆောင် ကိုသက်ထွန်းက "တဟေးဟေး" တောမောင်းရင်း-

"မုဆိုးတွေ သတိထားနေနော်၊ ခွေးတွေ အနံ့ရနေတယ်၊ တရှူးရှူး အနံ့ခံနေတယ်၊ သတိထားနော်၊ မုတ်ချောက်တွေ အသံပေးပြီး ညီညီတက်ပေး"

ဟု သတိပေးလျက် တောမောင်းလာရာ ၂မိနစ်ခန့်အကြာ-

"အိုင်၊ အိုင်၊ အိုင်၊ အိုင်၊ ဝုတ်၊ ဝုတ်"

ခွေးများက သားကောင်ကိုစတင်တွေ့၍ အသံပေးကာ တိုးလိုက်သည့်အသံကို ကြားလိုက်ရသည်။

မည်သည့်သားကောင်ဖြစ်မည်လဲဟု အသံကို နားထောင်နေစဉ်-

"ဆတ်ဖိုကြီးဟေ့၊ ဆတ်ဖိုကြီးလာနေပြီနော်၊ သေနတ်စီးကိုလာနေပြီ သတိထား"

ကိုသက်ထွန်း၏အသံကို တက်ကြွစွာကြားရပါသည်။

သေနတ်ကိုင်ထားသော ကျွန်ုပ်မှာ ဆတ်ဖိုကြီးဆို၍ အားတက်နေပြီး မည်သည့်နေရာမှ ပေါ်လာမလဲဟု တွေးရင်း ဝဲ၊ ယာ နှစ်ဖက်စလုံးကို စေ့စေ့စပ်စပ် ကြည့်နေမိပါသည်။ ထိုစဉ် ခွေးသံများမှာ တအိုင်အိုင်အော်၍ အနောက်ဘက်သို့ လှည့်လိုက်သွားသံ ကြားရသည်။

မကြာပါချေ။ ကိုသက်ထွန်း၏အသံက ထပ်မံပေါ်လာသည်။

"အနောက်ဘက်လှည်းလမ်းကို ကူးသွားပြီ၊ အနောက်ဘက် တောထဲဝင်သွားပြီ၊ လိုက်ပိုင်းထားဟေ့၊ လိုက်ပိုင်းတား"

ဟု အော်သံနှင့်အတူ ခွေးသံများကလည်း အနောက်ဘက် လှည်းလမ်းကိုကူးကာ လိုက်သွားသောအသံများ ကြားလိုက်ရပါသည်။ ကျွန်တော်မှာ အရှေ့ဘက်တွင် ရောက်နေ၍ လိုက်ပိုင်းရန် ဝေးလွန်းလှသည်။

သို့သော် အနောက်ဘက်လှည်းလမ်းနှင့် အနီးဆုံးဖြစ်သော ဆရာဌေးမှာ မလိုက်ပိုင်းဘဲနေမည် မဟုတ်သည်ကို အတတ်သိနေသည်။

ဆရာဌေးမှာ တပ်မတော် ဘောလုံးသမားဟောင်းတစ်ဦးဖြစ်ပြီး အပြေးမြန်လှသည်။ စိတ်ဓာတ်လည်းကောင်းပြီး သားကောင်ကိုလိုက်နေသော ခွေးသံကိုသာ ကြားရပါစေ၊ သူတစ်တောမဟုတ် တစ်တောတွင်မိအောင် လိုက်ပိုင်းပစ်နိုင်သည်။ သေနတ်ပစ်တွင်လည်း တပ်မတော်လက်ဖြောင့်တပ်သားဖြစ်၍ သူ့သေနတ်သံကြားလျှင် သေချာပြီဟု တစ်ထစ်ချတွက်ထားနိုင်သည့် လူစားမျိုး ဖြစ်သည်။



ကျွန်ုပ်မှာ မိမိစောင့်သည့်နေရာမှ သေနတ်ကိုထမ်းလျက် အနောက်ဘက်သို့ အေးအေးဆေးဆေး လျှောက်လာခဲ့သည်။ အနောက်ဘက်လှည်းလမ်းကူးအရောက်တွင် မောင်းသမားများနှင့် သေနတ်သမားများ ဝိုင်းဖွဲ့ထိုင်နေကြသည်။

ကျွန်ုပ်က တောမောင်းသမားများအား အကျိုးအကြောင်းမေးကြည့်ရာ ဆတ်ဖိုကြီးကို ဆရာဌေးလိုက်ပိုင်းနေကြောင်း အနောက်မှလည်း ကိုသက်ထွန်းလိုက်သွားကြောင်း ပြောပြကြသည်။

ကျွန်ုပ်တို့အုပ်စုမှာ ခွေးသံကို နားထောင်ရင်း သေနတ်သံဘယ်တော့ပေါ်လာမည်နည်းဟု နားစိုက်ထောင်နေရာ ခွေးသံများ တဖြည်းဖြည်းဝေးသွားပြီး ပျောက်ကွယ်သွားသည့်တိုင် သေနတ်သံကို မကြားရ။

သို့သော် ဆက်လက်စောင့်နေရာ ၁၀ မိနစ်မှ ၁၅မိနစ်၊ ၁၅မိနစ်မှ နာရီဝက်သို့တိုင် ရှိသော်လည်း မကြားရ။ လူလည်း ပေါ်မလာသဖြင့် ကျွန်ုပ်ကပင် -

"ဆရာဌေးနဲ့ ကိုသက်ထွန်းတော့ ဘာဖြစ်နေတယ် မသိဘူး။ ကျွန်တော်တို့ လိုက်သွားကြရအောင်"

ဟုတ်တယ် ကြာလဲကြာပြီ၊ ဆတ်ကို မမီလိုက်ဘူးထင်တယ်၊ သေနတ်သံလဲ မကြားရဘူး။ လိုက်ကြည့်ရင် ကောင်းမယ်"

ဟု ဦးသာဆင်က ပြောပြောဆိုဆို ဦးဆောင်ကာ လိုက်ခဲ့ကြပါတော့၏။

၁၀မိနစ်ခန့် လှည်းလမ်းအတိုင်း လိုက်ခဲ့ကြရာ ဆရာဌေးနှင့် ကိုသက်ထွန်းမှာ သေနတ်ကိုဘေးချကာ ဗိုက်ကိုနှိပ်၍ ထိုင်ရယ်နေကြသည်ကိုတွေ့ရရာ ကျွန်ုပ်တို့မှာ ဒီလူ ဆတ်ကို လိုက်မပိုင်းဘဲ ဘာဖြစ်လို့ ထိုင်ရယ်နေကြတာလိမ့်ဟု စူးစမ်းသည့်သဘောဖြင့်-

"ခင်ဗျားတို့က ဘာတွေသဘောကျနေတာလဲဗျ၊ ဆတ်ကိုတော့ လိုက်မပိုင်းဘဲနဲ့၊ ကျွန်တော်တို့က သေနတ်သံဘယ်တော့ကြားရမလဲ နားစွင့်နေတာ"

ဟု ဦးသာဆင်က အပြစ်တင်လိုက်ရာ-

ကိုသက်ထွန်းက ရယ်ရင်းမှပင်-

"မပြောပါနဲ့တော့ ဦးသာဆင်ရာ ခင်ဗျားလူက ဆတ်မပစ်ဘဲနဲ့ ဆင်ကို လက်နဲ့ ဖမ်းပြီး ထူးခတ်ဖို့ လုပ်နေတာနဲ့ ဆတ်မလိုက်အားလိုက်ဘူး"

"ခုတော့ ဆတ်လဲ မပစ်ရ၊ ဆင်လဲ ဖမ်းမမိနဲ့ တော်တော်လျော့တဲ့လူဗျ"

ဟု ပြောရင်း ရယ်ပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့နောက်မှ ရောက်လာသူများမှာ ဘာကိုဆိုလိုမှန်းမသိဘဲ ရယ်ရမလိုလို ဒေါသဖြစ်ရမလိုလို ဘာလိုလိုကြီး ဖြစ်နေကြရသည်။

ကိုသက်ထွန်းနှင့် ဦးသာဆင်မှာ ဆက်၍သာ ရယ်နေပြန်သည်။

ကျွန်ုပ်က သည်းမခံနိုင်သည့်အဆုံး-

"ဘယ်လိုလဲဗျ၊ ခင်ဗျားတို့ချည်းဘဲ ရယ်နေတော့မှာလား။ ရယ်စရာရှိရင် ကျုပ်တို့ကိုလဲ ပြောပေါ့။ ဒါမှ ကျုပ်တို့လဲ ရယ်တန်ရယ်ရအောင်၊ ဘယ့်နှယ်ဗျာ၊ ဆတ်တော့ လိုက်ပိုင်းမပစ်ဘဲနဲ့"

ဟု ပြောလိုက်မိ၏။

ဆတ်၊ ဂျက်(သို့) ဂျီ(ချေ)သားကောင်တစ်မျိုးမျိုးကို စည်းသတ်မှတ်မောင်းရာတွင် သားကောင်မှာ စည်းမှလွန်သွားလျှင်ဖြစ်စေ အခြားတစ်တောသို့ ကူးကာလိုက်ရပါသည်။ လိုက်ရာတွင် တောထဲတိုးလိုက်ရခြင်း မဟုတ်။ တောတွင်းရှိ လှည်းလမ်း၊ လှူသွားလမ်းအတိုင်း သားကောင်ထွက်လာနိုင်သည့်ဘက်မှ ကြိုပိုင်းရခြင်းဖြစ်၏။ သားကောင်မှာ တောတွင်းလျှိုများ၊ ချောက်များကို ဖြတ်နေရစဉ် ဘေးလှည်းလမ်းမှ ပန်းလိုက်သွားပြီး ထိပ်မှ ပိတ်စောင့်ထားရသည်။ မည်သည့်ဘက်ကို သားကောင်ဦးတည်နေသည်ကိုမူ နောက်မှလိုက်နေသောခွေးက တအိုင်အိုင် အသံပေးသဖြင့် သိနေနိုင်သည်။

ယခုမူ သားကောင်ဘယ်ပြေးသည်ကို ခွေးက အသံပေးနေသံ ခပ်ဝေးဝေးမှ ကြားနေရပါလျက် ဆရာဌေးမှာ မူလက လိုက်ပိုင်းနေပါလျက် ဘယ်ကဘယ်လိုဖြစ်ပြီး ဒီမှာ လာရယ်နေကြမှန်း မသိ။

"သူငယ်ချင်း၊ စိတ်မဆိုးပါနဲ့၊ ပြောပါ့မယ်၊ ကိုယ့်တို့နှစ်ယောက်အဖြစ်က ရယ်စရာ ဖြစ်နေတဲ့အပြင် ကြုံတောင့်ကြုံခဲဖြစ်ရပ်မို့ပါ"

ဆရာဌေးက ကျွန်ုပ်အား **တောင်းပန်သလိုလိုနှင့်** ပြောလိုက်ပါသည်။

"ပြောရင် မြန်မြန်ပြောဗျာ၊ ကျုပ်တော့ မအောင့်နိုင်တော့ဘူး"

ဟု ပြောပြီး ဦးမောင်မောင်စိုးမှာ သူ့သေနတ်အား ကျော်ကျော်ထံ လှမ်းပေးကာ တောစပ်တွင်းသို့ ဝင်သွားပါသည်။

ကျော်ကြီးက-

"ကဲ ... တွေ့လား၊ ခင်ဗျားတို့ မပစ်လိုက်တာနဲ့ ကိုစိုးကြီးတော့ သွားပစ်နေပြီ"

ဟု ပြောလိုက်သည့်အချိန်တွင် -

ဦးစိုးကြီး ဝင်သွားရာဘက်မှ တဘွတ်ဘွတ်ဖြင့် လေသံကြားနေရတော့သည်။



ဆရာဌေးနှင့် ကိုသက်ထွန်း၏ ပြောပြချက်အရ အောက်ပါအတိုင်း ဖြစ်ပျက်ခဲ့ကြောင်း သိရတော့၏။

ဆရာဌေးမှာ ဆတ်လှည်းလမ်းကို ကူးသွားသဖြင့် အနောက်ဘက် ဘက်လက်စွယ်မှ နေသူပီပီ လိုက်ပိုင်းရန် တာဝန်ရှိသည့်အလျောက် ဖြတ်လမ်းမှနေ၍ အင်းလျားစခန်းဘက်သို့သွားရာ လှည်းလမ်းမှ လိုက်ပိုင်းနေသည်။

ဆတ်နောက်သို့ လိုက်နေသည့်ခွေးသံမှာ အနောက်စူးစူးသို့ သေနတ်အဆင်သင့်ကိုင်ကာ ပြေးလိုက်ခဲ့သည်။ အချိန်မှာ နံနက် ၁၀နာရီကျော်ကျော်ခန့်ရှိ၍ နေမှာပူလာပြီး ပြေးလာရသည်မှာလည်း တစ်မိုင်ကျော်မျှရှိ၍ အတော်မောပန်းခဲ့ပြီ။ ချွေးမှာ တရွှဲရွှဲစိုနေပြီး နားထင်၊ နဖူးမှ ချွေးတို့မှာ တောဆောင်းဦးထုပ် Jungle Hat အတွင်းမှ တတောက်တောက် စီးကျကာ မျက်လုံး ပါးစပ်တို့အတွင်းပင် ဝင်လာသည်။

သို့သော် ပြေးနေရဆဲ၊ ခွေးသံမှာလည်း ကြားနေရဆဲ။

သူက ဖြတ်လမ်းမို့ ခွေးသံ၏ ရှေ့ကို ကြိုရောက်သည်။

ရှေ့တွင် အင်းလျားစခန်းမှ "ဝါးတာရွာ"သို့သွားရာ လမ်းခွဲကို လှမ်းမြင်နေရပြီ။ သို့ဆိုလျှင် လမ်းခွဲမှဝင်၍ မြောက်ဘက်ဝါးတာလမ်းအတိုင်း ရှေ့မှ ဖြတ်ပိတ်လိုက်လျှင် ဒီဆတ်ကိုပစ်ရဖို့ သေချာသလောက်ရှိသည်။ လူက သားကောင်ရှေ့မှကြိုပိတ်၍ စောင့်နေလျှင် ဆတ်က တောကို တဝေါဝေါ တိုးလာမည်ဖြစ်၍ ဘယ်တောဘယ်အရိပ်က ထွက်လာလျှင် ဘယ်ထိပ်က စောင့်ရမည်ကို နောကြေပြီးဖြစ်သော ဆရာဌေးက အပိုင်စောင့်ပစ်နိုင်တော့မည်။

ဆတ်ဖိုကြီးတစ်ကောင်ဆိုလျှင် အချိန် ၆၀ မှ ၁၀၀ အထိ အသားထွက်ရှိတတ်သည်မို့ တောလည်ရကျိုး နပ်မည်။ အသားလှိုင်လှိုင်ရမည့်သာမက အမှတ်တရ ချိုကြီးတစ်စုံပါရမည်၊ မိတ်ဆွေ ရန်ကုန်သားများအား သူ၏ အမှတ်တရလက်ဆောင်အဖြစ် ပေးနိုင်မည်။ ဒါက သူ၏ စိတ်ကူး။

ဒီတော ဒီတောင်ကလည်း သူတောလည်နေကြမို့ ဒီဆတ်ကိုပိုင်းမိလျှင် မပစ်ရမီက ရပြီးဟု ပြောနိုင်လောက်ပေသည်။

သို့သော် ... အဖြစ်က ထင်သလို မဖြစ်ခဲ့၊ ဒီလိုဖြစ်ခဲ့သည်။

ပြေးလာရသည်မှာ တစ်မိုင်ကျော်ပြီမို့ မောပန်းလှသည်။ ရင်မှာ တဒိုင်းဒိုင်းခုန်နေရုံသာမက နားထင်တွင်ပင် သွေးက တဒုန်းဒုန်း ထိုးဆောင့်နေသည်။ ခြေများက တစ်ပြိုက်ပြိုက်ကျနေ၏။ ဒါပေမယ့် စစ်သားဟောင်းတစ်ဦးအဖို့ မမှုလောက်၊ အပိုင်ပစ်ရဖို့

www.burmeseclassic.com

သာ စိတ်စောနေသည်။

ဝါးတာလမ်းခွဲ လှည်းလမ်းရောက်သည်နှင့် ညာဘက်ကိုချိုး၍ ဝင်လိုက်သည်။ တောမှာ တစ်မျိုးပြောင်းသွားသည်။ မှလက အရှေ့မှ အနောက်တည့်တည့် ပြေးလာရသဖြင့်လည်းကောင်း၊ သစ်ရိပ်နည်းခဲ့၍လည်းကောင်း၊ နေပူတိုက်ရိုက်ထိ၍ မျက်လုံးများ ပြာဝေနေခဲ့သည်။

ယခုလက်ယာကိုချိုး၍ လှည်းလမ်းဝင်လိုက်သောအခါ တောင်မှမြောက်သို့ ဦးတည်လိုက်သဖြင့် သစ်ရိပ်ကျကာ အနည်းငယ်မှောင်နေသည်။ သို့သော် ဓရှေ့မှ ဇောနှင့်မို့ ပြာဝေသော မျက်စိကို သတိမရသေး။

ထိုအချိန်တွင် နောက်မှလည်း ကိုသက်ထွန်းက ပြေးလိုက်လာသံနှင့်အတူ

"ဆရာဒွေး၊ ပြေး ပြေး၊ ပိုင်းမိတယ်၊ သေချာအောင် ပစ်"

ဟု ဆိုသည့်အသံက သူ့နောက်ဘက် ကိုက် ၅၀ ခန့်အကွာမှ ကြားရသည်။

အားပေးသူလည်း ရှိ၊ ရှေ့ဇောလည်းရှိ၊ ပစ်ရလုလည်းနီးပြီမို့ ပြေးနှုန်းကို မြှင့်လိုက်သည်၊ ပြေးနှုန်းမြှင့်လိုက်စဉ်တွင် သူ့ရှေ့၌ လှည်းလမ်းပေါ်သို့ လမ်းနံဘေးမှ ကိုင်းကျနေသော ဝါးကောက်ပင်များကို တွေ့ရသည်၊

ဝါးကောက်ပင်များမှာ ခပ်ကုန်းကုန်းကိုင်းကျပြီး ဝါးရွက်များလည်း ကာနေသဖြင့် ခပ်မှောင်မှောင် ဖြစ်နေ၏။ သူ့တစ်ရပ်ပင် မလွတ်။ ငုံ့တိုး၍ပြေးရမည်ဟု စိတ်က ထင်လိုက်သည်။

တစ်ဖက်တွင် ခပ်မှောင်မှောင်ဖြစ်နေသည်မှာ အရိပ်ကျနေ၍ဘဲလား သူ့မျက်စိတွင်း ချွေးဝင်၍ မျက်စိပြာဝေနေ၍ပဲလား မသိ၊ ခပ်မဲမဲသာ တွေ့ရသည်။

"အင်း ... ဒီဝါးကိုင်းတွေကို ငုံ့တိုးပြေးမှ"

စိတ်ကထင်လိုက်ချိန်တွင် ခေါင်းမှာ ငုံ့ပြီး ဖြစ်သွားသည်။ ဆောင်းထားသော တောဆောင်းဦးထုပ်အနားပြားမှာလည်း မျက်စိရှေ့တွင် ကွယ်လျက်သားဖြစ်သွားပြီး အပြေးရှိန်ကလည်း တင်ပြီးဖြစ်နေစဉ်တွင် -

"ဘုတ်"


"အင့်"

"ဝူး ... အူး ... အူး ... အူး"

"ဘုံး"

"ဝုန်း ... ဝုန်း ... ဝူး ... အူး ... အူး"





"အင်း ... ဒီဝါးကိုင်းတွေကို ငုံ့တိုးပြေးမှ"

ဆိုသည့်အသံများက တစ်ဆက်တည်း ထွက်လာသည်။ ဆရာဒွေးမှာ သူ့ကိုယ်သူ ဘာဖြစ်သွားလိုက်မှန်းမသိ။

နောက်မှလိုက်လာသော ကိုသက်ထွန်းကသာ ဆရာဒွေးရေ -

"ဆင် ... ဆင် ... ဆင်ဗျို့ ထပြေး၊ ထပြေး"

ဟု အော်လိုက်သံကို ကြားရသည်။

ဒီတော့မှ လွတ်ကျသွားသော သေနတ်ကိုကောက်ခါ ကြုံးထ၍ ကိုသက်ထွန်းပြေးရာ နောက်ကြောင်းသို့ အတင်းလိုက်ပြေးခဲ့ရသည်။

ထို့နောက်မှ ကိုသက်ထွန်းနှင့်အတူ ယခုနေရာကို ပြန်ရောက်ခဲ့ကာ အဖြစ်အပျက်ကို ပြန်သုံးသပ်ကြည့်တော့မှ ကွင်းကွင်းကွက်ကွက် ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ပထမပေါ်လာသည့် "ဘုတ်"ဆိုသောအသံမှာ ဆရာဒွေးက ဆင်မကြီး၏ ဝမ်းဗိုက်ကို ခေါင်းနှင့် ဝင်ဆောင့်လိုက်မိခြင်း ဖြစ်သည်။

"အင့်"ဆိုသည်ကတော့ တိုက်လိုက်စဉ် သူ့ပါးစပ်မှပေါ်သည့်အသံ။

"ဝူး ... အူး ... အူး ..."ဆိုသည်မှာ ဆင်မကြီးကလည်း လန့်၍ တအားကျုံးအော်လိုက်သည့် စူးစူးဝါးဝါးသံကြီး။

"ဘုတ်"ဆိုတာက ဆရာဒွေး လူလဲကျသွားစဉ် သေနတ်ပါ လွင့်သွားသဖြင့် ပေါ်လာသံဖြစ်ပြီး-

နောက်ဆုံး "ဝုန်း ... ဝုန်း ... ဝူး ... အူး ... အူး"မှာ ဆင်မကြီး လန့်၍ တောထဲတိုးပြေးသည့်အသံများ ဖြစ်သည်။

ဖြစ်ပုံမှာ ပဲခူးအနောက်ကြိုးဝိုင်းဘက်မှ သစ်ဆွဲဆင်မကြီးတစ်ကောင် ခြေထောက်တွင် ညှောင့်စူး၍ အခြားဆင်များနှင့်လွတ်ရာ တုံးအင်းဘက်တွင်လာ၍ လွှတ်ကျောင်း



ဆင်မတွေ့ခင်တုန်းကတော့ ဆင်ဖမ်းပေးမလေး ဘာလေးနဲ့၊
တကယ်ဆင်လဲတွေ့ပြီး ဆင်မကို ခေါင်းနဲ့ဝင်ခွေ့မိတာတောင် ဖမ်းမလာဘူး။



ထားခြင်းဖြစ်ကြောင်း၊ အနီးအနားရွာများ တဲများသို့လည်း ဆင်ဦးစီးက သတင်းပေးထားပြီးဖြစ်ကြောင်း လူကို ဒုက္ခမပေးကြောင်းလည်း နောက်မှ ကိုတင်အေးပြောပြ၍ သိရသည်။ ခန်းတွင်တုန်းကတော့ လုံးဝအသိပေးမထားခဲ့။

ဆင်မကြီးမှာ ဝါးရွက်များကို စားနေခိုက် ခွေးသံကော လူ့သံများပါကြားရသဖြင့် အသံကိုငြိမ်၍ နားစွင့်နေရခြင်း ဖြစ်သည်။ သို့ရာတွင် အနေအထားမှာ ဝါးတာလှည်းလမ်းကို ကန့်လန့်ဖြတ်ရပ်လျက်သား ရှေ့လက်နှင့် နောက်ခြေမှာ လှည်းလမ်း၏ တစ်ဖက်တစ်ချက်တွင် ရောက်ရှိနေပြီး ကန့်လန့်ရပ်သည့် အနေအထား ဆရာဒွေးပြေးလာသည့်ဘက်တွင် ဝါးကောက်ပင်အကိုင်းများ၊ အရွက်များကကာလျက် ဖြစ်နေသည်။

ဒါကို ဆရာဒွေးက မမြင်၊ ဆရာဒွေး မမြင်သကဲ့သို့ ဆင်ကလည်း မမြင်၊ ကိုသက်ထွန်းအော်လိုက်ချိန်မှ ဆင်က သိသည်။ ဆင်က သိချိန်တွင် ဆရာဒွေးက ဝါးကောက်ရုံကို ငုံ့တိုးပြီးဖြစ်ရာ ဆင်မကြီး၏ ဝမ်းဗိုက်ကို ခေါင်းနှင့်ပင် ဝင်ဆောင့်မိခြင်းဖြစ်ရာ ဆင်မှာလည်း ဖြုံးခနဲလန့်၍ အော်ဟစ်ထွက်ပြေးခဲ့ရသကဲ့သို့ ဆရာဒွေးမှာလည်း "အင့်ခနဲ"အော်ကာ "ဘုံးခနဲ"လဲခဲ့ရခြင်း ဖြစ်သည်။ နောက်မှာ ကိုသက်ထွန်း သတိပေးသံကြောင့် ကမန်းကတန်း သေနတ်ကိုကောက်၍ ပြေးခဲ့ရခြင်းဖြစ်တော့၏။

အကြောင်းစုံသိရတော့မှ တဲမှ မထွက်မီအချင်းချင်း နောက်ပြောင်ကြရင်း ကိုတင်အေးက "မတော် ကံကောင်းရင် ဆင်တောင်ပစ်ရဦးမယ်"ဟု နောက်လိုက်သည်မှာ ဤဆင်မကြီးကို ရည်ရွယ်ကြောင်း။

ကိုမောင်မောင်စိုးက ဆရာဒွေးက နီးကြိုးနဲ့ ထူးခတ်ဖမ်းလိုက်မယ်ဟုဆိုခြင်းနှင့် ဆရာဒွေးက ရန်ကုန်မုဆိုးတွေအတွက် ဖမ်းပေးမယ်ပြောခဲ့ကြကြောင်း ဆက်စပ်နေသဖြင့်-

ကိုမောင်မောင်စိုးကပင်စ၍-

"အလကားဆရာဒွေး၊ တဲက မထွက်ခင် ဆင် မတွေ့ခင်တုန်းကတော့ ဆင်ဖမ်းပေးမလေး၊ ဘာလေးနဲ့၊ တကယ်ဆင်လဲတွေ့ပြီး ဆင်မကို ခေါင်းနဲ့ဝင်ခွေ့မိတာတောင် ဖမ်းမလာဘူး။ ဒါလားဗျ၊ ဆရာဒွေးဆိုတဲ့ နာမည်တစ်လုံးနဲ့နေတဲ့လူ"

ဟု နောက်လိုက်ရာ မုဆိုးအဖွဲ့ဝင်များအားလုံး တဝါးဝါး ပွဲကျသွားပါတော့သည်။

အန္တရာယ်ရှိသည့် ရယ်ရွှင်ကြည်မောဖွယ် မုဆိုးကိုယ်တွေ့ဖြစ်ရပ်တစ်ခုပင် မဟုတ်ပါလား။

(အင်းတကော်မုဆိုးရဲဘော်ဟောင်းကြီးဆရာဒွေး(ခ)ဆရာဒွေးလွင်သို့အမှတ်တရ။)

www.burmeseclassic.com

www.burmeseclassic.com

# ကျော်စိုးပို

## လျှင်သူစားစတမ်းအမှတ်(၃)





ယခု လျှင်သူစားစတမ်းတွင် မြို့မုဆိုးနှင့် တောမုဆိုး လူသားမုဆိုးနှင့် တောတွင်းမုဆိုးတို့၏ လျှင်သူစားစတမ်းပြုလုပ်ခဲ့ကြပုံကို တင်ပြလိုက်ရပါသည်။

× × ×

စာရေးသူက လူတစ်ယောက်စာ ထိုင်နိုင်ရုံသာရှိသည့် ကျောက်တုံးများအကြား နေရာကလေးတွင် ဝင်၍ သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက်များကို ရှင်းလိုက်သည်။ ဦးနီကလည်း စာရေးသူအတွက် ကူညီ၍ ထိုင်ကောင်းအောင် ပြုပြင်ပေးသည်။ ထို့နောက် စာရေးသူက ကျောက်တုံးအကြားတွင် တင်ပလ္လင်ခွေထိုင်ကြည့်သည်။

ကျောက်တုံးနှစ်တုံးကြား စာရေးသူ မျက်နှာမူရာတွင် ၁၀ပေ၊ ၁၂ပေခန့်အကွာ၌ တောကုက္ကိုပင်ကိုင်းကြီးတစ်ကိုင်းက ကန့်လန့်ဖြတ်၍ တက်သွားသည့် အနေအထား ရှိပြီး အဆိုပါ အပင်၏အောက်ခြေတွင် စာရေးသူစောင့်မည့် သားကောင်များရေသောက်ရာ စမ်းအိုင်က ရှိနေသည်။ စာရေးသူစောင့်မည့်နေရာမှ အိုင်အထိ ပေ၂၀ခန့်ရှိပြီး အပေါ်စီးမှ မြင်ရသော အနေအထား၊ အိုင်၏ အနောက်ဘက်စောင်းတွင် ခြုံတောများ ရှိပြီး ပြန့်ပြူးသည့် ခင်တန်းအသွင်ကို ဆောင်သည်။ စာရေးသူက အရှေ့ဘက်တောင်ကုန်း၏ တောင်ကလပ်၊ ကျောက်ကြားအတွင်းမှဖြစ်၍ စောင့်ရမည့်အိုင်၏မြင်ကွင်းကို ကောင်းစွာမြင်ရသည်။ သားကောင်ကမူ စာရေးသူအား မြင်ရန် ခဲယဉ်းမည်၊ စာရေးသူ ငြိမ်ဆိတ်အေးဆေးစွာ အသံမထွက်ဘဲ စောင့်နိုင်ပါက လာမည့် သားကောင်ကို သေချာစွာ ပစ်ရမည်။

သားကောင်အား ရေစမ်း၊ စားပင်၊ စားကျင်း၊ ပုန်း အိမ်တို့ဖြင့် စောင့်ပစ်မည်ဆိုပါက အကြမ်းအားဖြင့် ငြိမ်ရမည်၊ တောနှင့် တသားတည်းကျအောင် နေတတ်ရမည်၊ ချောင်းမဆိုးရ၊ နှာမချေရ၊ ဗိုးဗိုးဗက်ဗက် မလှုပ်ရ၊ အသံမထွက်ရ၊ အီးမပေါက်ရ၊ အနံ့မထွက်ရ၊ ပေါင်ဒါ၊ ခေါင်းလိမ်းဆီ၊ ဆပ်ပြာမွှေး မသုံးရ၊ အင်္ကျီဘောင်းဘီတွင် ပရုပ်လုံးနံ့ မနံရ၊ မျက်မှန်မတပ်ရ၊ တောက်ပသည့် အရောင်ရှိသော အဝတ်အစား မဝတ်ရ စသည့် စည်းကမ်းချက်များ များလှသည်။ အဆိုပါ စည်းကမ်းများကို လိုက်နာနိုင်မှလည်း သားကောင်ကို ပစ်ရနိုင်သည်။ သို့မဟုတ်ပါက သားကောင်ကို ပစ်ရဖို့ ဝေးစွ။ အသံပင် ကြားရမည်မဟုတ်။ ခြင်ကိုက်၊ မှက်ကိုက်၊ ပိုးကောင်ကိုက်လျှင် အသံမကြား လှုပ်ရှားမှုမမြင်အောင်သာ လုပ်ရသည်။ တစ်ခါတစ်ရံ သားကောင်က ပစ်ကွင်းသို့ ဝင်တော့မည့်အချိန်တွင် အောင့်၍သာခံပေရော့။

www.burmeseclassic.com

www.burmeseclassic.com



ဒါက အကြမ်းဖျဉ်းသာ ရှိသေးသည်။ ထို့ကြောင့် စာရေးသူက မိမိစိတ်ကြိုက် စောင့်မည့်နေရာကို ရှင်းလင်းပြီးနောက် ဝင်၍ ထိုင်ကြည့်သည်။ တစ်လုံးထိုးသေနတ်ကို ပေါင်ပေါ်တွင်တင်၍ သက်တောင့်သက်သာ အနေအထားဖြစ်အောင် ကြိုးစားသည်။

စူးစမ်းသည့်သဘော။

သူ့စိတ်ထဲမှာ ထင်လျှင်ထင်မည်။ မြို့ကလာတဲ့ လူဗလန်လေးတစ်ယောက် ထားခဲ့လို့ဖြစ်မှ ဖြစ်ပါ့မလား။

စာရေးသူ စိတ်ကြိုက်အနေအထားရသောအခါ -

"ဦးနီ ပြန်ချင်ပြန်တော့ ရပြီ"

**ဦးနီ။** ဖြစ်ပါ့မလား၊ ကျွန်တော်ပါ စောင့်ပေးမယ်လေ။

**ကျွန်ုပ်။** ဖြစ်ပါတယ်၊ စခန်းနဲ့လဲ သိပ်ဝေးတာမှ မဟုတ်ဘဲ၊ တစ်ကုန်းပဲကျော်တာ၊ သေနတ်သံလဲ ကြားနိုင်တယ် မဟုတ်လား။

**ဦးနီ။** ကြားနိုင်ပါတယ်။

**ကျွန်ုပ်။** ဒါဆိုရင် ဒီလိုလုပ်၊ ကျွန်တော် သေနတ်သံတစ်ချက်ကြားရင် ခင်ဗျားမလာနဲ့ဦး။ နှစ်ချက်ကြားရင်တော့ ခင်ဗျားလာခဲ့တော့။ လာရင်လဲ ကျွန်တော်စောင့်တဲ့နေရာမရောက်ခင် တစ်ခေါ်လောက်ကတည်းက အသံပေးလာ၊ အင်း ... ဒါပေမယ့် ကျွန်တော်က အရေးပေါ် မြန်မြန်လာစေချင်ရင် သေနတ်သံနောက်တစ်ချက်ဖောက်လိုက်မယ်။

**ဦးနီ။** ဆရာတစ်ယောက်ထဲ ဖြစ်ပါ့မလား။ ကျွန်တော် နောက်ကြောဘက်က တောင်ကုန်းရဲ့တစ်ဖက်မှာ စောင့်ပေးမယ်လေ။

**ကျွန်ုပ်။** မလိုပါဘူး ဦးနီရာ၊ သေနတ်သံကြားနိုင်သားပဲ၊ စခန်းမှာ အေးအေးဆေးဆေး ပြန်နေပါ။

**ဦးနီ။** ဒါဆိုရင် ကျွန်တော် ပြန်တော့မယ်။

**ကျွန်ုပ်။** ကောင်းပြီ၊ ကောင်းပြီ။

ဦးနီသည် သူ၏ ဓားမလေးကို ဓားရိုးဘက်မှ ခါးတွင် တစောင်းထိုးလျက် တောင်ကုန်းကိုပတ်၍ အရှေ့ဘက်စခန်းရှိရာသို့ ပြန်သွားတော့၏။ သူပြန်သွားသောအခါ စာရေးသူက မတ်တပ်ရပ်၍ အညောင်းဆန့်၊ ခါးကျောလှည့်ပြီးနောက် ဆောင်းထားသည့် တောဆောင်းဦးထုပ်ကိုချွတ်ခါ ထိုင်မည့်နေရာတွင် ပက်လက်ချထားပြီး ဦးထုပ်ပေါ်တွင် ထိုင်လိုက်သည်။ တစ်လုံးထိုးသေနတ်၏ခါးကိုချိုးကာ ယမ်းတောင့်ခါးပတ်အတွင်းမှ အမေရိကန်ယမ်းတောင့် O.O.B ကိုထုတ်၍ ပြောင်းရင်းတွင် သွင်းလိုက်ခါ ပေါင်ပေါ်တွင်



သေနတ်ကိုဖြတ်၍ တင်ထားလိုက်သည်။ ယာဘက်လက်နားတွင် ရေဘူးကိုချကာ ကျောဘက်တွင် တောင်နံ့ရံကျောက်တုံးကိုမှီလိုက်သည်။

မြင်ကွင်းမှာ အပေါ်စီးမှမို့ ကောင်းလှသည်။ အိုင်၏ အရှေ့ဘက်မှာ မတ်စောက်၍ စာရေးသူစောင့်သည့်ဘက်မှ ဖြစ်သည်။ သားကောင်မလာနိုင်။ အနောက်ဘက်မှာ ပြန့်တောဖြစ်၍ လာနိုင်သည်။ တောင်နှင့်မြောက်မှာ ကုန်းစောင်းဖြစ်၍ အပင်ကျိုးတိုးကျဲတဲသာရှိ၍ ထိုဘက်များမှလည်း လာနိုင်သည်ဟု တွက်မိသည်။ ခြုံ၍ကြည့်လျှင် သားကောင်အလာနိုင်ဆုံးမှာ အနောက်ဘက်တောရှုပ်သည့်ဘက်မှ ဖြစ်သည်။ တောင်ဘက်မှ ပေါက်နေသည့် တောကုက္ကိုပင်၏ ကိုင်းတစ်ကိုင်းက စာရေးသူ၏ မျက်နှာချင်းဆိုင် ၁၀ပေ၊ ၁၂ပေအကွာမှဖြတ်၍ ခပ်ကိုင်းကိုင်း တန်းတစ်တန်းလို ဖြစ်နေသည်။ လုံးပတ်မှာ ၅ပေ၊ ၆ပေခန့်ရှိပြီး စာရေးသူထိုင်သည့် ကျောက်ကြားမှာ ၄၅ဒီဂရီခန့်မြင့်သည့်နေရာမှ ဖြတ်သွားနေသည်။ စာရေးသူ၏နေရာမှ စမ်းရေအိုင်ကို အပေါ်စီးမြင်ရသကဲ့သို့ ကုက္ကိုကိုင်းပေါ်မှ ကြည့်မည်ဆိုလျှင်လည်း အိုင်ကို အပေါ်စီးမှမြင်ရသည့် အနေအထားဖြစ်သည်။

× × ×

စာရေးသူက နေရာယူပြီးသောအခါ စိတ်ကို တည်ငြိမ်အောင်ထား၊ အသက်ကို မှန်မှန်ရှူသည်။ မျက်လုံးကို အိုင်တွင်ထား၍ နားကို တောင်၊ မြောက်၊ အနောက်ဘက်တို့တွင်ထားသည်။ မုဆိုးတစ်ယောက်အဖို့ နားနှင့် မျက်စိကို ပူးမထားရ။ တစ်နေရာစီထားရသည်။ သာမန်အားဖြင့် လူများသည် မျက်စိကြည့်ရာကို နားပါလိုက်၍ ထားတတ်သည်။ မျက်စိကြည့်ရာမှ ပြောသည့်အသံကိုသာ အာရုံထားတတ်ကြသည်။ ဘေး၊ နောက်မှ ပြောက တော်ရုံနှင့် မကြားတတ်။ တောမုဆိုးအတွက်မူ ထိုသို့နားနှင့် မျက်စိတစ်နေရာတည်းထားပါက အန္တရာယ်များလှသည်။ မျက်စိက ရှေ့ကြည့်လျှင် နားက ဝဲ၊ ယာ အနောက်တွင်ထားရသည်။ ထားတတ်အောင်လည်း လေ့ကျင့်ရသည်။ လင့်စောင့်သည့်အခါ၊ ခြေရာခံသည့်အခါ၊ တောတိုးသည့်အခါ ထိုသို့ မထားတတ်ပါက မုဆိုးမှ သားကောင်ပြန်ဖြစ်သွားနိုင်၏။ စိုင်၊ ပြောင်၊ ကျား၊ ကျားသစ်၊ ဆင်တို့ကဲ့သို့ အန္တရာယ်ပေးနိုင်သည့် သားကောင်များရှိသော တောကြီးရိုးမတွင်မူ အန္တရာယ်မှာ အချိန်မရွေး ကျရောက်နိုင်သည်။ မုဆိုးက သားကောင်ဘဝရောက်သွားလျှင် တွေးဝံ့စရာပင် မရှိတော့။

စာရေးသူက နားနှင့်မျက်စိကို ခွာထားရင်၊ မြင်ကွင်းတစ်ဆုံးကို ကြည့်မိသည်။ နွေရာသီ၏ အညာဒေသ ကျောက်တုံးကျောက်ခဲပေါသော ရှက်ကြွေတော၏ အလှအပကို ခံစားနေသည်။ ကျွန်းပင်များ အရွက်ကြွေနေသည်။ သို့သော် ပျဉ်းကတိုး၊ ဝိတောက်၊

www.burmeseclassic.com

www.burmeseclassic.com

သစ်ရာ စသည့်အပင်များမှာတော့ အရွက်စိမ်းစိမ်းများ ရှိနေသည်။ ပင်ခြေတွင် ဘိစပ်ခြုံများနှင့် အခြားခြုံငယ်များ အနည်းငယ်ရှုပ်နေသော်လည်း မြင်ကွင်းမှာမူ အရှုပ်ကြီးမဟုတ်။ စာရေးသူ၏ ဝဲဘက်တောကုက္ကိုပင်ကြီး၏ ခြေရင်းမှာမူ ကျောက်တုံးများနှင့် ကွယ်နေ၍ မမြင်ရ။ ညနေ ၄နာရီခန့်မှ် အနောက်ဘက်လှည့်ထိုင်နေသော စာရေးသူအဖို့ နေက တည့်တည့်မျက်နှာကိုထိုးသဖြင့် ကျောက်တုံးဘေးကပ်၍ အကာအကွယ်ယူထားရသည်။

ကဲ ... ဘာကောင်လာမလဲ။ တောထဲစရောက်တဲ့နေ့မို့ လာဘ်ဦး ဘာလာမလဲ။ လာချင်တဲ့ အကောင်လာ၊ စာရေးသူက အလွတ်ပေးမည် မဟုတ်။ အနည်းဆုံး ဂျီ(ချေ)တော့လာမည်။ လာလျှင်ရအောင်ပစ်မည်။ မြို့ကလာတဲ့မုဆိုး အစွမ်းပြရမည်ဟု စိတ်ကို စုစည်းအားထည့်ထားသည်။

× × ×

သားကောင်က တော်တော်နှင့် ပေါ်မလာ။ ဗွတ်ကလုံနှင့် နံပြည်စုတ်ငှက်ကလေးများ ရေလာသောက်ရင်း ဖို၊ မ ခေါ်သံ အသံပေးသံများနှင့် ဟိုပင်ကူးဒီပင်ကူးလုပ်နေကြသည်။ ရွှေပြည်စိုးငှက်ဝါကြားကလေးများလည်း လေချွန်သံကလေးများ ပေးနေကြ၏။ "ရှီ ... ရှီ ... ရှီ ..." ဟု ၃ချက်၊ ၃ချက်ဆက်၍အော်မြည်သံက "ရွှေ ... ပြည် ... စိုး" ဟု အသံထွက်သည့်နယ် ကြားရသည်ကို ခံစားရင်း ဤခရီး စတင်ခဲ့ပုံကို စဉ်းစားနေမိသည်။

× × ×

၁၉၇၅ ခုနှစ်၊ နွေရာသီဖြစ်သည်။ ထိုစဉ်က စာရေးသူ၏ သူငယ်ချင်းဖြစ်သူ မန္တလေးသား ကိုသန်းထွန်းတင်မှာ ကျောက်ဆည်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် လက်ထောက်မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်နေသည်။ ထိုစဉ်က စာရေးသူမှာ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်နေသည့်အချိန်တွင် ဖြစ်သည်။ မိမိလုပ်ငန်းတာဝန်များ ထမ်းဆောင်နေရသည်ကတစ်ကြောင်း၊ လုပ်ငန်း စတင်ထင်ချိန် အစောပိုင်းနှစ်များဖြစ်၍တစ်ကြောင်း၊ မိမိ၏ ဥပဒေရေးရာလုပ်ငန်းများကို ကြိုးစားဆောင်ရွက်နေသည်ကတစ်ကြောင်းတို့ကြောင့် တောမပစ်ရသည်မှာ အတော်အတန် ကြာခဲ့ပြီ။ ထိုစဉ်က အကြောင်းတိုက်ဆိုင်လာသည်မှာ စာရေးသူ၏ သူငယ်ချင်း မန္တလေးသား ကိုသန်းထွန်းတင်မှာ ယခင်က မန္တလေးတိုင်း စဉ့်ကူးမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်တွင် တာဝန်



ထမ်းဆောင်နေရာမှ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပြီးနောက်တွင် ကျောက်ဆည်မြို့နယ်အတွင်း ရာသီဥတုကောင်းကြောင်း၊ တောပစ်၍ရကြောင်း၊ ပျော်စရာလည်းကောင်းကြောင်း၊ သို့အတွက် စာရေးသူအား တစ်ခေါက်တစ်ခါ လာရောက်၍ လည်ပတ်ရန် အကြောင်းကြားလာပါသည်။ စာရေးသူကလည်း မိမိ၏ လုပ်ငန်းတာဝန်များကို စိတ်ရောကိုယ်ပါ နှစ်မြှုပ်လုပ်ကိုင်နေရာမှ သူငယ်ချင်း၏စာကို ရလျှင်ရချင်းပင် ကျောက်ဆည်ဘက်သို့ တောပစ်သွားရန် စီစဉ်ခဲ့ပေသည်။ ထိုသို့ စီစဉ်ရာ၌ သူငယ်ချင်းဖြစ်သူ ကိုသန်းထွန်းတင်မှာ မန္တလေးတွင် လာရောက်စောင့်နေမည်ဖြစ်ကြောင်း၊ စာရေးသူက အမြန်ရထားစီး၍လာခဲ့ရန် ကြိုတင်ညှိနှိုင်းကြပြီးနောက် စာရေးသူသည် ရန်ကုန်မှ မန္တလေးသို့ အမြန်ရထားစီးကာ လာခဲ့တော့၏။ မန္တလေး အမြန်ရထားမှာ ကျောက်ဆည်မြို့တွင် ဆိုက်ကပ်ခြင်း မရှိ။ မန္တလေးမြို့သို့သာ တိုက်ရိုက် ခုတ်မောင်းသည့်အတွက် ကိုသန်းထွန်းတင်မှာ မန္တလေးတွင် လာရောက်စောင့်နေပြီး မန္တလေးမှ ကျောက်ဆည်သို့ ဘတ်စ်ကား စီးလာခဲ့ရပေသည်။ ထိုစဉ်က သူငယ်ချင်းဖြစ်သူ ကိုသန်းထွန်းတင်၏ဇနီးမှာ ကျောက်ဆည်မြို့နယ် မူလတန်းကျောင်းတစ်ကျောင်းတွင် ကျောင်းဆရာမအဖြစ် တာဝန်ထမ်းဆောင်နေသည်သာမက သူ၏ မိဘများမှာလည်း ကျောက်ဆည်မြို့နယ်တွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သူများဖြစ်ရာ ၎င်းတို့ လင်မယားနေထိုင်ရန်အတွက် အိမ်ဝိုင်းကလေးတစ်ခုနှင့် အိမ်လေးတစ်အိမ်ပါဝင်သော နေရာတစ်နေရာသို့ စီစဉ်ပေးထားပေသည်။ စာရေးသူ ကျောက်ဆည်သို့ရောက်သောအခါတွင် သူငယ်ချင်းဖြစ်သူ ကိုသန်းထွန်းတင်၏အိမ်တွင် တည်းခိုရပေသည်။

အိမ်ကလေးမှာ ဝင်းခြံကျယ်သော်လည်း နေရသည့်အိမ်မှာ ကျယ်လှသည်မဟုတ်။ စာရေးသူမှာ ဧည့်ခန်းတွင်အိပ်၍ သူငယ်ချင်းလင်မယားက အိပ်ခန်းအတွင်းတွင် အိပ်နိုင်ရုံလောက်သာ ကျယ်ဝန်းပေသည်။ စာရေးသူက -

"ဘယ်လိုလဲ၊ ကိုသန်းထွန်းတင်၊ ခင်ဗျား တောပစ်လာဖို့ ကျွန်တော်ကိုတော့ခေါ်ပြီး ဘာတွေ စီစဉ်ထားသလဲ"

ဟု မေးမြန်းရာ-

"စီစဉ်ထားပါတယ် ကိုစိုးရာ မပူပါနဲ့။ ခင်ဗျား ဒီနေ့မှ ကျောက်ဆည်ကို ရောက်တာ၊ ကျောက်ဆည်မြို့ရဲ့ လှပသာယာပုံလေးတွေကို တစ်ရက်တလေ ခံစားပါဦး၊ တနင်္ဂနွေနေ့လောက်ကျမှ ကျွန်တော်တို့ တောပစ်ထွက်ကြတာပေါ့"

တနင်္ဂနွေနေ့ရောက်ရန် ၂ရက်လိုပေသေးသည်။

"ကိုသန်းထွန်းတင်၊ ကျွန်တော်က တောပစ်ဖို့လာတာနော်၊ ကျောက်ဆည်မြို့

www.burmeseclassic.com

လုပကြောင်းကို ရထားပေါ်ကတည်းက လှမ်းပြီးခံစားတွေ့ပြီးပြီ။ လည်ရမယ်ဆိုရင်လဲ တစ်ရက်အတွင်းမှာ နှံ့အောင်လည်လို့ရမယ့် အနေအထားရှိတယ်ထင်တယ်။ ဒီတော့ ခင်ဗျားတောပစ်ဖို့သာ စီစဉ်ပါ"

ဟု ပြောမိပါသည်။ ကိုသန်းထွန်းတင်က -

"စိတ်ချပါ ကိုစိုးရာ၊ ခင်ဗျားပစ်ကို ပစ်ရပါစေမယ်၊ ပစ်ရတဲ့အခါသာ ခင်ဗျား သားကောင်ရအောင် ပစ်ပေတော့"

"ကောင်းပြီ၊ စိတ်ချ၊ စိတ်ချ၊ ကျုပ်ကတော့ ပစ်ရရင် ရအောင်ကိုပစ်ဖို့ လာခဲ့တာပဲ"

"ဒါနဲ့ပစ်ဖို့ သေနတ်ရော ခင်ဗျားအဆင်သင့် ဖြစ်ပြီလား"

"ဖြစ်ပါပြီဗျာ၊ ခင်ဗျားလာဖို့တစ်ပတ်လောက် အကြိုကတည်းက မန္တလေးက ကျွန်တော့်အဖေ သေနတ်ကိုသွားပြီးတော့ ယူထားပါတယ်။ နှစ်လုံးပြူးတော့ မဟုတ်ဘူး တစ်လုံးထိုးဘဲ၊ ဒါပေမယ့် ခင်ဗျားလဲ တစ်လုံးထိုး ပစ်ဖူးနေသူဆိုတော့ သိပ်ပြဿနာ ရှိမယ် မထင်ပါဘူး"

"ရပါတယ်ဗျာ၊ ကျွန်တော်တို့က မရှိ ရှိတာနဲ့ ပစ်တတ်ပါတယ်"

ဟုဆိုကာ အခြား အာလာပသလာပများပြောရင်းဖြင့် အချိန်ကုန်စေပါသည်။

နောက်တစ်နေ့တွင် ကျောက်ဆည်မြို့ပေါ်ရှိ တောင်ပေါ်ရွှေမုဋ္ဌော ရွှေသာလျောင်း စေတီမှစ၍ အခြားစေတီပုထိုးများကို သွားရောက်ဖူးမြော်ခဲ့ပြီးနောက် တနင်္ဂနွေနေ့တွင် တောပစ်ထွက်ရန်အတွက် ပစ္စည်းများ စုဆောင်းစီစဉ်ကြပါသည်။ ထိုသို့ တောပစ်ထွက်ရာတွင် ကျောက်ဆည်မြို့ရဲစခန်းမှ မိတ်ဆွေရဲစခန်းမှူး၏ စီစဉ်ပေးချက်အရ ရဲဘော်တစ်ဦးကိုလည်း ရိုင်ဖယ်သေနတ်တစ်လက်နဲ့အတူ နယ်မြေစုံစမ်းရင်း ထည့်လိုက်မည်ပြောလာသဖြင့် ကျွန်တော်တို့မှာ ပို၍ ဝမ်းသာရသည့်အပြင် အင်အားလည်း တောင့်တင်းသွားပါသည်။ ခရီးထွက်မည့်သူများမှာ ကျွန်တော်နှင့် ကိုသန်းထွန်းတင်အပြင် ရဲစခန်းမှ ရဲဘော်ကလေးဖြစ်သော ကိုမြင့်ဦးတို့ သုံးဦးဖြစ်ပါသည်။

× × ×

သို့ဖြင့် တနင်္ဂနွေနေ့နံနက်စောစောတွင် ကျောက်ဆည်မှနေ၍ ကျောက်ဆည်မြို့၏ အရှေ့ဘက်စူးစူး တောင်ကြောများရှိရာသို့ နွားလှည်းတစ်စီး စီစဉ်ကာ ထွက်ခဲ့ရပါတော့သည်။ လမ်းတွင် ကျောက်တောင်ကျောက်ကုန်းများကိုဖြတ်ကာ လှည်းလမ်းအတိုင်း လာခဲ့ကြရာ၌ စာရေးသူတို့ အောက်ပြည်အောက်ရွာတွင် မရှိသော ငှက်တစ်မျိုးကို တွေ့ရပါသည်။ ထိုငှက်မှာ တစ်ပေအရှည်မျှရှိပြီး အမ်မောက်နှင့်ဖြစ်၍ အမြီးဟာလည်း





ကျောက်ဆည်မြို့၏ အရှေ့ဘက်စူးစူး၊ တောင်ကြောများရှိရာသို့
နွားလှည်းတစ်စီး၊ စီစဉ်ကာ ထွက်ခဲ့ရပါတော့သည်။

ရှည်ပြီး အပြောက်အပြောက်နှင့် ကြည့်၍လှသော ငှက်တစ်မျိုးဖြစ်ပါသည်။ ထိုငှက်ကလေးများမှာ အပင်ပေါ်တွင် သိပ်နားသည်ကိုမတွေ့ရဘဲ ကျောက်ဆောင်ကျောက်ကုန်းများ၏ မြေပြင်တွင်ဆင်း၍ ပိုးကောင်များကို စားသောက်နေသည်ကို တွေ့ရ၍ စာရေးသူက-

"ကိုသန်းထွန်းတင်ရေ၊ ဒီငှက်ကို ကျွန်တော်တို့ အောက်အရပ်မှာ သိပ်မတွေ့ဖူးဘူး၊ ဒါ ဘာငှက်ခေါ်လဲ"

ဟု မေးမြန်းကြရာ -

"ဟုတ်မယ်၊ ဆရာစိုးတို့ဆီက အမြဲစိမ်းတောတွေမှာ ဒီကောင်မျိုးက သိပ်မတွေ့ရဘူး။ ဒီကောင်မျိုးတွေက ကျောက်တောင်ကျောက်တန်းရှိတဲ့နေရာတွေမှာ အနေများတယ်။ ဒီကောင်တွေကို တောင်ဘီတူးငှက်လို့ ခေါ်တယ်ဗျာ၊ များသောအားဖြင့် ကျောက်တောင်ကျောက်ကုန်းတွေမှာနေထိုင်ပြီး ကျောက်ကြားကုန်းကြားတွေထဲမှာရှိတဲ့ ပိုးမွှားတိရစ္ဆာန်တွေကို စားတယ်"

ဟု ပြောသဖြင့် စာရေးသူမှာ ဗဟုသုတတစ်မျိုး တိုးခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က နေ့လယ်စာကို ယာတဲတစ်တဲ၌ ချက်ပြုတ်စားသောက်ပြီး ခရီးဆက်ခဲ့ကြရာ ကျောက်ဆည်မြို့၏ အရှေ့ဘက်ရှိ တောင်ခြေများသို့ ချဉ်းကပ်ရောက်ရှိတော့၏။ ကိုသန်းထွန်းတင်က -

"ကိုစိုးရေ၊ ဟိုးအရှေ့မြောက် သည်ဘက်က တောင်ကြောကို တွေ့သလား၊ အဲဒါ ပြင်ဦးလွင်မြို့နယ်ပေါ့၊ မြောက်ဘက်က မန္တလေး၊ အနောက်က ကျောက်ဆည်၊ အရှေ့တောင်ဘက်ကတော့ ရှမ်းပြည်နယ်ရဲ့ ရွာငံမြို့နယ်၊ ဇော်ဂျီချောင်းဖျားဘက်ဖြစ်တယ်"

ဟု လက်ညှိုးညွှန်ကာပြသဖြင့် သာယာသော နွေဦးကာလတွင် မြင်ကွင်းများမှာ မျက်စိတစ်ဆုံး ရှိနေပါတော့သည်။

ညနေစာကို နေ့လယ်စာချက်ပြုတ်စဉ်က ပိုမိုချက်ခဲ့ကာ ထုတ်ယူလာသဖြင့် လမ်းတွင်ပင် စားခဲ့ကြပြီး မိမိတို့ဖာသာ လှည်းစခန်းတစ်ခုတွင် စခန်းချကာ အိပ်ခဲ့ကြပါသည်။

နောက်တစ်နေ့ ခရီးဆက်ခဲ့ရာ တောင်ကြောများ စတင်တက်ရောက်ခဲ့၏။ တက်ရာတွင် အရှေ့ရိုးမကြီး၏ ခြေရင်းတောင်ကြောငယ်များကိုသာ တက်ခဲ့ပါသည်။ ဆက်၍ တက်မည်ဆိုပါက ရဲရုမန်းဟု နာမည်ကြီးခဲ့သော ရေသယောက် ချောင်းဆုံ၊ ရဲရုမန်းစသည့် ကျေးရွာများရှိသည့်နေရာများသို့ ရောက်နိုင်ပေသည်။

ရဲရုမန်းဆိုသည်မှာ စာရေးဆရာကြီး သိပ္ပံမောင်ဝတို့ခေတ်က ရဲရုမန်းခရီးသွားခန်းအဖြစ် ဆောင်းပါးများရေးခဲ့သည်ကို စာရေးသူက ကောင်းစွာ အမှတ်ရမိတော့၏။

စာရေးသူတို့မှာ ထိုရိုးမကြီးပေါ်သို့ တက်ခဲ့ကြခြင်း မဟုတ်ပါ။ ရိုးမအခြေရှိ တောင်ကြောငယ်များကိုသာ တက်ခဲ့ကြခြင်း ဖြစ်၏။ ထို့နောက် နေ့လယ် ၁နာရီခန့်တွင် စာရေးသူတို့ စခန်းချမည့်တောင်ပေါ် ယာတဲစခန်းသို့ ရောက်လေ၏။

ယာတဲမှ တဲရှင်မှာ ယခင်က ကိုသန်းထွန်းတင်တို့နှင့် သိကျွမ်းပြီးဖြစ်၍ ဝမ်းသာအားရ ကြိုဆိုပါသည်။

တဲရှင် အပါအဝင် ၄နီး၊ ကလေး၂ယောက်နှင့် ပေါင်း၄ယောက်သာရှိ၏။ ကျေးရွာများနှင့် အတော်အတန်ဝေးပုံရပြီး ယာတဲစခန်းတစ်ခုနှင့် တစ်ခုမှာ အတော်လှမ်းလေ၏။

ရောက်လျှင်ရောက်ချင်း ကိုသန်းထွန်းတင်က တဲရှင်အား-

"ဦးနီ၊ ကျွန်တော်တို့တော့ ပြောထားတဲ့အတိုင်း ရောက်အောင်လာခဲ့ပြီ။ ခင်ဗျား ဆီက သားကောင် ဘယ်လိုပစ်ရမှာလဲ၊ ရေစမ်းစောင့်ရမလား၊ ညမီးထိုး ပစ်ရမှာလား"

ရေစမ်းကော၊ ညမီးထိုးကော ပစ်လို့ရတယ်၊ ဂျီ(ချေ)၊ တောဆိတ်တော့ ပစ်ရမှာပေါ့"



"ကောင်းတယ်၊ ကောင်းတယ်၊ အကောင်ပေါ်မှ ကျွန်တော့် သူငယ်ချင်းက ရန်ကုန်ကတောင်လာရတာ"

ဟု ဆိုကာ စာရေးသူနှင့် မိတ်ဆက်ပေးရင်း -

"ကျွန်တော်တို့ ရိက္ခာတွေတော့ လှည်းပေါ်မှာ မြင်တဲ့အတိုင်းပဲ၊ ခင်ဗျား အဆင်ပြေသလိုသာ စီစဉ်ပေတော့"

ဟု ဆိုလိုက်ရာ တဲရှင် ဦးနီမှာလည်း လှည်းပေါ်မှ ပစ္စည်းများကိုပါ ချနိုင်းပြီး စားရေးသောက်ရေး စီစဉ်ခြင်း၊ ဧည့်သည်များအား တဲပေါ်တွင် နေရာချခြင်းတို့ ပြုလုပ်ပေးပါသည်။

စာရေးသူတို့ကလည်း ကြောပိုးအိတ်၊ အိပ်ရာလိပ်နှင့် သေနတ်၊ တောလည်ပစ္စည်းများကိုပါယူ၍ တဲရှင်နေရာချပေးရာတွင်ထားကာ နားလိုက်ပါတော့သည်။

ညနေ ၂နာရီခန့်တွင် တောလည်ရန် စီစဉ်ကြရာ ရဲသားကလေး ကိုမြင့်ဦးက တဲရှင် ဦးနီနှင့် ညတွင် မီးထိုးလည်ရန်နှင့် စာရေးသူက ယနေ့ညနေ ရေစမ်းတွင် သွားစောင့်ရန် စီစဉ်၏။

ထိုစဉ်က နွေရာသီဖြစ်သည့်အတွက် တောင်ပေါ်တွင် ရေရှား၏။ စမ်းချောင်းနှင့် အိုင်များတွင်မှ ရေရှိသဖြင့် သားကောင်များ ရေသောက်ဆင်းကို စောင့်ပစ်ပါက အလွယ်တကူပင်ပစ်၍ ရနိုင်ပေရာ ထိုသို့ စီစဉ်ခြင်း ဖြစ်တော့၏။

ခဏအကြာ ဦးနီက "မီးထိုးလည်မည့်သူကတော့ ညမှ လည်ရမယ်၊ ရေစမ်းကတော့ အခုသွားစောင့်လို့ရတယ် သွားရအောင်"

ဟု ဆိုလိုက်ရာ-

"ရေစမ်းက ဘယ်လောက် ဝေးသလဲ စားစရာလေးဘာလေး ယူရဦးမှာလား၊ မိုးချုပ်မယ်ဆိုရင် ဓာတ်မီးလဲ ယူခဲ့ဦးမယ်လေ"

ဟု စာရေးသူ ဆို၏။

"သိပ်မဝေးပါဘူး ဆရာ၊ စခန်းမြောက်ဘက်တောင်ကြောလေးကျော်သွားရင် ရေစမ်းအိုင်ရှိတယ်၊ သေနတ်ပစ်ရင်လဲ စခန်းက သေနတ်သံကြားရပါတယ်"

"ကဲ . . . ဒါဖြင့် သွားကြတာပေါ့"

ဟု ဆိုကာ စာရေးသူက သေနတ်၊ ယမ်းတောင့်၊ ရေဘူးတို့ကိုဆွဲ၍ ထွက်ခဲ့ပေတော့သည်။

ရေစမ်းမှာ တောင်ပေါ်တွင်ဖြစ်နေသော ချိုင့်ဝှမ်းကလေးဖြစ်ပြီး ရေမှာ ကြည်လင်အေးမြနေ၏။ တောင်ကြားကျောက်ကြားမှ ရေစိမ့်ထွက်နေသဖြင့် သားကောင်များအတွက်

www.burmeseclassic.com

www.burmeseclassic.com

သောက်ရန် နတ်ရေကန်ဟုပင် ဆိုနိုင်ပါသည်၊ နေရာကတော့ မုဆိုးအတွက် နေရာကောင်းဟု ဆိုရပေမည်။

× × ×

"အောက် ... အီး ... အီး ... အွတ်"

တောကြက်ဖတစ်ကောင်က ရေစမ်းအိုင်၏ အနောက်ဘက်တောထဲမှ တွန်လိုက်သည်။ အသံက စာရေးသူ၏အာရုံကို နှိုးထလာခဲ့လေပြီ၊ စာရေးသူ သတိဝင်လာ၏။

"အောက် ... အီး ... အီး ... အွတ်"

နောက်တစ်ကြိမ် တောကြက်ဖတွန်သံ။

စာရေးသူက ကျောက်ကြားအပေါ်စီးမှ အသံလာရာသို့ ကြည့်မိသည်၊

ကြက်ဖမှာ အိုင်သို့ ရေသောက်ရန်လာနေလေပြီ။ အသံသာကြားရပြီး အကောင်ကို မမြင်ရသေး။

ထိုစဉ်၊

"ဘွတ် ... ဘွတ် ... ဘွတ် ... ဘွတ်"

ဆိုသည့်အသံများနှင့်အတူ တောကြက်မ ၃ကောင်က အိုင်စပ်သို့ ထွက်လာသည်။ ကြက်ဖကိုမူ မတွေ့ရသေး။

ကြက်မများက ဟိုကြည့်သည်ကြည့်လုပ်ခါ ရေသောက်နေကြပြီး တစ်ကောင်နှင့်တစ်ကောင် ပူးကပ်သောက်နေကြခြင်း ဖြစ်၏။ စာရေးသူ စဉ်းစားမိသည်၊ သည်အချိန် စရိတ်ယမ်းတောင့်လဲပြီးဖြစ်ရင်တော့ ကြက်မ ၃ကောင်စလုံး ရနိုင်မည်၊

စဉ်းစားနေစဉ် တောကြက်ဖ ဝါနီနီ၊ အမြီးကွေးကြီးမှာ တောစပ်မှာ ပေါ်လာသည်။ ဟန်ပါပါနှင့် ကြက်မများရှိရာ ရေစပ်သို့ လျှောက်လာနေ၏။

ထိုစဉ် ကြက်မတစ်ကောင်က ခေါင်းထောင်ကာ တစ်စုံတစ်ရာကို လန့်သည့်အနေဖြင့် "ကတော်"ဟုအော်ကာ အိုင်အနောက်ဘက်တောတွင်းသို့ ထပျံသွားရာ ကြက်ဖကော ကြက်မ ၂ကောင်ပါ လိုက်၍ ပျံသွားလေသည်။

ဘာဖြစ်တာပါလိမ့်၊ ဘာကို လန့်တာပါလိမ့်ဟု မမိုတ်မသုန်ကြည့်ကာ တွေးမိသည်။ အဖြေ မရသေး။ မိမိအတွေ့အကြုံများကို စုစည်းကာ အဖြေထုတ်နေသည်၊ အဖြေကို မရမီမှာပင် တစ်စုံတစ်ရာသော လှုပ်ရှားမှုကို တွေ့ရ၏၊ မူလကြက်များလာသည့်နေရာ၏ မြောက်ဘက် ၁၀ပေခန့်အကွာ တောစပ်မှ ကောက်ကြောင်းတစ်ခု အသေအချာ ကြည့်သောအခါ ဂျီ(ချေ)ဖိုတစ်ကောင်၏ ဦးချိုထောင်ထောင်နှင့် ခေါင်းပိုင်းဖြစ်သည်၊



နားရွက်များကို ရေဒါပမာ မျက်နှာမူရာနှင့် ဝဲ၊ ယာ နစ်ဖက်ကို လှည့်လည် အာရုံခံနေသည်၊

စာရေးသူကလည်း ကောက်ကြောင်းကိုတွေ့ကတည်းက ပေါင်ပေါ်တွင် ကန့်လန့်ဖြတ်တင်ထားသည့် သေနတ်အား သားကောင်ရှိရာ စာရေးသူ၏ မျက်နှာမူရာအောက်ဘက်သို့ ဖြည်းညင်းစွာ လှည့်ထားပြီ။

ဤအချိန်တွင် အရေးကြီး၏၊ တစ်စုံတစ်ရာ အသံမထွက်ရ။ လှုပ်ရှားမှုကို သားကောင် မသိစေရ။ မျက်စိကို သားကောင်တွင်ထား၍ သေနတ်ကို ဒင်အသေးပိုင်းမှ ညာလက်ဖြင့်ကိုင်ကာ ဝဲလက်ဖြင့် သေနတ်၏ ဝမ်းဗိုက်နေရာမှကိုင်ထားပြီး သေနတ်မောင်းကိုကြိတ်၍ တင်၏။ အသံမထွက်စေရန် ဂာင်ရသည်။ တစ်လုံးထိုးသေနတ်များမှာ မောင်းတင်လျှင် "ချောက်"ခနဲမြည်တတ်၏။ ထိုသို့မြည်ပါက သားကောင်၏ ရေဒါနားရွက်က ဖမ်းမိသွားမည်၊ သို့ဆိုလျှင် သားကောင်က စက္ကန့်မဆိုင်းထွက်ပြေးမည်။ ထို့ကြောင့် မောင်းတင်မှန်းမသိစေရန် အသံမမြည်စေရန် ခလုတ်ကို အရင်ဆွဲထားရ၏။ လက်ညှိုးကို အရင်လျှော့လိုက်ပြီးနောက်မှ လက်မကိုလွှတ်ရပေသည်၊ သို့မှသာ မောင်းတင်သည့် "ချောက်"ဆိုသောအသံက မထွက်တော့၊

စာရေးသူမှာ ထိုသို့ပြုလုပ်နေစဉ် ရေအိုင်မှ သားကောင်သို့သာ အာရုံရောက်နေသည်။ တစ်စုံတစ်ရာသော အာရုံများကိုလည်း သားကောင်ထံတွင်ထားသည်။

ဂျီ(ချေ)ကလည်း ရေဒါဖြင့် နားထောင်ပြီး ညာလက်ကိုကြွ၍ ရှေ့သို့ချမည်ပြု၏၊ တွန့်ဆုတ်တွန့်ဆုတ်နှင့် ဖြစ်သည်။ ညာဘက်မြေကြီးနှင့် ထိလုနီးမှ လက်ကို ပြန်ရုပ်၏။ နားကို ဟိုလှည့်သည်လှည့် လုပ်ပြန်သည်။

သားကောင်များအား မုဆိုးများက ပစ်ရာတွင် ရေစမ်း၊ စားပင်၊ ဆားကျင်းများတွင် အများဆုံးဖြစ်ပေရာ သားကောင်များကလည်း အဆိုပါနေရာများသို့ဝင်လျှင် အလွန်သတိထား၏။ သတိထားရမည်ကို သူတို့၏ ဘိုးစဉ်ဘောင်ဆက်က သင်ကြားပေးခြင်း (သို့မဟုတ်) ထူးဆန်းသည့် အာရုံကသိနေခြင်း ဖြစ်ပေမည်။ ထို့ကြောင့် ခြေတစ်လှမ်း လက်တစ်ကမ်းကိုပင် သတိထားနေခြင်း ဖြစ်ရမည်ဟု စာရေးသူ အနိုင်အမာ တွေးတောယုံကြည်မိသည်။

စာရေးသူက မိမိအောက် ပေ၂၀ခန့်ရှိ ဂျီ(ချေ)ရှိရာသို့ပင် အာရုံရောက်နေသည်၊

ထိုစဉ် ထူးဆန်းသော အဖြစ်အပျက် ၂ခု ပေါ်လာ၏။ ပထမမှာ စာရေးသူ၏ မျက်နှာချင်းဆိုင်အပေါ် ၁၂ပေခန့်အကွာ ကုက္ကိုပင်ကြီးမှ သစ်ခေါက်ငယ်လေးတစ်ခုက အိုင်၏ ရေပြင်သို့ လေဖြင့် ဝေ့ဝိုက်ခါကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအချက်မှာ ဂျီ(ချေ)ဗိုက ဖြန်းခနဲ နောက်လှည့်ကာ ခြုံများအတွင်းသို့ ပြန်ဝင်ပြေးသွားသည်။

ဘာဖြစ်တာပါလိမ့်ဟု စာရေးသူ တွေးလိုက်စဉ်မှာပင် အာရုံနှင့် မျက်လုံးက ၄၅ ဒီဂရီအမြင့်ရှိ ၁၂ပေခန့်ဝေးသည့် ကုက္ကိုပင်ကိုင်းကြီးဆီသို့ လှန်ကြည့်မိပြီဖြစ်ရာ တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် စာရေးသူ ကြက်သေသေမတတ် ဖြစ်သွားရလေပြီ။

အကောင်တစ်ကောင်၏ ကောက်ကြောင်းပုံက အဆိုပါ ကုက္ကိုပင်ကြီးပေါ်တွင် အလျားလိုက်ကပ်၍ ဝပ်တွားနေသည့်ကောက်ကြောင်း၊ အမြီးမှာမူ တန်းလန်းကျနေသည်၊ ခေါင်းကမူ မည်သည့်ဘက်တွင် ရှိနေပါသနည်း။ စာရေးသူအား အပေါ်စီးမှနေ၍ စိုက်ကြည့်နေသည်။ နောက်ခြေထောက်နှင့် ရှေ့လက်မှ လက်သည်းများက ကုက္ကိုပင်လုံးကို





ကုပ်ထားသည်။ ထိုသို့ကုပ်ထားသည့်အတွက် ကုက္ကိုပင်၏ပင်လုံးမှ သစ်ခေါက်က ကွာကျလာခြင်းဖြစ်ပေသည်။

ထိုသတ္တဝါမှာ လူမှုဆိုးတို့အား ဒုက္ခအပေးနိုင်ဆုံး၊ သတိအထားရဆုံး၊ ဉာဏ်အများဆုံး၊ တိရစ္ဆာန်မုဆိုးဖြစ်သည့် ကျားသစ်ကြီးတစ်ကောင်ဖြစ်ကြောင်း၊ သိရလျှင်ရခြင်း ... !

စာရေးသူက မည်သို့ လှုပ်ရှားရမည်ကို အရင်စဉ်းစားရသည်၊ တိရစ္ဆာန်မုဆိုးက လူမုဆိုးအား သားကောင်အဖြစ် အချောင်းခံရပြီး ခုန်အုပ်မည့်ဆဲဆဲ သူ့လက်တစ်ကမ်းအကွာတွင် ရှိနေသူအဖို့ ကိုယ်ရိုးကားယား လှုပ်ရှားရမည်ဆိုပါက ချက်ခြင်း ခုန်အုပ်ခြင်းခံရမည်ကို စာရေးသူက အတွေ့အကြုံအရ သိနှင့်သည်။ ထို့ကြောင့် လှုပ်ရှားမှုကို အငြင်သာဆုံးလုပ်ရန် ဆုံးဖြတ်ခါ လှုပ်ရှားရသည်။

စာရေးသူ၏ တစ်လုံးထိုးသေနတ်မှာ ဂျီ(ချေ)လာစဉ်ကပင် မောင်းတင်ထားကာ မျက်နှာမူရာဘက်သို့ အလိုက်သင့်ထားကာ ကိုင်ထားလျက် ဖြစ်သည်၊ သို့အတွက် ဝဲဘက်လက်မှာ သေနတ်၏ ဝမ်းဗိုက်ပိုင်းကို ကိုင်ထားပြီးဖြစ်သဖြင့် ဝဲလက်ကို အရင်မ,ကာ ပြောင်းဝအား ကျားသစ်ရှိရာဘက်သို့ ဖြည်းညှင်းစွာ ထောင်လိုက်သည်၊ ထိုစဉ် ကျားသစ်ကလည်း အပေါ်စီးမှနေ၍ ခုန်အုပ်ရန် ပါးစပ်ကိုဖြဲလိုက်သဖြင့် အထက်အောက် အစွယ် ၄ချောင်းမှာ ဖွေးခနဲပေါ်လာသည်၊ ခန္ဓာကိုယ်ကိုလည်း ကုက္ကိုပင်၏ပင်စည်တွင် ပို၍ပြားအောင် ဝပ်ခါ ရှေ့လက်ကို အားယူနေသည်၊

သည်တစ်ခါတော့ သွားပြီဟု စာရေးသူက ထင်လိုက်သည်၊ အရေးကြီးဆုံးအချိန် ရောက်ပြီ တစ်စက္ကန့်၊ နှစ်စက္ကန့်မျှ အချိန်သည် လျှင်သူစားတော့မည့်အချိန်ဖြစ်သည်၊ စာရေးသူက သေနတ်ပြောင်းကိုသာ သူ၏လက်ပုံဆီသို့ရောက်ရန် ထိုအချိန်ကလေးတွင် အသုံးချသည်၊

ဖြူဝါဝါ ခန္ဓာကိုယ်ပေါ်တွင် ဂုံညင်းဖိုးမျှရှိသော အနက်အကွက်တစ်ကွက်လျှင် မတ်စေ့ခန့်အကွက်ကလေးများပါ ကပ်၍ရှိကာ တောက်ပနေသည့် နှာယောင်ပွပွနှင့် ကျားသစ်၏ လက်ပုံသို့ရောက်ရန် မနည်းကြိုးစားရသည်၊

ယာလက်မှမူ သေနတ်ဒင်၏ အသေးပိုင်းမှ မှလကတည်းက ကိုင်ထားပြီးဖြစ်၍ လက်ညှိုးက ပစ်ခလုတ်ပေါ်တွင်ရှိနေပြီး ဖြစ်သည်။

ကျားသစ်က ရှေ့လက်ပေါ်တွင် သူ့ခန္ဓာကိုယ်၏ အလေးချိန်ကတင်ပြီး စာရေးသူ့ထံ အုပ်ချလိုက်သည်၊ ကုက္ကိုကိုင်းပေါ်မှ သူ့ခန္ဓာကိုယ်က ကြွလိုက်ချိန်-

"ဒိုင်း ..."

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ၏ တစ်လုံးထိုးသေနတ်ကလည်း ပြောင်းမှ မီးပွင့်ထွက်သွားသည်။ ထည့်ထားသည့် ဝိုင်ချက်စတာ O.O.B ယမ်းတောင့်ကလည်း အငြင်းအဆန်မရှိ ထွက်သွား၍ သေနတ်က လက်ထဲတွင် ခုန်သွားသည်။

ကျားသစ်ကလည်း သစ်ကိုင်းမှအကြွ ခဲကိုးလုံးပါသည့် ယမ်းတောင့်က ကျားသစ်၏ လက်ပုံကို အငြင်းအဆန်မရှိ ထွင်းဖောက်သွားသည်။ သေနတ်၏ ထိချက်အရှိန်နှင့် ကျားသစ်၏ လှုပ်ရှားချိန်မို့ ကျားသစ်မှာ လေထဲတွင် ဘေးတိုက်ယိုင်သွားကာ သစ်ကိုင်းပေါ်မှ တွန်းချလိုက်သလိုခံရပြီး ခြေလွတ်လက်လွတ်အောက်တည့်တည့်ရှိ ရေအိုင်ထဲသို့ ဘုံးခနဲကျသွားသည်။

စာရေးသူက နောက်ထပ်ဘာမှ မစဉ်းစားတော့ဘဲ သေနတ်ခါးကိုချိုးလိုက်ရာ ပစ်ပြီးသား ယမ်းတောင့်ခွန်က အလိုအလျောက် "ဖောင်း"ခနဲအသံမြည်ကာ ထွက်သွားသည်။ စာရေးသူက ယမ်းတောင့်ခါးပတ်မှ S.G ယမ်းတောင့်တစ်တောင့်ကိုထုတ်ခါ ပြောင်းအတွင်း ထိုးသွင်း၊ ခါးစေ့ကာ မောင်းတင်လိုက်သည်။ ထို့နောက် ကျောက်ကြားထိုင်နေရာမှ မတ်တပ်ရပ်ခါ ကျားသစ်ရှိရာသို့ ကြည့်လိုက်သည်။

ကျားသစ်မှာ အသက်မထွက်သေးဘဲ ရေထဲတွင် ဘေးတိုက်လည်နေသည်။ နောက်ခြေမှာ အနည်းငယ်ယက်နေသေးသော်လည်း လက်ပုံတွင် မှန်ထားပြီမို့ လိုရာသို့ ကူး၍မရနိုင်ဘဲ လည်နေခြင်းဖြစ်သည်။

စာရေးသူက သေနတ်အား ကျားသစ်၏ လည်တိုင်ဆီသို့ ချိန်ကာ ဒိုင်းခနဲ ထပ်ပစ်လိုက်သည်။ သေနတ်သံအဆုံးတွင် အိုင်မှာ လှိုင်းထသွားပြီးနောက် ကျားသစ်မှာ ငြိမ်သွားပြီး ဒုတိယအချက်က ကျားသစ်၏ ဇီဝိန်ကို ချုပ်ငြိမ်းစေခဲ့ပြီ။

× × ×

စာရေးသူအဖြစ်အပျက်ကို အေးဆေးစွာ စဉ်းစားမိသည်။ ရေသောက်စမ်းအိုင်တွင် သားကောင်များလာတတ်သည်ကို လူမှဆိုးသာမက တိရစ္ဆာန်မှဆိုးကလည်းသိသည်။ အချိန်ကိုလည်း သိသည်။ လူမှုဆိုးက သားကောင်အား အပေါ်စီးကျောက်ကြားထဲမှ စောင့်သလို တိရစ္ဆာန်မှုဆိုးကျားသစ်ကလည်း အပေါ်စီးမှစောင့်ရန် ကုက္ကိုပင်ကို တက်လာခြင်း ဖြစ်သည်။ စာရေးသူက အောက်ကိုင့်၍ ကြက်နှင့်ဂျို(ချေ)ကို အာရုံရောက်နေစဉ် ကျားသစ်က ကုက္ကိုပင်ပေါ်သို့ အသံမကြားအောင်တက်လာခြင်း ဖြစ်သည်။ ဒါကို [illegible]သဲ၊ ဂျို(ချေ)က သိသည်၊ ကံအားလျော်စွာ ကုက္ကိုပင်မှ သစ်ခေါက်ကလေးက



ကွာကျသွားသဖြင့် ဂျို(ချေ)နှင့် သစ်ခေါက်က စာရေးသူ၏အာရုံကို နှိုးထပေးလိုက်ခြင်း ဖြစ်သည်။ ကံကောင်းခြင်းပေလား။ စာရေးသူ လျင်ခဲ့၍ပေလား။ စဉ်းစားသည်။

နှစ်ခုစလုံးပင် ဖြစ်ရပေမည်။ ဘာပဲဖြစ်ဖြစ် မှုဆိုးခြင်း။ ရင်ဆိုင်တွေ့သည့်အချိန်တွင် စာရေးသူက ကျားသစ်ထက် လျင်ခဲ့သည်ဟု ကိုယ့်ကိုယ်ကို အားပေးမိသည်။

မလျင်ဘဲ စက္ကန့်အနည်းငယ်နောက်ကျမည်ဆိုလျှင် (သို့မဟုတ်) စာရေးသူက သေနတ်ဒင်ကို ပခုံးအထိမမ၍ ထောက်နေမည်ဆိုလျှင် ကြန့်ကြာမည့်အချိန်အတွက် အဖြေမှာ ပြောင်းပြန်ဖြစ်သွားနိုင်သည်။

လျင်သူ စားစတမ်းပေါ့လေ။

စာရေးသူက ယမ်းတောင့်တစ်တောင့်ထုတ်ခါ သေနတ်အတွင်း ထည့်လိုက်သည်။ ပြီးနောက် မောင်းတင်ကာ မိုးပေါ်သို့ထောင်၍ ပစ်လိုက်သည်။

"ဒိုင်း ..."

ဆိုသည့် သေနတ်သံက တောနှင့် တောင်နံရံများကို ရိုက်ခတ်သွားသည်။ စခန်းမှ ကြားနိုင်လောက်ပါသည်။

ဦးနီအား လာတော့ရန် အရေးပေါ် ခေါ်လိုက်သည့် တတိယသေနတ်သံ ဖြစ်ပါတော့သည်။

× × ×

*(ကင်ဆာရောဂါကို အလူးအလဲခံစားကာ ခွဲခွာသွားပြီဖြစ်သော ကိုသန်းထွန်းတင်အား အမှတ်တရဖြင့်)*

တကြွင်း၊

ထိုကျားသစ်မှာ နှာဖျားမှ အမြီးဖျားအထိ ၆ပေခန့်ရှည်၍ စာရေးသူမုဆိုးသက်တစ်လျှောက်တွင် ပထမဦးဆုံးရဖူးသည် ကျားသစ်တစ်ကောင်ဖြစ်ပါသည်၊ အရေပြားကို သိမ်းထားခဲ့ရာ ထိုစဉ်က သားရေနယ်ခြင်းကို စနစ်တကျ မလုပ်မိခဲ့၍ ၃နှစ်မျှကြာသော အခါ ပိုးစားကာ အမွေးများကျွတ်ကုန်သဖြင့် ပစ်လိုက်ရပါသည်၊ ထို့ကြောင့် ဤဓာတ်ပုံဖြင့်သာ မှတ်တမ်းတင်ထားလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# မျက်နှာမပါ သည့်သူ

## ကျော်ဦးစိုး





စာရေးသူအနေဖြင့် အပျော်တမ်းမှဆိုးသက်တစ်လျှောက်တွင် တွေ့ကြုံဆုံစည်းရသော ဖြစ်ရပ်မှန်များစွာတို့အနက် တောတောင်အတွင်းတွင် အဖြေရှာမရနိုင်သော ပဟေဠိများလည်း အပါအဝင်ဖြစ်ပေသည်။ ထိုအထဲတွင် စာဖတ်သူများ ဖတ်၍ ကောင်းနိုင်သည့် အဖြစ်အပျက်များကို အလေးထားရေးသားခဲ့ရာ စာဖတ်သူများ အနော်မာမဂ္ဂဇင်း စာအုပ်တွင် အတော်အတန် ဖတ်ရဖူးပေပြီ။ စာရေးသူ ရေးသားခဲ့ရာတွင် စိတ်ကူးယဉ်ဆန်ဆန် ဖတ်ကောင်းရုံမျှ ရေးဖွဲ့ခြင်းမဟုတ်ဘဲ အတွေ့အကြုံအရ ဖြစ်ရပ်မှန်တို့ကိုသာ အခြေခံရေးဖွဲ့ခဲ့ပါ၏။ ထိုသို့ ရေးဖွဲ့ရာတွင် တစ်ခါတစ်ရံ သေနတ်တစ်ချက်မျှ မပစ်လိုက်ရသော်လည်း စိတ်ဝင်စားဖွယ် ဖြစ်ရပ်များရှိလေရာ စာရေးသူကိုယ်တိုင် ခံစားခဲ့ရသည့်နည်းတူ တောတောင်၊ ရေမြေအနေအထား၊ သာယာမှုရှုခင်း အခြေအနေ၊ သဘာဝပတ်ဝန်းကျင် အခြေအနေများကို သိရှိခံစားနိုင်စေရန်နှင့် စာရေးသူက စာဖတ်သူအား တောတောင်အတွင်း လက်တွဲခေါ်ယူပြသသည့် ခံစားမှုအနေအထားဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားပါသည်။

ထိုသို့ ကြိုးစားရင်းမှ တောတောင်အတွင်းတွင် ဖြစ်ရပ်ဆန်းများကိုလည်း သိရှိခံစားနိုင်စေရန် ဤဝတ္ထုအား ထပ်မံရေးသား တင်ပြလိုက်ပါသည်။

စာရေးသူ ယခင်က တင်ပြသကဲ့သို့ တောခြောက်၊ တောမှောက် တောမှားဆိုသည့် အချက် ၃ချက် အကြမ်းဖျင်း သတ်မှတ်ထားရာ (အနော်မာမဂ္ဂဇင်း ၂၀၀၂ ခုနှစ် နိုဝင်ဘာလထုတ် "လှည့်စားလေသလား ဖူးကြီးရယ်")ထိုအထဲတွင် တောခြောက်ခြင်းနှင့်ပတ်သက်၍ ဖြစ်ရပ်မှန်ကို တင်ပြခဲ့ခြင်း၊ ဖြစ်သကဲ့သို့ ယခုဝတ္ထုတွင် တောခြောက်သည်လား တောမှောက်သည်လား၊ သရဲခြောက်ခြင်းလားဆိုသည်ကိုမူ စာရေးသူကိုယ်တိုင်

www.burmeseclassic.com



ယခုအချိန်အထိ မဝေခွဲနိုင်သေးပါ။ ရန်ကုန်မြို့မှ ပဲခူးမြို့သို့သွားရာ ကားလမ်းမပေါ်တွင် "အင်းတကော်"ဆိုသည့်ရွာကလေးတစ်ရွာရှိကာ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်၊ တရုတ်ခေါက်ဆွဲဆိုင်၊ အရက်ဆိုင်တို့ဖြင့် စည်ကားလေ၏။ ရန်ကုန်မှ ၃၅မိုင်တိတိ ဝေး၏။ အနီးအနားတွင် ပဲခူးရိုးမ၏ နဖူးစွန်အဖျားတောက ရှိနေပေသည်။ ထိုရွာမှ မြောက်ဘက်သို့ လှည်းလမ်းအတိုင်းသွားမည်ဆိုလျှင် သစ်တော၊ ရာဘာစိုက်ခင်း၊ ကိုင်း တော၊ လယ်ကွင်း၊ လျှို၊ မြောင်တို့ကို အဆင့်ဆင့် ဖြတ်သန်းကာ "ပုဂံဗိုရွာ"မှစ၍ "ထီးဖတို"၊ "ဆတ်အင်း"၊ "ဝါးလော"၊ "ညောင်ကုန်း"။ "ကျွဲဖြူအင်း"၊ "ကရင်ဝါးတာ"၊ "ရှမ်းဝါးတာ" စသည့် ပဲခူးရိုးမ၏ အရှေ့တောင်ဘက်ဆုံး တောစွယ်တောင်တန်းငယ်များ ရှိရာသို့ရောက်ပြီး ထိုမှ အနောက်ဘက်သို့ထွက်လျှင် ဖောင်ကြီး၊ အမြန်လမ်းမပေါ်သို့ ရောက်၏။ မြောက်သို့ဆက်လျှင် ပဲခူးချောင်း "ထန်းတောကြီး"၊ "ဇောင်းတူ"သို့ ရောက် နိုင်ပေသည်။ ခရီးမိုင် ၅၀ မျှ ရှိမည်။

ထိုတောစဉ်တောင်ဆက်ကောင်းရာ အရပ်ဒေသများတွင် ချေ(ဂျီ)၊ ဒရယ်၊ တောဝက်တို့က ပေါလှကာ ညောင်ကုန်းရွာလွန်လျှင် ဆတ်၊ ဝက်ဝံ၊ ကျား၊ ကျားသစ်တို့ကိုပါ ပစ်ခတ်နိုင်ပေသည်။ ဆောင်းရာသီ စပါးရိတ်ချိန်တွင် လယ်ကွင်းများရှိရာ တောစပ်များတွင် ဝက်က အုပ်လိုက်သင်းလိုက်ဆင်းပေရာ ဝက်အုပ်ကိုလိုက်လံ ချောင်းသော ကျားသစ်များက ပေါလှသည်။ ကျားကြီးကိုမူ တစ်နှစ်လျှင် တစ်ကြိမ်၊ နှစ်ကြိမ်ခန့်သာ တွေ့ရတတ်ပေ၏။

စာရေးသူမှာ ထိုတောသို့ တက္ကသိုလ်ကျောင်းသားဘဝကပင် ရောက်ရှိခဲ့ဖူးပြီးဖြစ်ယုံမက မိတ်ဆွေများလည်းရှိရာ တစ်ခါတစ်ရံ မိတ်ဆွေများဖြင့် သွားတတ်သကဲ့သို့ တစ်ခါတစ်ရံတွင် လူငယ်တို့၏ စရိုက်အတိုင်း တစ်ဦးတည်း စွန့်စွန့်စားစား တောပစ်သွားတတ်ပေသည်။ ထိုစဉ်က စာရေးသူတွင် ဗိုင့် ၂၂ ဘိုး Baretta ရိုင်ဖယ်နှင့် Spring Field နှစ်လုံးပူးကို လိုင်စင်နှင့်ကိုင်ထားရာ စနေ၊ တနင်္ဂနွေလို ရုံးအားရက်မျိုးတွင် သေနတ်နှစ်လက်ကို ထုပ်ပိုး၍ ကျောပိုးအိတ်တွင် အဝတ်အစားထည့်ကာ ရန်ကုန်-ပဲခူးဘတ်စ်ကားဖြင့် ထိုဒေသသို့ သွားတတ်ပေသည်။ ခရီးမှာလည်း ရန်ကုန်နှင့် နီးသဖြင့် တစ်ဦးတည်းသွားသည့်တိုင်အောင် အင်းတကော်ရွာသား တင်အေး၊ ငပျော့၊ ဖိုးတုတ်၊ ဦးသာဆင်၊ ကိုသက်ထွန်း၊ ဆယ်မိုင်ကုန်းရွာသား ကိုသောင်း၊ ကိုလင်း၊ ကိုခင်တို့က တစ်ဦးမဟုတ်တစ်ဦး တစ်ခါတစ်ရံ ၄၊ ၅ ဦးပင် လိုက်ကြပေသည်။

× × ×



ဒီဇင်ဘာလ၏ ချမ်းအေးမှုက နံနက်စောစောတွင် အိပ်ရာမှ မထချင်လောက်အောင် အေးချမ်းလှ၏။ အင်းတကော်ရွာမှ ၁၄မိုင်မျှဝေးရာ ကျွဲဖြူအင်းရွာနှင့် ၃ ဖာလုံမျှဝေးသည့် တောကြားလယ်တောင်းရှိ တင်အေး၏ ထင်းတဲကလေးက မကျယ်လှသော်လည်း စလူမိုးစလူကာဖြင့် လုံလုံခြုံခြုံမို့ တော်သေးသည်။ ဆောင်းရာသီမြောက်လေက ကွင်းစပ်တောခြေတွင် တဟူးဟူးတိုက်နေရုံသာမက နံနက်ခင်းနှင်းများ လေတိုက်ရာသို့ ဝေ့ဝဲပါနေသဖြင့် ၁၀ကိုက်၊ ၁၅ကိုက်ထက်ပင် ပို၍ မမြင်ရ။ နေမှာ ထွက်စပြုနေသော်လည်း နှင်းများက သိပ်သိပ်သည်းသည်း ကျနေသည်မို့ နေကျပ်နေသလားပင် အောက်မေ့ရသည်။

စာရေးသူက အိမ်ရှေ့ဘုရားစင်အောက်တွင် တဲပေါက်ဝအရှေ့ဘက် ခေါင်းပြုအိပ်နေရာ ခြင်ထောင်ကို ခေါင်းရင်းမှလှန်၍ အပြင်ဘက်သို့ ကြည့်လိုက်သည်။ အိမ်ရှေ့ ရိတ်ပြီးလယ်စပ်တွင် လူ ၄၊ ၅၊ ၆ ဦး ရောက်နေပေပြီ။

"ဆရာစိုး နိုးလာပြီးလား။ နိုးရင် မျက်နှာသစ်၊ ကောက်ညှင်းပေါင်းနဲ့ အာပြခြောက်ဖုတ် စားရအောင်"

ခေါင်းရင်းဘက်ကပ်လျက်တဲမှ ကိုသောင်းက စာရေးသူအား အသံပြုကာ နံနက်စာ စားရန် ခေါ်လိုက်၏။

"နိုးတော့ နိုးနေပါပြီဗျာ၊ ဒါပေမယ့် အတော်အေးတယ်ဗျို့"

"အေးရင် ကွေးမနေနဲ့၊ ဒီဘက်ကိုလာ၊ မီးလှုံရင်း နံနက်စာ စားတာပေါ့"

ကိုသောင်းက တစ်ဆက်တည်းမှာပင် -

"ဦးသာဆင်တို့ သစ်ခုတ်အဖွဲ့လဲ ရောက်နေပြီ၊ နေပွင့်လာရင် တောမောင်းကြရအောင်"

စာရေးသူက အိပ်ရာသိမ်း မျက်နှာသစ်ပြီးနောက် ကိုသောင်းတဲသို့ ကူးခဲ့ရာ တင်အေးလည်း ပါလာလေ၏။ နံနက်စာ ကောက်ညှင်းပေါင်းနှင့် အာပြခြောက်ဖုတ်ကို စားပြီးသောအခါ နံနက် ဂနာရီရှိပြီ။ အဝတ်အစားလဲ တောစီးဖိနပ်စီးပြီးနောက် နှစ်လုံးပူးကိုဆွဲ ယမ်းတောင့်ခါးပတ် ပတ်လိုက်ပြီး တောမောင်းကြရန်ထွက်တော့မည်။ ကျွန်ုပ်က-

"ငပျော့ရေ မင်း၊ ငါ့ ဗိုင့်၂၂နဲ့ပစ်ကွာ၊ ရော့-ဒီမှာ မဂ္ဂဇင်း"

ဟု ဆိုကာ သေနတ်ပေးလိုက်လေ၏။ စာရေးသူ၏ ဗိုင့်၂၂မှာ Semi Auto ဖြစ်၍ ငပျော့ပစ်ဖူးနေသော သေနတ်ဖြစ်၏။

တင်အေးက လုံးချင်းတစ်လက်။

ကိုသောင်းက Browning Semi-Auto 12 Gauge တစ်လက်။

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူက နှစ်လုံးပူးတစ်လက်။

ပျော့က ဗွိုင့်၂၂ တစ်လက်၊ စုစုပေါင်း ၄လက်နှင့်ဆိုလျှင်တော့ လုံပေပြီ။ တောမောင်းမည့်သူများမှာ ဦးသာဆင့်၊ ကိုသက်ထွန်းတို့ ခေါင်းဆောင်ပြီး လူ၆ယောက်မျှ တောမောင်း၍ မြိုင်ပေမည်။

"ဘယ်ဘက်ကို သွားမောင်းမှာလဲ"

ကျွန်ုပ်က တင်အေးအား မေး၏။

"ညောင်ကုန်းနဲ့ ကျွဲဖြူအင်းကြားတောကို ပိုင်းပိုင်းပြီး မောင်းမယ်"

တင်အေးက ဖြေ၏။

"ဟာ ... တင်အေးကလဲ အဲဒီတောက ဝါးနဲ့ ဖြုတ်တောဆိုတော့ မင်းဟာက ဂျီ(ချေ)ပဲထွက်မှာ၊ ဆတ်ထွက်မှာ မဟုတ်ဘူး"



ကျွန်ုပ်က ဂျီ(ချေ)နှစ်ကောင်ကို ရကတည်းက စခန်းသို့ပြန်ပို့နိုင်းကာ ဝမ်းတွင်းသားချက်ထားရန် မှာထားပြီးမို့ ...



"ဟုတ်ပါတယ်၊ ဒီနေ့အစဆိုတော့ နံနက်ပိုင်း ဂျီ(ချေ)မောင်းကြတာပေါ့။ အဲဒီတောက ဂျီပေါတယ်၊ နောက်နေ့ကျမှ ဝါးတာနဲ့ သခုတ္တုတောင်ဘက် ဆတ်မောင်းမယ်"

စာရေးသူက ဆတ်ကို အဓိကပစ်ချင်သော်လည်း ရက်များရသေးသည်မို့ ဂျီ(ချေ)ကို အရင်ပစ်ရန် သဘောတူခဲ့ကာ ထွက်ခဲ့ကြလေ၏။

နံနက်ပိုင်း တောမောင်းကြည့်ရာ ဂျီ(ချေ)နှစ်ကောင်ရခဲ့ပြီ။ နေမှာလည်း အတော်မှ လာပြီမို့ လက်မှ နာရီကိုကြည့်လိုက်ရာ ၁၂နာရီပင် ကျော်နေပေပြီ၊ ထို့ကြောင့်-

"ဦးသာဆင်နဲ့ ကိုသက်ထွန်းရေ နေအတော်ပူနေပြီ ထမင်းလဲ ဆာပြီဗျာ၊ တစ်တော လောက်ပြန်ရင်းနဲ့မောင်းပြီး စခန်းပြန်ကြရအောင်၊ ခုလောက်ဆို ဂျီဝမ်းတွင်းသားလဲ ချက်ပြီးရောပေါ့"

ကျွန်ုပ်က ဂျီ(ချေ)နှစ်ကောင်ကို ရကတည်းက စခန်းသို့ပြန်ပို့နိုင်းကာ ဝမ်းတွင်း သားချက်ထားရန် မှာထားပြီးမို့ ပြောလိုက်၏။

"ဟုတ်တယ်၊ ကျွန်တော်တို့လဲ ဆာနေပြီ"

တောမောင်းနောက်လိုက်များကလည်း သဘောတူ၏။ သို့သော် မတူသူက ဦးသာဆင်၊ ဦးသာဆင်မှာ တောမောင်းလောဘကြီး၏။ သူပါလျှင် တောစေ့၏။ တောမကျန်အောင် မောင်းနိုင်သကဲ့သို့ အချိန်ကို အလကားမထားတတ်၊ တစ်တောပြီးလျှင် တစ်တော၊ နောက်တစ်တော၊ ကြာတော့ တောမောင်းသူသာမက တောစောင့်သည့်သေနတ်သမားပါ မောရ၏။

သေနတ်သမားများက တောစောင့်ရသည်ဆိုသော်လည်း တောကိုကွင်း၍ ရှေ့မှ ပတ်စောင့်ရသဖြင့် ကြာတော့ တောပတ်ရသည်မှာ ညောင်းလာ၏။ ရေငတ်၏။ ထမင်း ဆာ၏။

ထို့ကြောင့် စာရေးသူက-

"ဦးသာဆင်ရေ လောဘမကြီးနဲ့ဗျာ၊ နောက်ရက်တွေမောင်းဖို့ အားတွေ ချန်ထားပါဦး"

ဟု ဆိုလိုက်မှ-

"ကဲ ... ဒါဆို ဆရာရေ သဲတာတောကို မောင်းရင်းနဲ့ ပြန်ကြမယ်"

"သဲတာ"တောမှာ တောကြားလှည်းလမ်းရှိကာ တစ်မိုင်ခွဲ နှစ်မိုင်မျှ သဲထူ၏။ မည်မျှ ထူပါသနည်း။ ပင်လယ်ကမ်းခြေ သဲသောင်ပြင်ကဲ့သို့ ထူ၏။ ထို့ကြောင့် လှည်းသွားလျှင် သဲဆွဲသောကြောင့် နွား (သို့မဟုတ်) ကျွဲမှာ ခြေကုန်ကာ ဝပ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သဲတာနားရောက်လျှင် လှည်းနွား၊ နွားဖြုတ်ခါ အရှိန်ယူရသည်။ ကျွဲ၊ နွား အားပြည့်မှ ဝါးလှည်း၊ ထင်းလှည်း၊ သစ်လှည်းတို့ ခရီးဆက်ကြရသည်။ ဒါတောင် သဲတာနေရာမှာ ပြန့်တောမို့ တော်သေးသည်။ တောင်တက်ဖြစ်ပါက မလွယ်။

သဲတာတွင် ဒုက္ခပေးသည့်အချက်တစ်ချက် ရှိသေးသည်။ လှည်းမှာ ဖြည်းဖြည်းသာ သွားရ၍ လှည်းနှင့်အတူပါလာသည့် ခွေးကို ကျားသစ်က လှည်းလမ်းကြောင်းနံဘေး တောအတွင်းမှ စောင့်ကာ ဆွဲတတ်၏။ တစ်ခါတစ်ရံ လှည်းအောက်မှ လိုက်လာသော ခွေးကို ကျားသစ်က ဝင်ဆွဲ၏။ တစ်ခါတစ်ရံ ကျားသစ်ဆွဲမှာစိုး၍ လှည်းပေါ်ကို ခွေးတင်လာလျှင် လှည်းပေါ်တက်ဆွဲတတ်၏။

တစ်ခါတစ်ရံတွင်လည်း လှည်းတပ်ထားသည့် နွား၊ ကျွဲတို့ကို ဟင်းမျိုး(ကျားကြီး) က ဆွဲခဲ့ဖူးခြင်း ရှိ၏။ သို့သော် လူကိုမူ ဟင်းမျိုးကသော်လည်းကောင်း၊ ကျားသစ်က သော်လည်း ဆွဲခဲ့ဖူးသည်ဟူ၍ မရှိခဲ့ပါပေ။

ထိုအပြင် သဲတာမှာ တောင်နှင့် မြောက်တန်းနေပြီး အရှေ့ဘက်တွင် တောင်ကုန်း ထူထပ်၏။ လှည်းလမ်းတစ်ဖက်တစ်ချက်တွင် ဝါးတောနှင့် ဘိစပ်ခြုံ၊ ဆောက်ခြုံ၊ ဆူးရစ်ခြုံတို့ပေါ်ကာ အောက်ခြေရှုပ်သဖြင့် တောပိတ်၏။ ထိုတောပိတ်ရာနှင့် အရှေ့ဘက် ကြောပေါ်မှ ညဘက်ဆိုလျှင် ဘာသံရယ်မသိ၊ တဝူးဝူး၊ တဝေါဝေါ တဝုန်းဝုန်း ကြားတတ် သည်။ လှည်းသမားများက တောခြောက်သည်ဆို၏။ သို့သော် ရိုးနေပြီ။ လှည်းသမားတိုင်း စလွယ်ခုတ်ဓားကို ပေါင်ပေါ်တင်၍ လှည်းမောင်းရ၏။ စလွယ်ခုတ်ဓားမှာ ၄၀ ကျပ်သား၊ ၅၀ ကျပ်သားသာရှိပြီး အရိုးအသွားတစ်ထောင့်ထွာမျှရှိကာ ခပ်ပါးပါးလုပ်ထား၏။

"မြ"နေအောင် သွေးထားသဖြင့် စလွယ်ပင်ကို တိခနဲပိုင်းနိုင်၏။ ထိုအရပ်ဒေသမှ လုပ်ငန်းသုံးသာမက ဆောင်ဓားအဖြစ်ပါ ကိုင်ဆောင်ကြပေသည်။

× × ×

"သဲတာ"တွင် စာရေးသူက တောင်မှမြောက်သို့ ရှေ့ဆုံးမှလျှောက်လာရင်း ငုံ့၍ ငုံ့၍ ကြည့်လာရာ ကျားသစ်ခြေရာတစ်ခုစနှစ်ခုစကို စတင်တွေ့ရပြီး နောက်ဆက်ခဲ့ရာ ခြေရာများ ရှုပ်လာသဖြင့်ရပ်၍ အကြီးအသေး ခွဲ၏။ သို့သော် မတိမ်းမယိမ်းအရွယ်၊ တရုတ်အကြမ်းပန်းကန်လုံးသာသာ ရှိပေ၏။ စာရေးသူ သေသေချာချာကြည့်ရာ ကျားသစ် ၄ကောင်ခန့် ဖြစ်ပေမည်။

"ဆရာ . . . အားလုံးပေါင်း ၄ကောင်ပဲ"



ဦးသာဆင်က ဆို၏။

"ဟုတ်တယ်၊ ကျွန်တော်လဲကြည့်နေတာ လှည်းလမ်းပေါ်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတယ်"

"ဒါ သူတို့စားကျက်ပဲ ဆရာ၊ ညောင်ကုန်းနဲ့ ကျွဲမြူအင်းကူးတဲ့ လှည်းနဲ့ခွေးကို စောင့်တာ၊ ပြီးတော့ မိတ်လိုက်ချိန်စပြီ"

ထိုစဉ် ကိုသောင်း ရောက်လာပြီး -

"ဒီကောင်တွေ နေရာမှန်းနေတာ တစ်ပတ်လောက်ရှိပြီဆရာ၊ ကျွန်တော်တောင် ညဘက်လာစောင့်မလို့"

ဟု ပြောလေ၏။

"အေးဗျာ၊ စောင့်ရင် လွယ်လွယ်နဲ့ပစ်ရမယ့်ပုံပဲ၊ အခု လပြည့်ခါနီးဆိုတော့ လရောင်နဲ့ စောင့်ပစ်ရင်ကောင်းမယ်၊ ဒါပေမယ့် စောင့်ဖို့နေရာမြင့်မြင့်မရှိတာက ခက်တယ်"

ကျွန်ုပ်က ထင်မြင်ချက်ပေး၏။ ကိုသောင်းက -

"ရှေ့နားမှာရှိတယ် ဆရာ"

"နေရာရှိရင် ကျွန်တော်နဲ့ ခင်ဗျား စောင့်ရအောင်"

× × ×

ကိုသောင်းပြသည့်နေရာမှာ သဲတာလှည်းလမ်း၏ အနောက်ဘက်နံဘေးမှ သပြေပင် ကြီးဖြစ်၏။ သပြေပင်ဟုဆိုသော်လည်း ကိုင်းများ မရှိတော့။ သူများသစ်လှဲသွားသဖြင့် တုံးတိတိကြီး ဖြစ်နေပေပြီ။ သို့သော် သစ်လှဲသူများက မည်သို့လှဲသည်မသိ။ ၁၅ပေ လောက် အမြင့်မှလှဲထားသဖြင့် အပင်မှာ မသေဘဲ ဖြတ်ထားသည့်နေရာ၏ လုံးပတ်ပင်စည် မှ အခက်များ ဖျာထွက်နေရာ ပုန်းအိမ်တစ်ခုသဖွယ် ဖြစ်နေ၏။ အပင်လုံးပတ်အချင်းမှာ ၄ပေမျှရှိပေရာ ထိုထိပ်တွင် ထိုင်နေပါက လူတစ်ယောက်ကောင်းစွာ ထိုင်နိုင် ကွေး၍ အိပ်နိုင်ပေမည်။ နံဘေးမှ အခက်များထွက်နေ၍လည်း ထိုင်နေသည့် လူကိုမမြင်နိုင်။ ထိုကျားသစ်များကိုစောင့်ရန် အကောင်းဆုံးနေရာဖြစ်၏။ သို့သော် အပင်လုံးချောကြီး ဖြစ်နေ၍ တက်ရန်မလွယ်။

"ကိုသောင်းအပေါ်ကိုတော့ တက်ဖို့ခက်မယ်နော်"

ကျွန်ုပ်က မေး၏။

www.burmeseclassic.com

www.burmeseclassic.com



"မခက်ပါဘူး ဆရာ၊ အလွယ်ကလေးပါ"

"ဘယ်လို တက်မှာလဲ"

"ဝါးနက်တစ်လုံးခုတ် အဆစ်က ထွက်နေတဲ့ အခက်တွေကို ခြေနင်းဖို့ အတက်ကလေးတွေချန်ပြီးဖြတ်၊ ပြီးတော့ ဝါးထောင်ပြီး နီးနဲ့ ပင်စည်ကို ထိန်းထုပ်ပြီး တက်ရုံပါပဲ"

"ဒါပေမယ့် တစ်ယောက်ပဲ စောင့်စရာနေရာရှိတယ်၊ နှစ်ယောက်စောင့်လို မရဘူး ဆရာ"

"ဒါဆိုရင် ခင်ဗျားနဲ့ ကျွန်တော် ဒီည အရင်စောင့်ရအောင်"

"ကောင်းတယ်ဆရာ၊ ကျွန်တော် ဒီည အရင်စောင့်မယ်"

"ဟာ . . . ဘယ်ရမလဲ ကျုပ် အရင်စောင့်မယ်"

"ဒါဆိုရင် ဆရာနဲ့ ကျွန်တော် မဲနှိုက်မယ်"

"လုပ်လေ"

သူ့အကြံမှာ မှုတသဖြင့် စာရေးသူလက်ခံလိုက်ပြီး အများရှေ့တွင် မဲနှိုက်ကြ၏။

မဲနှိုက်ရာတွင် အလွယ်ကူဆုံးဖြစ်သည့် တုတ် အတို၊ အရှည် ဆွဲနည်းဖြင့်ပင်လုပ်ရာ စာရေးသူက မြက်ပင် အတို အရှည် နှစ်ခုကို သူမမြင်အောင် နုတ်ယူလာခါ လက်ထဲတွင် အစကလေးသာ ဖော်ထား၍-

"ကဲ . . . ကိုသောင်း ခင်ဗျားဆွဲ၊ ရှည်တဲ့သူ အရင်စောင့်၊ ဟုတ်ပလား"

ကိုသောင်း ဆွဲလိုက်ရာ မြက်အရှည်ရသွား၍ ဒီည သူစတင်စောင့်ရပေမည်။ ကောင်းပါသည်၊ ဒါမှ သူလေ့ကားအရင် လုပ်ထားရပေမပေါ့။

× × ×

နေစောင်းလာသောအခါ ကိုသောင်းက လင့်တက်ရန် ပြင်ဆင်နေလေပြီ။ အနွေးထည်သာမက အောက်မှခုထိုင်ရန် (သို့မဟုတ်) ခြေထောက်စွပ်ထားရန် ဂုန်နီအိတ်တစ်လုံးကိုပါ ယူရလေ၏။ ရေဘူးနှင့် သူအကြိုက်ဆုံး ဆေးလိပ်ဖြစ်သော "ကြယ်နီ" ဆေးပေါ့လိပ်ကိုလည်း လက်တစ်ဆုပ်ယူလိုက်ခါ အင်္ကျီအိတ်အတွင်း ထည့်ရုံသာမက ထိုစဉ်က စာရေးသူ လက်ဆောင်ပေးထားသော တရုတ်လုပ် ဓာတ်ဆီမီးချစ်အပြာရောင်ကိုလည်း ထည့်ယူလေ၏။ ကိုသောင်းမှာ အသားညို၊ ဂင်တိုစကားနည်းကာ သတ္တိကောင်းသူဖြစ်၏။ သေနတ်ကာမူ သူကိုင်နေကျ ၁၂ဂိတ် တစ်လုံးထိုး ဆီမီးအော်တို၊ ဘရောင်



နင်းသေနတ်ဖြစ်သည်။ သူထွက်ခါနီးတွင် စာရေးသူက-

"ကိုသောင်း ရော့၊ ဒီမှာ ၉လုံးခဲယမ်းတောင့် ၂တောင့် ယူသွား၊ ခင်ဗျားလုပ် ယမ်းတောင့်တွေနဲ့ မပစ်နဲ့"

ဟု ဆိုကာ အမေရိကန်လုပ် O.O.B ယမ်းတောင့် နှစ်တောင့်ကို ပေးလိုက်လေ၏။ တစ်ဆက်တည်း-

"ခင်ဗျား ဝါးကောခုတ်မသွားဘူးလား"

"လမ်းကျမှ ခုတ်သွားမယ်၊ ဓားပါ ပါတယ်"

"အင်း . . . အင်း . . .၊ သပြေပင်က ၁၅ပေလောက်ဆိုတော့ သတိထားနော်၊ ကျားသစ်တက်လာဦးမယ်၊ အိပ်လဲ အိပ်မနေနဲ့၊ အပင်ပေါ်ရောက်တာနဲ့ သေနတ် မောင်းထိုးပြီးစောင့်၊ ပြီးတော့ ဆေးလိပ်ချည်းပဲ ဖွပ်သောက်မနေနဲ့ဦး။ ဘာကောင်မှ မလာဘဲ နေဦးမယ်"

"စိတ်ချပါ ဆရာရယ်၊ ကျွန်တော်က ဆေးလိပ်ကြိုက်ပေမယ့် အကောင်စောင့်ရင် အာသာပြေရုံပဲ တစ်ဖွာနှစ်ဖွာ ဖွာတာပါ"

"ဟုတ်လား။ ဒါကြောင့် ဆေးလိပ်လက်တစ်ဆုပ်ထည့်တာနဲ့ တူတယ်"

ဟု စာရေးသူက နောက်ရလေ၏။

× × ×

ကိုသောင်း သပြေပင်ပေါ်သို့ရောက်သောအခါ နေမှာ ကွယ်ပျောက်သွားပြီ။ သို့သော် အလင်းရောင်က မပျောက်သေး။ သပြေပင်ပြတ်ကြီးပေါ်တွင် တင်ပလ္လင်ခွေထိုင်ရသည်မှာ ထမင်းစားပွဲဝိုင်းပေါ်တွင် ထိုင်ရသလိုဖြစ်၍ သက်တောင့်သက်သာရှိလှသည်။ ဘေးမှ အခက်အလက်များက သူ့အား မမြင်နိုင်အောင် အကာအကွယ်ပေးထားသဖြင့် သူကသာ လှည်းလမ်း သဲတာဖြူဖြူကို အပေါ်စီးမှ မြင်နေရသည်။ မိုးချုပ်ခါနီး၊ တောတက်သော လှည်းတစ်စီးနှစ်စီးက ညောင်ကုန်းဘက်သို့ သုတ်သုတ်မောင်းသွားသည်။ မှောင့်လျှင် ကျားသစ်ကြောက်ရသည် မဟုတ်ပါလား။

လပြည့်ခါနီးရက်မို့ ယုန်စန်းငွေလမှာ သာလျက်ရှိရာ ဘော်ငွေရောင်အလင်းက စိတ်ကြည်နူးစရာ။ သို့သော် မှောင်သည်နှင့် အအေးဓာတ်က တစ်တောလုံးကို လွှမ်းခြုံလာခဲ့ပြီ၊ ကိုသောင်းက သိပ်မအေးမီ မိုးကာဂျာကင်ကိုဝတ်လိုက်ခါ ဂုန်နီအိတ်ကို ခန္ဓာကိုယ်အောက်ပိုင်းတွင် စွပ်လိုက်၏။ ထို့နောက် ဆေးလိပ်တစ်လိပ်ထုတ်၍ မီးညှိဖွာ

www.burmeseclassic.com

www.burmeseclassic.com



ရှိက်နေမိ၏။ လူကမူ အရှေ့ဘက်ကို မျက်နှာမူထား၍ လဝန်းကြီးကို အထင်းသား မြင်ရသကဲ့သို့ အောက်တွင် လှည်းလမ်းက ထင်းနေသည်။ "လ"ရင့်လာလေလေ အလင်းရောင် ပိုအားကောင်းလေဖြစ်သဖြင့် ကျားသစ်ထွက်ပါက မီးထိုးရန် မလို။ လရောင်နှင့် ပစ်နိုင်ပေမည်။ ထို့ကြောင့်လည်း လမ်းကြည့်ရန် နစ်တောင့်ထိုးဓာတ်မီးသာ ယူခဲ့၏။

ည ၉နာရီခွဲ ၁၀နာရီခန့်ဖြစ်မည်။

"ဒုတ်၊ ဒုတ်၊ ဒုတ်၊ ဒုတ်"

အရှေ့ဘက် တောင်ကုန်းဆီမှ သစ်ခုတ်နေသံ ကြားရ၏။ ကိုသောင်းက စိတ်တွင်းမှ-

"ဟ ... ဘယ်လိုလူစားတွေလဲ၊ တောကြီးထဲမှာ ဒီလိုညကြီးမင်းကြီး သစ်လာခုတ်နေရတယ်လို့"

"ဒုန်း ... ဒုန်း ... ဒုန်း ... ဒုန်း"

သစ်ခုတ်သံမှာ ပိုပြီး ကျယ်လောင်လာသည်။

"ဒုန်း ... ဒုန်း ... ဒုန်း ... ဒုန်း ... ဒုန်း ... ဒုန်း"

သစ်ခုတ်သံမှာ ဆက်တိုက်ဖြစ်လာရုံသာမက သူစောင့်ရာ သစ်ပင်နှင့် နီး၍လာသည်။

"ဒုက္ခပါပဲကွာ၊ ကျားသစ်က ဘယ်လာတော့မှာတုန်း"

"ဖျော ... ဖျော ... ဖျော ... ဖျော"

"ဘုံး ... ဘုံး ... ဖြောင်း ... ဖြောင်း"

သစ်ပင်လဲသံ ကိုင်းများကျိုးသံက သူနှင့် အနီးကလေးတွင် ပေါ်ပေါက်လာပြီးနောက် အသံမှာ လုံးဝမကြားရတော့ပဲ ငြိမ်သက်သွား၏။

"ဠ ... ဠ ... ဠ ... ဠ"

"ဂျီ ... အီ ... အီ ... အီ"

ရင်ကွဲပုရစ်က ဖြုံးခနဲထအော်လိုက်ရာ ကိုသောင်းမှာ ကျောထဲမှ စိမ့်ခနဲ ခံစားရသည်။ ထို့ကြောင့် မိမိကိုယ်ကို အားတင်းကာ ဂျာကင်အင်္ကျီကို ရင်ပတ်စေ့ပြီး အထိုင်ပြောင်းလိုက်၏။ မကြာပါချေ။ ကျွဲခလောက်သံနှင့် လှည်းမောင်းလာသည့်အသံ တစ်သံ ကြားလိုက်ရာ ညောင်ကုန်းဘက်မှ ကျွဲဖြူအင်းဘက်သို့လာသည့် လှည်းဟုထင်ရသည်။

"ဖြတ်၊ ဖြတ်၊ ဖြတ်၊ ရှမ်း၊ ရှမ်း"

"ကလောင် ... ကလောင် ... ကလောင်"



ကျွဲအား ကြိမ်ဖြင့်ရိုက်သံ၊ ကျွဲခလောက်မြည်သံက သူ့အပင်ခြေ လှည်းလမ်းနားသို့ ရောက်လာသည်။ မည်သူ့လှည်းလဲ သူက အားစိုက်၍ ကြည့်သည်။ လမှာလည်း မွန်းတည့်လုပြီမို့ ကြယ်စုံခြံရံကာ ထိန်ထိန်သာလျက်မို့ ပတ်ဝန်းကျင်ကို မြင်ရသည်၊ သို့သော် လှည်းကို မတွေ့။ ကိုသောင်းအား စိုက်၍ ကြည့်သည်၊ လှည်းမောင်းနေသံ ဖြတ်သွားသံသာကြားရပြီး ဘာလှည်းမှ မတွေ့လိုက်၊ ကိုသောင်း တစ်စုံတစ်ရာကို စဉ်းစားမိသည်၊ စဉ်းစားရင်း အိပ်ငိုက်လာချေပြီ။ မဖြစ်၊ စိတ်တင်းထားရမည်။ ဤသဲတာကား တောခြောက်တတ်သည့်နေရာ။

ခြောက်လျှင် ခြောက်ပါစေပေါ့။ ငါ့လက်ထဲမှာ သေနတ်အဆင်သင့်။ ရုတ်ရုတ်ရုတ်ရုတ်လာလုပ်လို့ကတော့ ပစ်ထည့်ပစ်မည်၊ ဘာ အောက်မေ့သလဲ။ မင်းတို့ကို မကြောက်လို့ တစ်ယောက်တည်းလာစောင့်တာကွဟု စိတ်မှ ကြုံးဝါးထားသည်။

တောက တိတ်ဆိတ်သွားပြန်ပြီ၊ ကိုသောင်းက ကျားသစ်ဘယ်တော့ ပေါ်လာမည်လဲ ဟု စိတ်ကရှိသလို နောက်ထပ် ဘာသံတွေပေါ်လာဦးမလဲတွေးရင်း အိပ်ငိုက်လာသဖြင့် အိတ်ထဲမှ ဆေးလိပ်တစ်လိပ်ထုတ်ခါ မီးညှိသည်။ မီးခြစ်ကို အိတ်ထဲပြန်ထည့်ပြီးနောက် ဆေးလိပ်ကို ဖွာရှိုက်နေမိ၏။ ည တစ်နာရီခန့်ရှိပြီဟု လကိုကြည့်ကာ ခန့်မှန်းရင်း အိပ်ငိုက်လာပြန်သည်၊ ထို့ကြောင့် ဆေးလိပ်ကို ဘေးချကာ ဒူးထောင်၍ ဒူးကို လက်နှစ်ဖက်ဖြင့်ပတ်ခါ သေနတ်ကို ယာလက်ဖြင့်ကိုင်လျက် ဒူးပေါ်မေးတင်နေလိုက်သည်။ အိပ်တော့ မအိပ်၊ မိမိကိုယ်ကိုလည်း အိပ်သည် မထင်။

မည်မျှကြာသည်ကို မခန့်မှန်းနိုင်။ ကိုသောင်း ထိုင်နေသည့် သစ်ပင်ထိပ်ပြတ်နံဘေးမှ သစ်ခက်များ သိမ့်ခနဲ လှုပ်ခါသွားပြီးနောက် လူတစ်ယောက် သူ့နားမှ သစ်ပင်အောက်သို့ ခုန်ဆင်းသွားခဲ့သည်။ ခုန်ဆင်းသွားသူ၏ ဆံပင်များက လေတွင် ဝဲပျံကာ လူနှင့်အတူ အောက်သို့ ရောက်သွားသည်။ ဘယ်သူပါလိမ့်။

ကိုသောင်း ဖြုံးဆို သတိရလာသောအခါ သူ၏ ညာဘက်လက်တွင် သူကိုင်ထားသော သေနတ်အစား သူ့အိတ်ထဲမှ မီးခြစ်က လက်ထဲတွင်ရောက်နေပြီး မီးကိုခြစ်ပြီးသကဲ့သို့ ပုလျက်ရှိသည်။ သို့သော် မီးတောက်မရှိ။ သေနတ်မှာ သူ့ညာလက် သူထိုင်ရာနံလေးတွင် လဲလျက်ရှိနေသည်။


သူချက်ခြင်း သတိရလာကာ သေနတ်ကို ကောက်ကိုင်လိုက်ပြီးနောက် ပစ်မိပစ်ရာသို့ စွပ်၍ တစ်ချက်ပစ်လိုက်သည်။

"ဒိုင်း ..."

www.burmeseclassic.com

www.burmeseclassic.com





**သူတွေ့လိုက်သည့်အရာမှာ ဆံပင်ဖားလျားနှင့် ထမီရင်လျားထားသော မျက်နှာမပါရှိသည့် အမျိုးသမီးတစ်ယောက်။**

နောက်တစ်ချက် "နိုင်း"

ထို့နောက် နစ်တောင့်ထိုးဓာတ်မီးကို ခါးတွင်ထိုး၊ သပြေပင်လုံးမှ လျှောချဆင်းလိုက်ရာ -

"ဗျော ... ဗျော ... ဘုန်း"

မြေကြီးနှင့် ခြေထောက်ထိသည်နှင့် စခန်းရှိရာဘက်သို့ အားသွန်ပြေးလာမိခဲ့လေပြီ။

× × ×



"နိုင်း ..."

"နိုင်း ..."

သေနတ်သံနှစ်ချက်လုံးကို စာရေးသူကြားရသဖြင့် လက်မှနာရီကို ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ရာ နံနက် ၂နာရီထိုးရန် ၁ဝမိနစ်သာ လိုတော့သည်။

စာရေးသူက ခြင်ထောင်အတွင်းမှ စောင်ကိုခွာ၍-

"တင်အေး ...၊ ဟေ့ တင်အေး"

"ဗျာ"

"သေနတ်သံ ကြားလား"

"ကြားတယ်ဆရာ၊ နှစ်ချက်တောင်ပဲ"

"အေးကွ၊ ကိုသောင်းတော့ ကျားသစ်ကို ဆော်ပြီ"

"ဟုတ်တယ်ဆရာ"

"ကဲ ... ချမ်းလိုက်တာကွာ၊ မီး ထဖိုပါဦး"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

စာရေးသူနှင့် တင်အေးမှာ တဲရှေ့မှ မီးငွေ့ငွေ့သာရှိတော့သော မီးပုံအား ပြာများဖယ်၍ ထင်းထည့်နေစဉ် အသံတစ်သံ ကြားရ၏။

"ကယ်ကြပါဦးဗျို့၊ ကယ်ကြပါဦး။ နောက်က လိုက်လာတယ်"

ကိုသောင်းအသံဖြစ်ပြီး တစ်ဖက်က လက်နှိပ်ဓာတ်မီး၊ တစ်ဖက်က သေနတ်ကို ကိုင်ကာ ဒရောသောပါးပြေးလာသဖြင့် တစ်စခန်းလုံး နိုးကြ၏။ ကျွန်ုပ်က အလျင်အမြန်ပင်-

"တင်အေးရေ ဆီးဖက်ထား၊ ငါက သေနတ်ကိုယူမယ်"

နှစ်ယောက်သားပြိုင်တူပင် ကိုသောင်းအား ဝိုင်းဖမ်းကာ သေနတ်ကိုလုထားလိုက်ရ၏။

ထိုအချိန်တွင် ကိုသောင်းမှာ မျက်လုံးများ ကြောင်တောင်ဖြင့် စကားမေးမရတော့ဘဲ တင်အေး၏လက်ထဲတွင် မေ့၍သွားလေရာ သူ၏တဲပေါ်သို့တင် စောင်ခြုံပေးကာ သိပ်ထားလိုက်ရ၏။ သူ၏ ခန္ဓာကိုယ်တွင်လည်း ပွန်းရာပဲ့ရာများဖြင့်။

သို့သော် ခဏအကြာတွင်-

"ကယ်ကြပါ၊ ကယ်ကြပါ၊ ကျွန်တော်ဆီကို လာတောင်းနေတယ်၊ လာတောင်းနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ထထအော်နေသဖြင့် စာရေးသူ အပါအဝင် စခန်းရှိ ယောကျ်ားများက တစ်လှည့်စီစောင့်ကာ ဖိ၍ပေးရင်းမှ ကိုယ်များ ခြစ်ခြစ်တောက်ပူလာကာ အဖျားကြီးလာသဖြင့် နံနက်လင်းလျှင်လင်းခြင်း လှည်းဖြင့်တင်ကာ ပဲခူးဆေးရုံသို့ ပို့လိုက်ရလေသည်။

နောက်တစ်ရက်တွင် ကိုသောင်း၏ အဖြစ်အပျက်ကြောင့်တစ်ကြောင်း၊ စာရေးသူမှာ ရုံးတက်ရန်ရှိ၍တစ်ကြောင်း အင်းတကော်မှတစ်ဆင့် ရန်ကုန်သို့ ပြန်ခဲ့ရ၏။

× × ×

ရန်ကုန်သို့ပြန်ရောက်ပြီး ကိုသောင်း၏ သတင်းကို မကြားရတော့။ ကိုသောင်းနေကောင်းရန်သာ ဆုတောင်းမိပြီး အလုပ်မအားသဖြင့် အင်းတကော်ဘက်သို့ စာရေးသူ မရောက်ဖြစ်။

နောက် ၂လကြာပြီးနောက် စာရေးသူ၏ သူငယ်ချင်း ကိုဇော်သန်းက ပဲခူးဆယ်မိုင်ကုန်းသို့ နေချင်းပြန်သွား၍ တောမောင်းကာ ကျွဲ(ချေ)ပစ်ရန်ခေါ်သဖြင့် စာရေးသူ၊ ကိုဇော်သန်း၊ ကိုကျော်၊ ဦးမောင်မောင်စိုးတို့ သွားခဲ့ကြရာ တိုက်တိုက်ဆိုင်ဆိုင်ပင် ကိုသောင်းအား ရွာမှအိမ်တွင် ကျန်းကျန်းမာမာတွေ့ရသဖြင့် ထိုစဉ်က အဖြစ်အပျက်ကို မေးကြည့်သောအခါမှ အကြောင်းစုံ သိရတော့၏။ ဖြစ်ပုံမှာ -

× × ×

ကိုသောင်း ဖြူးဆို သတိရလာသည်မှာ သူအိပ်တစ်ဝက် နိုးတစ်ဝက်ဖြစ်နေချိန်တွင် အသက် ၃၀ကျော်ခန့်ရှိ အမျိုးသမီးတစ်ယောက်က သူ့အား လှုပ်၍ နိုးလိုက်ခါ-

"ဒီမှာရှင့်၊ မီးတစ်တို့လောက် ညှိပေးပါလား"

"ဒီမှာရှင့်၊ မီးညှိချင်လို့"

ဟု ဆိုလာသဖြင့် သူက ယာဘက်ဘက်မှ သေနတ်အား နံဘေးသို့ချလိုက်ခါ အိပ်ချင်မူးတူးဖြင့် အိတ်ထဲမှမီးခြစ်ထုတ်လိုက်ပြီး ကမန်းကတန်း မီးခြစ်လိုက်၏။ လရောင်မှာ သူ၏မျက်နှာကိုမြင်ရလောက်အောင် အလင်းအား မကောင်း။

မီးခြစ်မှာ ခတ်ဆီမီးခြစ်ဖြစ်ပြီး ရာသီဥတုက အေးသဖြင့် ချက်ခြင်း မတောက်။ ထို့ကြောင့် မီးတောက်ရန်ကိုသာ အားစိုက်ခြစ်နေပြီး ၃၊ ၄ ကြိမ်ခြစ်သောအခါ မီးတောက်လာလေရာ မီးကို လက်နှင့်ကာပြီး ထိုအမျိုးသမီးဘက်သို့ ပေးလိုက်၏။ ထိုအခါမှ



အနည်းငယ် အိပ်ချင်ပြေလာပြီ ဖြစ်၏။

မီးကို ထိုအမျိုးသမီးဘက်သို့ရွှေ့၍ပေးသဖြင့် အမျိုးသမီးက ဆေးပေါ့လိပ်ကို မီးညှိလိုက်သောအခါ -

"ဟာ . . ."

သူတွေ့လိုက်သည့်အရာမှာ ဆံပင်ဖားလျားနှင့် ထမီရင်လျားထားသော မျက်နှာမပါရှိသည့် အမျိုးသမီးတစ်ယောက် ဖြစ်နေပါတကား။ ပါးစပ်နေရာလောက်တွင် ဆေးပေါ့လိပ်တပ်ထားကာ မီးညှိထားသဖြင့် မီးက ရဲခနဲ၊ ရဲခနဲဖြစ်၍နေပြီး မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ နားရွက်တို့ လုံးဝမပါ။ သူအံ့အားသင့်နေစဉ် နောက်သို့လှည့်ကာ သပြေပင်ပေါ်မှ ခုန်ချသွားလေ၏။ ထို့ကြောင့် ကိုင်းခက်များ လှုပ်ရှားသွားခြင်း ဖြစ်၏။

သူမှာ နဂိုက အိပ်တစ်ဝက်နိုးတစ်ဝက်ဖြစ်နေသောကြောင့် သူကိုယ်သူ အိမ်တွင်ရှိနေသည်ဟုထင်ကာ အနီးနားတဲမှ မီးလာတောင်းသည်ထင်မိခဲ့ခြင်းဖြစ်ပြီး ထိုအမျိုးသမီး သပြေပင်ပေါ်မှ ခုန်ချသွားတော့ သတိဝင်လာကာ လင့်စောင့်နေမှန်း သတိရပြီး အပင်မှ လျှောဆင်း၍ စခန်းသို့ပြန်ပြေးလာခြင်း ဖြစ်တော့သည်။

သို့သော် နောက်မှ လူအုပ်က လိုက်လာသကဲ့သို့ ဖြုံးနိုင်းဆန်ကာ သူ့အား လိုက်ဖမ်းသည့်အလား ပါလာခဲ့သဖြင့် စခန်းရောက်ခါနီးတွင် "ကယ်ကြပါဦးဗျို့"ဟု အကူအညီတောင်းခဲ့ရခြင်း ဖြစ်တော့သည်။

× × ×

သူ့ရှင်းပြရာတွင် လန့်ဖျားဖျားခြင်းနှင့် သစ်ပင်ပေါ်မှ လျှောချသည့်ဒဏ်ရာများကြောင့် ဆေးရုံတွင် ၁၅ရက်မျှ တက်ခဲ့ရကြောင်း၊ ဆေးရုံတွင်လည်း ကယောင်ကတမ်းအော်ဟစ်ခဲ့သေးကြောင်း ပါဝင်လေ၏။ ယခုမူ ကွဲဖြူအင်းတွင် သစ်မခုတ်တော့ဘဲ ဆယ်မိုင်ကုန်းသို့ ပြန်ပြောင်းလာပြီဖြစ်ကြောင်းလည်း သိရှိခဲ့ရပေသည်။

ဖြစ်ရလေ၊ ကိုသောင်းရယ်၊ ခင်ဗျားက အရင်စောင့်ချင်ခဲ့တာကိုး။

*(ကွယ်လွန်သွားရှာပြီဖြစ်သော ကိုသောင်းသို့ အမှတ်တရဖြင့် ဖြစ်ရပ်မှန်၊ နေရာမှန်၊ အမည်မှန်များ ဖြစ်ပါသည်။)*

www.burmeseclassic.com

www.burmeseclassic.com






တစ်ခုသော နွေရာသီတန်ခူးလ ရုံးအားရက်တစ်နေ့၌ ကျွန်ုပ်သည် အိမ်တွင် နားနားနေနေ နေရင်း Dream Bed ပေါ်တွင်ထိုင်ကာ မိုးကုတ်ဆရာတော်ဘုရားကြီး အကြောင်း ပြုစုရေးသားထားသည့် "တစ်ဘဝ သာသနာ"ဆိုသည့် စာအုပ်ကို ဖတ်နေ၏။

ထိုသို့ ဖတ်နေရင်းမှ သိဖွယ်၊ မှတ်ဖွယ်၊ လိုက်နာအတုယူဖွယ်၊ ကျင့်ကြံဖွယ်ရာ များကို အိမ်ရှိ ကွန်ပျူတာအတွင်းမှ ကျွန်ုပ်၏ Personal File အတွင်း ထည့်သွင်းရန် သမီးဖြစ်သူအား ခေါ်ယူစေခိုင်းရလေ၏။

ထိုစဉ် အိမ်ရှိ လျှပ်စစ်လူခေါ်ခေါင်းလောင်းမှ တီနံ့တောင်ဆိုသည့် အသံထွက် လာသဖြင့် သမီးက တံခါးသွားရောက်ဖွင့်ပေးလေရာ တံခါးဝတွင် စာရေးဆရာကြီး ဗိုလ်လုံ(ဗိုလ်ကြီးထွန်းလွင်) အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း)မှာ ပြုံးပြုံးကြီး ရပ်၍နေသည်ကို တွေ့ရလေ၏။ ထိုအခါ ကျွန်ုပ်က-

"ဟာ . . . ဆရာကြီးဗိုလ်လုံပါလား၊ ကြွပါခင်ဗျာ"

ဟုဆိုကာ ထ၍ ခရီးဦးကြိုပြုလေရာ သူ၏နောက်တွင် ရပ်လျက်နေသော ဗိုလ်မှူး တင်စိုး(ငြိမ်း) (စာရေးဆရာဂုဏ်လင်းကျော်)ကိုပါ တွေ့ရသဖြင့် ကျွန်ုပ်ကဆက်၍-

"ဆရာ ဂုဏ်လင်းကျော်လဲ ပါလာတာကိုး ကြွကြပါခင်ဗျာ"

ဟုဆိုကာ နေရာထိုင်ခင်း အသီးသီးပေးပြီးနောက် သမီးအား အချိုရည်အေးအေး လုပ်ခဲ့ရန် ပြောရလေ၏။

၎င်းတို့နှစ်ဦးမှာ ကျွန်ုပ်ထက် စာရေးသက် ရင့်ကြသူများဖြစ်သည်သာမက ၎င်းတို့၏ စာများမှာ ဗဟုသုတ၊ ပညာရပ်များပါရှိသည့် အကျိုးပြုစာများဖြစ်ပေရာ ကျွန်ုပ်များစွာ လေးစားအတုယူရသည့်အပြင် နီးစပ်ခင်မင်သူများလည်း ဖြစ်ပေသည်။

နေရာထိုင်ခင်းများပေးပြီး သောက်ရန်အအေးများ ရောက်လာသောအခါ ဆရာကြီး ဗိုလ်လုံက ကျွန်ုပ်ဖတ်နေသည့် "တစ်ဘဝ သာသနာ"စာအုပ်ကိုတွေ့သွားပြီး-

www.burmeseclassic.com

www.burmeseclassic.com

ဆရာဗိုလ်လုံ။ "ဘယ်နယ့် ဝတ်လုံတော်ရ မှဆိုးကြီးက ဘာသာရေးစာအုပ်တွေ ဖတ်လို့ပါလား၊ ဘာလဲ မှဆိုးအလုပ်ကို စွန့်တော့မလို့လား"ဟု ဆိုကာ-

"စွန့်ရင်လဲ ကောင်းတာပါပဲဗျာ၊ အသက်ကလေးလဲ ရလာပြီဆိုတော့ အကုသိုလ် အလုပ်လျှော့ပြီး ဘာသာရေးဘက် လိုက်စားတာ ကောင်းပါတယ်။

ဒါက တစ်ပိုင်းပေါ့ဗျာ။ ခုလာတာက ခင်ဗျားတောပစ်က ပြန်ရောက်ပြီးလို့ ဆရာဂုဏ်ကပြောလို့ ဟင်းစား ဘာရခဲ့သလဲလို့ လာမေးတာ၊ မေးရုံတင်မကဘူး၊ ဟင်းစားလဲပေးဦးနော်"

ဟု စစ်သားဟောင်းတစ်ဦး၊ မှဆိုးဟောင်းတစ်ဦးပီပီ တည့်တည့်ပင် ပြောလေ၏။ သူ၏ စကားဆုံးသောအခါ-

ဆရာဂုဏ်။ "ဟုတ်တယ် ဆရာရေ၊ ဆရာ ပြန်ရောက်ပြီလို့ ကျွန်တော်က သတင်းပေးတာနဲ့ ဒါဆို ဟင်းစားတော့ပါမှာပဲ၊ သွားရအောင်ဗျာဆိုပြီး ကျွန်တော့်အိမ်ဝင်ခေါ်တာနဲ့ ပါခဲ့ရတာ။ ကျွန်တော်ကတော့ တောစာတောင်စာကို ချက်နည်းပြုတ်နည်း၊ အသစ်အဆန်းနဲ့ မြိန်စမ်းချင်တယ်ဗျာ"

ဟု ဆိုလေရာ ကျွန်ုပ်က သူတို့နှစ်ဦး၏ အမေးနှင့် သဘောထားများကို ဖြေကြားရန်နှင့် လိုက်လျောရန်စဉ်းစားကာ-

ကျွန်ုပ်။ "ကဲ ... ဒါဆိုရင် ဒီလိုလုပ်၊ ဆရာတို့ကို အသစ်အဆန်းလေးတစ်ခု ကျွေးမယ်ဗျာ၊ ၁၀မိနစ်လောက်စောင့်ပါ"

ဟု တောင်းပန်ကာ အိမ်နောက်ဖေးသို့ဝင်၍ စီစဉ်ရလေ၏။

၁၀မိနစ်ခန့် ပြင်ဆင်ပြီးနောက် မယ်လမင်းလင်ဗန်းကလေးပေါ်တွင် ပန်းကန်ပြားလတ် ၃ချပ်တင်၊ စားစရာထည့်၊ ပန်းကန်လုံးတစ်လုံးတွင် ရေခဲတုံးလေးများကို ထည့်၊ နို့စိမ်းဘူးတစ်ဘူးဖောက်၍ယူလာကာ သူတို့၏ရှေ့ဆက်တီစားပွဲပေါ်တွင်ချ၍ပေးပြီးနောက်တစ်ဦးလျှင် တစ်ပန်းကန်လက်ထဲသို့ ထည့်ပေးရင်း-

ကျွန်ုပ်။ "ကဲ ... သုံးဆောင်လိုက်ကြပါဦးခင်ဗျာ"

ဟု ဆိုရလေ၏။

ဆရာဗိုလ်လုံ။ "ဘာတွေများလဲ ဆရာရယ်၊ ဒီဟာကတော့ စတော်ဘယ်ရီသီးနဲ့တူတယ်။ အပေါ်ကဆမ်းထားတဲ့ ဖြူဖြူကြည်ကြည်ရေတွေက ဘာတွေလဲ"



ဟုမေး၏။

ကျွန်ုပ်။ "ပြင်ဦးလွင်က ကျွန်တော့်မိတ်ဆွေ ပို့လိုက်တဲ့ ဂျပန်စတော်ဘယ်ရီသီးကို အလုံးမပျက် ပါးပါးလှီးပြီး သစ်ခေါင်းပျားရည်စစ်စစ် ဆမ်းထားတာပါ။ ရေခဲလေးနဲ့ ထည့်ပြီးစားပါ။ နို့စိမ်းကြိုက်တတ်ရင်တော့ နို့စိမ်းလေးဆမ်းပြီး စားနိုင်ပါတယ်"

ဆရာဂုဏ်။ "တယ်ဟုတ်ပါလား ဆရာရယ်၊ စတော်ဘယ်ရီ ပျားရည်ဆမ်း အေးအေးကလေးပေါ့ ဟုတ်လား"

ဟု ဆရာဂုဏ်က ပြောကာစားလေရာ ဆရာဗိုလ်လုံကလည်းလိုက်၍ စားပြီးနောက်-

ဆရာဗိုလ်လုံ။ "နေပါဦး၊ ဒီပျားရည်က ထူးခြားပါလား၊ အချိုဓာတ်မှာ ခပ်ဆိမ့်ဆိမ့်လေးနေတယ်၊ ပြီးတော့ စတော်ဘယ်ရီသီးကလဲ အလုံးကြီးပြီး ရှည်ရှည်ထိပ်ချွန်ချွန်နဲ့ အရသာလဲ သိပ်မချဉ်ဘူး။ ဘယ်လိုရလာတယ်ဆိုတာလဲ ပြောပြပါဦး"

ကျွန်ုပ်။ "ဟုတ်ကဲ့ ပြောပါ့မယ်၊ ဒီပျားရည်က ဒီတစ်ခေါက် တောသွားတော့ ပဲခူးရိုးမတောကြီးထဲက သစ်ကွက်အမှတ်(၁၀)မှာ တောစခန်းချနေတုန်း စခန်းကလူတွေကို သစ်ခေါင်းပျားတွေ လာလာနားတယ်၊ အဲ ... ဆက်တိုက်ဆိုသလို လာနားတော့ ကျွန်တော့်တပည့် ဝင်းမြင့်နဲ့ လမ်းပြပါလာတဲ့ သန်းဇော်ဦးဆိုတဲ့ လူငယ်လေးက ပျားအုံရှိမယ့်နေရာကိုသိဖို့ ကြံကြတယ်။ ဒီတပေါင်း တန်ခူး မိုးမကျမီ အချိန်ဆိုတာက ပန်းစုပွင့်ပြီး ပျားတွေက ပျားရည်အများဆုံးစုတဲ့ အချိန်လေ"

ဆရာဗိုလ်လုံ။ "ဆိုပါဦး၊ ပျားအုံ ရှာပုံတော်ကို"

ကျွန်ုပ်။ "ဝင်းမြင့်နဲ့ သန်းဇော်ဦးက ညနေမိုးချုပ်ခါနီး လာနားတဲ့ပျားတစ်ကောင်ကို ရေစက်ကလေးတွေချ၊ အတောင်စိုအောင်လုပ်ပြီး အရှင်ဖမ်းကြတယ်"

ဆရာဗိုလ်လုံ။ "ပြီးတော့ကော"

ကျွန်ုပ်။ "ပြီးတော့ မြွေအရေခွံအိတ်(ပီနံအိတ်)က ပလတ်စတစ် အမျှင်လေးတစ်ခုကို တစ်ထောင့်ထွာလောက်ဆွဲထုတ်ပြီး ပျားကလေးရဲ့ခါးမှာ တစ်ဖက်စကို ချည်၊ ကျန်တစ်ဖက်စမှာ ပလတ်စတစ်အိတ် (အရောင်နောက်)ကို တစ်မတ်စေ့လောက်ချည်၊ ပြီးတော့ ပျားကလေး အတောင်

www.burmeseclassic.com

www.burmeseclassic.com



ခြောက်အောင်ထားပြီး ပျဲအောင်လုပ်ရတယ်၊ ပျားကလေး အတောင်ခြောက်လို့ပျဲတော့ ဘယ်ကိုပြန်မလဲ"

ဆရာမိုလ်လုံ။ "ပျားအုံရှိရာ ပြန်မှာပေါ့"

ကျွန်ုပ်။ "ဟုတ်ကဲ့၊ အဲ့ဒီမှာတင် အရောင်ရှိတဲ့ ပလတ်စတစ်စလေးက တစ်ပါတည်းပါသွားတော့ လိုက်ကြည့်ရတာလွယ်ပြီး ပျားအုံရှိတဲ့ သစ်ခေါင်းကို တွေ့တော့တာပဲ။ တွေ့တော့ သစ်ခေါင်းပေါက်၊ ပျားဖွက်ယူပြီး ပျားသလက်က ပျားရည်ကို ညှစ်ယူရတာပေါ့ခင်ဗျား"

ဆရာမိုလ်လုံ။ "ဟုတ်ပါပြီ၊ ပျားရည်က ချိုပဲ ချိုရမယ့်ဟာ ဘာဖြစ်လို့ အဆိမ့်ဓာတ်က ပါနေရတာလဲ"

ကျွန်ုပ်။ "ဟုတ်ကဲ့၊ ဒါကတော့ ပျားတစ်အုံမှာ ပျားရည်စုဆောင်းမိရင် ပျားဘုရင်မက ပျားဥတွေဥတယ်၊ ပျားသားပေါက်(ပျားပိုးတုံးလုံး) ကလေးတွေ အများကြီး ရှိနေတယ်။ အရောင်က ဖွေးဖွေးလေးတွေ၊ ပျားသလက်ကိုလှီးတဲ့အခါ သူနဲ့ အခန်းချင်းကပ်နေတဲ့ နေရာမှာ ပျားတုံးလုံးကလေးတွေရှိတော့ ပျားရည်ညှစ်တဲ့အခါ တချို့ပျားတုံးလုံးတွေကိုလဲ ညှစ်မိပြီး သူတို့အရည်ပါလာတယ်။ ဒီပျား တုံးလုံးကလေးတွေက ကြော်စားရင်ဖြစ်စေ၊ လှော်စားရင်ဖြစ်စေ သိပ်ဆိမ့်တယ်၊ တောထဲမှာ အစားများရင် အီဆိမ့်ပြီး ငှက်ဖျားတောင် ထချင်တယ်။ သူတို့ အရည်က ပျားရည်ထဲမှာ အနည်းအကျဉ်းပါလို့ ဆိမ့်နေတာ၊ ပျားရည်အရောင်ကလဲ ခပ်ဖြူဖြူ ခပ်ဖွေးဖွေး ဖြစ်နေပါတယ်"

ဆရာမိုလ်လုံ။ "ဟုတ်ကဲ့၊ ကောင်းပါပြီ၊ စတော်ဘယ်ရီအကြောင်းလေး သိပါရစေဦး"

ကျွန်ုပ်။ "ဟုတ်ကဲ့၊ စတော်ဘယ်ရီကတော့ ပြင်ဦးလွင်မှာနေတဲ့ ကျွန်တော်ရဲ့ မိတ်ဆွေက မြို့သစ်မှာ အကွက်ကလေးဝယ်ထားပြီး စိုက်ပျိုးရေးလုပ်တယ်။ သူ့သမီးက ဂျပန်မှာ ရောက်နေတော့ ဟိုက မျိုးကောင်းမျိုးသန့် ပို့ပေးတယ်။ အဲ့ဒါ စိုက်တာ အောင်မြင်ပြီး ယခု နမူနာပို့လိုက်တာ၊ ဒီက စတော်ဘယ်ရီအရောင်နဲ့ ပုံသဏ္ဍာန်နဲ့ အရသာနည်းနည်း ကွာတယ်၊ အနံ့ကတော့ မကွာပါဘူး။ အခု စားတော့ကော အစပ်အဟပ် တည့်ရဲ့လား"

ဆရာဂုဏ်။ "တည့်သလား မမေးပါနဲ့ဗျာ၊ အထူးအဆန်းအရသာ ရှိရှိလေးစားရတာကို



အများကြီး ကျေးဇူးတင်ပါတယ်"

ဟု ဆိုလေ၏။

ကျွန်ုပ်။ "ကဲ ... ဒါဆိုရင် ဆရာမိုလ်လုံမေးတဲ့ မေးခွန်းတွေထဲက ဘာသာရေး စာအုပ်တွေကို ဖတ်လို့ပါလား။ မုဆိုးအလုပ်ကို စွန့်တော့မလို့လားဆိုတဲ့ ဆက်စပ်နေတဲ့ မေးခွန်းနှစ်ခုကို ကျွန်တော် ခွဲခြားဖြေပါ့မယ်"

ဆရာမိုလ်လုံ။ "ဟုတ်ကဲ့၊ ခင်ဗျာက ရှေ့နေရှေ့ရှပ်ပီပီ အကြောင်းအကျိုး ယုတ္တိယုတ္တာနဲ့ ခွဲခြားဖြေမယ်ပေါ့ ဟုတ်လား"

ကျွန်ုပ်။ "ဟုတ်ပါတယ် ခင်ဗျာ၊ ဘာသာရေးစာအုပ်တွေ ဖတ်လို့ပါလားဆိုတဲ့ အမေးကို ကျိုးကြောင်းနဲ့ အရှင်းဆုံးဖြေရမယ်ဆိုရင် ဆရာတို့ရယ်၊ ကျွန်တော့်အသက်က ၅၀ ကျော်လာပြီဆိုတော့ အရွယ်အတော်ရလာပြီ။ ဒီအချိန်မှာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ရဲ့ မြတ်ဗုဒ္ဓကို ယုံကြည်ကိုးကွယ် ဆီးကပ်မှုဟာ မည်ကာမတ္တ မဖြစ်သင့်တော့ဘူး။ ဗုဒ္ဓဘာသာဝင်စစ်စစ် အဖြစ်နဲ့ အနှစ်သာရရှိရှိ အလေးအနက်ရှိသင့်ပါပြီ။ ဒီတော့ ဗုဒ္ဓဘာသာရဲ့ အနှစ်သာရ၊ ယုံကြည်ကိုးကွယ်မှု၊ ကျင့်ကြံအားထုတ်မှု၊ ဒါန၊ သီလ၊ ဘာဝနာ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းများကို ဝီရိယစိုက်ထုတ် ကျင့်ကြံရာ သတိပဋ္ဌာန်တရားတော်တို့ကို ခြေခြေမြစ်မြစ် သိဖို့လိုအပ်လာပါပြီ။ ဒီလိုသိဖို့အတွက် ကြိုးစားရှာဖွေ ကျင့်ကြံရာမှာ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးဖြစ်တဲ့ သရဏဂုံတည်ဖို့ လိုအပ်သလို ဆရာကောင်း သမားကောင်းများဖြစ်ကြတဲ့ ဆရာတော် သမားတော်ကြီးတွေရဲ့ အဆုံးအမ၊ အဟောအကြား၊ သူတို့ရဲ့ ဘဝတစ်စိတ်တစ်ဒေသကို ကြားနာ၊ ဖတ်ရှု၊ ပွားများအားထုတ်ဖို့လိုတာမို့ ဘာသာရေးစာအုပ်တွေကို ဖတ်ရှုရပါတယ်"

ဆရာမိုလ်လုံ။ "ဒီလိုဆိုရင် ခင်ဗျားက မုဆိုးအလုပ်ကို စွန့်တော့မယ်ပေါ့"

ကျွန်ုပ်။ "ဟုတ်ကဲ့၊ အရှင်းဆုံး ဖြေရမယ်ဆိုရင် မစွန့်သေးပါဘူး"

ဆရာမိုလ်လုံ။ "ဗျာ ... ဟု အံ့မင်္ဂတ်သံပြုကာ တအံ့တသြ ဖြစ်သွားပြီးနောက်-

"ဘယ်လိုဖြစ်တာလဲဗျာ၊ အသက်လဲ ရလာပြီ၊ မြတ်ဗုဒ္ဓတရားရဲ့ အနှစ်သာရကို အလေးအနက်လဲရှိပြီ၊ သရဏဂုံလဲ တည်ပါပြီဆိုပြီး မုဆိုးအလုပ်ကျတော့ မစွန့်နိုင်သေးဘူးဆိုတော့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလေရာ ကျွန်ဝ်က ဆက်၍ ရှင်းပြရလေ၏။

ကျွန်ဝ်။ "ဒီလိုပါ ဆရာကြီး မိုလ်လုံ၊ ကျွန်တော်က သရဏဂုံကို တည်အောင် ကြိုးစားနေပေမယ့် ကျွန်တော်မှာ ရှေးဘဝဘဝတွေက ဘယ်လို အထုံ၊ ရေစက်၊ ကံ အကြောင်းတရားတွေ ပါခဲ့တယ် မသိပါဘူး။ ငယ်ငယ် လူမှန်းသိတတ်ကတည်းက သေနတ်ကို ဝါသနာပါခဲ့တယ်။ မိခင်ဘက် ကကော၊ ဖခင်ဘက်ကပါ သေနတ်နဲ့ နီးစပ်တာမို့ ထိတွေ့လေ့ကျင့်ခဲ့ ရတာတွေလဲပါမယ်။ အဲ့ဒီကစပြီး ဝါသနာပါလာရာက လိုင်စင်သေနတ် ကိုင်ခွင့်ရ၊ မုဆိုးပညာ ဝါသနာနဲ့ ပေါင်းပြီး အပျော်တမ်းမုဆိုးတစ်ပိုင်း ဖြစ်လာတော့တာပဲ။ ဒါပေမယ့် ကျွန်တော့်မှာ ယုံကြည်ချက်တစ်ခုတော့ ရှိတယ်။ ကျွန်တော်ဟာ သေနတ်လက်နက်ကို အဓိကဝါသနာပါတာသာ ဖြစ်ပြီး သတ်ဖြတ်မှုကို ဝါသနာပါတာ မဟုတ်ပါဘူး"

ဆရာမိုလ်လုံ။ "ဘယ်လိုလဲ ဆရာရယ်၊ သေနတ်ကိုင်တယ်၊ မုဆိုးလဲ လုပ်တယ်ဆိုသေး။ သတ်ဖြတ်တာကို ဝါသနာမပါဘူးလဲ ဆိုသေးနဲ့ ရှေ့နောက် မညီပါလား"

ကျွန်ဝ်။ "ဟုတ်ပါတယ်၊ သာမန်အားဖြင့် ဒီလိုပဲ မြင်ပါမယ်။ ကျွန်တော်ရဲ့ ငယ်သူငယ်ချင်းတွေကလဲ ဒီလိုပဲ ဝေဖန်ဖူးပါတယ်။ ဒါပေမယ့် ကျွန်တော် ရှင်းပြပါ့မယ်။ ကျွန်တော်ဟာ သေနတ်ကိုင်ကတည်းက (၁) The ten commendments of shooting safety ဆိုတဲ့ အချက် ၁၀ချက်ကို လိုက်နာပြီး ကိုင်ပါတယ်။ (၂) တောပစ်သွားရင် ကျွန်တော်မစားတဲ့အကောင် (သတ္တဝါ)ကို ကျွန်တော် မပစ်ပါဘူး။ ခြွင်းချက်တော့ ရှိပါတယ်၊ ကျွန်တော် မစားသော်လည်း ကျွန်တော့်ကို ရန်ပြုမယ့် သားကောင်ကိုတော့ မလွဲမရှောင်သာ ပစ်ပါတယ်။ (၃) ကျွန်တော်ဟာ လူလူချင်း ပစ်ခတ်သတ်ဖြတ်ဖို့ စိတ်ကူးပင်လျှင် မရှိပါဘူး၊ (၄) သားကောင်ကို လိုအပ်သလောက်သာ ပစ်ပါတယ်၊ မလိုအပ်ဘဲ နှိပ်စက်ညှဉ်းဆဲလိုတဲ့စိတ်နဲ့ တွေ့ကရာသတ္တဝါကို ပစ်ခတ် သတ်ဖြတ်(Trigger Happy)ခြင်း မပြုမလုပ်ပါဘူး။ (၅) တောထဲသို့ ရောက်နေသော်လည်း ကျွန်တော့်မှာ အဓိဋ္ဌာန်တစ်ခုခု၊ သီလတစ်ခုခု ဆောက်တည်ထားရင် ကျွန်တော် မပစ်ပါဘူး၊ (၆) ဝါတွင်းကာလ ဥပုဒ်နေ့တိုင်းမှာ ကျွန်တော် နဝင်္ဂဥပေါသထ သီလဆောက်တည်ပါတယ်။



ဆရာမိုလ်လုံ။ "ဟုတ်ပါပြီလေ။ ဒါတွေ ခင်ဗျားရဲ့ ယုံကြည်ခံယူကျင့်သုံးချက်တွေပေါ့။ ဒါပေမယ့် မုဆိုးအလုပ်ကို မစွန့်သေးဘူးဆိုတာကကော ဘာကြောင့်လဲ ဖြေပါဦး"

ကျွန်ဝ်။ "ခုန ကျွန်တော်ပြောခဲ့သလို ခံယူကျင့်သုံးချက်တွေအပြင်-

(၁) ကျွန်တော်ဟာ မြန်မာနိုင်ငံရဲ့ ရေမြေ အနေအထား။ တောတောင် သဘာဝအားလုံးပါဝင်တဲ့ ပထဝီဝင် အနေအထားတွေကိုသာမက မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးပေါင်းစုံရဲ့ ယဉ်ကျေးမှု ဓလေ့စရိုက်တွေကို ချစ်မြတ်နိုးတယ်။

(၂) ချစ်မြတ်နိုးတဲ့အလျောက် တောပစ်သွားရာမှာ အဲ့ဒီရှုခင်းရှုကွက် တွေနဲ့ လူမျိုးတွေကို မြင်တွေ့လေ့လာခံစားနိုင်တယ်၊

(၃) ကျွန်တော် ခံစားသလို ကျွန်တော့်ရဲ့ စာဖတ်ပရိသတ်တွေကိုလဲ ခံစားစေချင်တယ်၊ ခံစားနိုင်အောင်လဲ ကျွန်တော့်ဝတ္ထုတွေမှာ အားထုတ်ကြိုးစားရေးတယ်၊ ဆက်လဲရေးချင်တယ်။

(၄) ပြီးတော့ ကျွန်တော်ဟာ သေနတ်ကိုချစ်ပြီး သားကောင်တွေရဲ့ ဓလေ့စရိုက်နဲ့ သူတို့ရဲ့ ဉာဏ်ကစားမှု၊ သတ္တိတွေကိုလဲ ချစ်တယ်၊ သူတို့ နေထိုင်ကျက်စားရာနေရာမှာ သေနတ်တစ်လက်၊ လမ်းပြ တစ်ယောက်နဲ့ သူတို့ကို အမိလိုက်ပြီး ပစ်ရတာ၊ စွန့်စားရတာမျိုး ကို ကြိုက်တယ်၊ (ဥပမာ - စိုင်၊ ပြောင်၊ ဝက်ဝံ၊ ကျား၊ ကျားသစ်လို အကောင်မျိုးတွေ)

(၅) ကျွန်တော် စာဆက်ရေးဖို့အတွက် အတွေ့အကြုံသစ်တွေလိုတယ်၊ ကျွန်တော်က စိတ်ကူးနဲ့ ဖတ်ကောင်းအောင် ရေးတာမျိုးထက် တကယ့် အဖြစ်အပျက်နဲ့ အတွေ့အကြုံကို အခြေခံရေးပြီး စာဖတ်သူတွေ ခံစား ဗဟုသုတရစေချင်၊ မြန်မာပြည်ရဲ့ တော တောင်ရေမြေ အလှအပ၊ သစ်တောသစ်ပင်တွေနဲ့ ရင်းနှီး စေချင်တယ်၊ ပြီးတော့ . . .

ဆရာမိုလ်လုံ၊ "ပြီးတော့ ဘာဖြစ်သလဲ ဆက်ပါဦး"

ကျွန်ဝ်၊ "ပြီးတော့ ဆရာမိုလ်လုံတို့ လက်ခံမလားတော့ မသိဘူး"

ဟု ဆိုကာ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ပ်။ "ဒါထက် အရေးကြီးတာက ကျွန်တော် အခုလုပ်နေတဲ့ ရှေ့နေ၊ ရှေ့ရပ်၊ ဝတ်လုံအလုပ်နဲ့ တောပစ်တဲ့ အလုပ်က ကိုက်ညီနေလို့ ပုံစံတူဖြစ်နေလို့ပဲ"

ဟု ပြောလိုက်ရာ-



ကျွန်တော် အခုလုပ်နေတဲ့ ရှေ့နေရှေ့ရပ် ဝတ်လုံအလုပ်နဲ့ တောပစ်တဲ့အလုပ်က ကိုက်ညီနေလို့ ပုံစံတူဖြစ်နေလို့ပဲ။

ဆရာဗိုလ်လုံ၊ "ဗျာ"

ဟု ဒုတိယအကြိမ် အာမေဋိတ်ပြုကာ ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားလေသဖြင့် ကျွန်ပ်ကပင်ဆက်၍-

ကျွန်ပ်၊ "ဆရာကြီးဗိုလ်လုံက ရှေ့နေအလုပ်နဲ့ မုဆိုးအလုပ်က တခြားစီပဲလို့ ထင်နေတယ် မဟုတ်လား၊ မခြားဘူး အတူတူပါပဲ၊ ဘာကြောင့်လဲ



ဆိုတာ ရှင်းပြပါမယ်၊ ရှေ့နေရှေ့ရပ်အလုပ်က အမှုတစ်ခုကို လာအပ်ပြီ ဆိုရင် -

(၁) ဥပဒေနဲ့အညီ အနိုင်ရရှိဖို့ ကြိုးစားရမှာက ရှေ့နေရှေ့ရပ်ရဲ့ အဓိက တာဝန်ပဲ၊ ထိုနည်းလည်းကောင်းပဲ မုဆိုးတစ်ယောက်ဟာ မိမိ မျှော်မှန်းထားတဲ့ သားကောင်တစ်ကောင် ရချင်တယ်ဆိုပါစို့။ သူ့ကိုရဖို့ ကြိုးစားအားထုတ် လိုက်လံပစ်ခတ်ရမှာ မုဆိုးရဲ့ တာဝန်ပဲ"

(၂) ဥပမာ အမှုဟာ အမွေမှုတစ်မှုဆိုပါတော့။ အမွေမှုနဲ့ ပတ်သက်တဲ့ ဥပဒေတွေကို လေ့လာရမည့်အပြင် အမှုသွားအမှုလာကိုလည်း လေ့လာ ကျွမ်းကျင်ရမယ်၊ မုဆိုးဘဝမှာလဲ ပြောင်တစ်ကောင်ကို လိုက်တော့မယ်ဆိုရင် ပြောင်ရဲ့ အလေ့အထ၊ အနေအထိုင် သဘာဝနဲ့ ကျက်စားရာအရပ်ကို လေ့လာကျွမ်းကျင်အောင် လုပ်ရမယ်။ မလေ့လာ မကျွမ်းကျင်ပဲနဲ့ဆိုရင် မုဆိုးအသက် သေနိုင်တဲ့အထိ အန္တရာယ်ရှိတယ်။

(၃) ဥပဒေနဲ့ အမှုသွား အမှုလာကျွမ်းကျင်မှ အမှုအနိုင်ရမှာဖြစ်သလို ပြောင်ရဲ့ စားကျက်နဲ့ အလေ့အထကို မကျွမ်းကျင်ရင် ပြောင်ကို ရဖို့မပြောနဲ့ တွေ့တောင်တွေ့ရမှာ မဟုတ်ဘူး။

(၄) ရှေ့နေရှေ့ရပ်ဟာ အမှုအတွက် အချက်အလက်နဲ့ ဥပဒေတွေကို ရှာဖွေရတဲ့သူ(Fact Finder) (LAW Finder) ဖြစ်သလို မုဆိုးကလဲ (Game Finder) မိမိပစ်လိုတဲ့ သားကောင်ကို တွေ့အောင်ရှာရတယ်၊

(၅) ဥပဒေအချက်အလက်တွေ တွေ့အောင်ရှာပြီး အမှုမှာ ထိထိမိမိ တင်ပြရသလို မုဆိုးကလဲ သားကောင်ကိုတွေ့တဲ့အခါ ထိထိမိမိနဲ့ သားကောင်လဲအောင် ပစ်ရတယ်၊

(၆) အမှုမှာ ထိထိမိမိ တင်ပြရာမှာ ဘယ်နေရာရောက်ရင် (အမှုရဲ့ ဘယ်အဆင့်ရောက်ရင်) ဘယ်လိုတင်ပြရမယ်၊ ဘယ်လို စစ်ဆေး ရမယ်၊ ဘယ်လို လျှောက်လဲရမယ်ဆိုတဲ့ အဓိကအချက်(Major Point)ကို သိရသလို မုဆိုးကလဲ သားကောင်လဲအောင်

www.burmeseclassic.com

www.burmeseclassic.com



ချက်ကောင်း(Fatal Point)ကို ရွေးပြီး ပစ်ရတယ်။ အဲ့ဒီတော့ ရှေ့နေရှေ့ရပ်အလုပ်နဲ့ မုဆိုးအလုပ်ဟာ စရိုက်သဘာဝချင်း အတူတူပါပဲ။ ခေါင်းနဲ့ပန်း တစ်ဖက်စီရှိသော်လည်း ဒင်္ဂါးပြားကတော့ တစ်ခုတည်းပါပဲ။ ဒါကြောင့် ကျွန်တော်ဟာ ရှေ့နေရှေ့ရပ် လုပ်နေသေးသမျှ မုဆိုးအလုပ်ကို မစွန့်သေးပါဘူး။ ဒီမှာ တစ်ခု ကျွန်တော် အလေးအနက်ပြောချင်တာက ကျွန်တော် တောလိုက် အမဲပစ်တဲ့အခါ ကျွန်တော်ပစ်ချင်တဲ့ သားကောင် တစ်ကောင် တလေကိုပဲ အဓိကထားပစ်ပါတယ်။ အဲ . . . ကျွန်တော် တောမပစ်တဲ့ အချိန်တွေမှာတော့ ကျွန်တော် ပုရွက်ဆိတ် တစ်ကောင်ကိုတောင် မသတ်ပါဘူး။ ကျွန်တော်အိပ်မည့်၊ ထိုင်မည့်၊ လဲလျောင်းမည့် နေရာတွေမှာ ပုရွက်ဆိတ်တွေရှိရင်တောင် ကျွန်တော်မသတ်ဘဲ တခြားမှာသွားထိုင်ခြင်း၊ လဲလျောင်းခြင်း လုပ်ပါတယ်။

ဆရာဗိုလ်လုံ။ တယ်ဟုတ်ပါလား ဆရာရယ်။ ဒီမုဆိုးမျိုး ဒီတစ်ခါပဲ တွေ့ဖူးတယ်။ ခင်ဗျားရဲ့ သဘောထားနဲ့ ကျင့်ကြံပုံတွေက တစ်မျိုးပါလား"

ကျွန်ပ်။ "ဒါကြောင့် ကျွန်တော်ဟာ Trigger Happy မဟုတ်ဘူးလို့ ပြောတာပါ။ အကုသိုလ်အလုပ်လျှော့ပြီး ဘာသာရေးဘက် လိုက်စားတာကောင်းပါတယ်ဆိုတဲ့ ဆရာရဲ့စကားကို ကျွန်တော် အကြွင်းမဲ့ထောက်ခံပြီး ကျေးဇူးတင်ပါတယ် ဆရာ"

ဆရာဗိုလ်လုံ။ "ဟုတ်ကဲ့ ဒါတွေက စကားစပ်မိလို့ သိရပါပြီ။ ဒါပေမယ့် ကျွန်တော်တို့ ခုလာတာက ခင်ဗျား တောပစ်ကပြန်လာလို့ ဟင်းစား လာတောင်းတာ၊ ဘယ်လိုလဲ ဟင်းစားကော ပါတယ်မဟုတ်လား"

ကျွန်ပ်။ "ဟုတ်ကဲ့ ပါပါတယ်"

ဆရာဂျဏ်။ "ပါရင် ဟင်းစားလဲပေး၊ ဟင်းစားရပုံဇာတ်လမ်းလဲ သိပါရစေဦးဆရာ"

ကျွန်ပ်။ "ဟုတ်ကဲ့ ပေးပါ့မယ်၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဆရာတို့ရယ်၊ ဒီတစ်ခါဇာတ်လမ်းက ဟင်းစားအကြောင်းပဲ။ ဟင်းစားကြောင့် ကံကောင်းလို့ ကျွန်တော် ဒုက္ခဖြစ်တော့မလို့ သီသီကလေး လွတ်ခဲ့ရတာ"

ဟု ဆိုလေရာ-



ဘယ်လိုလွတ်ခဲ့ရတာလဲ စိတ်ဝင်စားစရာဇာတ်ကြောင်းကို ပြောပြပါဦးဟု ဆိုကြလေ၏။ ထို့ကြောင့် ကျွန်ပ်က ကျွန်ပ်၏ ဟင်းစားဇာတ်လမ်းကို ပြောပြရလေ၏။

နောင်တွင် ဤဇာတ်လမ်းကို ဝတ္ထုအဖြစ်ရေးသောအခါ ဝတ္ထု၏ အမည်ကို ဟင်းစားဟူ၍ပင် ရိုးရိုးရှင်းရှင်း မုဆိုးစကားအတိုင်း အမည်တပ်လေ၏။

× × ×

"တန်ခူးသာခေါင်၊ လများနောင်"ဟု ရှေးပညာရှိများ ဆိုစကားရှိပေရာ ၁၂လရာသီတွင် တန်ခူးလသည် အသာယာဆုံး။ ကျန်လများထက် အထူးခြားဆုံး။ ပွဲတော်များအနက် အမြင့်မား အပျော်ရွှင်ဆုံး သင်္ကြန်ပွဲရှိရာလ။ ထို့ကြောင့် ကုန်းဘောင်ခေတ် စာဆိုတော်ကြီး ဦးကြင်ဥက တန်ခူးလဘွဲ့ ဖွဲ့ခဲ့ရာတွင် "ဋ္ဌါဒရာလက်၊ ဆယ့်နှစ်ကွက်တွင်၊ ဂုဏ်အနဋ္ဌ ချိန်နှိုင်းစက်လဲ၊ ဘက်မမျှဘူး စိတြခါ၊ ကြယ်ထွန်းပတဲ့၊ လ,အတာမှာ၊ အံ့သာခေါင်ခန့်ကဲတော့တယ်"ဟု ဖွဲ့ဆိုခဲ့ခြင်း ဖြစ်ပေသည်။

ထိုကဲ့သို့သော တန်ခူးလသင်္ကြန်ကျခါနီးတွင် အဘက ကျွန်ပ်အား တောပစ်သွားရန် ခေါ်လေရာ ကျွန်ပ်မှာ အဘတစ်ဦးတည်း တောသွားမည်ကိုလည်း စိတ်မချ။ ကျွန်ပ်ကိုယ်တိုင်ကလည်း သားကောင်ပစ်တာ မပစ်တာ အပထား။ တောသွားရမည် ဆိုလျှင် ခပ်ရွရွ။ ကျွန်ပ်၏ မိတ်ဆွေ နိုင်ငံခြားမှ ပေးပို့လိုက်သည့် နာမည်ကြီး တောစီးဖိနပ် Gore-Tex ကလည်း ရခါစ၊ ကျွန်ပ်၏ စိတ်ကလည်း တားမရဆီးမရမို့ လိုက်ခဲ့သည်။

သို့သော် တောမသွားမီကပင် အဘအား ကျွန်ပ်က တစ်စုံတစ်ခုသော အချက်ကို တောင်းဆိုခဲ့သည်။ ထိုအချက်မှာ သင်္ကြန်တွင်း အခါကြီးရက်ကြီးတွင် တောသို့လိုက်ခဲ့သော်လည်း အမဲမပစ်ပါရစေနှင့်။ စခန်းတွင် ချက်ရေးပြုတ်ရေးကိုသာ ဆောင်ရွက်ပါရစေဟူ၍ ဖြစ်၏။ ထိုအခါ အဘက -

"ခင်ဗျားက တောထဲလိုက်လာပြီး အမဲမပစ်ဘူးဆိုတော့ ဘာအဓိပ္ပာယ်ရှိမှာလဲဗျ"

ဟု ဆိုလေရာ ကျွန်ပ်က ရှင်းပြရလေ၏။

"ဒီလိုပါ အဘရယ်၊ ကျွန်တော်က လွန်ခဲ့တဲ့ ၁၀နှစ်လောက်ကတည်းက သင်္ကြန်တွင်း အခါကြီးရက်ကြီးမှာ အမဲမပစ်ပါဘူးလို့ အဓိဋ္ဌာန်ထားပါတယ်။ အဲ့ဒါ လွန်ခဲ့တဲ့ ၄နှစ်လောက်က (အဘ ပင်စင်မယူမီ) အန်ကယ်ဂျင်မီလွန်းက မရမကခေါ်တာနဲ့ လိုက်သွားခဲ့မိတယ်။ အဲ့ဒီမှာတင် ကျွန်တော် သေနတ်ကိုင်မိတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့"

"အဲဒီတော့ အဘရယ်၊ လမ်းတွေမှား၊ အကောင်ပစ်လဲ မထိ၊ ရိက္ခာလဲ ပြတ်၊ ငတ်လဲ ငတ်၊ မနူးမနပ် လမ်းပြကလဲ တလွဲတွေလုပ်၊ တောထဲက ပြန်ထွက်တော့လဲ သစ်ကားတွေနဲ့လွဲ၊ ခြေလျင်ပြန်တော့လဲ မိုးက သဲသဲမဲမဲရွာ၊ ပါလာတဲ့ပစ္စည်းတွေ အားလုံးစိုရွှဲ၊ မြေမွေ့ရာမှာ အလဲလဲ အကွဲကွဲနဲ့၊ မနည်းပြန်ခဲ့ရတယ်။ ရောက်လိုက်တဲ့ ဇုက္ခ မပြောပါနဲ့တော့။ အဲ့ဒါကြောင့်ပေါ့"

"အင်း ... ဒီလိုဆိုတော့လဲ ဟုတ်ပေသားပဲ။ ဒီတော့ သကြံန်တွင်း ခင်ဗျားက စခန်းမှာ ထမင်းချက်ပဲ လုပ်ပေါ့"

"သိပ်လုပ်တာပေါ့ အဘရယ်၊ အဘ စားကောင်းအောင် Chief Cook လုပ်ပေးမယ်။ ဟင်းချက်ရာမှာ လိုအပ်မယ့်ပစ္စည်း၊ အမွှေးအကြိုင်တွေအားလုံး ကျွန်တော် ဝယ်ခဲ့မယ်"

သို့နှင့် တောသို့ လိုက်ဖြစ်ခဲ့သည်။ တောမှာ ပဲခူးရိုးမ၏ အလယ်၊ "နတ်စိမ်းတောင်" ထိပ်တွင်ဖြစ်၍ ဇောင်းတူတိုက်နယ်၊ တိုက်ကြီးကျေးရွာမှ ၁၅မိုင်ခန့် ဝေးသည်။ နတ်စိမ်းတောင်မှာ မြင့်မားလှသဖြင့် သစ်ထုတ်အဖွဲ့မှာ(View Point)အဖြစ် သတ်မှတ်ထား လေရာ တောင်ထိပ်မှကြည့်လျှင် အရပ်လေးမျက်နှာစလုံး၌ ချိုင့်ဝှမ်း၊ မြင့်မောက်၊ တောခြောက်၊ တောစို၊ ထိုထိုစိမ်းစိမ်း၊ မြရည်လိမ်း၍ ယိမ်းယိမ်းနွဲ့နွဲ့၊ တောင်လေသွဲ့ရှာ၊ လေအလာကို၊ ကြွေရွက်ဝါက၊ ဘယ်ညာဝေ့ဝိုက်၊ ထပ်တူလိုက်လျက် ရှိကြလေ၏။

နေမင်း၏ အရှိန်ကမူ ထိန်ထိန်ညီးညီးမို့ တောမီးထတောက်၊ လေနောက်မီးနိုး သစ်ခြောက်ကျိုး၍၊ သားမျိုးတစ်ရာ၊ ဘေးကကွာအောင်၊ ရှောင်ကြရှားကြ၊ ချောင်းရိုးကျ အောင် နေကြရသည့်အချိန်၊

သားကောင်သာမက မုဆိုးများကလည်း ချောင်းရိုးကိုသာကပ်၍ စခန်းချသဖြင့် နတ်စိမ်းတောင်မှကျသည့် ကျောက်ချောင်းအတွင်း။

သကြံန်အကျနေ့တွင် တောထဲရောက်၍ စခန်းချခဲ့သည်မှာ ၄ရက်ပြည့်သွား၍ ၅ရက်မြောက်၊ မြန်မာနှစ်ဆန်း ၂ရက်နေ့။

"ကဲ ... ကိုစိုး သကြံန်လဲ ပြီးသွားပြီ။ ခင်ဗျားချက်တဲ့ ဟင်းလဲစားရတာ ရှိသွားပြီ၊ ဒီတော့ ခင်ဗျား သေနတ်ကိုင်တော့ ကျုပ်ထမင်းတစ်လှည့်ချက်ဦးမယ်"

ဟု အဘက ဆိုလေရာ-

"အဘ ကျွန်တော် ပစ်ရတော့မယ်ဆိုရင် စခန်းပြောင်းချင်တယ်"





ခင်ဗျားကို Trip Boss တာဝန်ပေးလိုက်ပြီ၊ ခင်ဗျားကြိုက်သလို စီစဉ်၊

"လုပ်လေ၊ ခင်ဗျားကို(Trip-Boss)တာဝန်ပေးလိုက်ပြီ ခင်ဗျားကြိုက်သလို စီစဉ်၊ ခင်ဗျားက ဘယ်ကို ရွှေ့ချင်တာလဲ"

"ကျွန်တော်တော့ ထားဝယ်ချောင်းဖျား၊ ကိုင်းချောင်းဝနားကို ရွှေ့ချင်တယ်၊ အဲ့ဒီမှာက ရေလဲများတယ်၊ ပြန့်လဲ ကျယ်တယ်၊ ချောင်းစောင်းမှာ မီးလောင်ပြီးသား ကိုင်းပင်တွေက အနပေါက်တွေ၊ အညွန့်တွေထွက်တော့ ပြောင်ဆုပ်တွေက အဲ့ဒီ စားကျက်ကို လာလိမ့်မယ်ထင်တယ်"

"ခင်ဗျား စိတ်ကြိုက်သာ စီစဉ်တော့၊ ဒါထက် လမ်းပြဘယ်သူ ခေါ်သွားမလဲ"

"အဲ့ဒီရောက်ရင် ကျွန်တော် တောသိတယ်၊ လမ်းပြ မလိုဘူး၊ ဒါပေမယ့် အဲ့ဒီ ရောက်အောင် သစ်ကွက်လမ်းတွေ ဖြတ်ရမယ်၊ သစ်ထုတ်လမ်းတွေက ရှုပ်ရှက်ခတ်နေတော့ လမ်းမှားမှာ စိုးရတယ်၊ ဒီတော့ မောင်သန်းဇော်ဦးကို ခေါ်သွားမယ် အဘ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ ဒီကောင်လေးပါတော့ ဟင်းစားကြွေးစားလဲ ရာတတ်တော့ ကျွန်တော်တို့လဲ အဆင်ပြေတာပေါ့၊ ကဲ ... လိုက်မယ် မဟုတ်လား သန်းဇော်ဦး"

ဟု အဘက တစ်ဆက်တည်း ပြောမေးမေးလိုက်ရာ သန်းဇော်ဦးက-

"ဟုတ်ကဲ့၊ လိုက်မယ် အဘ"

သို့နှင့် စခန်းရွှေ့ခဲ့ကြရာ သစ်ကွက်အမှတ် ၄၅ မှ ၄၈ အတွင်းရှိ ရှုပ်ထွေးလှသော သစ်ထုတ်ကားလမ်းများကို သန်းဇော်ဦး၏ လမ်းပြမှုဖြင့် ဖြတ်(ကားမှာ 4WD Hilux)ခါ အကွက်အမှတ် ၂၉ ထားဝယ်ချောင်း၏ နွှတ်ခမ်းဝါးခုတ်တဲဟောင်းကလေးကို ဝါးကြမ်းခင်းပြင်ကာ စခန်းချရသည်။

× × ×



အပူရှိန်က အမြင့်မားဆုံးအချိန်၊ တောရိပ်တောင်ရိပ် သစ်ရိပ်ရေစပ်ဖြစ်သည့်တိုင် အပူချိန်မှာ ၁၀၅ဒီဂရီဖာရင်ဟိုက်ခန့် ရှိပေမည်၊



အချိန်မှာ နေ့လယ် ၂း၃၀ နာရီခန့် ရှိခဲ့ပြီ။ အပူရှိန်က အမြင့်မားဆုံးအချိန် တောရိပ်၊ တောင်ရိပ်၊ သစ်ရိပ်၊ ရေစပ်ဖြစ်သည့်တိုင် အပူချိန်မှာ (၁၀၅ ဒီဂရီ ဖာရင်ဟိုက်) ခန့် ရှိပေမည်။ စခန်းချရာချောင်း၏ အနောက်ဘက်ကမ်းမှ လှမ်းမျှော်ကြည့်လျှင် အရှေ့ဘက်ကမ်းချောင်းစောင်းတွင် ဆင်ကိုင်းပင် (ကြံလုံးမျှကြီး၍ ၇ပေမှ ၁၀ပေခန့်အထိ မြင့်သည်)များက အကျယ်ကိုက် ၅၀ ခန့် အရှည် ၃ဖာလုံခန့် ရှိနေသည်။ မြောက်ဘက်တွင် ကိုင်းချောင်းဝပြန့်က တစ်ကွေ့သာဝေးသော်လည်း မိုင်ဝက်ခန့်ကို လခြမ်းသဏ္ဌာန် ကွေ့ဝိုက်၍သွားသဖြင့် စခန်းမှလှမ်းကြည့်လျှင် ကိုက်၁၀၀ခန့်အထိသာမြင်ရပြီး ချောင်းက ကွေ့သွားနေသည်။ တောင်ဘက်တွင်မူ အကျယ်ပေ ၆၀ ခန့်ရှိ ချောင်းက ကျောက်တုံး ကျောက်ဆောင်ကလေးများဖြင့် သာယာနေသည်။ ရေမှာ အချို့နေရာတွင် ခြေမျက်စိမျှသာ နက်၍ အချို့နေရာများတွင် ခါးအထိသာနက်သော သဲချောင်းဖြစ်သည်။ ထိုချောင်းနှင့် ကိုင်းတော၊ ကျောက်ကျောနှင့် ရေစပ်တို့၏ နှစ်ဖက်နှစ်ချက်စလုံးတွင် တောကြီးတောင်ကြီး သစ်ကြီးဝါးကြီးတို့က ဝန်းရံနေသည်။ လူသူရှိသည့် ဝါးစခန်းများနှင့်တော့ ဝေးလွန်းသည်။

ကျွန်ုပ်တို့အဖွဲ့တွင် အဘ၊ ကျွန်ုပ်၊ ကျွန်ုပ်၏မိတ်ဆွေဆရာ ဦးကျော်ဝံ၊ ကျွန်ုပ်၏ တပည့် ဝင်းမြင့်၊ မောင်သန်းဇော်ဦး၊ အဘက လမ်းတွင်တွေ့၍ ခေါ်လာသော ဝါးခုတ်သမား(လမ်းပြ)မျိုးမြင့် စုစုပေါင်း ၅ဦးသာ။ တောပစ်ရန် သေနတ်မှာမူ ကြက်၊ ငှက်၊ ချေ(ဂျီ) စသည့် အမဲငယ် ဟင်းစားပစ်ရန်အတွက် ဒသမ ၂၂ဖို့ ဘာနိ(BRNO) ရိုင်ဖယ်တစ်လက်၊ အမဲကြီး စိုင်၊ ပြောင်ပစ်ရန် ဒသမ ၃၇၅ ဟော်လန်နှင့် ဟော်လန် မဂ္ဂနမ်(.375 Holland and Holland Magnum) ဘာနို(BRNO)ရိုင်ဖယ်တစ်လက် တို့သာ ဖြစ်သည်။

စခန်းချရာ တဲကလေးအား ဝိုင်းဝန်းပြုပြင်ပြီးနောက် ဝင်းမြင့်က ပါလာသည့် ပစ္စည်းများနှင့် အိပ်ရာလိပ်များ ကားပေါ်မှသယ်ချ အိပ်ရာများ ပြင်ပေးနေသကဲ့သို့ သန်းဇော်ဦးကလည်း ရေနွေးတစ်အိုးတည်ကာ လက်ဖက်ခြောက်ခပ် ကျွန်ုပ်၏ Steel ဓာတ်ဘူးတွင်ထည့်ကာ ယူလာပေးသဖြင့် ရေနွေးကြမ်းကို ပါလာသည့်ဘီစကွတ်ဘူးဖောက်ပြီး မြည်းနေကြလေ၏။

"အဘနဲ့ဦး၊ ကျွန်တော် ချောင်းထဲမှာ ငါးဟင်းစား သွားရှာလိုက်ဦးမယ်"

ဟု သန်းဇော်ဦးက ခွင့်တောင်း၍ သူ၏ တောလိုက်ဓားကလေးကိုကိုင်ကာ အကျီကို ချွတ်၊ လုံချည်တိုတိုကလေးဖြင့် ချောင်းအတွင်း ဆင်းသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က စခန်းရှိရာ ကမ်းပါးပေါ်မှ သူ့အား ကြည့်လိုက်ရာ ချောင်းရိုးအတိုင်း မြောက်ဘက်သို့ ထွက်သွားသည်ကို တွေ့ရလေ၏။ ထိုအချိန်တွင် ကျွန်ုပ်မှာ အလွန်ပူအိုက်လာသဖြင့် အင်္ကျီနှင့် ဘောင်းဘီရှည်၊ တောစီးဖိနပ်တို့ကို ချွတ်ထားကာ အောက်ခံဘောင်းဘီတိုနှင့်သာ ဖြစ်၏။

မကြာပါချေ။ သန်းဇော်ဦးမှာ ချောင်းအတွင်းမှ အူယားဖားယား ပြေးတက်လာကာ-

"အဘနဲ့ဦး၊ ချောင်းအထက်ပိုင်းကွေ့က သောင်စပ်မှာ တောကြက်တစ်အုပ် ရေသောက်ဆင်းနေတယ်၊ ဟင်းစားလာပစ်ပါ"

ဟု ဆိုလေရာ အဘက-

"ကိုစိုး လုပ်လေဗျာ၊ စခန်းသစ်မှာ ဟင်းကောင်း တောကြက်သားလေးနဲ့ စားရအောင် ဟင်းစား သွားပစ်ချေဗျာ"



စခန်းသစ်မှာ ဟင်းကောင်းတောကြက်သားလေးနဲ့ စားရအောင်၊ ဟင်းစားသွားပစ်ချေဗျာ။



"ဟုတ်တယ် ကိုစိုးရေ၊ ခင်ဗျားဒီနေ့ သေနတ်ကိုင်ရမည့်နေ့ လက်စမ်းရင်းနဲ့ ဟင်းစားတော့လုပ်ဗျာ"

ဟု ဆရာ ဦးကျော်ဇံကပါ တိုက်တွန်းသဖြင့် ကျွန်ုပ်မှာ မနေသာတော့ဘဲ အင်္ကျီချွတ်နှင့်ပင် တောဆောင်းဦးထုပ်ကို ယူဆောင်းလိုက်ခါ တဲ၏ တံဆက်မြိတ်တွင် လွယ်ကြိုးဖြင့် ချိတ်ထားသော သေနတ်နှစ်လက်အနက်မှ ဒသမ ၂၂ မို့ ဘာနီရိုင်ဖယ်ကို ဖြုတ်ယူရလေ၏။

"ကိုစိုး၊ လမ်းမှာ ငှက်ပစ်လာလို့ မဂ္ဂဇင်းထဲမှာ ကျည်နည်းနေပြီ ထင်တယ်၊ ကျည်အပြည့် မဂ္ဂဇင်းနဲ့လဲသွားဦး"

ဟု အဘက သတိပေးသဖြင့် မဂ္ဂဇင်းကိုဖြုတ်ကြည့်လိုက်ရာ ကျည်ခဲမှာ နှစ်တောင့်ကျန်နေသည်ကို တွေ့ရ၏။

"မလဲတော့ဘူး အဘ၊ နှစ်တောင့်တောင် ကျန်သေးတယ်"

"ဟာ . . . ကိုစိုး မလုပ်နဲ့လေဗျာ၊ ကြက်အုပ်ကများရင် ကျည်နှစ်တောင့်နဲ့ ဘယ်ရမလဲ"

ဟုဆိုပြီး-

"သန်းဇော်ဦးရေ ကြက်အုပ်က ဘယ်နှကောင်လောက်ရှိမလဲ"

ဟု ဆရာကျော်ဇံက မေးလေ၏။

"၁၀ ကောင်ကျော်မယ်ထင်တယ်ခင်ဗျာ"

"ကဲ . . . တွေ့လား"

"ရပါတယ် ဆရာကျော်ဇံ၊ တောကြက်အုပ်က အကောင်များရင် ကြိုက်ကောင်ကို တစ်ချက် ရွေးပစ်ရတဲ့ အခွင့်အရေးပဲ ရတာပါ။ ဆရာကျော်ဇံလဲ သိသားပဲ။ သိဝ်ါးတဲ့ အကောင်မျိုးတွေ။ အထူးသဖြင့် ရေသောက်ချိန်မှာ အစာစားချိန်နဲ့တောင် မတူဘူး။ ရေစပ် အမြင့်ရှင်းရာကို ဆင်းရတော့ ရန်သူကို သိပ်သတိထားတယ်။ လင်းယုန်၊ စွန်၊ ဒေါင်းစွန်၊ ချိုးသိန်း၊ တောခွေး၊ ခွေးအ၊ ချေ(ဂျီ)၊ မုဆိုးအားလုံးကိုပေါ့။ ဒီတော့ သူတို့ မမြင်အောင် ခြောင်းနိုင်မှ အုပ်ထဲက ကြက်ဖကြီးတစ်ကောင်ကို ရွေးပစ်နိုင်မှာ။ ပစ်နိုင်ရင်လဲ တစ်ချက်ပဲ။ သေနတ်သံကြားရင် အားလုံး ပျံပြေးတာ။ ဒီတော့ ကျည်ဆန်နှစ်တောင့်ဆိုရင် တစ်တောင့်တောင် ပိုပါသေးတယ်"

ဟု ရှင်းပြလိုက်ရာ အဘက-

www.burmeseclassic.com



"မပြောနဲ့တော့ ဆရာကျော်ဇံရေ၊ သူ့အကြောင်း ကျွန်တော် သိပြီးသား။ ကျည်များများယူတဲ့ ဝါသနာကို မရှိဘူး။ ကျွန်တော်တို့ကတော့ စစ်တိုက်လာတဲ့သူဆိုတော့ ကျည်အားများမှ ကြိုက်တာ၊ သူကတော့ တစ်ချက်ကောင်း၊ နှစ်ချက်ကောင်းလောက် ပစ်တာ"



ကျွန်ုပ်နှင့် သန်းဇော်ဦးတို့ ချောင်းရိုးအတိုင်း ဆင်းခဲ့ကြသောအခါ ညနေ ၃-နာရီ။

ကျွန်ုပ်နှင့် သန်းဇော်ဦးတို့ ချောင်းရိုးကို ဆင်းခဲ့ကြသောအခါ ညနေ ၃နာရီခန့် ရှိသဖြင့် အပူရှိန်က မလျော့သေး။ သဲချောင်းအတွင်းမှ ခြေမျက်စိခန့်ရှိရာ ရေက နွေးလျက်ရှိသည်။ ပထမဆုံးတွေ့သည့်ကွေ့မှ ကိုင်းပင်များကိုကွယ်၍ လှမ်းကြည့်လိုက်ရာ ချောင်း၏ အထက်ဘက်ရှိ အခြားကွေ့တစ်ခု၏ ချွန်းထိပ်နေရိပ်ကျနေသည့် ငါးပေခန့် အကျယ် အိုင်ကလေးတွင် ကြက်အုပ်က ရေသောက်နေကြသည်မှာ ၁၂ကောင် ဖြစ်၏



ထိုအထဲတွင် ကြက်ပေါက်(ကြက်ထီးငယ်) ငါးကောင်နှင့် ကြက်မီးကွေးကြီး (ကြက်အုပ်အတွင်းမှ အကြီးဆုံးအကောင်)မှာ ကြက်အုပ်နှင့် မလှမ်းမကမ်းတွင် အရပ်ရှစ်မျက်နှာစလုံးကို ဟိုကြည့်သည်ကြည့်ဖြင့် ကင်းစောင့်နေလေ၏။ ကျွန်ုပ်တို့နှင့် ကိုက် ၁၅၀ခန့် ဝေးပေမည်။ ကျန်ကြက်များမှာ အမများသာဖြစ်၍ အကောင်သေးသည်။ ထို့ကြောင့် အကြီးဆုံး ကြက်ဖမြီးကွေးကြီးကို ရွေးပစ်ရပေမည်။

သို့သော် ထိုမျှ အကွာအဝေးကို လက်တန်း(Free Hand)ပစ်လျှင် ထိရန်မလွယ်။ ကြက်ဖကြီးမှာလည်း ဟိုလှည့်သည်လှည့်လုပ်လိုက်၊ အနားသို့ရောက်လာသည့် ကြက်မများအားလည်း ရစ်ပတ် ဟန်ရေးပြလိုက်လုပ်နေပေရာ ပစ်မှတ်(Target)မှာ လှုပ်ရှားနေသော (Moving Target) ဖြစ်နေ၏။ ထို့ကြောင့် ထိအောင်ပစ်ရန်မှာ ခက်ခဲနေလေပြီ။ သို့အတွက် ကျွန်ုပ်က ပတ်ဝန်းကျင်ကို မျက်စိကစားကြည့်ရာ မမျှော်လင့်ဘဲ ချောင်းစပ်တွင် တစ်လံမျှရှည်၍ လက်ကောက်ဝတ်လုံးပတ်ရှိ သစ်ကိုင်းခြောက်တစ်ခုကို တွေ့သဖြင့် သန်းဇော်ဦးအား မေးငေါ့ပြကာ စကားမပြောဘဲ ကောက်ခိုင်းရလေ၏။

သစ်ကိုင်းခြောက်ရသောအခါ ကိုင်းပင်စပ်ထဲအတွင်းတွင် ထောက်လိုက်သည်။ ထို့နောက် သေနတ်ကို မောင်းတင်၍ ဝဲလက်တွင် သစ်ကိုင်းခြောက်နှင့်တွဲ၍ကိုင်ကာ ကြက်ဖရှိရာသို့ ချိန်လိုက်သည်။ ယာယီအားဖြင့် သေနတ်သည် ဝဲလက်တွင်ရှိနေပြီး သစ်ကိုင်းက ဒေါက်သဖွယ် သေနတ်အား ထောက်၍ထား၏။ ထို့ကြောင့် သေနတ်ပြောင်းက ငြိမ်လျက်ရှိပေရာ သေနတ်ပြောင်းပေါ်မှ နောက်ဆိုက်နှင့် ရှေ့ဆိုက်ကာ မီးကွေးကြက်ဖကြီးနှင့် တစ်တန်းတည်း ရှိနေပေပြီ။ ကျွန်ုပ်က မှဆိုးဒူးထောက်ထိုင်ထားပြီမို့ ဝဲလက်၏ တံတောင်ဆစ်ကို ဝဲဒူးပေါ်တွင်တင်၍ ဝဲမျက်စိကိုမှိတ်၊ ယာမျက်စိဖြင့် ချိန်လိုက်သောအခါတွင် ကြက်ဖအားပစ်ရန် အသင့်။ ထို့ကြောင့် ရှေ့ချိန်သီးဖျားအား ကြက်၏ လည်ဆံမွေးဝါဝါရှိသည့် လည်တိုင်ရင်းသို့ တည်ငြိမ်စွာထား၍ အသက်ကို အောင့်ပြီးနောက် ယာလက်ညှိုးဖြင့် ပစ်ခလုတ်အား ညင်သာစွာ ဆွဲလိုက်ရပေသည်။

"ဖြောင်း . . ."

ဆိုသည့် အသံနှင့်အတူ ဒသမ ၂၂ ဗို့ ရီမင်တန်(Remington)ကျည်ဆံက ကြက်၏ လည်တိုင်ရင်းသို့ ဖောက်ထွင်းသွားသောအခါ ကြက်မှာ အရပ်ကြိုးပြတ်ဝပ်၍ ကျသွားသကဲ့သို့ ကျန်ကြက်များမှာ တောတွင်းသို့ ပျံသွားကြလေ၏။

ကျွန်ုပ်နှင့် သန်းဇော်ဦးမှာ ညနေစာအတွက် ဟင်းစားတော့ရပြီဆိုသည့် ပျော်ရွှင်စိတ်ဖြင့် ကြက်ရှိရာသို့ အပြေးကလေးသွားကြရာ ကြက်အနားသို့ ရောက်သည့်အခါ-

www.burmeseclassic.com

www.burmeseclassic.com



"ရှိန်း ... ဖြီး ..."

မမျှော်လင့်သော နာမှုတ်သံကြီးနှင့်အတူ ဘယ်အချိန်က ချောင်းအထက်ကွေ့တွင် ရေသောက်ဆင်းနေသည်မသိရသော ပြောင်ထီးကြီးတစ်ကောင်က ကျွန်ုပ်တို့နှင့် ၁၅ကိုက်မျှ အကွာမှပေါ်လာကာ ကျွန်ုပ်တို့အား စေ့စေ့ကြည့်နေလေ၏။ ပြေးတိုက်တော့မည်မှာ ငြင်းစရာပင် မလိုတော့။

ကျွန်ုပ်မှာ ဒီတစ်ခါတော့ သွားပြီဟုစိတ်က ထင်လိုက်သော်လည်း သတိကိုပင် မလစ်စေဘဲ ဒသမ ၂၂ဗို့ ရိုင်ဖယ်မဂ္ဂဇင်းအတွင်းမှ နောက်ဆုံးကျန်နေသည့် ကျည်တစ်တောင့်ကို ရိုင်ဖယ်ဗို့မှ၍ သေနတ်ပြောင်းရင်းသို့ ထိုးသွင်းလိုက်ခါ တစ်ဖက်မှလည်း သန်းဇော်ဦးအား-

"သန်းဇော်ဦးရေ ချောင်းကမ်းပါးပေါ် ပြေးတက်လိုက်၊ ပြေးတက်လိုက်"

ဟု သတိပေးရင်း သေနတ်အား ပြောင်းကြီးရှိရာသို့ ထိုးချိန်လိုက်သည်။ ဒသမ ၂၂ဗို့ သေနတ်မှာ ပြောင်ကို မသေစေနိုင်သော်လည်း လောလောဆယ် အားကိုးစရာ ထိုသေနတ်နှင့် ကျည်တစ်တောင့်သာ။

ပြောင်ကြီးမှာ မဲနက်ပြောင်လက်နေသည်။ ခန္ဓာကိုယ်ထိပ်မှ သူ၏ဦးခေါင်းကို ငုံ့လိုက်သောအခါ ချိုရင်းဖြူ၍ ချိုဖျား မဲနက်နေသည့် သူ၏ ဦးချိုမှာ ရှေ့သို့ ခပ်စိုက်စိုက် ဖြစ်လာပြီး ကျွန်ုပ်တို့အား ပြေးတိုက်ရန် အသင့်ဖြစ်နေသည်။

ပခုံးထိပ် ကျောရိုးမောက်၍ နောက်ပိုင်းသို့သွယ်၍ ဆင်းသွားသော ပြောင်ကြီးသည် ခန္ဓာကိုယ် ရှေ့ပိုင်းက ပို၍ တောင့်တင်းသည်ဟု ထင်ရသည်။ အရပ်မှာ ၆ပေခွဲမျှရှိမည် ဖြစ်ရာ အသားချိန်ပိဿာ ၃၀၀ ခန့်ရှိနိုင်သည်။ ဦးချိုနှစ်ဖက်ကြားထိပ်တွင် ဖြူညစ်ညစ် ကြာဖွေ့ကြီးပါသကဲ့သို့ ဒူးဆစ်နှင့် လက်ဆစ်အောက်ပိုင်းတွင်လည်း ဖြူညစ်ညစ် ဖြစ်ခါ မျက်လုံးမှ မျက်ဆံမည်းမည်းမှာ ဝင်းဝင်းတောက် ပြောင်လက်နေပေသည်။ ထို ပြောင်ကြီးမှာ ကျွန်ုပ်တို့ မမြင်ရသော အထက်ကွေ့တွင် ရေသောက်ဆင်းနေရာမှ ကြက်အားပစ်သည့် ဒသမ ၂၂ဗို့ ရိုင်ဖယ်သေနတ်သံမှာ "ဒိုင်း"ခနဲ ကျယ်လောင်စွာ မမြည်ဘဲ "ဖောင်း"ခနဲသာ မည်လေရာ ပြောင်က သတိထားနေရာမှ ကျွန်ုပ်တို့ ကြက်ကို ကောက်ရန်အလာ ချောင်းကွေ့မှ ဘွားခနဲပေါ်လာပြီး ကျွန်ုပ်တို့အား မျက်နှာချင်းဆိုင် ပြေးတိုက်ရန် ဖြစ်လေ၏။

ကျွန်ုပ်က တစ်တောင့်တည်းသော ကျည်ဆံနှင့် ဘယ်ကိုပစ်ရမည်ကို ချက်ခြင်း ဆုံးဖြတ်ရသည်။ ပြောင်မှာ ခန္ဓာကိုယ်ထုထည် ကြီးမားကာ အရိုးကြီး အရေထူ၏။



ဒသမ ၂၂ဗို့ဖြင့်ပစ်လျှင် ပျော့သည့်နေရာ ဝမ်းဗိုက်လောက်ကိုသာ ဖောက်နိုင်သည်။ အခြားနေရာများဆိုလျှင် အရေပြားပေါက်ရုံသာ ပေါက်မည်။ ဗိုက်ကို ပစ်ပြန်လျှင်လည်း မသေနိုင်၊ ထိပ်တိုက်ဖြစ်နေ၍ ဗိုက်ကိုလည်း ပစ်၍မရ။ ထို့ကြောင့် ခေါင်းကိုသာ ပစ်ရမည်။ ကျည်က ခေါင်းရိုးကိုလည်း မဖောက်နိုင်။ ထို့ကြောင့် ဘယ်ကိုပစ်ရမည်ကို ချက်ခြင်းစဉ်းစား ချက်ခြင်းဆုံးဖြတ်ခါ သေနတ်အား ထိုးချိန်လိုက်သည်။

"ရှိန်း ..."

ပြောင်ကြီးက နာမှုတ်သံနှင့်အတူ ခြေလှမ်းကို ကျွန်ုပ်ထံသို့ စတင်ရွေ့လျား ဦးတည်လိုက်သည့်ခဏ-

"ပြောင်း ... ဂွတ်"

ကျွန်ုပ်၏ ဒသမ ၂၂ဗို့ ရိုင်ဖယ်သေနတ်သံနှင့်အတူ ကျည်ထိပ်ဖူးက ပြောင်ကြီး၏ နှာနဆီသို့ တန်းတန်းမတ်မတ်ထိ၍ သွားလေရာ သူ၏ ဦးခေါင်းမှာ ယာဘက်သို့ အနည်းငယ်စောင်း၍ သွား၏။ ဤအခွင့်အရေးကိုယူကာ ကျွန်ုပ်က ယာဘက်သို့ခုန်၍ ရှောင်လိုက်ရာ ပြောင်ကြီး၏ ခန္ဓာကိုယ်က ကျွန်ုပ်၏ ဝဲဘက်မှပွတ်၍ အရှိန်ဖြင့် လွန်သွားသည်မှာ ကျွန်ုပ်အား လေပင်တစ်၍သွားကာ ရင်တွင် တလှပ်လှပ်ဖြစ်၍ သွား၏။ ဘတ်စ်ကားတစ်စီးအနီးမှ ဖြတ်မောင်းသွားသည့်နှယ်။

ပြောင်ကြီးမှာ သူ၏ အပြေးအရှိန်ဖြင့် ခန္ဓာကိုယ်ထုထည်အရှိန်ဖြင့် ကျွန်ုပ်အား ၁၅ကိုက်မျှလွန်အသွားတွင် ကျွန်ုပ်က အခွင့်အရေးကို လက်လွှတ်မခံတော့ဘဲ ချောင်းကမ်းပါးသို့ ပြေးတက်လိုက်၍ ၁၀ပေမျှမြင့်သည့် ကမ်းပါးပေါ်သို့ ရောက်ခဲ့သည်။ ရောက်ရှောင်ရောက်ချင်း လှည့်ကြည့်လိုက်ရာ ပြောင်ကြီးမှာ ကျွန်ုပ်ရပ်နေခဲ့ရာနေရာသို့ ပြန်လှည့်ပြေးလာရင်းမှ ကျွန်ုပ် မှလာနေရာတွင်မရှိတော့သောအခါ နာနမှ စထိရာအရှိန် ကြောင့် ကျွန်ုပ်တို့ရှိရာ ကမ်းပါးသို့ ပြေးတက်မလာတော့ဘဲ ချောင်းရိုးအထက်ပိုင်းသို့ ပြေးသွားပေရာ ချောင်းကွေ့အလွန်တွင် ပျောက်ကွယ်သွားသည့်တိုင်အောင် ရေများ တဖွားဖွားထသွားလေ၏။

ကျွန်ုပ်က ချက်ခြင်းပင် ဒသမ ၂၂ဗို့ ရိုင်ဖယ်အား သန်းဇော်ဦးထံပေးခဲ့ပြီး စခန်းသို့ တအားပင် ပြန်ပြေးခဲ့သည်။

တစ်ဖာလုံကျော်ကျော်ခန့် ချောင်းရိုးအတွင်းမှ ပြေးခဲ့ပြီး စခန်းသို့ရောက်သော အခါ တဲတံစက်မြိတ်တွင် ချိတ်ထားသော ဒသမ ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်အား ဖြုတ်ယူ လိုက်ခါ မဂ္ဂဇင်းတွင် ကျည်ဆံရှိ မရှိ ဗို့ဆွဲ၍ကြည့်ပြီး နောက်မောင်းထက်ပင်ကိုထိုး၍

www.burmeseclassic.com

www.burmeseclassic.com





ပြောင်ချိစမ်းထားသောနေရာ။

သန်းဇော်ဦးရှိရာသို့ ပြန်ပြေးလာခဲ့သည်။

သေနတ်ယူစဉ် အဘနှင့် ဆရာကျော်ဇံက "ဘာဖြစ်တာလဲ"ဟုမေးသည့်အမေးကို ပြေးရင်းလွှားရင်း "ပြောင်၊ ပြောင်"ဟုသာ ပြန်ဖြေဖြစ်ခဲ့သည်။

သန်းဇော်ဦးထံရောက်သောအခါ-

"သန်းဇော်ဦးရေ ကြက်ကောက်ပြီး ပြန်နှင့်"

ဟုသာ ပြောခဲ့ပြီးနောက် ပြောင်ပြေးသွားရာ ချောင်းအထက်ပိုင်းကွေ့ကို ပြောင်ခြေရာအတိုင်းလိုက်ခဲ့ရာ ကွေ့အလွန်တွင် ခြေရာက ချောင်းအရှေ့ဘက်ကမ်းပါး ဝါးတောနှင့် သစ်ကြီးဝါးကြီးရှိရာ တောင်ထိပ်သို့ တက်သွားသည်။ ထိုနေရာတွင် ပြောင်ခြေရာမှာ တစ်ကောင်တည်းခြေရာ မဟုတ်။ ပြောင်မ၏ ခြေရာကိုပါတွေ့ရပေရာ ကျွန်ုပ်က ခြေရာ-



ကိုကြည့်ရုံဖြင့်ပင် ပြောင်ထီးမှာ ဘာ့ကြောင့် ရန်လိုသည်ကို သိလိုက်ရပြီ။ ပြောင်မှာ အုပ်နှင့်မဟုတ်ဘဲ အုပ်မှခွဲ၍ အဖို၊ အမ မိတ်လိုက်နေခြင်းဖြစ်ရာ မ,စိတ်ကြောင့် ပြောင်ထီးမှာ ရန်လိုနေချိန်၊ ကျွန်ုပ်၏ ကြက်ပစ်သည့် သေနတ်သံက ချောင်းကွေ့ အောက်ပိုင်းမှ ကြားရသဖြင့် ပြောင်ထီးက ချောင်းကွေ့ကိုလာအကြည့်၊ ကျွန်ုပ်တို့က လည်း ကြက်ကောက်ရန်အသွားတွင် မျက်နှာချင်းဆိုင် တိုးမိ၍ ပြေးတိုက်ခြင်းဖြစ်သည်။

ကျွန်ုပ်၏ လက်တွင်းရှိ ဒသမ ၂၂ ဗို့ ရိုင်ဖယ်ကလေးမှာ ကြက်၊ ငှက်၊ ယုန်၊ ချေ စသည့် အမဲငယ်များကို ဟင်းစားပစ်ရန်သာဖြစ်ပြီး ကျည်ထိပ်ဖူးက ၄၀ ဂရိမ်သာ အလေးချိန်ရှိ၏။ ကျည်မှာသေး၍ အားနည်းသဖြင့် အမဲကြီးပစ်၍ မရ။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဆင်မှလွဲလျှင် အကြီးဆုံးသောပြောင်လို အကောင်မျိုးအတွက် အဘယ်မှာ ထိရောက်သေစေနိုင်ပါမည်နည်း။ ဒါကိုသိသော ကျွန်ုပ်က ပြောင်၏ အပျော့ဆုံး နေရာနှင့် အထိရောက်ဆုံးနေရာ နှာနကိုသာ ပစ်လိုက်မှ ဟန်ချက်ပျက်ရုံမျှအပ မသေနိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်က ပြောင်းပိုကျယ်၍ အင်အားကြီးကာ ပြောင်ကို သေစေနိုင်သော ၃၀၀ ဂရိမ်အလေးချိန်ရှိသော ကျည်ထိပ်ဖူးကြီးဖြင့် ပစ်ရသည်။ ဒသမ ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ကို ပြေး၍ယူခဲ့ခြင်းဖြစ်ခါ ပြောင်ကြီး၏နောက်သို့ တစ်ဦးတည်း လိုက်ခဲ့ခြင်း ဖြစ်ပေသည်။

ထိုနေ့က အဖြစ်အပျက်မှာ "ဟင်းစား"ရှာရာမှ မမျှော်လင့်ဘဲ ပြောင်နှင့် ပက်ပင်း တိုး၍ အန္တရာယ်ကြုံတွေ့ခဲ့ရသည့် ကျွန်ုပ်၏ ဘဝတွင် အမှတ်ထင်ထင်ရှိလှသော အဖြစ်အပျက်မို့ "ဟင်းစား"ဟူသည့် မှဆိုးစကားဖြင့် ခေါင်းစဉ်တပ်ခါ ဤဝတ္ထုကို ရေးလိုက်ရခြင်းဖြစ်ပါတော့သတည်း။

ဩ

*တကြွင်း။ ထိုနေ့က ဒသမ၃၇၅မဂ္ဂနမ်ရိုင်ဖယ်ဖြင့် ထိုပြောင်ကြီးအား ကျွန်ုပ်တစ်ဦးတည်း၊ ခြေရာကောက်လိုက်ခဲ့ပုံနှင့် နောက်နှစ်ရက်ကြာသောအခါ ထိုပြောင်ကြီးကို ရခဲ့ပုံများကို "ဟင်းစားအမှတ်(၂)"အဖြစ် ဆက်လက်ရေးသားပါမည်။*

www.burmeseclassic.com






အချိန်မှာ ညနေ ၃နာရီ ၁၅မိနစ်ခန့်ရှိခဲ့ပြီ။ တောကြီးမျက်မည်း တောင်ကုန်း တောင်တန်းများကြားမှ မြွေလိမ်မြွေကောက် စီးဆင်းနေသော ထားဝယ်ချောင်းရိုးမှာ ရေပင်ရှိလင့်ကစား တစ်နေ့တာမြင့်မားသည့် အပူချိန်ကြောင့် ရေစပ်စပ်ရှိရာ ရေတိမ်ရာ နေရာများတွင် ရေမှာနွေးလျက်ရှိ၏။ ထိုရေမျိုးမှာ သောက်ရန်အတွက် မသင့်သော်လည်း ချိုးရန်အတွက်မူ အလွန်သင့်တော်သည်ဟု ထင်သည်။ အဘယ့်ကြောင့်ဆိုသော် တစ်ခါတစ်ရံတွင် အညောင်းအညာပြေစေရန် ရေနွေးနှင့်ပင် ချိုးရသည်ဟုတ်ပါလား။

ကျွန်ုပ်က ရေနွေးနှင့်ရေချိုးရသည်ကို ကြိုက်သဖြင့် နွေရာသီ တောတွင်၊ သဲချောင်း ရေတိမ်ရာနေရာတွင် လူတစ်ထိုင်စာနေရာ သဲကျင်းယက်လျက် ချိုးတတ်သည်။ ရေနွေး Bath Tub နှင့် ချိုးရသကဲ့သို့ ရှိချေ၏။

သို့ရာတွင် ယခုကဲ့သို့ မိမိအား အန္တရာယ်ပြုခဲ့သည့် ပြောင်ထီးပိုးကြီးတစ်ကောင် နောက်သို့ အရေးပေါ်လိုက်ခဲ့သည့်အချိန်တွင် ရေနွေးချိုးရန် သတိမရအား။ သဲချောင်း အတွင်း ရေနွေး၏ အထိအတွေ့ကိုသာ သတိထားမိခြင်း ဖြစ်၏။

ချောင်းကွေ့သို့ မကျော်မီမှာပင် ကမ်းပါးပေါ်မှ သန်းဇော်ဦးအား တွေ့ရ၏။ သန်းဇော်ဦးမှာ ပြောင်ကြီးနောက်ထပ် ချောင်းအတွင်း ပေါ်လာလေမည်လား စိုးရိမ်စိတ်ဖြင့် ကမ်းပါးပေါ်မှပင် မဆင်းသေး။ ထို့ကြောင့် ကျွန်ုပ်က -

"သန်းဇော်ဦးရေ ကြက်ကောက်ပြီး စခန်းပြန်နှင့်"

ဟု ပြောလိုက်ရာ ကျွန်ုပ်၏ လက်တွင်း ဗိုုင့် ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ကြီးကိုင်ကား သည်ကို တွေ့သွားသဖြင့်-

"ဦး၊ ဒီအကောင်ကြီးကို လိုက်မှာလား၊ ကျွန်တော်လဲ လိုက်မယ်"

"မင်း မလိုက်ခဲ့နဲ့၊ စခန်းကိုသာ ပြန်စောင့်"

ဟု ခပ်ပြတ်ပြတ်ပင် ပြောခဲ့ရ၏။ အမှန်လည်း သူ့အား မလိုက်စေလို။ သန်းဇော်ဦးမှာ သတ္တိခေသူ မဟုတ်သော်လည်း အသက် ၁၅နှစ်ခန့်သာ ရှိသေးသည့် လူငယ်ကလေး တစ်ဦးသာ ဖြစ်သည်။ ရန်လိုသော ပြောင်ကြီးတစ်ကောင်၏နောက်သို့လိုက်ရန်မှာ သတ္တိရှိယုံဖြင့် မပြီးပါ။ အတွေ့အကြုံများစွာရှိရန် လိုသည်။ ထို့ကြောင့် မုဆိုးနှင့် သားကောင် သူတင်ကိုယ်တင် ညာဏ်ခြင်းပြိုင်၊ အားခြင်းဆိုင် အနိုင်လုရမည်ဆိုလျှင် အတွေ့အကြုံ ကျွမ်းကျင်မှုနှင့် သတ္တိတို့ကို အချိုးကျကျ ပေါင်းစပ်မှသာ အနိုင်ရနိုင်ပေသည်။ တစ်ဖက် တွင်လည်း ကုန်းသတ္တဝါများအနက် ဆင်မှလွဲလျှင် အကြီးဆုံးဖြစ်သော ပြောင်ထီးကြီး တစ်ကောင်၊ အသားထွက်ချိန်ပိဿာ၃၀၀ ခန့်မျှရှိမည့် ဦးချိုထက်မြက်၊ အားအင်ဖက်ယုံ

www.burmeseclassic.com

www.burmeseclassic.com



သာမက သူကျက်စားနေထိုင်ရာဒေသ၊ ဘောလုံးသမားစကားဖြင့် ပြောရမည်ဆိုလျှင် သူ(ပြောင်)၏ အိမ်ကွင်းတွင် ကစားရသည်သို့ ရှိမည်။ သို့ဆိုလျှင် သန်းဇော်ဦးကဲ့သို့ လူငယ်လေးတစ်ဦးကို ကျွန်ုပ်နှင့်အတူ ခေါ်သင့်ပါမည်လား။

ထို့ကြောင့် ခပ်ပြတ်ပြတ်ပင် စခန်းကို ပြန်ရန်ပြောခဲ့ရခြင်း ဖြစ်ပေ၏။

× × ×

ကျွန်ုပ်က ချောင်းအထက်ကွေ့ကို ကျော်လာသောအခါ ပြောင်ထီး၏ ခြေရာသာမက ပြောင်မ၏ ခြေရာကိုပါတွေ့ရပြီး နှစ်ကောင်စလုံးမှာ ချောင်း၏ အရှေ့ဘက်ကမ်းမှ အမြင့်ဆုံး တောင်ကုန်းဆီသို့ ဦးတည့်တက်သွားသည်။ ပြောင်ထီးသည် ရရှိသွားသည့် နှာနမှ ဒဏ်ရာလောက်ကို အမှုထားပုံ မရ။ ပြောင်မကိုပါ အပါခေါ်၍ သူ ပျော်ပါး ကျက်စားရာ အရပ်သို့ ဦးတည်သွားခြင်း ဖြစ်၏။

နှာနမှဒဏ်ရာဆိုသည်မှာလည်း ကြီးကြီးမားမား မဟုတ်။ ပွိုင့် ၂၂ ဘိုး ရိုင်ဖယ် ကလေး၏ ၄၀ ဂရိမ်ရှိ ထိပ်ဖူးကလေး ထိထားရုံသာ ယာယီအားဖြင့် လူတစ်ယောက်၏ နှာနကို လက်သီးခတ်ဆတ်ဆတ်ကလေး ထိသွားရုံသာရှိမည်။ ပွိုင့် ၂၂ ဘိုးမှာ ပြောင်းဝ အကျယ် (ပြောင်းဝ၏အချင်း)မှာ တစ်လက်မ၏ ၁၀၀ ပုံ ၂၂ ပုံသာရှိသဖြင့် ကျည်ဆံ ထိပ်ဖူးမှာ ထိုပြောင်းအတွင်းမှ ထွက်ရသော ပြောင်နှင့်စာလျှင် လွန်စွာသေးငယ်သော ခဲထိပ်ဖူးသာ ဖြစ်၏။ ထို့ကြောင့် ထိုဒဏ်ရာမှ သွေးမှာ အနည်းငယ်စီးယုံသာ စီးနိုင်မည် ဖြစ်ပြီး မြေပေါ်သို့ တောက်လျှောက်မကျနိုင်။ ဤသည်ကိုသိသော ကျွန်ုပ်က ခြေရာကိုသာ အားကိုး၍ သူသွားရာလမ်းကြောင်းကိုရှာခါ အမီလိုက်ရပေမည်။

ရာသီမှာ နွေရာသီဖြစ်၍ ကုန်းခြောက်သော်လည်း တစ်ကောင်လုံး၏ အလေးချိန် ပေါင် ၁၀၀၀ (တစ်ထောင်)နှင့် အထက်ရှိမည့် ပြောင်ကြီး၏ ခြေရာကတော့ မပျောက်နိုင်။ တောမှ လမ်းပြမုဆိုးများ၏ စကားအရ "ဆရာရယ်၊ ပြောင်ဆိုတာ သူ့ခွာရာကို မြေမှာ မထင်အောင် သူ့ခေါင်းပေါ်ရွက်သွားနိုင်တာမှ မဟုတ်ဘဲ။ ဒီကောင် ဘယ်ပြေးမှာလဲ၊ တစ်နေ့ မမိ တစ်နေ့မိမှာပါ"ဆိုသည်ကို သွား၍ သတိရမိ၏။ ကျွန်ုပ်မှာ သူတို့လောက် တော့ မစွမ်းပါ၊ သူတို့လောက်လည်း အချိန်ပေးနိုင်ပါ။ တစ်ခါတစ်ရံ ပြောင်သည် လူတိုးရန်ခက်ခဲသော၊ တိုး၍မပေါက်နိုင်သော၊ လက်မဲခြုံများ၊ ရေငန်းခြုံများ၊ ဆူးရစ် ခြုံတောများသို့ဝင်လျှင် ခြေရာမပျောက်နိုင်သည့်တိုင် လူကတိုး၍ မလိုက်နိုင်ပါ။ ထို့ကြောင့် ထိုဆူးဒဏ်များ ကာကွယ်ရန်မှာ ဆူးအငြိနည်းသော၊ ဆူးငြိလျှင်ချော်၍ထွက်တတ်သော



အင်္ကျီ၊ ဘောင်းဘီ၊ ဖိနပ်၊ ဦးထုပ်တို့ကို ဝတ်ဆင်ရ၏။ (ဥပမာ-တက်ထရက်ကဲ့သို့ အဝတ်များ) ယခုမူ ကျွန်ုပ်မှာ အောက်ခံ ဘောင်းဘီတိုကလေးနှင့် တောဆောင်း ဦးထုပ်မှလွဲ၍ ဘာမျှ ဝတ်မလာ။

ဟယ် . . . တတ်နိုင်ပါဘူး။ မင်းလဲပြောင်၊ ငါလဲ အမဲကြီးပစ်မုဆိုးပေပဲ၊

× × ×

ပြောင်နှစ်ကောင်၏ ခြေရာမှာ တောင်ကုန်းကို တက်သွားသဖြင့် ကျွန်ုပ်က သူတို့၏ ခြေရာလမ်းကြောင်း (Direction)ကို ခန့်မှန်းပြီး တောင်ဘက်ကုန်းကြောသို့ တက်ခဲ့၏။ သူတို့တက်ရာကုန်းသို့ မတက်၊ ကျွန်ုပ်တက်ရာ တောင်ကုန်းမှာ သူတို့တက် သည့်ကုန်းထက် နိမ့်လျက်ရှိပြီး "ထင်း ဝါးပင်များ ထူထပ်စွာ ပေါက်နေ၏။ ထို့ကြောင့် ဝါးပင်များကို အကာအကွယ်ယူ၊ ဆူးခြုံများကို ရှောင်၍နင်း၊ ခန္ဓာကိုယ် ဝါးကိုင်း မချစ်မိရန် သတိထား၊ အသံကို နားထောင်ကာ တစ်ဖက်မှ ပတ်ကာ သူတို့တက်သည့် ကုန်းအား အရှေ့တောင်ဘက်စောင်းမှ သတိထား၍ တက်ခဲ့ရ၏။

ပြောင်၊ စိုင် ကဲ့သို့ အမဲကြီးများကိုလိုက်လျှင် ခြေရာအတိုင်း တောက်လျှောက် လိုက်ရသည်မဟုတ်။ ရှေ့တစ်မြင်စာကို လှမ်းကြည့်ကာ နောက်တစ်မြင်ကြည့်ရန်အတွက် ဘေးမှဝိုက်၍ တက်ရ၏။ တည့်တည့်လိုက်မိပါက ပြောင်က မုဆိုးအား တစ်နေရာမှ ပုန်း၍လည်းကောင်း၊ ခြုံကွယ်၍သော်လည်းကောင်း၊ ခြေရာရင်းအား ဘေးမှပတ်ဝိုက်၍ လည်းကောင်း စောင့်၍နေတတ်လေရာ ထိုဗျူဟာကို မသိသော မုဆိုးတစ်ဦးအဖို့ အသက်ကို ထက်ဝက်ပေးထားရသည့်နယ် ရှိချေမည်။ ထို့ကြောင့် မုဆိုးက ဉာဏ်ကို ဦးစားပေးကာ ကျွမ်းကျင်စွာ လိုက်ရပေမည်။ ဒဏ်ရာရထားသည့် မိတ်စိတ်မွှန်နေသည့် ပြောင်တစ်ကောင်မှာ မဲမဲလှုပ်လှုပ်မြင်လျှင် ပြေး၍ တိုက်တတ်ပေရာ မုဆိုးက ပတ်ဝိုက်၍ တက်ရာတွင်လည်း သစ်ပင်ကြီးကြီး၏ ပင်စည်ကိုကပ်ရ၏။ သစ်ပင်ကြီးကြီး မရှိပါက မျက်ကွယ်ရှိရာ အပင်ငယ်၊ ခြုံ၊ ကိုင်းပင်တို့ကို အကာအကွယ် ယူရပေသည်။

ထိုနည်းအတိုင်း လိုက်ခဲ့ရာ မိနစ် ၄၀ မျှ ကြာလာပြီ။

ကျွန်ုပ်က အရှေ့တောင်ဘက်မှ တက်ခဲ့ရာတွင် ရှေ့မှတွေ့ရသော ယမနေပင်ကြီး တစ်ပင်သို့ ပြေးကပ်လိုက်စဉ်-

"ထုတ်၊ ဖျော၊ ဖျော၊ ဖုတ်၊ ဖုတ်"

"ထုတ်၊ ဖျော၊ ဖျော၊ ဖုတ်၊ ဖုတ်"

www.burmeseclassic.com

www.burmeseclassic.com



တောင်ထိပ်၏ တစ်ဖက်၊ တောင်ကလပ်ဆီမှ အသံများနှင့်အတူ အပင်တစ်ပင်၏ အဖျားပိုင်းမှာ လေမလာဘဲ ယိမ်းထိုး၍သွားသည်ကို တွေ့လိုက်ရပေရာ သေချာသည်။ ပြောင်မှာ ထိုအပင်အောက်တွင်ပင် ရှိဦးမည်။

ကျွန်ုပ် ခေတ္တမျှငြိမ်၍နေလိုက်သည်။ ငါးမိနစ်ခန့်ကြာသောအခါ အပင်ရှိရာ တောင်ကလပ်ကို မြင်ရစေရန် တောင်ထိပ်ရောက်အောင်တက်ရန် ဆုံးဖြတ်၍ စတင်လှုပ်ရှားသည်။ ကျွန်ုပ်မှာ ဖိနပ်မပါ၊ ခြေတုံးလုံးမို့ ခြေတစ်လှမ်းချရန် နေရာရှာရသကဲ့သို့ အရှေ့နှင့် ဘယ် ညာကိုလည်း ကြည့်ရသည်။ တောင်ကုန်းထိပ်တွင် ပျဉ်းကတိုး၊ ကညင်၊ သံသတ်၊ လင်းယော၊ ယမနေ စသည့် အပင်ကြီးများရှိနေသကဲ့သို့ လှုပ်သွားသည့် အပင်မှာ အပင်ဖျားကို ကြည့်ခြင်းအားဖြင့် "ကနစိုး"ပင်ဖြစ်ကြောင်း သိရ၏။

သေချာပါပြီ။ ပြောင်ထီးနှင့် ပြောင်မမှာ ကနစိုးပင်အောက်တွင် ရှိရမည်။ ယခုကဲ့သို့ နွေနှောင်းရာသီမှာ တောသစ်သီးအများဆုံး သီးတတ်ပေရာ ထိုအထဲတွင် ကနစိုးသီးလည်း ပါ၏။ ကနစိုးသီးမှာ အခြားအသီးများကဲ့သို့ ကိုင်းဖျားများတွင် သီးခြင်းမျိုးမဟုတ်။ ပင်စည်နှင့် အကိုင်းများမှထွက်၍ ပိန္နဲသီး သီးသကဲ့သို့သီးသော အသီးခိုင်တန်းလန်းလေး များဖြစ်ပေရာ ထိုအသီးကိုစားရန် ပြောင်က ပင်စည်ကို ဦးကင်းနှင့်တိုက်၍ ချွေတတ်၏။ ယခုကား ကျွန်ုပ်ကြားသည့်အသံမှာ ထိုအသံများပင်ဖြစ်၏။

ကျွန်ုပ်က တောင်ထိပ်အရောက် တက်ရမည်။ ထိပ်ရောက်လျှင် တစ်ဖက်ရှိ တောင်ကလပ်အား အပေါ်စီးမှကြည့်ကာ ပြောင်ကို သေချာပေါက်တွေ့ရှိ ပစ်ခတ်ရမည်။

ကျွန်ုပ်က စတင်လှုပ်ရှားသည်။ ယမနေပင်မှ အထက် ၁၅ပေမျှဝေးရာ လင်းယော ပင်ရင်းသို့ပြေး၍ ကပ်လိုက်ပြန်သည်။ သေနတ်ကိုမူ မောင်းအပြည့်တင်ထားကာ ပစ်ရန် အနေအထားဖြင့် လက်တွင်ရှိနေပြီး ပြောင်းဝကိုမူ မိုးပေါ်သို့ထောင်ထား၏။ သို့မှသာ အကောင်ကိုတွေ့လျှင်တွေ့ချင်း ပြောင်းဝကို လိုရာသို့ရွှေ့၍ အလျင်အမြန်ပစ်နည်း(Snap Shot)ဖြင့် ပစ်နိုင်ပေမည်။

"ရှဲ . . . ရှဲ . . . ရှဲ . . . ဝီ . . . ဝီ . . . ဝီ . . . ရှဲ . . . ရှဲ . . . ရှဲ"

မမျှော်လင့်သော လေပြင်းတစ်ချက်က အရှေ့တောင်ဘက်မှ တိုက်လိုက်သဖြင့် သစ်ရွက်များနှင့် သစ်ကိုင်းဖျားများက လှုပ်၍ သွားသည့်ခဏ-

"ဂုတ် . . . ဂုတ် . . . ဂုတ် . . . ဗျော . . . ဗျော . . . ဗျော"

အသံများနှင့်အတူ ပြောင်နှစ်ကောင်က တစ်ဖက်တောင်ကလပ်စောင်းအတိုင်း ပြေးသွားသံကြားလိုက်လျှင် ကြားလိုက်ချင်း ကျွန်ုပ်က တောင်ထိပ်သို့ရောက်ရန်



ဒရောသောပါး ပြေးတက်ခဲ့ရပေသည်။ သို့သော် ကျွန်ုပ် တောင်ထိပ်ရောက်သွားသောအခါ တွင်မူ နောက်ကျ၍ သွားခဲ့လေပြီ။

ပြောင်နှစ်ကောင်က တောင်ကလပ်အတိုင်း၊ မြောက်ဘက်သို့ ပြေးသွားပြီး အပင် ကြီးများကျဲ၍ ခြုံရှုပ်ရာမြောက်ဘက်စောင်းသို့ တိုးဝင်ပျောက်ကွယ်သွားပေရာ ခြုံများ လှုပ်ရှားကျန်ရစ်ခဲ့သည်ကိုသာ တွေ့ရပေတော့၏။ ကျွန်ုပ်က ပြောင်နှစ်ကောင်မှာ တစ်နေရာ မှ တစ်ကွက်တလေ ပေါ်လာနိုးဖြင့် ပြေးလိုက်သွားသည့်တိုင် အရိပ်အယောင်မျှ မမြင်ရနိုင်။ မြန်လိုက်သည့်ဖြစ်ခြင်း။ အကောင်ကြီးသလောက် အနံ့ခံ အပြေးသန်သည့် အကောင် များပါပေ။

ကျွန်ုပ်မှာ ပြောင် စတင်တက်သွားရာ တောင်ကုန်းသို့ တိုက်ရိုက်မလိုက်ခဲ့ဘဲ တောင်ဘက် တောင်ကုန်းမှ ပတ်၍လိုက်ခဲ့ရာတွင် အရှေ့တောင်ဘက်မှ တိုက်လာသည့် လေပြင်းက ကျွန်ုပ်၏ အနံ့အသက်အား သယ်ဆောင်သွားခဲ့၏။ အနံ့ခံအလွန်ကောင်း သောပြောင်က ကျွန်ုပ်၏ အနံ့ကိုရရှိသွားပြီးနောက် ကျွန်ုပ် တောင်ထိပ်သို့ မရောက်မီ ပြေးခြင်းဖြစ်ပေသည်။

ကျွန်ုပ်မှာ အသံကြားသဖြင့် ပြေးလိုက်ခဲ့ရာ၌ နွယ်ကြိုးများ၊ ခြုံပေါင်းပင်များ၊ ဆူးရစ်များကို ပြေးလွှားဖြတ်သန်းခဲ့ရသဖြင့် ခြေသလုံး၊ ခြေခုံနှင့် ပေါင်တို့တွင် ဆူးခြစ်ရာ ငုတ်တိုက်ရာများဖြင့် ပြည့်နေကာ သွေးများပင် စိုလျက်ရှိခဲ့ပြီး၊ ခြေဖဝါးတွင်လည်း အနည်းဆုံး ဆူး ၁၀ချောင်းမက ဝင်လျက်ရှိခဲ့ပြီ။ ပြောင်မှာလည်း အသံပင် မကြားရတော့ သည်သာမက ခြုံရှုပ်ရာသို့ တိုးပြေးပြီမို့ ဆက်၍လိုက်ရန် လောလောဆယ် မဖြစ်နိုင်တော့။

ထို့ကြောင့် စခန်းသို့ပြန်ရန်သာရှိတော့သည်။ ဤပွဲတွင်တော့ ကျွန်ုပ် ရှုံးခဲ့ပြီ။ ပြောင်က ကျွန်ုပ်အား မမျှော်လင့်ဘဲ ပြေးတိုက်ခဲ့သည်ကို ဖေါ်သဖြစ်၍ ဘာမျှမပြင်ဆင်ဘဲ သေနတ်ပြေးယူပြီး တစ်ယောက်တည်း လိုက်ခဲ့သည်မှာ ကျွန်ုပ်၏ အမှားပါပေ။ ရှိးမတွင် သူ့အိမ်၊ သူ့ယာ၊ သူ့နေရာ၊ သူ့ကွင်းတွင် သူကစားသလို ခံခဲ့ရခြင်းမျိုးပေါ့။

သို့သော် ကျွန်ုပ်က လွယ်လွယ်နှင့်တော့ အရှုံးပေးမည် မဟုတ်ပါ။ ကျွန်ုပ်အား ရန်လို၍ ဇီဝိန်ချွေရန် ကြိုးစားခဲ့သော ဒီပြောင်ထီးပိုးကြီးကို လွယ်လွယ်ဖြင့် သင်ပုန်းချေ ရနိုင်ပါမည်လား။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ကနစိုးပင်သို့လှမ်း၍ ကြည့်လိုက်သည်။ အတွဲလိုက် ဖောက်ထိုးတွဲ၍ သီးနေသော ကနစိုးသီးများက တစ်ပင်လုံးကို ဝါဝင်းကာ ထိန်ထိန်တောက်နေသည်။ ဤကဲ့သို့ နွေနှောင်းပိုင်းတွင် တောတွင်းစားပင်သီးပင်များမှာ အများစု သီးမှည့်တတ်ပေရာ ထိုအထဲတွင် ကနစိုးသီး၊ မဒေါ်သီး၊ တောကြက်မောက်သီး၊ တောင်စလဲသီး၊ သစ်တိုသီး တို့မှာ ချိုချဉ်အရသာရှိသော လူစား၍ရသော အသီးများဖြစ်၏။ လူစား၍ရလျှင် တိရစ္ဆာန်လည်း စားနိုင်သည်သာမက သူတို့အတွက် နတ်သုဒ္ဓါသီးပင် ဖြစ်ပေမည်။

ထို့ကြောင့် ပြောင်က ပင်စည်ကို ဦးကင်းတိုက်ခါ လှုပ်ချပြီး ကနစိုးသီးများ ကြွေသောအခါ မိတ်ဖက်ပြောင်မနှင့်အတူ ပျော်ပျော်ကြီး စားသောက်နေကြခြင်းဖြစ်ကြောင်း၊ အပင်ရင်းမှ ခြေရာများကိုကြည့်ခြင်းဖြင့် သိနိုင်ပေသည်။ ပင်စည်အား လှည့်ပတ်၍ ကျွန်ုပ်က တစ်စုံတစ်ရာကို ရှာ၍ကြည့်မိရာ ထိုအရာကို ကျွန်ုပ်က တွေ့ပါ၏။ ထိုအရာမှာ အခြားမဟုတ်၊ ပြောင်၏ နှာနမှ သွေးဖြစ်သည်။ ပြောင်က ကနစိုးသီးကြွေရန် ဦးကင်းနှင့် ပင်စည်ကိုတိုက်ရာတွင် နှာနမှ မိုင်၂၂ဗို့ ကျည်ဝင်ထားသည့်နေရာမှ သွေးက ပင်စည်တွင် တစ်စနှစ်စမျှ တွေ့နေရ၏။ ထို့အပြင် အပင်ခြေရင်း မနီးမဝေး တွင် ပြောင်ချေးပုံ ၄၊ ၅ ၁၀ ပုံမျှ အသစ်ကော အဟောင်းပါ တွေ့ရပေရာ သေချာပါသည်။ ကျွန်ုပ်ပစ်ခဲ့သော ပြောင်တစ်စုံ၏ စားကျက်ပင် ဖြစ်တော့၏။

ထို့ကြောင့် ကျွန်ုပ်က အသေးစိတ် သူ၏ စားကျက်ကို လေ့လာပြီးနောက် ဆူးဝင်နေသော ခြေဖဝါးကို ထော့နဲ့နဲ့ထောက်ခါ စခန်းသို့ ပြန်ခဲ့ရပေသည်။

× × ×

"ဘယ်နဲ့လဲ ကိုစိုး၊ ခင်ဗျားအနာတွေနဲ့ ခြေဖဝါးက သက်သာရဲ့လား"

"သက်သာပါတယ် အဘ၊ ခြေဖဝါးထဲက ဆူးတွေအားလုံးလဲ ဝင်းမြင့်က ထွင်ပေးပြီး ခြေသလုံး၊ ခြေခုံနဲ့ ပေါင်က ရှရာတွေကိုလဲ အနာလိမ်းဆေး(Neomycin)လိမ်းထား။ ညကလဲ ဆေးသောက်အိပ်လိုက်တော့ သွားလို့လာလို့ ကောင်းသွားပါပြီ"

"အေးဗျာ၊ ခင်ဗျားကလဲ စိတ်ကြီးပြီး ဘောင်းဘီတိုနဲ့ ပြောင်နောက် အတင်းလိုက်တော့ ဒါလောက်တော့ ဖြစ်မှာပေါ့၊ ဒီလို တောကြီးထဲမှာ ဘောင်းဘီတို ခြေတုံးလုံးနဲ့ ပြောင်လိုက်တဲ့လူ ခင်ဗျားတစ်ယောက်ပဲ တွေ့ဖူးသေးတယ်။ နောက်ကို သတိထားပေါ့ဗျာ"

"ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော်လဲ ဒေါသဖြစ်ဖြစ်နဲ့မို့ပါ"

အဘ၏ စေတနာကို ကျွန်ုပ် အလေးထားရပါသည်။

× × ×



တန်ခူးသာခေါင်လများနှောင်း၏ နေ့အပူရှိန်က ပြင်းထန်သော်လည်း ညနေ ၅နာရီခွဲခန့်ရောက်သောအခါ အပူရှိန်ကျလာပြီဖြစ်၏။ တောကြီးမြက်မည်း တောင်ပေါ်အရပ်တွင် နေ့အခါ မည်မျှပင် ပူပြင်းစေကာမူ ညအခါတွင် သစ်ရိပ်ဝါးရိပ်၊ တောရိပ်တောင်ရိပ် ကြောင့် အအေးဓာတ်က ရှိစမြဲ။ ထို့ကြောင့် တောကြီးလည်သည့်အခါ အိပ်ရာလိပ်တွင် စောင်ထူထူကတော့ ပါရစမြဲ ဖြစ်၏။

ယခုညနေ ၅နာရီခွဲခန့်တွင် အအေးဓာတ်ကလေးရကာ လေပြည်လေးလာနေပြီမို့ ဝင်းမြင့်နှင့် သန်းဇော်ဦး ပြုလုပ်ပေးထားရာ သဘာဝဆက်တီတွင်ထိုင်ကာ စကားပြောရင်း အဘနှင့် ကျွန်ုပ်က ဗီစကီတစ်ယောက်တစ်ခွက်ဖြင့် နားနားနေနေ နေလေ၏။ (သဘာဝ ဆက်တီမှာ ပျဉ်းကတိုးပင်ကြီး လဲနေရာတွင် ကိုင်းများကိုရှင်း။ ထိုင်ကောင်းအောင် ပင်စည်တွင် ပုဆိန်ပွဲကွပ်ဖြင့် ခုတ်ချွေပေးထားခြင်းဖြစ်၍ သက်တောင့်သက်သာ ထိုင်နိုင်ပါ သည်။) အမြည်းကတော့ ကျွန်ုပ်တွေ့ခဲ့သည့် ကနစိုးပင်အား နေရာပြောပြ၍ သန်းဇော်ဦး အား ခူးနိုင်းထားသဖြင့်ရလာသည့် ကနစိုးသီးများ။ ကနစိုးများမှာ ရာသီ၊ သီးပုံ၊ အပင်အနေအထား အတူတူပင် ဖြစ်ကြသော်လည်း မျိုးကွဲ သုံးမျိုးခန့်ရှိ၏။ ထိုမျိုးကွဲများ မှာ ကျွန်ုပ်သိရှိသမျှ (၁) အလုံးသေးငယ်၍ အစေ့ကြီးသော တောဝင်မျိုး၊ (၂) အလုံးအရွယ် တော်ဖြစ်သော်လည်း အချဉ်ဓာတ်များသော အပင်မျိုး၊ (၃) အလုံးကြီး၍ အစေ့သေးကာ အချိုဓာတ်များသော အပင်မျိုးဟူ၍ ဖြစ်၏။ ထိုအထဲတွင် အမှတ်စဉ်(၃)မှာ တောကောင် အမျိုးမျိုး ကြိုက်သည်သာမက လူစားရန်အတွက်ပါ သင့်တော်ပါသည်။ သို့သော် စားကောင်းတိုင်း များများစား၍ မဖြစ်။ အစေ့ကိုလည်း ထွေးပစ်ရ၏။ သို့မဟုတ်ပါက ဝမ်းလျှော၊ ဝမ်းကိုက် ဖိုက်အောင့်ဖြစ်တတ်ပေသည်။

ယခု ကျွန်ုပ်တို့ အမြည်းလုပ်၍စားနေသည်မှာ ထိုအမျိုးအစားဖြစ်၏။ ထို့ကြောင့် လည်း ပြောင်က စားကျက်ချ၍ စားနေခြင်း ဖြစ်ပေသည်။

"ကိုစိုးရေ၊ ခင်ဗျား မနက်ဖြန် ပြောင်ပစ်ဖို့ ဘယ်လိုစီစဉ်ထားလဲ"

အဘက စကားစလေရာ-

"ဟုတ်ကဲ့အဘ၊ မနက်စောစော စားပင်သွားကြည့်မယ်၊ စားပင်က မထွက်သေးခင်လဲ ပစ်ရနိုင်တယ်၊ တကယ်လို့ စားပင်က ထွက်သွားရင်တော့ ညနေနဲ့ ညကို စားပင် အဝင်မှာ ပုခက်နဲ့ စောင့်ပစ်မယ်"

"စားပင်ကို ဝင်မစားတော့ဘူးဆိုရင်ကော"

"ဒါဆိုရင်တော့ မျိုးမြင့်ကို ခေါ်ပြီး ခြေရာဟောင်းကနေ စပြန်လိုက်မယ် အဘ"

www.burmeseclassic.com

www.burmeseclassic.com





ကိုစိုးရေ ခင်ဗျားမနက်ဖြန် ပြောင်ပစ်ဖို့ ဘယ်လိုစီစဉ်ထားလဲ။

"မြေရာဟောင်းက စလိုက်ရမယ်ဆိုရင် အကောင်က ဝေးသွားရောပေါ့"

"ကျွန်တော် ဒီလိုမထင်ဘူး အဘ၊ စားပင်၊ စားကျက်ရှိတယ်၊ ချောင်းနဲ့လဲ နီးတော့ ရေရှိတယ်၊ အစိုဓာတ်ကလဲ ချောင်းနားမှာပဲများတော့ ဒီကောင်တွေ သိပ်ခွာမယ် မထင်ဘူး"

"အင်း . . . ခင်ဗျားပြောသလိုဖြစ်ရင်တော့ လိုက်တဲ့အခါ နေ့မကူးနိုင်ဘူးပေါ့"

"ဟုတ်ကဲ့အဘ"

ကျွန်ုပ်တို့ စခန်း၏တစ်ဖက်အရှေ့ဘက်ကမ်း ချောင်းနှုတ်ခမ်းတွင် ဆင်ကိုင်းပင်များက ကြံခင်းကြီး တစ်ခင်းစာမျှ ရှိပေမည်။ တောင်နှင့် မြောက်တန်းနေသည်မှာလည်း ၃ဖာလုံခန့် ရှိ၏။ စိမ်းစိုသော ရွက်နုများဝေနေသည့် ကိုင်းတောကြီးဖြစ်ရာ လူတိုး၍ပင် မပေါက်နိုင်။ မြောက်ဘက်ကိုင်းတောဆုံးရာနေရာမှာ ပြောင်ကြီးအား ကျွန်ုပ်လိုက်ခဲ့သည့် တောင်ကုန်းများ။

× × ×



ကျွန်ုပ် တစ်ရေးနိုးသဖြင့် အသံကို နားထောင်ကြည့်ရာ အသံတစ်သံကို ကြားရသည်ဟု ထင်သည်။ သို့သော် မသေချာ။ အိပ်ချင်မူးတူးကြောင့် စိတ်က ထင်ခြင်းဖြစ်မည်။ အိပ်ရာနံဘေးရှိ ဓာတ်ခဲသုံး ခဲထိုးလက်နှိပ်ဓာတ်မီးအား လက်ဖြင့်စမ်းယူလိုက်ခါ လက်မှ နာရီကို ထိုးကြည့်လိုက်ရာ နံနက် ၂နာရီ၁၀မိနစ်ပင် ရှိနေပြီ။ ကျွန်ုပ်မှာ တောပစ်သွားလျှင် ထိုအချိန်မျိုး၌ တစ်ရေးနိုးတတ်သည်။ အမိုးအကာမရှိသော တဲဟောင်းလေးအတွင်းရှိ ဇာခြင်ထောင်မှ ကောင်းကင်သို့ မော့ကြည့်လိုက်ရာ ကြယ်ရောင်များ လင်းလက်လျက်ရှိသော်လည်း လမှာ ဝင်သွားခဲ့ပြီ။

"ဖျော"

"ဖျော . . . ဖျော . . . ရှဲ . . . ရှီ . . . ဖြုတ် . . . ဖြုတ်"

ယော . . . ခုန ကျွန်ုပ်ကြားရသည်မှာ ဤအသံဖြစ်မည်။ အသံဘယ်ကလာနေသနည်း ဆိုသည်ကိုသိရန် ၃မိနစ်ခန့် စောင့်ရပြန်သည်။

"ဖျော . . . ဖျော . . . ဖြုတ် . . . ဖြုတ်"

အသံမှာ ချောင်းတစ်ဖက်ကမ်းကိုင်းတောအတွင်းမှ လာနေသောအသံ။ သေချာသွားပြီဖြစ်၍ ကျွန်ုပ်က စခန်းမှလူများ ဘယ်သူနိုးနေသလဲသိရန် နားထောင်ရပြန်သည်။

မည်သည့်အသံကိုမျှ မကြားရ။

အားလုံး အိပ်မောကျနေသည့်အချိန်။ ချောင်းတစ်ဖက်မှအသံကို ထပ်မံနားထောင်ကြည့်ရာ ယခင်အသံများကို တိရစ္ဆာန်တစ်ကောင်က ကိုင်းနုပေါက်များကို နုတ်၍ စားနေခြင်းကြောင့် တဖြုတ်ဖြုတ်၊ တရှဲရှဲ မြည်နေခြင်းသာ ဖြစ်ရမည်။

ကျွန်ုပ် ခြုံစောင်ကိုခွာ၍ ခြင်ထောင်အတွင်းမှ အသာထလိုက်ပြီးနောက် အဘနှင့်ကျွန်ုပ်အိပ်သည့်ကြားတွင်ချထားသော ပွိုင့်၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ကို အသာမ,ယူလိုက်ခါ ကြိတ်၍ သေနတ်မောင်းတုံး(ဗို့)ကိုမ,ကာ မောင်းထက်ဝက်ထိုးလိုက်သည်။ ထို့နောက် တဲနှင့် ၁၅ပေမျှအကွာ မြေပြင်တွင် သစ်ရွက်များခင်း၍ စောင်ခြုံ၍ ကွေးနေသော လမ်းပြမျိုးမြင့်ရှိရာသို့ အသံမကြားအောင် သွားလိုက်သည်။ လက်နှိပ်ဓာတ်မီးကို ယူလာသော်လည်း မီးမထိုးသေး။ မျိုးမြင့်အနီးသို့ရောက်သောအခါ သေနတ်ပြောင်းဖြင့် သူ၏ နံဘေးသို့ ခတ်ဆတ်ဆတ်ထိုး၍ နှိုးလိုက်ရာ-

"ဘာလဲ၊ ဘာလဲ"

မျိုးမြင့်က လေသံဖြင့် ကျွန်ုပ်အား အသံပြုကာ ငုတ်တုတ်ထထိုင်လိုက်၏။

"မျိုးမြင့် ငါပါကွ၊ မင်း လက်နှိပ်ဓာတ်မီး မထိုးနဲ့ဦး၊ ဟိုဘက်ကမ်းက ကိုင်းတော

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အမဲရောက်နေတယ်။ ဝက်(တောဝက်)လား၊ ပြောင်လားတော့ မသိဘူး၊ အသံကြားတယ်"

ဟု လေသံဖြင့်ပင်ပြောလိုက်ရာ မျိုးမြင့်က မတ်တပ်ရပ် လုံချည်ကို မြင်ဝတ်ပြီးနောက် သူ၏ လက်နှိပ်ဓာတ်မီး သုံးထောင့်ထိုးကို ကောက်ကိုင်လိုက်၏။

ထို့ကြောင့် ကျွန်ုပ်က-

"မီး မထိုးနဲ့ဦး၊ ငါနဲ့လိုက်ခဲ့၊ ဖိနပ်လဲ မစီးခဲ့နဲ့။ ချောင်းထဲဆင်းရအောင်"

ကျွန်ုပ်နှင့် မျိုးမြင့် ကမ်းပါးမှ ချောင်းထဲသို့ဆင်းခဲ့ကာ တစ်ဖက်ကမ်း၏ ကမ်းပါးအခြေသို့ ကပ်ခဲ့တော့၏။

"ဖျော ... ဖျော ... ဖျော"

"ဖြုတ် ... ဖြုတ် ... ဖြုတ်"

ကျွန်ုပ်တို့ရောက်နေရာ ကမ်းစပ်မှ အထက် ၁၀ပေခန့် အမြင့်ပေ ၁၀၀မျှအကွာအဝေးမှ အသံကို ကြားနေရပြန်သည်။

"ဆရာ ဝက်မဟုတ်ဘူး၊ ပြောင်ဖြစ်မယ်"

မျိုးမြင့်က လေသံဖြင့် ပြောပြန်၏။

"ရှူး တိတ်တိတ်နေ"

ကျွန်ုပ်က အသံထွက်မည်စိုး၍ သတိပေးရပြန်သည်။

ကမ်းပါးပေါ်သို့တက်ရန်မှာ မဖြစ်နိုင်သကဲ့သို့ ဆင်ကိုင်းမြက်များ အတွင်းသို့တိုးရန် မလွယ်၊ ရှပ်ယှက်ခတ် ပိတ်ဆို့လျက်ရှိ၏။ ထို့ကြောင့် ကျွန်ုပ်ကငြိမ်၍ စဉ်းစားပြန်သည်။

၁၀မိနစ်ခန့် ငြိမ်၍သွားပြီးနောက်မှ အကောင်က ဆက်၍ စားနေပြန်သည်၊

"ရော ... ရော ... ရော"

"ရှူး ... ရှူး ... ရှူး"

အသံအရ ပြောင်မှာ အေးဆေးစွာ ကိုင်းနပေါက်များကိုစားနေပုံရပြန်သည်၊ နှာကိုလည်း တစ်ချက်တစ်ချက် ခပ်ပြင်းပြင်း မှုတ်ထုတ်သံကြားရ၏။

"ရှူး ... ရှူး ... ရှူး"

အသက်ကို တစ်ခါတစ်ရံ ခပ်ပြင်းပြင်းရှူပုံရ၏။ ဤသည်ကို ကြားရသဖြင့် ထိုပြောင်မှာ ကျွန်ုပ် နှာနအားပစ်ထားသောပြောင်ဖြစ်ဖို့ များပေသည်။

ကျွန်ုပ်က ဗျူဟာကို စဉ်းစား၍ရသောအခါ ဘာမျှမပြောတော့ဘဲ မျိုးမြင့်၏ ဝဲလက်ကို ဖမ်းဆွဲလိုက်ခါ စခန်းသို့ ပြန်လာခဲ့သည်။



ထိုအချိန်တွင် ဝင်းမြင့်မှာ နိုးနေပြီး အဘ၏ အိပ်ရာခြေရင်း မြေပြင်တွင် ရပ်လျက်ရှိသည်ကို တွေ့ရသဖြင့်-

"ဝင်းမြင့် မင်းမှာ သားရေခွ ပါလာသလား"

"ဟုတ်ကဲ့ ပါတယ်ဦး"

"ဒါဆိုရင် သွားယူခဲ့"

ဟု လေသံဖြင့် ပြောလိုက်ရာ ဝင်းမြင့်က သူ့အိပ်ရာအနီး လွယ်အိတ်အား ယူ၍လာ၏။

"လောက်စာလုံးကော ပါရဲ့လား"

"ပါတယ်ဦး"

"အေး ... ဒါဆိုရင် နားထောင်၊ မင်းက ကိုင်းတောရဲ့ တောင်ဘက်ကို ချောင်းအတိုင်းသွား။ အသံကြားတဲ့နေရာနဲ့ ကိုက် ၅၀လောက်အောက်ဘက်ရောက်ရင် ကိုင်းတောထဲကို တောင်ဘက်က ဝင်နိုင်သလောက် ကမ်းပါးကနေ ဝင်သွား။ ကိုင်းယင်ကြဲတဲ့နေရာက ဝင်ပေါ့။ အဲ့ထဲရောက်ပြီး ၁၀မိနစ်လောက်ငြိမ်နေ၊ ၁၀မိနစ်ပြည့်ရင် အကောင်ရှိတဲ့နေရာ၊ အသံကြားတဲ့နေရာကို လေးခွနဲ့ပစ်၊ ဓာတ်မီးလဲထိုးထား။ အကောင်ထွက်ပြေးတဲ့အထိ ပစ်၊ ငါနဲ့ မျိုးမြင့်က မြောက်ဘက်ကိုင်းတောစပ်က စောင့်မယ်၊ မင်း တောင်ဘက်က ခြောက်ပေးရင် ဒီကောင် မြောက်ဘက်ကိုပဲ ပြေးမှာပဲ။ သူ့စားကျက်က မြောက်ဘက်မှာ ရှိပြီး ပြေးလမ်းလဲ အဲ့ဒီဘက်ပဲ ရှိတယ်၊ နားလည်လား"

"ဟုတ်ကဲ့ဦး"

"ကဲ ... ဒါဆိုရင် မင်းသွားတော့၊ ငါနဲ့ မျိုးမြင့်လဲ သွားမယ်"

ဝင်းမြင့်မှာ နှစ်ခါပြန် ပြောရသူမဟုတ်သဖြင့် ကျွန်ုပ်နှင့် မျိုးမြင့်က ချောင်း၏ မြောက်ဘက်သို့ ထွက်ခဲ့ပေပြီ။

ကိုင်းတောဆုံးရာသို့ရောက်သောအခါ ကိုင်းကြဲရာကိုရွေး၍ ကမ်းပါးပေါ်သို့ နှစ်ဦးသားတက်ခဲ့၏။ တက်လာစဉ် တတ်နိုင်သရွေ့ မီးကို မထိုး၊ ခြုံရှုပ်ရာ ဆူးရှိရာနေရာကိုသာ ဓာတ်မီးကို အောက်စိုက်ထိုး၍ တက်ခဲ့၏။

ကဲအားလျော်စွာပင် ကိုင်းပင်များ၏ မြောက်ဘက်အဆုံးနားတွင် ပြန့်တောကလေးရှိကာ ထိုပြန့်တောတွင် ဖျဉ်းမပင်နှစ်ပင်က တစ်ပင်နှင့်တစ်ပင် တောင်နှင့် မြောက်တန်းလျက် ပေ ၃၀မျှခြားကာ ပေါက်နေ၏။ ပင်စည်များမှာ လူတစ်ဖက်သာသာခန့် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က မြောက်ဘက် ပျဉ်းမပင်ခြေသို့ ပြေးကပ်လိုက်ပြီး-

"အကောင်ပြေးလာသံကြားရင် တို့နားနီးတာနဲ့ မင်းက မီးထိုး၊ အကောင်ကိုတွေ့ရင် အကောင်သွားရာပြေးရာကို မီးလိုက်ထိုးထား"

ဟု ပြောလိုက်စဉ်မှာပင်-

"ဖျောက် ... ဖျောက် ... ဖျောက်"

"ဗျော ... ဗျော ... ဖောက် ... ဖောက် ..."

ဟော ... ဝင်းမြင့်က အကောင်အသံကြားရာသို့ စတင်၍ လေးခွဖြင့် ပစ်နေ ပေပြီ။ မီးကိုလည်း ထိုးထား၏။ ထိုဓာတ်မီးရောင်က ကျွန်ုပ်တို့ မျက်နှာမူရာဘက်ဖြစ်၍ အလင်းရောင်မြင်ရ၏။ လောက်စာလုံးက ကိုင်းပင်များ၊ ကိုင်းရွက်များကို ဖြတ်သန်းသံ၊ ထိသံတို့ကြောင့်-

"ဖျောက် ... ဖျောက် ... ဖျောက်"

"ဗျော ... ဗျော ... ဒေါက် ... ဒေါက်"

ဆိုသည့်အသံများ ထပ်မံပေါ်လာချေပြီ။

သားကောင်မှ ငြိမ်၍ နားထောင်နေပုံရသည်။ ပြေးသံမကြား။

"ဗျော ... ဖောက် ... ဖောက်"

"ဝုန်း ... ဝုန်း ... ဒိုင်း ... ဗျော ... ဗျော ... ဝုန်း ... ဝုန်း"

ပြောင်မှာ လူမှန်းသိသွားပြီ။ ထို့ကြောင့် ဝင်းမြင့်နှင့် ဆန့်ကျင်ဘက်ဖြစ်ရာ ကျွန်ုပ်တို့ဘက်သို့ ပြေးလာပေပြီ။ အသံမှာ ကြီးလှသည်။ ကိုင်းပင်များကို တိုးပြေးရသော ကြောင့်လည်း တဗျောဗျော၊ တအုံးအုံး မြည်လာ၏။

ကျွန်ုပ်က ပွိုင့် ၃၇၅မဂ္ဂနမ်ရိုင်ဖယ်မောင်းအပြည့်တင်လိုက်ပြီး အသံလာရာ တောင်ဘက်ဆီသို့ ပြောင်းကို ဦးတည်ထားလိုက်ပြီး မျိုးမြင့်အားလှည့်ကြည့်လိုက်ရာ မျိုးမြင့်မှာ အပင်ဘေးသို့ မကပ်သေးဘဲ အပင်နှင့် နှစ်ထောင်မျှအကွာတွင် ရပ်နေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်က သူ၏ လက်နှိပ်ဓာတ်မီးကိုင်ထားရာ လက်ယာဘက်သို့ လက်ကောက်ဝတ်မှ လှမ်းဆောင့်ဆွဲလိုက်ပြီး-

"ဟေ့ကောင်၊ အပင်ဘေးကိုကပ်၊ မင်းရပ်နေတာ ပြောင်ပြေးလမ်းပေါ်မှာ"

မျိုးမြင့်မှာ အပင်ကွယ်ရာ ကျွန်ုပ်၏နောက်သို့ ကပ်လိုက်၏။

"ဝုန်း ... ဝုန်း ... ဖျောင်း"

ပြောင်မှာ ကျွန်ုပ်တို့ဘက်သို့ ပြေးလာနေသံ ထပ်မံကြားရမှ-



"မျိုးမြင့်၊ မီးထိုး၊ မီးထိုး"

ကျွန်ုပ်က သတိပေးလိုက်ရာ-

"ဖျပ် ..."

"ဟာ ... မီးသီးကျွမ်းသွားပြီ ဆရာ"

ဖြစ်ချင်တော့ မျိုးမြင့်၏ ဓာတ်မီးမှာ ထိုးလျှင်ထိုးခြင်း တစ်ချက်မျှလင်းပြီးနောက် ဖျပ်ခနဲ မီးသီးကျွမ်းသွားလေ၏။

တခဏမျှသော အလင်းရောင်တွင် ပြောင်ကြီးတစ်ကောင်က ကျွန်ုပ်တို့နှင့် ပေ ၂၀ အမျှအကွာတွင် ရပ်လျက်သားကြီးတွေ့ရ၍ ကျွန်ုပ်က ထိုးချိန်မည်အပြုမှာပင် မီးသီးကျွမ်းသွားခဲ့သဖြင့် မှောင်အတိဖြစ်သွားပြန်၏။

ပြောင်ကြီးမှာ ကျွန်ုပ်တို့ရှိရာသို့ ဦးတည်ပြေးလာရာမှ မီးရောင်ကိုမြင်၍ ရပ်လိုက်သည့်အချိန် မီးကငြိမ်းသွားသဖြင့် လူမှန်းသိကာ ကျွန်ုပ်တို့၏ ဝဲဘက်သို့ပတ်၍ ပြေးပြန်သည်။

"မျိုးမြင့်ရော့၊ ငါ့ ဓာတ်မီးယူ၊ အကောင်ပြေးတဲ့ဆီ လိုက်ထိုး"

ပြောပြောဆိုဆို ဓာတ်မီးဖွင့်၍ မျိုးမြင့်လက်သို့ ပေးလိုက်စဉ်မှာပင်-

"ဝုန်း ... ဝုန်း ... ဗျော ... ဗျော"

ပြောင်မှာ အပြေးရှိန်ကိုမြှင့်ကာ ကနစိုးပင်ရှိရာ တောင်ကုန်းဘက်သို့ ခြုံတောများကိုတိုက်ကာ ဖြတ်ပြေးလေ၏။

မျိုးမြင့်မှာ ကျွန်ုပ်ပြောသည့်အတိုင်း ပြောင်ပြေးရာသို့ ဓာတ်မီးဖြင့် လိုက်ထိုးနေရာ ပြောင်၏ ဝဲဘက်မျက်လုံးစိမ်းစိမ်းကြီးကို တွေ့၏။ ကိုင်းပင် ခြုံတောများကာနေသဖြင့် ကိုယ်လုံးကိုမူ မမြင်ရ။

ကျွန်ုပ်က ပြောင်၏ ဝဲမျက်လုံးအား သေနတ်ဖြင့် ထိုးချိန်လိုက်သည်။ ထို့နောက် မျက်လုံး၏အောက် ၂ပေခွဲခန့် သေနတ်ပြောင်းနိမ့်လိုက်ကာ စိတ်အတွင်းမှ ၁၊ ၂၊ ၃ ဟု ရေတွက်ပြီးနောက် ပစ်ခလုတ်ကို ဆောင့်ကာပင် ဆွဲလိုက်တော့၏။

"ဒိုင်း ..."

ကြီးမားပြင်းထန်သည့် ပွိုင့် ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်က အသံနှင့်အတူ ကျွန်ုပ်၏ ယာဘက်ပခုံးကို ဆောင့်ကန်သွားသည်မှာ ကျွန်ုပ်၏ ခန္ဓာကိုယ်က တစ်ခြမ်းပင်စောင်း၍ ပါသွားသည်။

"ဂုတ်၊ ဂုတ်၊ ဂုတ်"

www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံ၏နောက်တွင် အဆိုပါအသံများကို ပြောင်ဦးတည်ရာကုန်းပေါ်မှ ခပ်လေးလေးကြားလိုက်ရ၏။ သို့သော် အကောင်ကိုလည်းကောင်း၊ မျက်လုံးကိုလည်းကောင်း မမြင်ရတော့။

"ဆရာ မထိဘူးထင်တယ်"

မျိုးမြင့်က မေး၏။

"ရှူးတိုးတိုး၊ အသံနားထောင်ကြည့်ဦး"

"ဂုတ်၊ ဂုတ်၊ ဂလုပ်၊ ဂလုပ်"

တောင်ထိပ်ပိုင်းမှ အသံကြားရပြန်သည်။ ထို့နောက်မှ ကျွန်ုပ်က-

"အေး . . . မထိဘူးထင်တယ်၊ မင်းကို ဓာတ်မီးပေးတာနဲ့ ငါထိုးချိန်တာနဲ့ အကောင်ရဲ့ မျက်လုံးအပျောက်မှာ မှန်းပြီးပစ်လိုက်ရတာ"

"အေး ... မထိလဲ မတတ်နိုင်ဘူးပေါ့ကွာ၊ မင်းအကောင်နောက် လိုက်ကြည့်ချင်သေးလား"

"ဟာ ... မှောင်မှောင်မဲမဲထဲမှာ ဓာတ်မီးတစ်လက်တည်းနဲ့ ဘယ်လိုက်ကြည့်လို့ ဖြစ်မလဲဆရာ၊ မတော် တောင်ပေါ်ကစောင့်ပြီး ပြေးတိုက်နေမှ ခက်နေမယ်"

"အေး . . . ဒါဆိုလဲ စခန်းပြန်ကြတာပေါ့"

သူပြောသည်မှာ မှန်ပါ၏။ ချက်ခြင်း ပြောင်နောက်သို့လိုက်ရန်မှာ မဖြစ်နိုင်ပါ။

× × ×

"ကိုစိုး၊ ခင်ဗျားက အတင့်ရဲလှချည်လား။ ခင်ဗျားပစ်တဲ့အကောင်က ပြောင်နော်၊ ဂျီ(ချေ)တို့ ဆတ်တို့ မဟုတ်ဘူး။ ပြီးတော့ ဂျီ(ချေ)တို့ ဆတ်တို့တောင် နေ့ဘက်မှသာ တောမောင်းပစ်ရတာ၊ ခင်ဗျားက ပြောင်ကို ညဘက်ကြီးမှာ တောမောင်းပစ်ရတယ်လို့ဗျာ။ ခင်ဗျားက မုဆိုးပေါက်စလေးလဲ မဟုတ်ဘဲနဲ့ စိတ်နောက်ကိုယ်ပါ လုပ်ရသလား"

အဘမှာ ကျွန်ုပ်အား စိုးရိမ်စိတ်ဖြင့် ဆူပါလေသည်။ ကျွန်ုပ်လည်း မိမိအပြစ်နှင့်မို့ ဘာမျှ မငြင်းသာ။

"တောင်းပန်ပါတယ် အဘ၊ ကျွန်တော် စိတ်နောက်ကိုယ်ပါ လုပ်မိတာပါ"

"အေးဗျာ၊ ခင်ဗျားက လူကြီးတစ်ယောက်ပဲ စဉ်းစားမှပေါ့။ ခင်ဗျားတစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ၊ လာတာကလဲ ခင်ဗျားနဲ့ ကျွန်တော် နှစ်ယောက်ထဲ ခေါင်းဆောင်လာတာ"



"ဟုတ်ပါတယ် အဘ၊ ကျွန်တော် မှားသွားပါတယ်"

ကျွန်ုပ်မှာ အဘအား မိမိအမှားအား တောင်းပန်ရပါသည်။

ကျွန်ုပ်နှင့် မျိုးမြင့် စခန်းပြန်ရောက်သောအခါ အဘကော ဆရာကျော်ဇံပါ နိုး၍နေပြီး တောမောင်းပစ်သည်ကိုသိနေသဖြင့် စိုးရိမ်စိတ်ကြောင့်ဆူခြင်း ဖြစ်၏။ ကျွန်ုပ် စိတ်မဆိုးပါ။ ကျွန်ုပ်၏ ကောင်းရာကောင်းကျိုး မျှော်တွေးကာ ဆူခြင်းသာဖြစ်ကြောင်း ကျွန်ုပ် သိပါ၏။

"ကဲ . . . ကဲ . . . ပစ်ပြီးမှပဲ ထားပါတော့"

"ဘယ်လိုလဲ ထိကော ထိရဲ့လား"

"မထိဘူးထင်တယ် အဘ၊ ပစ်ပြီးမှ အကောင်ပြေးသွားသံ ကြားရတယ်"

"အကောင်ပြေးသွားတိုင်း မထိဘူးလို့ပြောလို့ မရဘူး။ ထိပေမယ့် နေရာတင် မလဲတာလဲ ဖြစ်နိုင်တယ်။ မနက်ကျမှ ခြေရာလိုက်ကြည့်တာပေါ့"



အကောင်ပြေးသွားတိုင်း၊ မထိဘူးလို့ပြောလို့မရဘူး။
ထိပေမယ့် နေရာတင်မလဲတာလဲ ဖြစ်နိုင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အဘ"

အဘမှာ အမဲကြီးပစ် အတွေ့အကြုံရင့်သူပီပီ တွေးဆပြောခြင်းဖြစ်လေ၏။

အချိန်မှာ နံနက် ၃နာရီပင်ကျော်ပြီမို့ ဘယ်သူမှ ပြန်မအိပ်ကြတော့။ ရေနွေးတယ်၊ ကော်ဖီဖျော်၊ ဘီစကွတ်ဖြင့် ဝမ်းဖြည့်၊ စကားပြောနေကြရင်းမှ ရောင်နီက ပေါ်လာခဲ့ရပေပြီ။

× × ×

ကျွန်ုပ်က ဘောင်းဘီလဲ၊ တောစီးဖိနပ်ကိုစီးပြီးနောက်-

"ကဲ ... ဝင်းမြင့်နဲ့ မျိုးမြင့်၊ အဆင်သင့်ဖြစ်ရင် သွားကြမယ်"

"ကျွန်တော်လဲ လိုက်မယ် ဦး"

သန်းဇော်ဦးလေးက သူ၏တောလိုက်ဓားကို ခါးပတ်ဖြင့်ပတ်ပြီး ပြောလာရာ-

"အေး ... လိုက်ချင်လဲလိုက်၊ ဒါပေမယ့် နောက်က လိုက်"

"ကိုစိုး၊ ကျွန်တော်တို့လဲ လိုက်ရမလား"

အဘက မေးလာရာ-

"မလိုက်ပါနဲ့အဘ၊ အကောင်တွေ့ရင် ကျွန်တော်တို့ လှမ်းအသံပြုလိုက်ပါ့မယ်"

ဟုဆိုကာ ပွိုင့် ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ကိုဆွဲ၍ ထွက်ခဲ့သည်။

ညက ပစ်ခဲ့သည့်နေရာသို့ရောက်သောအခါ ကျွန်ုပ်ပစ်သည့်နေရာနှင့် ပြောင်၏ အကွာအဝေးက ပေ၅၀ခန့်သာဝေးသော်လည်း ကြားတွင် တောဘီစပ်ခြုံတစ်ခြုံက ကာနေ၏။ ထို့ကြောင့် အကောင်လုံးကို မမြင်ရဘဲ မျက်လုံးကိုသာမြင်ရခြင်းဖြစ်၏။ ကျွန်ုပ်က ကျည်ဖြတ်ရာကို ရှာကြည့်ရာ ဘီစပ်ခြုံတွင် ကျည်ဖြတ်ရာမတွေ့၊ သို့ဆိုလျှင် ထိနိုင်လောက်ပေသည်။

ဝင်းမြင့်ကမူ ပြောင်ခြေရာကိုကြည့်ကာ ခြေရာကောက်လိုက်ရန် ကျွန်ုပ်နှင့် ၁၅ပေမျှ ရှေ့သို့ ရောက်နေပြီ။

"သွေးကျတယ် ဦး။ လာကြည့်ပါဦး"

ဟု လှမ်းပြောသဖြင့် သူကြည့်နေရာသို့ အရောက်သွားကြည့်လိုက်သောအခါ သွေးမှာ ခြေရာအတိုင်း တန်း၍ကျသွားသည်ကို တွေ့ရသဖြင့် လိုက်လာသူအားလုံး အားတက်သွားကြ၏။ ဝင်းမြင့်မှာ ခြေရာနှင့် သွေးကြောင်းအတိုင်းလိုက်သွားရာ ခြေရာမှာ ကနစိုးပင်ရှိရာ တောင်ထိပ်ပိုင်းသို့ ခြုံရှင်းရာမှ တက်သွားသည်ကို တွေ့ရ၏။

ဝင်းမြင့်မှာ သားကောင်ကြီးကို ကျွန်ုပ်နှင့်အတူ လိုက်ဖူးသူဖြစ်ရာ အပင်ကြီးများကို တစ်ပင်မှတစ်ပင် ပြေးကပ်၍ လိုက်သွားလေပြီ။



ကျွန်ုပ်မှာ သေနတ်အားဖိစ်ရန် အဆင်သင့်လုပ်ထားကာ ခေတ္တစောင့်နေပြီးမှ ဝင်းမြင့်အား မျက်ခြေမပြတ်ရုံ နောက်မှလိုက်ခဲ့၏။

"ရှီး ... ရှီး"

ဝင်းမြင့်၏ လေချွန်သံ။

"ရှီး"

ကျွန်ုပ်၏ လက်ခေါက်ပြန်မှုတ်သံအဆုံးတွင်မတော့ -

"အကောင်ကြီး လဲနေပြီ ဦးရေ၊ ကနစိုးပင်နားမှာပဲ"

"ဟုတ်လား၊ အရမ်းမတိုးနဲ့ဦး၊ ငြိမ်နေပြီလား ကြည့်"

"ငြိမ်နေပြီ၊ သွေးတွေအိုင်ပြီး ချေးတွေလဲ ထွက်၊ မျက်လုံးလဲ ပွင့်နေပြီ"

"အေး ... ဒါဆိုရင် စိတ်ချရပြီ"

ကျွန်ုပ် ပြောင်နားသို့ရောက်သောအခါ ပြောင်မှာ ဇိဇိနံချုပ်နေပြီဖြစ်ကြောင်း သေချာစွာ တွေ့ရ၏။ ကျွန်ုပ်ပစ်ခဲ့သော ပစ်ချက်မှာ ပြောင်၏ ဝဲလက်နောက်မှကပ်လျက် ကျည်က အရှေ့သို့ ခပ်စောင်းစောင်းဝင်ထားရာ အတွေ့အကြုံအရ ပြောင်၏ နှလုံးသားကို ဖောက်ထွင်းသွားခဲ့ပြီဖြစ်ကြောင်း သိရပေသည်။ သို့သော် အင်အားကြီးမားသည့်ပြောင်က အရှိန်ဖြင့် ပြေးသွားခြင်း ဖြစ်၏။ သွေးလည်ပတ်မှုမရပ်မီ ရှိသမျှခွန်အားဖြင့် သူ၏ စားကျက်လမ်းကြောင်းကို ပြေးခဲ့ခြင်းဖြစ်ပါတော့သည်။

ကျွန်ုပ်အား ရန်မူခဲ့သော ပြောင် ဟုတ် မဟုတ် သူ၏ နှာနကို သေချာစွာကြည့်ရှုရာ သူ၏ နှာခေါင်းပွပွ၏ အဆုံးနှာနတွင် ပွိုင့်၂၂ဗို့ကျည်ဆံကလေး ထိထားရာကို တွေ့ရပါတော့သတည်း။

"ဝင်းမြင့်ရေ၊ တောင်ထိပ်ကိုတက်ပြီး အဘတို့ဘက်ကို လှမ်းအသံပြုလိုက်ကွာ"

"ဝူး ... ဝူး ... ဝူး ..."

(တောတွင်းအချက်ပေးသံ)

*စာကြွင်း။ ။ပြောင်များမှာ ပြေးလျှင် လည်တံကိုဆန့်၊ ဦးခေါင်းကိုမော့၊ ဦးချိုကို ပခုံးသို့ကပ်ခါပြေးတတ်သဖြင့် ကျွန်ုပ်က သူ၏မျက်လုံးစိမ်းစိမ်း၏အောက်သို့ ၂ပေခွဲမျှ ပြောင်းကိုချိန်ကာ ၁၊ ၂၊ ၃ ရေတွက်၍ သေနတ်ပစ်ခလုတ်ကို ဆွဲခဲ့ခြင်း ဖြစ်၏။ သို့မှသာ အရပ် ၆ပေခွဲခန့်ရှိ ပြောင်၏နှလုံးသားကို ထိနိုင်ပေသည်။ ပစ်မှတ် နာရီစက်ဝိုင်းနှင့် ယှဉ်ပြရလျှင် စင်တာဘိုးမှ ၅နာရီသို့ ရွှေ့ချိန်၍ပစ်ခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်မျှော်မှန်းသည့်အတိုင်း ပွိုင့်၃၇၅မဂ္ဂနမ်ရိုင်ဖယ်၏ ၃၀၀ ဂရိမ်ကျည်က နှလုံးသားနေရာကို တန်းတန်းမတ်မတ် ဝင်ရောက်ဖောက်ထွင်းသွားခြင်း ဖြစ်ပါတော့သည်။*

www.burmeseclassic.com

www.burmeseclassic.com



# ကျော်စိုးပို

ကြက်ပျံ သိမ်း ကြောင်မှာ မြင်း



ပြာသိုလ၏ အေးချမ်းသော ညတစ်ညက ရိုးမတောကြီး၏ နေရာ ဒေသအားလုံး လိုလိုကို နှင်းများဖြင့် လွှမ်းခြုံလျက်ရှိသည်။ အထူးသဖြင့် မရမ်းချောင်းသစ်ကွင်းရှိရာ စခန်းတစ်ခုလုံးမှာ နှင်းများက အုံ့ဆိုင်းမှုန်မှိုင်းနေသကဲ့သို့ ချောင်း၏ တစ်ဖက်သစ်ကြီး ဝါးကြီး၊ အမြိုစိမ်းသစ်တောများတွင် မိုးသီးကြွေသလို တစ်ပေါက်ပေါက် တဖျောက်ဖျောက်ဖြင့် တစ်ပေါက်နောက်တစ်ပေါက် အစဉ်မပြတ်ကျနေသည်မှာ မိုးရွာနေ သလား ထင်မှတ်မှားရလောက်၏။

အေးလွန်းသည့်အတွက်ကြောင့် မည်မျှပင် ကြိုးစား၍ အိပ်စေကာမူ အိပ်ပျော်ဖို့ဝေးစွ။ ခြေဖျားလက်ဖျားကိုထားဦး၊ ဟိုအကြားသည်အကြားတွေကပင် မနွေးနိုင်။ ပါလာသည့် ခေါင်းစွပ်၊ ခြေအိပ်ရှည်၊ လက်အိတ်များဝတ်၍ ဂွမ်းစောင်ထူထူကြီးကို ခေါင်းမြီးခြုံထားသည့်တိုင် အနွေးဓာတ်က ရမလား။ ဒါတောင် အဘက သူ၏ Coleman Tent (ရွက်ဖျင်တဲ) မိုးလုံ၊ လေလုံ၊ နှင်းလုံ နှစ်ထပ်တဲအတွင်းခေါ်၍သိပ်သည့်အတွက်ကြောင့်သာ သက်သာသေး၏။ အပြင်မှာသာ အိပ်ရလျှင် မလွယ်။ ဒါလောက်အေးရသည့်အထဲ ကိုစိုးဆိုတဲ့လူက မရမ်းချောင်း။ ချောင်းရိုးနှင့် ကိုလူကွဲချောင်းရိုးတွင် ခွာရေစိမ်ရန်ဆင်းမည့် ဆတ်ပစ်ရန် သူ့တပည့် ကျော်ဝင်းကိုခေါ်၍ မီးထိုးသွားသေးသည်။ ဒီလူ ချောင်းရိုးကို ဘယ်လိုလျှောက်မည်လဲ သူ စဉ်းစား၍မရ။ သူ့မှာဖြင့် ဘယ်လိုအိပ်အိပ် အိပ်၍မပျော်နိုင်၊ ဟိုလည့် သည်လှည့်ဖြင့် ဖြစ်နေသည်။ ညနေမှ ည ၉-နာရီခန့်ထိ သူ၊ အဘ၊ ကိုစိုး၊ ကျော်ကျော်တို့နှင့် ဝီစကီတစ်ပုလင်းကို ချက်လှည့်ခံမော့ခဲ့ကြ၍သာတော်တော့သည်။

www.burmeseclassic.com

တစ်ချက်မျှ သူ့ကိုယ်သူ ငြိမ် သွားသည်ဟုထင်ပြီး သတိရ၍ သူ့လက်မှ နာရီကိုအနီးတွင်ချထားသော မာတ်မီးဖြင့်ထိုး၍ ကြည့်လိုက်ရာ နံနက် ၃-နာရီပင် ထိုး၍နေပေပြီ။ ဟော လင်းကြက်ပင် တွန်တော့မည်။

ဒီလို တောကြီးမျက်မည်း အတွင်းမှ သစ်စခန်းအနီးတွင် တောကြက်များမှာ ပေါလှသည်။ ဒီတော ကြက်ပေါသည့်နေရာကို သူမက်သည်။ ထို့ကြောင့် ကရင်ပြည်နယ် ဘားအံမှပင် ပဲခူး(တောင်)သစ်ထုတ်နယ်မြေသို့ အဘနှင့် ကိုစိုးတို့၏ ဖိတ်ကြားခေါ်ယူ ချက်အရ ဤကဲ့သို့ ဇန်နဝါရီလ(ပြာသိုလ) တောပစ်ရာသီတွင် သူရောက်လာခြင်းဖြစ်၏။ ယခုတော့ အအေးဒဏ်ကို အလူးအလဲခံနေပေပြီ။ ဟယ် ... တတ်နိုင်ပါဘူး။ အသီး ကြိုက်မှတော့ အပင်တက်ခူး လျှင်ခူး၊ မခူးလျှင် တန်ချူနှင့်ခူးပေါ့။ မခူးဘဲတော့ မစားရနိုင်။

သည်လိုနှင့် စခန်းအနီးမှ တောကြက်တွန်မည့်အသံကို အိပ်ရာအတွင်းမှ နားစွင့်ရင်း ဟိုးလွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ခန့်ဆီသို့ သူ့စိတ်များက ပြန်လွင့်၍ သွားလေ၏။

× × ×

ဦးခင်မောင်ရင်၊ ထိုစဉ်က သူ့အား ဦးခင်မောင်ရင်ဟု ကျောင်းသားများနှင့် ဆရာ၊ ဆရာမများက တလေးတစားခေါ်ကြသည့်တိုင် အသက်မှာ ၂၀ ကျော်ရုံမျှသာ ရှိသေးသည်။ မက်ထရစ်(တက္ကသိုလ်ဝင် တန်း)အောင်ပြီး၍ ဘားအံတွင် အလယ်တန်းပြ ဆရာကလေးအဖြစ် စတင်ဝင်ရောက်လုပ်ကိုင်နေသည့် အချိန်။

တစ်ခုသော ကျောင်းပိတ်ရက် တနင်္ဂနွေနေ့တွင် သူသည် ကရင်အဘိုးအို တစ်ယောက်နှင့် ဆုံရလေ၏။ ထိုလူမှာ သူ၏ဆရာဖြစ်လာမည့် ဦးစောဖားကွဲဆိုသူဖြစ်လေ၏။

သူသည် ရွှေဂွန်းဇာတိဖြစ်၍ သီတင်းကျွတ် ကျောင်းပိတ်ရက်တွင် မိဘများရှိရာ ရွှေဂွန်းသို့ ပြန်၍လည်၏။ သီတင်းကျွတ်လဖြစ်၍ ရွှေဂွန်းရွာ အနီးတစ်ဝိုက်တွင် တော ကြက်က ပေါပေါတွန်သည်။ လယ်များ၊ ကွဲ၊ နွား၊ စားကျက်များနှင့် တောင်ခြေ တောတန်းတစ်ဝိုက်တွင် ကြက်တည် ဝါသနာပါသော သူကရှိသည်။

တစ်မနက် သူက ရွာတွင်းလျှောက်လာရာ ကြက်တစ်ကောင်ကို ဝဲလက်ဖြင့် ရင်ခွင်တွင်ပိုက်၊ ယာလက်ဖြင့် ညှတ်များကိုင်၊ လွတ်အိတ် တစ်လုံးကိုလွယ်၊ ဆေးတံကို ခဲ၍ လာနေသော ကရင်အဘိုးအိုတစ်ဦးနှင့် လမ်းတွင် ဆုံမိသည်။ အဘိုးအို၏ တည်ငြိမ်



သော မျက်နှာ၊ တည်ကြည်သော မျက်လုံးကို အကဲခတ်မိရုံမျှဖြင့် လောကကြီးတွင် စိတ်ချမ်းသာမှုကို အလေးထားသော ကရင်အဘိုးအို တစ်ဦးဖြစ်မှန်း ဦးခင်မောင်ရင် အကဲခတ်မိသည်။ ထို့ကြောင့်လည်း အဘိုးအိုက အသက်ပင်ရနေစေကာမူ မိမိ ဝါသနာ ပါရာ ကြက်တည်သည့်အလုပ်ကို သူတစ်ပါးအား အနှောင့်အယှက်မပေးဘဲ မိမိစိတ်ကူးဖြင့် လုပ်နေပုံရ၏။ အဘိုးအိုလက်တွင်းမှ ကြက်မှာလည်း ကြက်တည်ငဖြစ်ကာ ကြက် တည်ဖို့ သွားသည်ပဲဖြစ်ရမည်။ ကြက်မှာ ကြက်နီချိတ်ဖြစ်ကာ ဦးခေါင်း တရမ်းရမ်းဖြင့် အဘိုးအို၏ ရင်ခွင်တည်းမှ တက်ကြွနေပုံရနေပေသည်။

ဤမြင်ကွင်းကို သူတွေ့ရသောအခါ သူ့တွင် ဘယ်တုန်းကမှ မဖြစ်ဘူးသော စိတ်တက်ကြွမှုမျိုးကို ပေါ်ပေါက်လာသည်မှာ သူပင် အံ့ဩရသည်။ သူက အဘိုးအိုနှင့်အတူ ကြက် တည်လိုက်ချင်လာသည်။ ဝါသနာငုတ်ကောင်က ခေါင်းထောင်ထိုးထွက်လာခြင်း ဖြစ်ပေမည်။ ထို့ကြောင့် သူကပင်စ၍ အဘိုးအိုအား စကားစမိ၏။

"ဖထီး၊ ဘယ်သွားမလို့လဲ၊ ကြက်သွားတည်မလို့လား"

"ဟုတ်တယ်ဝေ့"

အဘိုးအိုက တစ်ခွန်းတည်းသာ ပြန်ပြောရင်း ဆက်၍လျှောက်သွား သည်။ သူက အဘိုးအိုလျှောက်လာရာဘက်သို့ ပြန်လှည့်၍ လှမ်းယှဉ်ကာ မေးပြန်သည်။

"ဖထီး . ဒီရွာကလား"

"ဟုတ်တယ်ဝေ့၊ ဟိုဘက်ရွာ ဖျားမှာနေတယ်"

"ဖထီးနဲ့ ကျွန်တော် တစ်ရွာတည်းသားတွေပဲ၊ ဖထီး ကြက်သွားတည်တာကို ကျွန်တော်လိုက်ပါရစေ"

"ဖိုးခွား က ဒီရွာကဆိုပေမယ့် ငါ မမြင်ဘူးပါလား"

"ဟုတ်တယ် ဖထီး၊ ကျွန်တော်က ငယ်ငယ်ထဲက ဘားအံမှာ ကျောင်းသွားနေတာ၊ ကျွန်တော့်နာမည် ခင်မောင်ရင်ပါ၊ အလယ်တန်းပြ ဆရာလေးပါ"။

"ဇေ့ ကျောင်းဆရာက ငယ်ငယ်လေး ဝေ့"

ဦးခင်မောင်ရင်က ထိုသို့ ကိုယ်တိုင်မိတ်ဆက်ပေးပြီးနောက် အဘိုးအိုအား လက်ဖက်ရည်ဆိုင် တစ်ဆိုင်ပေါ်သို့ ခေါ်သွားကာ တစ်မတ်(၂၅ပြား)သာပေးရသော လက်ဖက်ရည်တစ်ခွက်နှင့် ဆယ်ပြား (၁၀ပြား)မျှသာပေးရသော အီကြာ ကွေးငသိချောင်း ကိုကျွေးကာ ကြက်တည်(တယ်)လိုက်နိုင်ရန် စည်းရုံးပြီးနောက် အဘိုးနှင့် လိုက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သူနှင့် အဘိုးအို ကြက်တည်ကြရာ ကြက်ဖ ၃-ကောင်နှင့် ကြက်ဖ တစ်ကောင်မိသည်။ ကြက်တည်စဉ် နေရာရွေးပုံ ညွှတ်စိုက်ပုံ၊ တည်ကြက်ကိုထားပုံ၊ လူက ခြုံတွင်း လုံအောင်ပုန်းရပုံ၊ တည်ကြက်က ကြက်တွန်သံပေးရာ တောကြက်ဖက သူ့နယ်သို့ တစိမ်းကြက် ကျူးကျော်လာ၍ ဒေါပွကာ တွန်သံပေးပြေးလာပုံ၊ ညွှတ်ကွင်းတွင် မိပုံများကို မျက်စိတွင်စွဲသွားကာ အဘိုးအိုထံမှ ကြက်တည်သည့်ပညာသာမက ကြက်မွေးပုံ၊ လေ့ကျင့်ပုံ၊ ညွှတ်ပြုလုပ်ပုံတို့ကိုပါ အောက်ခြေသိမ်း၊ ကျောင်းပိတ်ရက်တိုင်း ရှာပြန်၍ သင်ယူခဲ့သည်။ ကြက် တည်တတ်လာသောအခါ ဘားအံရှိ ဇွဲကပင်တောင်ခြေရှာ များကိုလှည့်ကာ တည်ခဲ့သည်။

ထိုမှတစ်ဆင့် လှိုင်းဘွဲ့၊ ကော့ကရိတ်၊ ဘားအံ၊ မော်လမြိုင် ကားလမ်းနံဘေးရှိ တောများကို သူမရောက်သည့်နေရာမရှိ။

သူ၏ဘဝမှာလည်း အလယ်တန်းပြဆရာကလေးမှ အထက်တန်းပြဆရာ၊ ထိုမှ ပြည်နယ်ကောင်စီဝင်၊ ပြီးနောက် ကုန်သည်၊ ယခုအခါ ဘားအံမြို့ပေါ်မှ တည်းခိုခန်းများ ပိုင်ရှင်၊ ကရင်ပြည်နယ်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ၊ နူးရင်။ ကြက်မောက်၊ ကျွဲကော ခြံများပိုင်ရှင်။ တဖြည်းဖြည်း တိုးတက်ပြောင်းလဲလာသည့်တိုင်အောင် ကြက်တည်သည့် ဝါသနာကရှိတုန်း။ ကြက်များကိုလည်း မိမိခြံတွင် မွေးထားသည်သာမက မိတ်ဆွေ၊ တပည့်သားမြေးတို့၏ ခြံများတွင်လည်း မျိုးပေး၍မွေးစေသည်။ တည်ကြက်နာမည်ကြီး ဆိုလျှင် မြန်မာပြည်တစ်နံတစ်လျား ဘယ်ဒေသများသို့ သွားရသွားရသွား၍ ကြည့်ကာ သူကြိုက်ပါက ဈေးသောင်းချီပေး၍ ဝယ်သည်။

ညွှတ်အလုပ်ကောင်းသူဆိုလျှင် စရိတ်စကနှင့် လက်ခကို မက်လောက်အောင် ပေး၍ခေါ်ယူကာ ညွှတ်ကို လုပ်စေသည်။ ကြက်တည် လိုက်ရမည်ဆိုလျှင်လည်း အနိမ့်၊ အမြင့် တောထူတောပါး အပူ၊ အအေး၊ အနီး၊ အဝေး မရှောင်လိုက်ခဲ့သည်။ တစ်ခါတစ်ရံ စရိတ်ဖြင့် တွက်ကြည့်လျှင် သူရယည့်တော ကြက်တစ်ကောင်မှာ ငွေတစ်သိန်းမျှပင် ကျတတ်လေသည်။ ဒါကို သူမမှု။

ဩော် ... ယခုဆိုလျှင် ထို ဝါသနာအလျှောက် ကြက်တည်လာခဲ့သည်မှာ နှစ်ပေါင်း ၄၀ ပင် ပြည့်ပါပကော။ လူလည်း အသက် ၆၀၏ တစ်ဖက်စွန်းသို့ စွန်းခဲ့ပြီ။ သို့သော် တောကြက်ပေါသည်၊ တောကြက် တည်ရမည်ဆိုလျှင် အသက်နှင့် ငွေကို ဘေးဖယ်ထား၊ ရှေ့ကသွားလျှင် နောက်က လိုက်မည့်သူ။ ထို့ကြောင့် အဘနှင့်



ကိုစိုးခေါ်ရာ ရှိုးမတောပေါ်သို့ ဘားအံမှပင် လိုက်ခဲ့လေသည်။

× × ×

ကျွန်ုပ်နှင့် ဦးခင်မောင်ရင် သိကျွမ်းရသည်မှာ အဘ၏ မိတ်ဆက်ပေးမှုကြောင့် ဖြစ်သည်။ တစ်ခုသော ကရင်ပြည်နယ်နေ့ (နိဝင်ဘာလ ၇ ရက်)ပွဲတော်ပြုလုပ်ရာသို့ တက်ရောက်ရန် အဘနှင့် ကျွန်ုပ် ဘားအံသို့လာခဲ့ရာ တွေ့ဆုံမိကြခြင်း ဖြစ်၏။

ဦးခင်မောင်ရင်မှာ အသက် ၆၀ ကျော်လာပြီဟုဆိုသော်ငြားလည်း လူငယ် တစ်ယောက်လို ဖျတ်လတ်သွက်လက်ဆဲ၊ အရပ် ၅-ပေ ၅-လက်မခန့် အသားလတ်လတ် ပေါင် ၁၃၅-ပေါင်ခန့် ခန္ဓာကိုယ်နှင့် ဆံပင်ကို သပ်သပ်ရပ်ရပ် ဖြီးထားတတ်၏။ ကြက်တည်တော်သကဲ့သို့ ကားမောင်းလည်း တော်လှသည်။

ကျွန်ုပ်တို့က ဘားအံရောက်သောအခါ သူ၏ တည်းခိုခန်းတစ်ခုခု တွင် တည်းရမည် ထင်သည်။ သို့သော် သူက ကျွန်ုပ်တို့အား လွတ်လွတ်လပ်လပ်တည်းရန် ဘားအံမှ ၆-မိုင်ခန့်ဝေးသည့် သူ၏ ကျွဲကောခြံ ဘန်ကလိုလေးတွင်တည်းရန် စီစဉ်ပေးသည်။ ခြံမှာ ဇွဲကပင်တောင်တန်း၏တောင်ကြား ဘားအံ-ကော့ကရိတ်သွားရာလမ်း နံဘေးတွင်ရှိ၍ အရှေ့ဘက်နှင့် အနောက်ဘက်တွင် တောင်နံရံကြီးများ ကာဆီးနေကာ အေးချမ်းလှ သည့် ကျွဲကောပင်များ အစီအရီတွင် ကျွဲကောသီးများက အညီညီ သီးလျက်ရှိသည် သာမက သူမွေးထားသည့် ကြက်တညင်များက ရဲရဲနီလျက် ရှိလေသည်။ ဘန်ကလို၏ နံရံတွင်လည်း ညွှတ်များ စီကာစဉ်ကာ ချိတ်ဆွဲထား၏။

သူ့ခြံနှင့် ဘားအံ ၆-မိုင်ခန့်ခရီးကို သူ၏ ဟိုင်းလပ်ကားဖြင့် မငြီးမငြူ ခေါက်တုံ့ ခေါက်ပြန်သွားကာ လိုသမျှပစ္စည်းကို သယ်လာပေး၏။ နံနက်တိုင်းခြံသို့ရောက်လာပြီဆို လျှင် သူပထမဆုံးလုပ်သည့်အလုပ်မှာ သူ၏ တယ်ကြက်များကို အစာ ကျွေးခြင်းဖြစ်ပြီး သူလိုသည့်အကောင်ကို ညွှတ်ဖြင့်ဖမ်းကာ ပွတ်သက်ချော့မော့၍ ကြက်တစ်ကောင် လုံးကို အမောက်မှ အမြီးဖျားထိ ဟိုကြည့်သည်ကြည့်လုပ်ကာ ပြန်လွှတ်ပေးလိုက်၏။

သူ ထိုကဲ့သို့ လုပ်တတ်သည်ကို ကျွန်ုပ်က တစေ့တစောင်းကြည့်ထား မိရာမှ သူ့အား မေးမိ၏။

"ဦးခင်မောင်ရင် ကြက်ကို ဘာ့ကြောင့် ဒါလောက်သေသေချာချာ ကြည့်တာလဲ"

"ကြက် သိမ် ကောင်း၊ မကောင်း ကြည့်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"သိမ်, ဟုတ်လား၊ ဘာကို ပြောတာလဲ၊ ကျွန်တော် နားမလည်ဘူး"

"ဟုတ်တယ် ကိုစိုး၊ ကြက်တည်ရင် တည်ကြက်ဟာ သိမ် ကောင်း၊ မကောင်း လေ့လာရတယ်"

"ဆိုပါအုံး"

"ကိုစိုးတို့အမြင်မှာ ကျွန်တော့် တည်ကြက်(တညင်)တွေဟာ အားလုံး အတူတူပဲလို့ ထင်တယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ ခင်ဗျား ကြက်ဖ ၂၀ လောက်ကြည့်ရတာ အတူတူလိုလိုချည်းပဲ၊ အတက် တိုတာ၊ ရှည်တာနဲ့ လည်ဆံဝါတာ၊ နီတာလောက်ပဲကွာတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ သာမန်အားဖြင့် ဒီလိုပဲ မြင်ပါမယ်၊ အဲ့ဒါတွေက အရေးကြီးတဲ့ အချက်တွေ မဟုတ်ပါဘူး"

"ဒါဖြင့် အရေးကြီးတာက"

"အရေးကြီးတာက သိမ်ကောင်းဖို့ပါ၊ သိမ်,ကောင်းတယ်ဆိုတာ တောကြက်ကို ဆွဲဆောင်နိုင်တဲ့ ဆွဲဆောင်မှု ဟန်ပန်၊ အသံနဲ့ အမူအရာပါ"

"ဟောဗျာ၊ အဲ့ဒီလို ရှိတယ်လား၊ တောကြက်လာအောင် ရန်လိုတဲ့ အသံနဲ့ တွန်တတ်ရင် မပြီးဘူးလား၊ သိမ်ဆိုတာ ရန်လိုတာ မဟုတ်ဘူးလား"

ကျွန်ုပ်က ထင်မြင်ချက်ကို ပြောမေး မေးမိ၏။

"မဟုတ်ဘူးဗျ၊ သိမ်ဆိုတာ ဆွဲဆောင်မှုဆိုရင် ပိုနီးစပ်တယ်၊ တည်ကြက် တစ်ကောင်ဟာ တောင်ပံရိုက်တဲ့ တဖျန်းဖျန်းအသံနဲ့ ဆွဲဆောင်တတ်တာမျိုးရှိသလို တွန်သံနဲ့ ဆွဲဆောင်တာမျိုးလဲ ရှိတယ်၊ တစ်ခါကြက်က မြေကြီးဖတ်တွေကို တရှဲရှဲ ယက်တဲ့အသံနဲ့လဲ ဆွဲဆောင်နိုင်စွမ်းရှိတယ်၊ ပြီးတော့ ကိုယ်ဟန် အမူအရာ လမ်းလျှောက် ဟန်နဲ့လဲ ဆွဲဆောင်နိုင်တယ်"

"တညင်တစ်ကောင်ဟာ အသံပေးရုံနဲ့ တောကြက်က ညွှတ်ဆီကိုလာမယ် မထင်နဲ့။ လူသာ လာနီးနီး နဲ့ ပုန်းပြီးချောင်းကြည့်နေရာက ကျားလာကိုက်သွားရင် သွားမယ်၊ တော ကြက်က လာမှာမဟုတ်ဘူး။ အဲ-သိမ်ကောင်းတဲ့အကောင်ကျတော့ ဘယ်လောက် မြန်သလဲဆိုရင် ညွှတ်စိုက်နေတဲ့ ၅-မိနစ်လောက်အတွင်းမှာ အသံမထွက် တောင်ပံ မရိုက်ရလေအောင် တည်ကြက်ကို ပုဆိုးအဝတ်နဲ့ ထုတ်၊ အုပ်ထားရတယ်၊ အဲ- ညွှတ်လဲစိုက်ပြီး တည်ကြက်ကို ညွှတ်အလယ်မှာ ငုတ်စိုက်ချည်ပြီး ပုဆိုး လှစ်လိုက်တာနဲ့



လူက မြန်မြန်ပုန်းနေရတယ်၊ သူ့ တစ်ခွန်းနှစ်ခွန်းတွန်၊ တောင်ပံတစ်ချက်နှစ်ချက်ရိုက်၊ ဖက်ကို တစ်ချက်နှစ်ချက် ယက်လိုက်တာနဲ့ ဘယ်လောက်ကပ်တဲ့ တောကြက်ပဲဖြစ်ဖြစ် ချက်ချင်းရောက်လာတာနဲ့ ညွှတ်ကိုတိုးပြီး မိတော့တာပဲ၊ ညွှတ်မပြတ်ဖို့ပဲ အရေးကြီး တယ်"

"ဩော် ... ညွှတ်က ပြတ်တတ်သေးသလား"

"ပြတ်တတ်တာပေါ့၊ တောကြက်က အရှိန်နဲ့ ပြေးတိုးတာဆိုတော့ ညွှတ်ရဲ့ထိပ်မှာ ရှိတဲ့ ကွင်းနဲ့ အခြေမှာရှိတဲ့ ချည်ကြိုးတွေက နိုင်ဖို့လိုတယ်"

"ချည်ကြိုးအစား နိုင်လွန်၊ တက်ထရွန်၊ ပိုးကြိုး စတာတွေသုံးရင်ကောဗျာ"

"ရပါတယ်၊ ဒါပေမယ့် အဲ့ဒီ ကြိုးတွေက အောက်ခြေမှာနေပြီး ပျော့တော့ ကွင်းထိပ်ပိုင်းကို ကြက်တိုးအောင် ထောင်ထားတဲ့ ကြိုးက လိုသေးတယ်။ အဲ့ဒါကို ခင်ဗျားပြောတဲ့ ကြိုးတွေနဲ့ လုပ်လို့မရဘူး ကျွန်တော်ပြမယ်"

ဟုဆိုကာ အိမ်ပေါ်သို့တက်၍ ညွှတ်များကိုယူလာပြီး ပြလေ၏။ ထိုအခါ တစ်ချိန်လုံး ကျွန်ုပ်တို့နှစ်ဦး ပြောသည်ကို နားထောင်နေသော အဘက-

"ကိုစိုးရေ ခင်ဗျားတော့ ကြက်ထောင်တဲ့ ပါရဂူနဲ့တွေ့ပြီး လက်ချာ တွေမိနေပြီ၊ သူ့ကြက်ငိုကာက တစ်နေကုန်သွားလိမ့်မယ်နော်၊ သတိထား"

"ပြောပါစေ အဘရာ၊ ဒါမှ ကျွန်တော်လဲ ဝတ္ထုထဲ ထည့်ရေးရမှာ၊ ကြက်တည်တဲ့ ပညာရပ်တွေပေါ့"

"အင်း အင်း ဟိုလူကလဲ လေရှည်ရှည်၊ ခင်ဗျားကလဲ ဝတ်လုံ၊ ရှေ့နေစာရေးဆရာ လျှာကခပ်ရှည်ရှည်ဆိုတော့ ချဉ်သီးနဲ့ဆား တွေ့နေပြီပေါ့ဗျာ"

× × ×

"ဒီလိုဗျ ကိုစိုးရေ၊ ကျွန်တော် ညွှတ်တစ်ဖုံကို ခင်ဗျားရှေ့မှာ ထောင်ပြမယ်"

ဟုဆိုကာ ညွှတ်များကို စိုက်လေရာ စိုက်ပြီးသောအခါ ကြက်ရင်တစ်တိုက်ခန့် (ဖလက်မခန့်)အမြင့်တွင် ကွင်းကလေးများက အစီအရီ တစ်ဆက်တစ်စပ်တည်း ရှိနေ လေ၏။ ညွှတ်စိုက်သည့် ငုတ်ကလေးများမှာ ဝါးဖြင့် ပြုလုပ်ထားသည်ကို ကျွန်ုပ် သိသော်လည်း ကြက်ရင်တစ်တိုက်ခန့် အမြင့်ကွင်း၏ ထိပ်ပိုင်းတွင် ဝါးကိုင်း ကလေးများ ကုန်းထားသလို "ဂ"ငယ်ပုံ ခပ်ကုန်းကုန်း တောင့်တောင့်ကလေးများကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"တွေ့တယ်မို့လား ကွင်းလေးတွေက ဂ,ငယ်ပုံ ကုန်းကုန်းကွေး ကွေးလေးဖြစ်နေတာ"

"ဟုတ်ကဲ့ တွေ့ပါတယ်၊ အဲ့ဒါ က ဝါးနဲ့ လုပ်ထားတာလား"

"မဟုတ်ဘူး ကိုစိုး၊ ညွှတ်မှာ အရေးကြီးဆုံးက အဲ့ဒီအပိုင်းပဲ၊ ကျန်တာက ဝါးငုတ်တို၊ ကြိုးတို့ဆိုတာလွယ်တယ်၊ ဒီလို ကုန်းကုန်းလေးကွေးနေအောင်က ပစ္စည်းရှာရတယ်၊ လုပ်ရတာလက်ဝင်တယ်"

"ဘာနဲ့ လုပ်ရတာမို့လဲ"

"အဲ့ဒါက ရေငန်းမြစ်၊ ဒါမှမဟုတ် ကြက်ဥကြိမ်နဲ့ လုပ်ရတယ်"

"ဘယ်ဟာက ပိုကောင်းလဲ"

"ဘယ်ဟာက ပိုကောင်းလဲဆိုတာထက် ဘယ်ဟာပိုကြိုက်သလဲဆိုတာက ကြက်ထောင်တဲ့လူပေါ်မှာ မူတည်တယ်၊ ကျွန်တော့်အကြိုက်ဆိုရင် ရေငန်းမြစ်ကို ပိုကြိုက်တယ်။ ရှာရတာလဲ ပိုခက်တယ်။ ကိုစိုး သိသားပဲ။ ရေငန်းပင်က တော်ရုံတောမှာရှိတာမဟုတ်ဘူး။ ခင်ဗျားတို့ အမဲကြီးပစ်သွားနေတဲ့ တောင်ပေါ်တောကြီးတွေမှာ ရှိတာ၊ ရွာနီးချုံစပ်တောမှာ မရှိဘူး။ ပြီးတော့ ရေငန်းမြစ်တူးရင် ဝံ(ဝက်ဝံ)ကိုက်ခံရတတ်တယ်၊ ဘာဖြစ်လို့လဲသိတယ် မဟုတ်လား"

သူက ကျွန်ုပ်အား စမ်းသည့်သဘော မေးလာဟန်တူ၏။ ထို့ကြောင့် ကျွန်တော်က ပြုံး၍နေပြီးလျှင် ရှင်းပြလိုက်ပါသည်။

"အင်း . . . ရေငန်းပင်သီးချိန်ဆိုရင် အသီးနီနီတွေက ချဥ်ချိုအရသာရှိတော့ ဝက်ဝံကြိုက်တယ်၊ လာ စားတတ်တယ်၊ ရေငန်းမြစ်တူးရင်း ဝံနဲ့တိုးပြီး အကုတ်ခံ အကိုက်ခံရ တတ်တာနေမှာပေါ့"

"သိပ်ဟုတ်တာပေါ့၊ တော်ပါပေ့ မုဆိုးကြီးရယ်"

သူက ကျွန်ုပ်အား မြှောက်၍ပြောမှန်း ကျွန်ုပ်သိပါ၏။

"ကဲ . . . ဆက်ပါဦး ကြက်ပါရဂူကြီးရယ်"

"ဟော ကိုစိုးက မြှောက်နေပြန်ပြီ"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်အမြင်ကို ပြောတာပါ၊ ပြီးတော့ ချီးကျူးတာလဲပါတာပေါ့။ ကျွန်တော့် အမြင်ပြောရရင် တောက်ကြက်ထောင်တယ်ဆိုတာ ရိုးရာအလုပ်တစ်ခု၊ ရိုးရာပညာရပ်တစ်ခုပါ။ ရိုးရာနည်းစနစ်တစ်ခုလို့လဲ ဆိုနိုင်ပါတယ်။ ပြီးတော့



နွယ်၊ ဘယ်,လိမ်တက်သွားသောနွယ် ။

www.burmeseclassic.com

www.burmeseclassic.com



ကြက်တည့်ရင် တောကြက် အဖ သားအမိများတာမို့ တောကြက်မျိုး ပြုန်းသွားမျိုးလဲ မဖြစ်နိုင်ဘူးလေ၊ အချို့က အကုသိုလ်အလုပ်လို့ထင်ရင် ထင်ကြမယ်၊ ကျွန်တော်တော့ ဒီလိုမထင်ဘူး။ အနုပညာဆန်တဲ့ အလုပ်တစ်ခုလို့ ထင်တယ်။ ဘာ့ကြောင့်လဲဆိုရင် ခင်ဗျားအခု ကျွန်တော်နဲ့ တစ်စိတ်တစ်ဒေသ ပြောနေတာလေးကိုက အနုပညာဆန်နေပြီ လေ"

"ဟုတ်ပါ့ဗျာ၊ ဒီရေငန်းမြစ်တူးပြီးတဲ့အခါ ရေစိမ်ထားရတယ်၊ အဲ့ ညွှတ်လုပ်မည့်သူက ဓားမောက်သေးသေးနဲ့ ရေငန်းမြစ်ကို ခဲတဲ့ရဲ့ ခဲဆန်လောက်အရွယ်ရောက်အောင်နဲ့ ရေငန်းမြစ်အပြင်ကြောပါအောင် သပ်ရတယ်။ ရပြီဆိုတော့ တစ်ဖက်က စိုက်မည့်ဝါးငုတ်ဘက်မှာချည်၊ နောက်တစ်ဖက်ကို ကြိုးနဲ့ရောကျစ်ပြီး ကွင်းလျှောလုပ်ပြီး ညွှတ်စိုက်ရတာ"

"ညွှတ်မထောင်တဲ့အခါမှာ ဘယ်လို ထိန်းသိမ်းထားလဲ"

"ညွှတ်မထောင်ရင် ရေငန်းမြစ် ကြိုးမာမသွားဘဲ အမြဲပျော့နေအောင် အုန်းဆီလေးသုတ်ပြီး သိမ်းရတာတယ်။ ဝါးနဲ့လုပ်တဲ့ညွှတ်လဲ အဲဒီအတိုင်းပဲ"

"ဟုတ်ပါပြီ။ ညွှတ်အဖုံတွေများတော့ သွားထောင်တဲ့အခါ ပြန်သိမ်းတဲ့အခါ မရှုပ်ကုန်ဘူးလား။ မရှုပ်အောင် ဘယ်လိုထိန်းသိမ်းသလဲ"

"ဒါလဲ နည်းရှိတယ်၊ ကြက်ထောင်ပြီးလို့ ကြက်နောက်ပါပြီး ရှုပ်သွားရင် အစတစ်စ (တစ်ဖက်စ)ကို ရှာပြီး ရှင်းရတယ်။ ရှင်းပြီးရင် ယာလက်နဲ့ တစ်ကွင်းချင်းယူ၊ ဝဲလက်နဲ့ထိန်း။ ကွင်းလျှောပြန်ဆင်ပြီး ဝဲလက်က တစ်ကွင်းချင်းရှင်း။ အဲ-ညွှတ် ၄၊ ၅ ဖုံလဲ စုံရော ပ,စောက်ပုံ (ပ)ပုံ နှစ်ထပ်ရှိတဲ့ (ပွ)တစ်ဖက်ပိတ် သစ်သားကွင်းထဲကို တစ်ဖုံစီ သွင်းပြီး သိမ်းရတယ်၊ အဲ့ဒီ (ပ)စောက်နှစ်ထပ်ပုံလေးကိုလဲ ကြက်ဖပုံကလေးနဲ့ အနုပညာဆန်ဆန် ပန်းပုရုပ်ထု လုပ်ထားတတ်ကြတယ်။ ဒီမှာကြည့်"

ဟုဆိုကာ ကြက်ဖရုပ်ပုံဖော်ထားသည့် ညွှတ်စွပ်သည့် အရုပ်မလေးကိုပြလေရာ လှပသည့် အရုပ်ကလေးကို တွေ့ရလေ၏။

"ဒါ့ထက် ဦးခင်မောင်ရင် ကျွန်တော်တို့တော့ တောသွားရင် တောကြက်ကို ဟင်းစားပစ်ကြရာမှာ ကြက် ၃-မျိုးလောက်ပဲ တွေ့ဖူးတယ်။ ဥပမာ လည်ဆံအဝါများလျှင် ကြက်ဝါ၊ အနီဘက်များလျှင် ကြက်နီ၊ အနီကနေ အနီမှောင်မှောင်ဘက်များရင် ကြက်နီချိတ်လို့ ခွဲကြတယ်၊ ခင်ဗျားတို့ ကရင်ပြည်နယ်ဘက်မှာကော ဘယ်နှမျိုးရှိလဲ"

"ကျွန်တော်တို့ဆီမှာတော့ တစ်ခါတစ်ရံ အဲဒီအမျိုးတွေအပြင် ပြောက်၊



ပြောက်ကျား,တွေ တွေ့ရတတ်တယ်"

"အဲ့ဒါတော့ ကြက်စစ်စစ်ဟုတ်ရဲ့လား"

"ဒီလိုဗျ။ ကျွန်တော်တို့ ကရင်ပြည်နယ်မှာ ရိုးရာဓလေ့တွေ ရှိကြတယ်။ အိမ်မှာ နေမကောင်းတဲ့သူရှိရင် ယတြာချေတဲ့အနေနဲ့ သချိုင်းကုန်း တောတွေထဲမှာ ကြက်လွှတ်တတ်ကြတယ်။ အဲဒီကြက်တွေပေါင်းဖက်မိပြီး မျိုးပွားလာတော့တာပေါ့။ အဲ့ဒီမှာတင် အိမ်ကြက် အသွေးအမွေးပါတဲ့ ပြောက်တို့၊ ပြောက်ကျားတို့ တွေ့ရတတ်တာ၊ ဒါပေမယ့် ရှားတော့ ရှားပါတယ်"

"ထမင်းစားလို့ရပြီ အဘရေ"

တစ်ကြွပ်ကြီးအောင်သန်းညွှန့်က ဘန်ကလိုပေါ်မှ လှမ်းအော်လိုက်သံကြားရပြီးနောက် အဘက -

"ကြက်ပါရဂူနဲ့ လက်ပါရဂူ (စာရေးဆရာကို ဆိုလိုသည်)တို့ရေ၊ ထမင်းစားကြရအောင်၊ လေဖြတ်တော့ဗျို့"

× × ×

"အောက်၊ အီ၊ အီး၊ အွတ်"

တောကြက်ဖတစ်ကောင်က စခန်းအနောက်ဘက်ချောင်းစပ် ဝါးတောဆီမှ စတင်တွန်လိုက်ပြီးနောက် တစ်အောင့်မျှအကြာ -

"အောက် အီ အီး အွတ်"

"အောက် အီ အီး အွတ်"

"အောက် အီ အီး အွတ်"

စခန်းပတ်လည်တောများ အတွင်းမှလည်းကောင်း၊ ချောင်းကမ်းတစ်ဖက် ဝါးကောက်နှင့် သစ်ကျင်း ရောယှက်ပေါက်ရောက်နေရာ တောတွင်းမှလည်းကောင်း၊ လင်းကြက်များက အသီးသီး တွန်ကြသည်။

ဟော - တောကြက်တွေ တွန်နေပြီကော။

ဦးခင်မောင်ရင်က အိပ်ရာအတွင်းမှပင် တွန်သံများကို နားထောင်၍ အရပ်များ အလိုက် စိတ်တွင်းမှ လိုက်လျှာရေတွက်ကြည့်နေရာ စုစုပေါင်း ဂ-ကောင်မျှ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းလျှင်လင်းချင်း ဘယ်အကောင်ကို တည်ရလျှင်ကောင်းမည်လဲ စဉ်းစားရင်း အလင်းရောင်က တဖြည်းဖြည်းရလာသဖြင့် စောင်ကိုခွာ၍ ထလိုက်သည်။

ဆရာကြီး အောင်သန်းညွန့်က အဘထလာလျှင် မျက်နှာသစ်နိုင်ရန် စခန်းရှေ့ မီးဖိုတွင် ရေနွေးကြိုရင်း မီးလှုံလျက် ရှိ၏။ နှင်းများက ဝေနေသည်သာမက ချုံနွယ်ပိတ်ပေါင်းနှင့် မြက်ကွင်းများတွင် နှင်းရည်တို့ ပက်ဖြန်းစိုရွှဲနေပြန်သည်။

ဦးခင်မောင်ရင် နိုးနေသည်ကိုသိသော အဘက -

"ဦးခင်မောင်ရင် ကြွက်သွားမတည်နဲ့ဦးနော်၊ မိုးလင်းလာပေမယ့် တောထဲမှာ မှောင်တုန်းရှိသေးတယ်။ တောကြွက်က အောက်ခြေလင်းမှ အိပ်တန်းဆင်းတာ။ စောစောစီးစီး ဘာမမြင်ရ ညာမမြင်ရနဲ့ အန္တရာယ်ရှိတယ်။ ဒီတောကြီးက ဘားအဲတောလို မဟုတ်ဘူး။ သားကောင်စုံရှိတယ်"

"ဟုတ်ကဲ့ အဘ၊ လင်းမှ သွားမှာပါ"

"အောင်သန်းညွန့်ရေ၊ ကိုစိုး ပြန်လာပြီလား"

အဘက မေးပြန်၏။

"မရောက်သေးဘူး အဘ"

"ဒီလူ ည ၁၀-နာရီလောက်ကတည်းကသွားတာ ခုထိ ပြန်မလာသေးဘူး။ သူ့မို့ မချမ်းမစီး"

အဘကပြောပြီး အိပ်ရာတွင်းမှာပင် ငြိမ်သွားပြန်သည်။

ဦးခင်မောင်ရင်မှာ မျက်နှာသစ်ပြီး တည်ကြက်ကိုပိုက်၊ ညွှတ်တွဲကိုကိုင်ကာ စခန်းအနောက်ဘက်သို့ထွက်ရန် ပြင်နေသည်။

"ဦး။ ကျွန်တော် လိုက်ခဲ့ရမလား"

ထွန်းလွင်က မေး၏။

"မလိုက်ပါနဲ့ကွာ၊ ငါ ဒီစခန်းအနောက် တင်းဝါးတောတင်ပါ။ စခန်းနဲ့ နီးနီးကလေးရယ်"

ဦးခင်မောင်ရင်က ပြောပြောဆိုဆို တစ်ဦးတည်း ထွက်ခဲ့လေသည်။

× × ×



"အောက် အီ အီး အွတ်"

ကြက်တွန်သံကြားသဖြင့် ကျွန်ုပ်က ကိုလူကွဲချောင်းအတွင်း လျှောက်လာရင်းမှ နားစွင့်လိုက်သည်။ အိပ်တန်းမဆင်းမီတွန်နေသော တောကြက်ဖတစ်ကောင်၏ တွန်သံ။ လက်မှနာရီကိုကြည့်လိုက်ရာ ၆-နာရီ ၄၀-မိနစ်။ အလင်းအားလည်း ကောင်းလာ၍ တောကြက်များ အိပ်တန်းဆင်းတော့မည်။

ကျွန်ုပ်၊ ကျော်ဝင်းတို့ ဆရာတပည့်နှစ်ယောက်တို့မှာ ညကတည်းက ကိုလူကွဲချောင်းရိုးအတွင်း ခွာရေစိမ်မည့်ဆတ်ကိုပစ်နိုင်ရန် မီးထိုးထွက်လာခြင်းဖြစ်၏။ သို့သော် မည်သည့်ဆတ်ကိုမျှမတွေ့၊ ရေခဲတမျှအေးသော ချောင်းရိုးအတွင်း ရေတောတွင် လျှောက်ခဲ့ကြ၍ ဒူးအောက်ပိုင်းမှာ ရေများစိုခဲ့ရသည်။ တော်သေး၏။ ကိုလူကွဲချောင်းအထက်ပိုင်း ထွန်းရီတို့၏ ဆင်စခန်းသို့မရောက်မီ ဂျီ(ချေ)တစ်ကောင်နှင့် ဖြူတစ်ကောင်ကို ကျွန်ုပ်၏ Spring Field နှစ်လုံး ပူးဖြင့်ပစ်၍ရခဲ့သဖြင့် ထွန်းရီတို့ ဆင်တဲသို့ရောက်သောအခါ ချောင်းရိုးဆက်မလျှောက်တော့ဘဲ အဝတ်များ မီးကင်၊ လူကို မီးလှုံ၍ နွေးလာသောအခါ မီးဖိုနားတွင် အိပ်ခဲ့ရသည်။

ထွန်းရီတို့ ဆင်တဲအဖွဲ့အားလည်း ညတွင်းချင်းပင် ပစ်ထားသည့် ဂျီ(ချေ)ကို သွားထမ်းနိုင်းကာ ဝမ်းကိုဖောက်၍ ဝမ်းတွင်းသားများပေးပြီး ချက်နိုင်းရ၏။ ဝမ်းတွင်းသား မကျက်မီပင် ကျွန်ုပ်မှာ အိပ်ပျော်သွားရာ သူတို့က နှိုး၍ကျွေးသော်လည်း မစားခဲ့တော့။ ယခု နံနက်လင်းသည်နှင့် အဘ စိတ်ပူမည်စိုး၍ အမြန် ပြန်လာခဲ့သည်။ ဂျီ(ချေ)နှင့် ဖြူကိုတော့ နောက်ကလိုက်၍ပို့ရန် ထွန်းရီတို့အား မှာခဲ့ရသည်။

"အောက် အီ အီး အွတ်"

ကြက်တွန်သံ နားထောင်ရခြင်းအားဖြင့် ကြက်မှာ နှစ်ကောင်ဖြစ်၏၊ တစ်ကောင်က ကြိုပြင်၊ ပျဉ်းမပင်နှင့် နွယ်ပင်များ ရှုပ်ထွေးနေရာ ချောင်း၏ လက်ဝဲလက် ကိုက်၅၀ ခန့်မှပဲ ခန့်မှန်းရ၏။

နောက်တစ်ကောင်၏အသံမှာ ၇၅-ကိုက်ခန့်ဝေးရာ ဝါးတောအတွင်း မြေပြင်မှ ဖြစ်၏။ ထိုအကောင်မှာ အိပ်တန်းဆင်းစဖြစ်မည်။ နှစ်ကောင်စလုံးချောင်း၏ ဝဲဘက်မှ ချည်းသာ ဖြစ်၏။

www.burmeseclassic.com



"ကျော်ဝင်း၊ မင်းချောင်းထဲမှာ ခဏစောင့်၊ အဘစားဖို့ ငါကြက်ဝင် ပစ်လိုက်ဦးမယ်"

ကျွန်ုပ်က သူ့အဖြေကို မစောင့်တော့ဘဲ နှစ်လုံးပူးအား ခါးချိုးကာ ယာပြောင်းတွင် စရိတ်ကျည်တစ်တောင့်၊ ဝဲပြောင်းတွင် SG တစ်တောင့်ထည့်ကာ ခါးစေ့ သော့ပိတ်ခါ အဆင်သင့်ကိုင်ရင်း ချောက်ကမ်းပါးယံကိုတက်ခါ တောတိုးဝင် ရောက်ခဲ့၏။

"အောက် အီ အီး အွတ်"

ကျွန်ုပ်နှင့်နီး၍ ခြုံရှုပ်ရာ ကြို့ပင်ကြီးတစ်ပင်ပေါ်မှ တောကြက်ဖက တွန်လိုက်သည်။

"အောက် အီ အီး အွတ်"

ကျွန်ုပ် ကြို့ပင်သို့ ချဉ်းကပ်လာစဉ်အတွင်း ဝါးတောခြုံများကြားမှ တောကြက်ဖ နှစ်ကောင်က တစ်ကောင်နှင့်တစ်ကောင် ၁၀-ကိုက်မျှအကွာမှပင် တွန်နေကြပြန်၏။

ဘယ်လိုဖြစ်တာပါလိမ့်၊ တစ်တောတည်းတွင် ကြက်ဖ ၃-ကောင်၊ ဒါမျိုးက သဘာဝမဟုတ်၊ ဦးခင်မောင်ရင်များ ကြက်လာတည်နေသည်လား။ သူ ကြက်တည်သည် ဆိုလျှင် မြေပြင်မှ တွန်နေသည့် နှစ်ကောင်မှာ တစ်ကောင်က တည်ကြက်၊ တစ်ကောင်က တောကြက် ဖြစ်ရမည်။ သို့ဆိုလျှင် ကျွန်ုပ်က အပင်ပေါ်မှတွန်နေသည့် တောကြက် ကို ပစ်သင့်ပါမည်လား။ ထိုသို့ ပစ်လိုက်ပါက သူ့တည်ကြက်ကော လာနေသည့် တောကြက်ပါ လန့်သွားမည်၊ သူမှာ ကျွန်ုပ်တို့၏ ဖိတ်ကြားချက်အရ ဘားအံမှပင် ရန်ကုန်၊ ရန်ကုန်မှ မိုက်ဦး၊ ထိုမှ ပဲခူးရိုးမ၊ ခရီးဝေးကို ကျွန်ုပ်တို့ အားကိုးလာသော ဧည့်သည်။ ကျွန်ုပ်က ကြို့ပင်ကြီးပေါ်မှ တွန်နေသည့်ကြက်ကို မရှာတော့ဘဲ မြေပြင်မှ ကြက်များကို ချောင်းကြည့်ရန် ဆုံးဖြတ်လိုက်သည်။

× × ×

ဦးခင်မောင်ရင်က ဝါးတော မြေပြောင်ရာ ကုန်းစောင်းတွင် ညွှတ်ငါးဖုံကို ဗိုင်း၍ စိုက်လိုက်ခါ သူပုန်းရန် နေရာကို မျက်လုံးကစား၍ ရှာလိုက်သည်။ ကြို့ပင်ကြီးနှင့် မနီးမဝေးတွင် ဝါးပင်ပေါက်များ အုံထနေရာကို တွေ့သည်။ ဝါးပင်ပေါက်များဖြစ်၍ အရွက်များစိတ်ကာ ခြုံကဲ့သို့ဖြစ်နေသဖြင့် ထိုနေရာသို့သွားကာ ကုန်း၍ ချောင်းကြည့် နေလျှင် ကြက်က လူကိုမမြင်နိုင်။

သူက ထိုနေရာသို့သွားရန် ဆုံးဖြတ်လိုက်ကာ ညွှတ်အလယ်တွင် ငုတ်စိုက်၍ သူ၏ တည်ကြက်ဖအား ချည်ပြီးနောက် ကြက်ဖအား ဆုပ်ထားသည့်အဝတ်ကို ဖယ်လိုက်



ကာ ဝါးပေါက်တောသို့ အသာဆုတ်၍ လာခဲ့ပြီး ဝါးပေါက်တောထဲသို့ဝင်ကာ ထိုင်ပြီးနောက် ကိုယ်ကိုကိုင်းကိုင်း ယို့ယို့ထားကာ သူ့တည်ကြက်ကို စောင့်ကြည့်နေသည်။

တစ်မိနစ်ခန့်အတွင်းမှာပင် တည်ကြက်က တောင်ပံရိုက်ခါ တွန်လိုက်သည်။

"ဖန်း ဖန်း ဖန်း"

"အောက် အီ အီး အွတ်"

"အောက် အီ အီး အွတ်"

နှစ်ခွန်းမျှသာ တွန်ရသေးသည်၊

"အောက် အီ အီး အွတ်"

တောကြက်တစ်ကောင်က ကုန်းတွင်းဝါးတောကိုက် ၅၀ခန့်မှ ခံ၍ တွန်လိုက်ပြီး နောက် တစ်ချောက်ချောက် ပြေးလာသံ ကြားရ၏။ ကုန်းတစ်ဖက်ကိုအရောက်တွင် အသံများရပ်သွားကာ -

"အောက် အီ အီး အွတ်" ဟု တောကြက်က တွန်သံပေးပြန်ရာ တည်ကြက်က လည်း ချက်ချင်းပင် "အောက် အီ အီး အွတ်"ဟု တွန်လိုက်ပြန်သည်။

ဦးခင်မောင်ရင်၏ ရင်ထဲတွင် ဖိုးကျိုင်းတုတ်ဖြစ်လျက်ရှိ၏။ သေချာပါသည်။ ဒီကြက်ညွှတ်ကို တိုးကို တိုးပေမည်။

သူ၏အာရုံက ကြက်ဆီမှာသာ ရှိနေ၏။ တခြားဘာကိုမျှ သတိမရ၊ ဘေးဘီကိုလည်း မကြည့်မိ၊ ကြည့်ရန် အာရုံလည်း မရှိ၊ ကြက်ဘယ်တော့ ညွှတ်တိုးမည်ဆိုသည်ကိုသာ။

× × ×

ကျွန်ုပ်က ပျဉ်းမပင်ကြီး တစ်ပင်ခြေရင်းသို့ ပြေးကပ်လိုက်ခါ မြေပြင်တွင် တွန်နေသော ကြက်နှစ်ကောင်ကိုမြင်ရန် ကြိုးစားကြည့်လိုက်သည်။ ကျွန်ုပ်ရှေ့တွင် ကျီးကန်းမနွယ်များတက်နေရာ ခြုံတစ်ခြုံကခံ၍နေသဖြင့် ကြက်တွန်ရာကို မမြင်ရနိုင်၊ ဦးခင်မောင်ရင် ကြက်တည်နေပါကလည်း သူ့ခြုံတစ်ခုခုတွင် ဝင်ပုန်းနေမည်။

ကျွန်ုပ်က ကျီးကန်းမနွယ်များတက်နေရာ ဆောက်ခြုံကို အသေအချာကြည့်ရာ ခြုံအတွင်းမှ တစ်စုံတစ်ရာ လှုပ်ရှားနေသည်ဟု ထင်မိသည်၊ ဦးခင်မောင်ရင်များလား၊ ကျွန်ုပ်နှင့် ၁၅-ပေမျှသာ ကွာမည်၊ သို့သော် ဆောက်ခြုံက သိပ်သည်းနေသည့်အပြင် မက ပြာသိုလသာရှိသေး၍ ရွက်မကြွေတောမကျဖြစ်နေရကား ခြုံမှာ ရှုပ်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က မှန်ဘီးမျက်စိဖြင့် ကောက်ကြောင်းခံ၍ကြည့်မိရာ မမျှော်လင့်သော နွယ်တန်းကို မြေတွင်တွေ့ရ၏။ ကျွန်ုပ် အသေအချာ ကြည့်ပြန်ရာ ထိုနွယ်တန်းဟုထင်ရသော အရာမှာ နွယ်တန်းအစစ် မဟုတ်။ ဖြူညစ်ညစ် ဝါတာတာနှင့် အနက်ရောင်တို့ တစ်လက်မခန့်စီ အကွင်းလိုက်ရှိနေသောအရာ။ ထိုအရာကို အစမှအဆုံးလိုက်၍ ကြည့်ပြန်ရာ သစ်ရွက်များကြားမှ တစ်ထောင်ကျော်ကျော်မျှရှိသော ကြိုးကဲ့သို့အရာ။ သေချာသည် မြွေတစ်ကောင်၊ မြွေဆိုလျှင် ငန်းတော်ကျားသာ ဖြစ်ရမည်။ လုံးပတ်မှာ အမျိုးသမီးလက်ကောက်ဝတ်ခန့် (သို့) ဓာတ်ခဲလုံးခန့်ဟု ထင်ရသည်။

ကျွန်ုပ် အသေအချာကြည့်နေစဉ်မှာပင် ထိုအရာက ယိမ်းနွဲ့လာကာ ဘယ်ညာလှုပ်၍ သွားသည်သာမက အထက်အောက်ပါလှုပ်၍ နေပြန်သည်။ သို့ဆိုလျှင် မြွေမဖြစ်နိုင်ပြန်။ ဒါဆိုလျှင် ဘာကောင်လဲ အန္တရာယ်ရှိသည့်အကောင်တစ်ကောင် ဖြစ်ပေမည်။

ထို့ကြောင့် ကျွန်ုပ်က သေနတ်ကို ထိုးချိန်လိုက်ခါ ချက်ခြင်း ဆုံးဖြတ်ရသည်။ ဒီအကောင် ဘာကောင်လဲ။ ကျားလော၊ ကျားသစ်လော၊ မဟုတ်နိုင်ပြန်၊

ထိုအချိန်တွင် မြုံတွင်းပိုင်းမှ ခပ်ကုန်းကုန်းအရာက အထက်အောက် လှုပ်ရှားနေ၍ ကြည့်လိုက်ရာ သားကောင်တစ်ကောင်၏ စောင်းမွေးများ။ ကျွန်ုပ်သိပြီ။ ကြက် (သို့) လူကို ချောင်းနေသော ကြောင်မြင်းကြီး တစ်ကောင်။

ကြောင်မြင်းများမှာ ၆-ပိဿာ၊ ၇-ပိဿာခန့်ရှိတတ်၍ ကြက်၊ ချေ(ဂျီ)တို့မှာ သူ့အစာ၊ အရပ်က တစ်ပေခွဲ၊ နှစ်ပေခန့်ရှိတတ်ခါ ခွေးကြီးကြီးတစ်ကောင်လောက် ကြီး၏။ ဦးခေါင်း၊ နှုတ်သီးချွန်၍ အစွယ်မှာ ခွေးစွယ်ထက်ရှည်သည်။ တစ်ခါတစ်ရံ လူကိုပင် အန္တရာယ်ပေးတတ်သည်၊ တောဝက်ကဲ့သို့ စောင်းမွေးကြီးများထဖာ ဒေါသကြီးသည်။ အမြီးတွင် အကွင်းလိုက် ဖြူဝါနှင့် အနက်ကျားရှိ၍ နံဘေးတွင် အစင်းများ ရှိလေသည်။

ကျွန်ုပ်က သူ၏ ခန္ဓာကိုယ်ရှေ့ပိုင်းသို့ သေနတ်ပြောင်းကိုတည်ကာ ပစ်ခလုတ်ကို ဆွဲရန် ပြင်လိုက်ပြန်သည်၊ သို့သော် မဆွဲဖြစ်၊ ဦးခင်မောင်ရင် ဘယ်မှာလဲ၊ ကျွန်ုပ် မမြင်ရ၊ ကျွန်ုပ် သေနတ်ဦးတည်ရာမှာလား။ သို့ဆိုလျှင် ကြောင်မြင်းကော ပုန်းနေသည့် ဦးခင်မောင်ရင်ကိုပါ သေနတ်ထိမှန်နိုင်၏၊ Accident မတော်တဆမှု ဖြစ်နိုင်၏။ စခန်းနှင့်လည်း မဝေးကွာတော့ သတိထားရပေမည်။

× × ×



"အောက် အီ အီး အွတ်"

"ချောက်၊ ချောက်၊ ချောက်"

"ဖြော၊ ဗျော၊ ဘရော"

"ဟော မိပြီကွ၊ ဘာတတ်နိုင်သေးလဲ"

"နိုင်း"

"အမယ်လေးဗျ"

အသံများ ဆက်တိုက်ထွက်သွားပြီး ငြိမ်သက်သွားသောအခါ-

"ဆရာရေ ဆရာစိုး လူပစ်မိပြီလား"

"မင်းအဘ၊ လူပစ်မိရမှာလားကွ"

"ကိုစိုးလား"



ကြောင်မြင်းများမှာ ၆ပိဿာခန့်ရှိတတ်၍ ကြက်၊ ချေ(ဂျီ)တို့မှာ သူ့အစာ။

www.burmeseclassic.com



"ဟုတ်တယ် ဦးခင်မောင်ရင်"

"အမယ်လေး လန့်လိုက်တာဗျာ၊ ကျုပ်ကို သေနတ်နဲ့ပစ်တယ် အောက်မေ့လို့"

"ဘယ်ဟုတ်ရမှာလဲ၊ ဒီမှာ လာကြည့်၊ ခင်ဗျားနဲ့ ကြက်ကို ချောင်းနေတဲ့အကောင်ကို ပစ်တာ"

ဦးခင်မောင်ရင်နှင့် ကျော်ဝင်း ရောက်လာ၍ ဖြုတ်ပြလိုက်ရာ ၇-ပိသာခန့်ရှိမည့် ကြောင်မြင်း။ ကျားကျားကြီးမှာ အသက်ပျောက်လျက် ရှိပေပြီ။

"ကျော်ဝင်းရေ၊ ဒီကြောင်မြင်းကြီး ခြေလက်တွေကို နွယ်နဲ့တုတ်ကွာ၊ ပြီးတော့ မင်းထမ်းလာခဲ့၊ ဦးခင်မောင်ရင် ခင်ဗျား တည်ကြက်နဲ့ရတဲ့ တောကြက်၊ ညွှတ်တွေသိမ်း ပြန်ကြရအောင်"

× × ×

စခန်းရောက်သောအခါ အဘနှင့် စခန်းရှိသူများအားလုံး အဖြစ်အပျက်ကို အသေးစိတ် ပြောပြရ၏။

ကျွန်ုပ်က ကြောင်မြင်းကြီးကို ချိန်ထားသော်လည်း ဦးခင်မောင်ရင်ကိုလည်းကောင်း၊ တည်ကြက်ကိုလည်းကောင်း မမြင်ရ၍ ရမ်းမပစ်ရဲသေးပုံ၊ ထိုစဉ် ကြက်က တွန်လိုက်သံနှင့် ပြေးလာသံ၊ ညွှတ်တိုးသံ၊ ကြားရပုံ။ တောကြက်မိသဖြင့် ဦးခင်မောင်ရင်က ဝမ်းသာအားရ အော်လိုက်တော့မှ ဦးခင်မောင်ရင် ကျွန်ုပ်၏ လက်ယာဘက် စောင်းစောင်းတွင် ရှိနေမှန်းသိရသဖြင့် လက်ဝဲဘက် စောင်းစောင်းတွင်ရှိနေသော ကြောင်မြင်းကြီးကို ပစ်လိုက်ရပုံ၊ သေနတ်သံကြားသောကြောင့် ဦးခင်မောင်ရင် လန့်အော်ပုံ၊ ကျော်ဝင်းက လှူပစ်မိပြီးထင်၍ လှမ်းမေးပုံတို့ကို ပြောပြလိုက်ရာ အဘက -

"တော်သေးတာပေါ့ဗျာ၊ နို့မို့ ဒီလူကြီးကိုခေါ်လာပြီး ကျုပ်တို့က လုပ်ကြံတယ်လို့ သူ့အဘွားကြီးက ထင်နေဦးမှာ။ ဒါင်း ... ကျားက အရင်လိုမပေါ်ဘဲ ရှားသွားလို့ပေါ့။ ဒါတောင် ကြောင်မြင်းအကိုက်ခံရရင် မချောင်ဘူး"

ဟု မှတ်ချက်ပြုလိုက်ပါတော့သတည်း။

*(အလွန်ကြက်တည်ဝါသနာပါလှသော ဘားအံကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ ဦးခင်မောင်ရင်သို့ အမှတ်တရဖြင့်)*

BURMESE CLASSIC .com

www.burmeseclassic.com